The YATI MAGAZINE
Vol. 11, No.126, SEPTEMBER, 2014



Asian Fame Media Group

ငွေသော်တာ
CEO
ceo@popularmyanmar.com

The YATI MAGAZINE
VOL-11, NO.126, SEPTEMBER, 2014
စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| Editorial & Technical Director | ဖိုးနိုင်လင်း (ponainglin@gmail.com) |
| Art Director | မောင်မောင်အောင် (cartoonmma@gmail.com) |
| စီမံဒါရိုက်တာ | ဒီဇိုင်းပန်းဈာန် (pannzan@gmail.com) |
| တာဝန်ခံအယ်ဒီတာ | ဒေါက်တာမြင့်သူဇာထွန်း (zarkalay174@gmail.com) |
| Creative အယ်ဒီတာ | နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com) |
| အမှုဆောင်အယ်ဒီတာ | ဖြိုးစုပိုပို (phyoesupopo@gmail.com) |
| ကဗျာအယ်ဒီတာ | လင်းထိပ်သျှင် |
| လက်ထောက်အယ်ဒီတာ | သီတာစိုး၊ နေရီရီလင်း |
| ဒီဇိုင်း | လင်းထွဋ်၊ ဇိုမြတ်လင်း |
| လက်ထောက်ဒီဇိုင်း | ဝင်းဝင်းလှိုင် |
| စာစီစာရိုက် | ခင်သက်လှိုင် |
| စာပြင် | ဥမ္မာအေး၊ ခိုင်ဖူးဝေ |
| ကြော်ငြာအဖွဲ့ | တင်စန္ဒာဝင်း (Manager)<br>သက်ဝေစံ (Marketing Communication Coordinator)<br>ငွေးလင်းအောင် (Assistant Manager) |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ<br>(လက်ထောက်အထွေထွေ မန်နေဂျာ)<br>ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊<br>နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | ဇော်လင်းဦး၊ သက်ထွန်းအောင်<br>ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင် |
| ရုပ်ထုတ်ပုံပညာရှင် | ဝဏ္ဏခွာနီး၊ အေးဇော်မိုး(စက်မှု)၊<br>အောင်ကျော်မိုး(New Image)၊ ကိုနိုင်(Popular)၊<br>Candlerose ၊ နေရန်အောင် |

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၇၀၈) |
| ဥပဒေအကြံပေး | ဦးအိနုစ် (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | Eagle |
| အတွင်းကာလာခွဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | ရွှေသမီး |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၁၅၀၀ |
| ပုံနှိပ် | ငွေကံ့ကော် (မြ-၀၆၃၆၁)၊<br>အောင်သိန်းသန်း (မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၁၉၊ လမ်း ၃၀ (၆၅ × ၆၆) လမ်းကြား၊ မန္တလေးမြို့။
ဖုန်း- ၀၉-၄၀၂၆၃၇၁၉၆၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပြဋ္ဌာန်းသွားရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အယ်ဒီတာနှုတ်ခွန်းဆက်

## ရွှင်လန်းပျော်မွေ့ ချမ်းမြေ့သာကြည် - ရတီ

## မင်္ဂလာအပေါင်းခညောင်းစေ

အာဝါဟဆိုသည်မှာ သတို့သမီးက သတို့သားအိမ်သို့ လိုက်လံနေထိုင်စေရန်ပြုသော မင်္ဂလာဖြစ်ပြီး ဝိဝါဟဆိုသည်မှာကား သတို့သားက သတို့သမီးအိမ်သို့ လိုက်လံနေထိုင်ခြင်းငှာ ပြုသော မင်္ဂလာဟု အဆိုရှိသည်။ အချို့စာပေများတွင်မူ သတို့သားအိမ်တွင် ထိမ်းမြားမင်္ဂလာပြုခြင်းကို အာဝါဟ၊ သတို့သမီးအိမ်တွင် ထိမ်းမြားမင်္ဂလာပြုခြင်းကို ဝိဝါဟဟုဆိုကြ၏။ သတို့သားနှင့် သတို့သမီး နှစ်ပါးစလုံး၏ အိမ်ရာမဟုတ်သည့် ဌာနနေရာတွင် ထိမ်းမြားမင်္ဂလာပြုခြင်းကိုမူ "စရ"မင်္ဂလာဟုခေါ်ကြပြန်သည်။ သတို့သားနှင့် သတို့သမီးတို့၏ လက်တစ်ဖက်စီကို "စုလျား (ရှေးခေတ်က စလယားဟုအသံထွက်ကြသည်)" ဟုခေါ်ကြသည့် တင်ပဝါနှင့် ရစ်ပတ်လက်ထပ်ခြင်းကိုမူ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာဟုခေါ်ဝေါ်ကြ၏။ မည်သို့ပင်လက်ထပ်ထိမ်းမြားကြသည်ဖြစ်စေကာမူ လက်ထပ်ထိမ်းမြားမင်္ဂလာမှန်သမျှသည် မင်္ဂလာတစ်ပါးဖြစ်သည် ကတော့ သေချာလှပါသည်။

နှလုံးသားနှင့်လက်ထပ်သည်ပဲဖြစ်ဖြစ်၊ ဦးနှောက်နှင့်လက်ထပ်သည်ပဲဖြစ်ဖြစ် အခြားမည်သည့်အကြောင်းကြောင့် လက်ထပ်ရသည်ပဲဖြစ်ဖြစ် မိမိတို့ ရာသက်ပန်လျှောက်လှမ်းကြရမည့် ဘဝရေ့ရေးအတွက် အဘက်ဘက်မှ ကြိုတင်စဉ်းစားကြဖို့တော့ လိုပါလိမ့်မည်။ တူနှစ်ကိုယ် တဲအိုပျက်မှာ အတူနေရ နေရ၊ ထမင်းရည်ပူ အတူလျက်ရ လျက်ရ ဆိုသည်တို့မှာ ချစ်ခြင်းမေတ္တာကို တင်စားဖွဲ့နွဲ့ထားခြင်းသာဖြစ်ပြီး လက်တွေ့ဘဝတွင် မောင်မယ်နှစ်ဦး အတူတကွ တက်ညီလက်ညီ လျှောက်လှမ်းကြရန်အတွက်မှာမူ အခြားလိုအပ်ချက်တွေ များစွာရှိလေ၏။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၆ အပိုဒ်ခွဲ (၁)နှင့် (၂) တို့တွင်လည်း လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာတို့ကို အောက်ပါအတိုင်းဖွင့်ဆိုထားပါသေးသည်။

(၁) အရွယ်ရောက်ပြီးသောယောကျ်ားနှင့် မိန်းမတို့တွင်လူမျိုးကိုသော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကိုသော်လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာကိုသော်လည်းကောင်း၊ အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်းမရှိဘဲ၊ ထိမ်းမြားနိုင်ခွင့်နှင့် မိသားစုထူထောင်နိုင်ခွင့်ရှိသည်။ အဆိုပါ ယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ်အချိန်အတွင်း၌သော်လည်းကောင်း၊ အိမ်ထောင်ကို ဖျက်သိမ်း၍ ကွာရှင်းကြသည့်အခါ၌သော်လည်းကောင်း၊ လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့်စပ်လျဉ်းသော တူညီသည့် အခွင့်အရေးများကို ရရှိထိုက်သည်။

(၂) သတို့သားနှင့် သတို့သမီး နှစ်ဦးနှစ်ဖက်၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကို ပြုရမည်။

ထိုမျှမကသေးပါ။ ကျန်းမာရေး ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ရှုထောင့်တို့နှင့် ပတ်သက်သည့် သိသင့် သိအပ်ရာများ၊ ထိမ်းမြားမင်္ဂလာပွဲ ဆင်နွှဲခါနီး မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များစွာ ရှိပါသေးသည်။

ထို့ကြောင့် လက်ထပ်ထိမ်းမြားတော့မည့် မောင်နှံစုံတွဲတွေအတွက် သိသင့်သိထိုက်သည်တို့ကို ယခုလထုတ် ရတီမဂ္ဂဇင်းတွင် ထိမ်းမြားမင်္ဂလာဆိုင်ရာ အထူးကဏ္ဍများဖြင့် အတတ်နိုင်ဆုံး ပြည့်စုံအောင်ဖော်ပြထားပါသည်။ မင်္ဂလာမောင်နှံတို့အတွက်လည်း အထောက်အကူပြုစေလိမ့်မည်ဟု ယုံကြည်ပါသည်။

**အားလုံး မင်္ဂလာအပေါင်း ခညောင်းကြပါစေသတည်း. . .။**

**အယ်ဒီတာအဖွဲ့**

Yati

# Contents

vol.II, no.126, September, 2014




2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7 ဇော်မိုးလှိုင်၊ ထွန်းနိုင်နောင် (ရေနံချောင်း)၊
နိုင်လှိုင်ကောင်းဇံ၊ ကွန်စစ်ကောင်း၊
ဟိန်းမြတ်ဇော်၊ သစ်ငြိမ်

ကာတွန်း

13 မြေဇာ၊ မောင်မောင်၊ မောင်မောင်အောင်၊
လှကြီးမင်း

ရတီအထူးကဏ္ဍ

25 Flash Back Fashion
မင်းသိမ်းခန့်
**နေရီရီလင်း**

30 All Days Ahead
နန်းခင်လေးယု၊ ဆန်းသစ်လ၊ စံရတီမိုးမြင့်၊
ပိုင်တံခွန်၊ နိုင်နှင်းဝေ၊ မြတ်သူကျော်၊
ခေးဆက်သွင်၊ နွယ်ဒါလီထွန်း၊
ရွှေရည်သုန်သုန်၊ သက်လုံးပုံ
**သီတာစိုး၊ နေရီရီလင်း**

46 Cover Image
မမိုးစက်ပွင့်၊ ခင်ဆင့်ဆင့်သူ
**ဖြိုးစုဝိုဝို**

56 Now You See Me
ခေမာ
**သီတာစိုး**

63 Updating Fashion
စုနန္ဒာအောင်
**သီတာစိုး**

69 On Holiday
ဂုဏ်ရည်အေးကျော်
Candle Rose

Yati

# Contents

vol.11, no.126, September, 2014




76 ထိန်းသိမ်းဆန်းသစ်
မြန်မာ့အလှဝတ်
ယုသန္တာတင်
သီတာစိုး

82 Mod Mom
ချမ်းချမ်း
ဖြိုးစုပိုပို

86 Wings of Hope
မင်းဟိန်းခန့်
ဖြိုးစုပိုပို

90 Music Plus Yati
ဇော်ထက်ဟန်
Zigzag

95 သူပြောတဲ့ သူ့အကြောင်း။
နန်းဆုရတီစိုး
သီတာစိုး

99 Strategic Notes
နိုင်ငြိမ်းငြိမ်းစံ၊ ခင်မဥ္ဇူနိုင်၊ ချိုလဲ
ဖြိုးစုပိုပို

103 Beyond the Women
အိကျော်ခင်
ဖြိုးစုပိုပို

164 စကားပြောသော နေ့ရွဲများ
စန္ဒီဒါန်း

## ရတီနိုင်ငံတကာ

21 The King of Hollywood လို့
တင်စားခံရသူ ကလာက်ဂေဘယ်
သိမ့်နှင်းအိမ်

133 Michelle Dockery
တင်လတ်သန္တာမိုလ်

138 နောင်တစ်ခေတ်ရဲ့
အင်္ဂလန်ပြည့်ရှင် George နဲ့
ပေါ်ဝင်ပုံတွဲတို့အနက်
လူပိတ်ဝင်စားမှုအများဆုံး
ရရှိထားတဲ့ William နဲ့ Kate
နန်းစံမဒီ

176 Every Secret Thing နဲ့
ငွေကြယ်ပွင့်သစ်မင်းသမီးချော
ဒါကိုတာ ဖန်နင်း
ရဲသစ်



Yati

# Contents

vol.11. no.126. September, 2014

182 Bollywood News
AKM
185 Korea Film Feeling
နှင်းမိုးဖြူ
188 Film Feeling
ဖြိုးဖြိုး

179 Int'l Fashion News

118 မမရတီအမေးအဖြေ
ရတီအသောအဝေ့
192 ကတ်သီးကတ်သတ် ပြောတဲ့
တောက်တီးတောက်တဲ့





196 Facebook Funnypage

ရတီကျန်းမာရေး
124 ချမ်းမြေ့ပျော်ရွှင်အိမ်ထောင်ရှင်
ဒေါက်တာဇာနည်ဝင်း
127 Family Doctor
ဒေါက်တာမြင့်ဦး (ဂျီပီ)

120 လှပစိုပြည်ရတီမေ
မာဦး

175 ရတီစာအုပ်စင်

ရတီဆောင်းပါး
18 နတ်မောင်းနဲ့ တီးခတ်တဲ့
အလွမ်းသီချင်း
ဓမ္မဂီ

Yati

# Contents



vol.11, no.126, September, 2014

115 အာရှပစိဖိတ်ဒေသ၏
ရေလုံခြုံမှုအခြေအနေ
**ကျော်ဦး**
122 အမေပျော်ရွှင်ဆုံးနေ့ရဲ့ အလှပဆုံး
သတို့သမီးဖြစ်ဖို့အတွက်
**အေးမီချို**
130 ကွန်ဖုံး၏ သမိုင်းအကျဉ်း
**ရန်မျိုးအောင်**

## ဖူးနုသစ်လွင် ကာဗျာဥယျာဉ်

166 စည်သူ (ရေနံချောင်း)၊ ဘိုဘိုကျော်၊
သဲဖြူဆောင်း၊ သုသ၊ မင်းသက်တန့်၊
နေထွန်းနိုင်၊ ခွန်းသစ်၊ မိုးသစ်ထွန်း (ပုလဲမြေ)

## ရတီဇေဒင်

157 တက္ကသိုလ်စိုးမိုးနိုင်

## ရည်ညွှန်းပွဲ့သီ ချစ်သူဆီ

108 ရင်ဝှက်စကား
**နွေလ**

## ရတီဝတ္ထုတို

112 ပွက်သောက်
**ပိုက်ထွေး**
146 အချစ်ဆိုတာ
ခါးသက်တတ်သောသဘောရှိ၏
**ချစ်ကြည်အေး**
152 လှည်းကျိုးနရိ
**ညီစု**
170 ထိုထိုပဟာ မပွလီအားသော်
**သော်ဇင် (လှိုင်ကော်)**

**ပန်းချီသရုပ်ဖော်**
**မောင်နိုး၊ မြတ်မင်းဟန်၊ အောင်ကျော်၊ စိုးသော်တာ၊ ခေတ်ဘုန်းမိုး၊ လင်းငြိမ်း၊ ပန်းဈာန်**



# စက်တင်ဘာ
# မိုးရွာတဲ့နေ့

လူအ - အိပ်မက်တစ်ခု
ပြန်ပေးဆွဲခံလိုက်ရတယ် . . . ။

မိုးတွေညိုလို့
အိခနဲ သွန်းစက်လာတယ်
မိုး ရွှေဝါ
အားကောင်းမောင်းသန်ပါပဲ
ထီးမပါ
ဖိနပ်မပါ
ခြေဗလာနဲ့
ကိုယ်လမ်းလျှောက်လို့
မေတ္တာပို့သခဲ့ဖူးတယ် . . . ။ ။

ဇော်မိုးလွင်

# အဝါရောင်မျက်နှာ

လောကအမှောင်မှာ ငါ့အရောင်နဲ့ လင်းကျင်းနေမယ်။
မိုးမတိတ်သေးလည်း ဘယ်တော့မှ ငါစိုးမထိတ်လန့်ပါဘူး။
မျက်စိတစ်ဆုံး အကြည့်တွေက တစ်နေ့ထက် တစ်နေ့ ခါးသက်နေမြဲ။
တစ်ချိန်တုန်းကလည်း ငါတို့ ခြေသံတွေဟာ
အစိမ်းရောင်ထဲမှာ ပျောက်ဆုံးသွားခဲ့ရတယ်။
ငါ့ကမ္ဘာဟာ ငါ့မျက်နှာနဲ့ သိပ်လှခဲ့တယ်။
နာမည်မသေတဲ့ ဂုဏ်ပုဒ်တွေနဲ့ အဝါရောင်မျက်နှာပုံကြမ်းများ
တစ်ထပ်ကြီး မွေးဖွားလာခဲ့ပြီ။
မျက်ရည်နဲ့ပွင့်ခဲ့တဲ့ အဝါရောင်ထဲမှာ မှောင်ပြီးရင် မှောင်နေမြဲ။
နတ်ဆိုးရဲ့ ကျိန်စာမိ ငါ့မျက်နှာဟာ
ငါတို့တစ်တွေ လိုက်ရှာနေတဲ့ ကမ္ဘာသစ်တစ်ခုပါ။
အနီရောင်ထဲ မျောလွင့်နေတဲ့ မြင်ကွင်းတစ်ခုထဲမှာ
အတုံးအရုံးလဲကျ သေဆုံးနေတဲ့
အဝါရောင် အပိုင်းအစများနဲ့ ပန်းချီကားတစ်ချပ်ဟာ
ငါတို့ မျက်နှာမူအရပ်တစ်ခုဖြစ်နေဆဲပါ။
မိုးသည်းသည်း နေရဲရဲ သေရဲရဲ လူအုပ်တဖွဲဖွဲနဲ့
အရိပ်ကောက်သံထဲက အဝါရောင်မျက်နှာ စက်တင်ဘာဟာ
ငါတို့သမိုင်း ငါတို့မရှိုင်း ယမ်းငွေ့မှိုင်းကြားမှာ
ပန်းတိုင်း ခုထိပွင့်အားကောင်းလို့ နေဆဲပါ။

**ထွန်းနိုင်နောင်**
**(ရေနံချောင်း)**





# အဝါရောင်လွှမ်းချင်းနဲ့ စက်တင်ဘာ

လမ်းမတွေပေါ် အန်ထွက်လာတဲ့
ကျောက်စက်ရေတစ်စက်
ဘယ်လိုအတွေ့ စနက်နဲ့
နီဓွေးဓွေးသွေးတွေ ရောယှက်ခဲ့တာလဲ။
ကိုယ့်ကြမ္မာနဲ့ကိုယ်
ကိုယ့်တရားနဲ့ကိုယ်ဆိုတော့
တစ်လမ်းမောင်း ပျံသန်းခြင်းများနဲ့
တစ်ချက်လွတ်၊ တစ်ဖက်သတ်
လှေနံဓားထစ်နဲ့ ပင်လယ်ကြီးရေ
ခုများ . . .
သွားလမ်းသာလို့ လာလမ်းဖြောင့်ကြရဲ့လား
ရွှေလက်နဲ့ခေါ်လို့ ရွှေပြည်ကြီးကို ရောက်ကြပြီလား။
မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကလေး ထွန်းညှိထားတဲ့မနုဿတ္တ
သက္ကာယဒိဋ္ဌိ လှလှနဲ့
တစ်နပ်စားယစ်မူးကြရုံသက်သက်
အသားထဲက ‘လောက်’ ထွက်ပြလိုက်တာပေါ့လေ။
စက်တင်ဘာကလည်း အလှည့်ကျပွင့်လို့
မပျက်ပြယ်နိုင်တဲ့ ရနံ့ကလည်း အမြဲမွှေးလို့
ဒုက္ခသစ်သီးတွေကလည်း လှလှပပနဲ့ ဝင်းလို့ဝါလို့။
လိမ္မော်ရောင်မြင့်မြတ်ခြင်းဟာ
တောင်တောရယ်သာဆိုတော့
ဘယ်သူတွေ မြောက်တောမှာ
သံသရာတစ်ဆုံးတိုင်
စုံးစုံးမြုပ် ညစ်ထည်းနေကြမလဲ။
ရောဂတီကိုမေးတင်ရင်း
မန်ကျည်းတော်ဖိ၊ ဆီးတော်ဖိနဲ့
အပူသည်မြို့ကလေး
သူ့မြစ်ဖျားခံရာ
ပုညယာမြေ အထောင်အသောင်းနဲ့
သမိုင်းမှာ အလျှံညီးညီး ပြည့်ဆီမီးနဲ့။
ပကတိ သွေးစင်စစ်နဲ့ ခြေရာ
ရာဇဝင် ကျောက်ထက်မှာ ကမ္ပည်းထွင်းလိုက်တော့
ကျန်းမာကြပါစေ
ချမ်းသာကြပါစေ
လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

**နိုင်လွင်ကောင်းခံ**



# ဗုံသံ

မှုမမှုန်တဲ့ ဂါသီဥတုအောက်မှာ
လရောင်တွေ
ကျန်းမာရေး ယိုယွင်း
လတ်လတ်ဆတ်ဆတ် သစ်ရွက်တွေ
အအေးမိလိုက်
အပူရှပ်လိုက်
အိပ်တန်းပြန်ငှက်တွေ ရေတွက်ကြည့်လိုက်တော့
အကောင် မစုံတော့ဘူး
အချိန်တွေ
ကြောက်ကြောက်လန့်လန့်နဲ့ နောက်ပြန်လှည့်ပြေးနေဆဲ
လိုအင်ဆန္ဒတွေ
သွေးသံတရဲရဲနဲ့ ရဲရဲဝံ့ဝံ့ ရှေ့ဆက်တိုးနေဆဲ
အောက်ကိုငုံ့မကြည့်ကြနဲ့
ခုန်ဆွတ်ဖို့
လက်တွေကို အပေါ်ဘက်ဆန့်တန်းထားပါ
ကြယ်တွေဆိုတာ
ကောင်းကင်မှာပဲ သီးကြပွင့်ကြတာ။

**ကွန်စစ်ကောင်း**



# ပူလောင်သောနေ့များ

တကယ်ပဲ အသွေးထဲ အသားထဲက
မုန်းကြပြီလား
ခေါင်းချင်းဆိုင်လို့ မရတော့ဘူးလား
တကယ်ပဲ ပျက်သုဉ်းသွားရတော့မယ့်
မေတ္တာတရားလား
စစ်ပွဲတွေနဲ့ တရားမမျှတမှုတွေနဲ့
အတူယှဉ်တွဲပြီး နေရတော့မှာလား
လူသားရဲ့ ဂုဏ်သိက္ခာတွေ နုတ်ယူခြင်းခံရတဲ့
ဇာတ်လမ်းရဲ့ ကျောရိုးလား
သွေးသံရဲရဲနဲ့ စီးကျလာတဲ့ အသံကိုပဲ
နားဆင် နေရတော့မှာလား
ကိုယ်တို့ ကိုယ့်ကိုယ်ကိုယ် မသိကြတော့ဘူးလား။ ။

**ဟိန်းမြတ်ဇော်**

# စစ်ပင်

ငယ်ငယ်တုန်းက …
သူငယ်ချင်းတွေ …
ကျိုက်ထီးရိုးဝါးသေနတ် …
တစ်ယောက်တစ်လက်နဲ့ …
ဒက်ဒက်၊ ဒက်ဒက်၊ ဒက် · ဒက် · ဒက် …
စစ်တိုက်တမ်းကစားရတာ …
ပျော်စရာ ….။

ငယ်ငယ်တုန်းက …
အဖေနဲ့အမေက …
ဓာတ်ပုံဆိုင်ထဲခေါ်သွားပြီး …
ကလေးဝတ်စစ်ဗိုလ်ဝတ်စုံနဲ့
ကော်သေနတ် ခါးကြားထိုးလို့ …
ဓာတ်ပုံရိုက်ပေးခဲ့တာ …
ဂုဏ်ယူနေသေးတာ …။

ခုများမှာတော့ …
ငယ်ဘဝစစ်ဗိုလ်ဝတ်စုံနဲ့
အဖြူအမည်းဓာတ်ပုံလေးလည်း …
ဆေးသားကွက်ပျက် …

ကြည့်လည်း
မကြည့်ချင် …။

ကလေးတွေ …
တပ်စခရင်ဖုန်းနဲ့
တက်ဘလက်နဲ့
စစ်တိုက်တမ်းကစားနေတာလည်း
မမြင်ချင် …။


တစ်နေ့တစ်နေ့ …
နေ့စဉ်သတင်းစာတွေဖတ်၊ ဂျာနယ်တွေဖတ်
ရေဒီယိုက လိုင်းပေါင်းစုံ သတင်းတွေနားထောင်
ဖြိုဟ်တုစလောင်းက သတင်းတွေကြည့်ရင်း …
ကမ္ဘာကြီးတစ်ခုလုံးအတွက် …
ငါတို့တိုင်းပြည်အတွက် …
ဆရာတော်ကြီး၊ 'ဦးဝိစိတ္တသာရဘိဝံသ'ရဲ့
အရပ်ဆယ်မျက်နှာမေတ္တာပို့နည်းနဲ့
သတ္တဝါအားလုံး …
လူသားအားလုံး …
တစ်ကမ္ဘာလုံးအတွက် …
မေတ္တာမျှဝေ …
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ …
ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ …
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ …
ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ …
(ထို့အပြင်) စစ်ပွဲအားလုံး …
မေတ္တာတရားနဲ့ အဆုံးသတ်၊ ငြိမ်းချမ်းကြပါစေ …။

သစ်ငြိမ်



Yati Cartoon




Yati Cartoon
အချစ်ရဲ့ မွေးနေ့တုန်းက
အကျကုန် ပစ္စည်းတွေကို
မွေးနေ့ လက်ဆောင် -
ဆောင်ဝယ်ပေးခဲ့တယ်နော်
ဟေ့ - အချ ၊ မောင့်မွေးနေ့
အတွက် အချစ်က
ဘာဝယ်ပေးမှာလဲ ၊
ဘောက်ဆူးရှယ် ၊
မမေ့ပါဘူးနော် ၊
ဝယ်ထားပါတယ် ၊
လျှပ်စစ်မီးပူရှယ် ၊
သစ်သီးဖျော်စက်ရှယ် ၊
ထမင်းအိုးတွေရှယ် ၊
ဒါတွေက
အိမ်မှာ အသုံးလို
နေတယ် - ဘောက်ဆူးရဲ့

Yati Cartoon



# Yati Cartoon



# ဖိုးချစ်လှူဒါန်းမည့် သဘင်ဘိုးဘွားရိပ်သာရန်ပုံငွေပွဲ





ဖိုးချစ်ကုမ္ပဏီလီမိတက် (မြန်မာ့ရိုးရာ အနုပညာဝန်ဆောင်မှုလုပ်ငန်း) ကစီစဉ်သည့် ဖိုးချစ်လှူဒါန်းမည့် သဘင်ဘိုးဘွားရိပ်သာရန်ပုံငွေပွဲကို ပြည်သူ့ရင်ပြင်မြက်ခင်းပြင် မိုးလုံလေလုံ အလုမ်မီနီယံဇာတ်ရုံတွင် ဩဂုတ်လ ၇ ရက်မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါကပွဲသည် သဘင်ဘိုးဘွားရိပ်သာရန်ပုံငွေအတွက် ပြုလုပ်ခြင်းဖြစ်သောကြောင့် သဘင်အနုပညာရှင်မိသားစုများက ပါဝင်ပံ့ပိုးတင်ဆက်ခဲ့ကြရာ မင်းသားဖိုးချစ်နှင့်အတူ ရွှေမန်းသဘင်မှ ဦးချမ်းသာ၏သား ချစ်စွမ်းသာ၊ တင်မိုးဝင်း၏ သမီးငယ်လှမြတ်မိုးတို့နှင့် အခြားသဘင်အနုပညာရှင်များ မြောက်မြားစွာ ပါဝင်ကပြခဲ့ကြသည်။ အနယ်နယ်အရပ်ရပ်မှ ပါဝင်လှူဒါန်းကြသူ အလှူရှင်များ၏ အလှူငွေများကို ကပြနေစဉ်အချိန်အတွင်း ကြေညာခဲ့သည်။ အဆိုပါ အလှူငွေများသည် သဘင်ဘိုးဘွားရိပ်သာကိုလှူဒါန်းရန် ရည်ရွယ်ခြင်းဖြစ်သည်။

# ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ရဲ့ဝန်ထမ်းဂုဏ်ပြုအစီအစဉ်

Appreciation Ceremony For The Award of Trip Advisor Myanmar Culinary Arts Competition And Employee Of The Month အခမ်းအနားကို ဇူလိုင်လ ၉ ရက်နေ့က ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ Culinary Award Winner များအတွက် ဂုဏ်ပြုဆုများချီးမြှင့်ခြင်း၊ Employee Of The Month အတွက် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ဂုဏ်ပြုပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ ကန်တော်ကြီး



ပဲလေ့စ်ဟိုတယ်မှာ လက်ရှိလုပ်ကိုင်နေကြတဲ့ဝန်ထမ်းတွေအနေနဲ့ သူတို့ ကြိုးစားအားထုတ်မှုကြောင့် ရရှိတဲ့ ရလဒ်အတွက် ထိုက်ထိုက်တန်တန် ပြန်လည်ဂုဏ်ပြုရင်း နောင်ကိုလည်း ဒီထက်မက ကြိုးစားအားထုတ်သွားစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။



# Fancy House ၏ 10th Anniversary Hair Show ဆိုင်ဖွင့်လှစ်

Fancy House Hair Beauty Nail Spa က ကြီးမှူးကျင်းပသော ၁၀ နှစ်ပြည့် Hair Show ပြပွဲကြီးကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၂ ရက်၊ အင်္ဂါနေ့က Sedona Hotel ၏ Grand Ballroom မှာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် Fancy House ၏ ပွဲ့ကိုင်ရှင် ဒေါ်ကျင်ပို့က အဖွင့်အမှာစကားနှင့်အတူ ပွဲလာသူဧည့်ပရိသတ်များကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ မော်ဒယ်များ၏ တက်ကြွသွက်လက်သော Performance များနှင့် Hair Show ကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုပွဲသို့ အနုပညာရှင်ပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။





# နတ်စောင်းနဲ့တီးခတ်တဲ့ အလွမ်းသီချင်း

ဓမ္မဂရီ

(၁)

ဒကာ ကိုလေးဖြူကြီးလို "ဘယ်ဆီကို မင်း ရောက်နေလဲ ဘာတွေကို မင်းလုပ်နေလဲ" ဆိုတဲ့ အပိုဒ်ကို မျက်လုံးလေးမှေးပြီး ဆွဲဆွဲငင်ငင် ဆွေးဆွေးမြည့်မြည့် ကြေကွဲပြလိုက်တာမျိုးတော့ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မယ်။

ဒါပေမဲ့ တာဝတိံသာက ဂီတသမား တစ်ယောက်ဟာလည်း နတ်သံစဉ်နဲ့ အလွမ်းကို ဖောက်ခွဲခွင့် ရှိတာပဲ မဟုတ်လား။ တိမ္ဗရူသက နတ်မင်းကြီးရဲ့ သမီးချောလေး သူရိယဝစ္ဆသာကို စွဲလမ်းနေတဲ့ နတ်ဂီတသမား ပဥ္စသိခ နတ်သားက စောင်းကြိုးတီးခတ်ပြီး အသည်းကွဲသီချင်း ဆိုနေခဲ့ဖူးပါတယ်။ တစ်ဦးတည်းသော ပရိသတ်ကတော့ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်ပါပဲ။ ဒီတစ်ကိုယ်တော် ဖျော်ဖြေပွဲလေးဖြစ်လာပုံက ဒီလိုပါ။ ဘုရားရှင်က မဂဓတိုင်းအတွင်းကပုဏ္ဏားရွာလေး တစ်ရွာအနီးမှာရှိတဲ့ တောင်ရိုးလိုဏ်ဂူတစ်ခုမှာ သီတင်းသုံးနေပါတယ်။

ဘုရားဖူးချင်တဲ့ သိကြားမင်းက နောက်လိုက်နောက်ပါ အခြံအရံတွေခေါ်ပြီး ရောက်လာခဲ့တာပါ။ ဒါပေမဲ့ ဈာန်ချမ်းသာနဲ့ မွေ့ပျော်လေ့ရှိတဲ့ ဘုရားရှင်တို့ရဲ့ သဘောကို ရိပ်စားမိလေတော့ အခြံအရံတွေ အများကြီးနဲ့ အုတ်အုတ်ကျက်ကျက် အနှောင့်အယှက် မဖြစ်စေချင်တဲ့အတွက် ပဥ္စသိခကို အထောက်တော် လွှတ်တာပါ။

အဲဒီမှာ ပဥ္စသိခ နတ်သားက ဗေလုဝပဏ္ဍု နတ်စောင်းကိုထုတ်ပြီး ဘုရားရှင် သီတင်းသုံးတဲ့ လိုဏ်ဂူနားမှာ ဘုရားရှင် ကြားအောင် သူ့အလွမ်းတွေကို ရင်ဖွင့်တော့တာပါ။ လွမ်းလည်း လွမ်းလောက်ပါတယ်။ သူစွဲလမ်းရသူ ချစ်သောသူရိယဝစ္ဆသာလေးက သိကြားမင်းကြီးအပါးမှာ ခစားနေတဲ့ ရထားထိန်း မာတလိနတ်မင်းရဲ့သား သိခဏ္ဍီ နတ်သားကို စိတ်ညွတ်ကိုင်းနေပါသတဲ့. . ။

သူ့လို ဂီတသမားတစ်ယောက် အတွက် သုဒဿန နေပြည်တော်မှာ နေရာ မရရှာပါဘူး။ ဖျော်ဖြေသူ သက်သက်မို့ မျက်နှာကြီး နတ်သမီးလေးတွေက အဖက်မလုပ်ကြဘူးပေါ့လေ။

ဒီတော့လည်း လူ့ပြည်က ရောခ်ကာ တစ်ယောက်လို ကြေကွဲမှုတွေကို သံစဉ်ထဲ ရောမွှေပစ်လိုက်တော့တာပါ။ အံ့သြစရာ ကောင်းတာက အလွမ်းထဲမှာ တရားသဘောတွေ ပါနေတာပါ။

ဘုရားရှင်နဲ့ ရဟန္တာမြတ်တို့ရဲ့ ဂုဏ်တော်တွေကိုပါ ထည့်သွင်း စပ်ဆိုသွားတာပါ. . . ။ လွမ်းတာတောင် ကုသိုလ်ရအောင် လွမ်းတဲ့ နတ်ဂီတသမားပေပဲ။

ကဲ. . .

နားထောင်ကြည့်လိုက်ပါဦး။ ဒီနေ့ မျိုးဆက်သစ်နတ်လေးတွေကတော့ အော်တာနေးတစ်ဗ်တွေ၊ ပန့်ခ်တွေ၊ ရက်ပ်တွေဘာတွေ လုပ်နေကြရောပေါ့။ ပင်လယ်ကသစ်ပင်ရှိုးပွဲတွေမှာ နတ်ပြည်ဖြစ် Hip Hop သီချင်းတွေ ဆူညံနေလောက်ပြီ။

ရှေးခေတ်ပါဠိဘာသာပြန်တွေက ခက်ဆစ် စကားလုံးတွေများလို့ အသစ်လုပ်ကြည့်လိုက်ပါတယ်။ တစ်စုံတစ်ရာဖန်တီးထားတဲ့ စကားလုံးများမပါ. . ။ မော်ဒန်လူငယ်များအတွက် ပိဋကတ်မူရင်းအတိုင်း ရာစုသစ်ဝေါဟာရများနဲ့ ဆီလျော်အောင် ဘာသာပြန်ဆိုခြင်းမျှပါပဲ. . ။

(၂)

ပဥ္စသိခသီချင်း

(ရေးဆိုတီး ပဥ္စသိခ)

ဟဲလို သူရိယဝစ္ဆသာ
တိမ္ဗရူသကနတ်မင်း ငါဦးညွှတ်
သူက နင့်ဘဝကောင်းမြတ်မှုကို မွေးဖွားသူဖခင်
နင်ကတော့ ငါ့ကို မြတ်နိုးစေသော ချစ်သော ကောင်မလေး. . . ။

တောက်ပလင်းလက်သူ ကောင်မလေး
ချွေးထိုစီးတဲ့အခိုက် လေညင်းအေး
ရေလိုတဲ့အခိုက် ရေအေးအေး
ရဟန္တာတွေအကြိုက်ကတော့ တရားဓမ္မအမြိုက်ဆေး
ငါကတော့ နင့်ကိုပဲ ချစ်နေမိသေး. . . ။

ဆေးက နာကျင်သူကို ငြိမ်းပေး
အစာက ဆာလောင်သူကို ငြိမ်းပေး
ရေက မီးလျှံကို ငြိမ်းပေး
နင်က ငါ့အချစ်ကို ငြိမ်းပေး . . . . ။
အေးမြမြရေကန်သာ
ဝတ်မှုန်ပွှမ်းတဲ့ကြာတောထဲ
ပူလောင်နေတဲ့ဆင်ပြောင်ကြီး
ထိုးဆင်းချသလိုမျိုး
နင့်ရင်ခွင်ထဲ ငါပြေးဆင်းခဲ့မယ်. . . ။
ပေါင်သားပြည့်ပြည့်ကောင်မလေး
မုန်ယိုနေတဲ့ ဆင် လုံ့အန္တရာယ်ကို မမြင်
မာန်ယစ်မူး ရူးမိုက်သလိုမျိုး
နင့်ကြောင့် အချစ်မူးနေတဲ့ငါ
ဘာမှ မသိတော့ဘူး (ဘာမှမသိတော့ဘူး) . . . ။

နင့်ဆီမှာ ငါ့စိတ်ဟာ တစ်ဖက်သတ်ဖြစ်နေ
နင့်ဆီမှာပဲ ငါ့စိတ်ဟာ တိမ်းညွတ်နေ. .
နောက်ဆုတ်ဖို့ မဖြစ်နိုင်ဘူး . . .
ငါးမျှားချိတ်ကိုမျိုမိတဲ့ ငါးတစ်ကောင်လို လူး . . . ။

ကလျာဏီ
ပေါင်တံလှလှကောင်မလေး
ငါ့ကို ဖက်ထားစမ်းပါဟေး
မခိုတရို့ကြည့်တတ်သူကောင်မလေး
ငါ့ကိုပွေ့ဖက်ထားပါဟေး
အကောင်းဆုံး ကောင်မလေး
ငါ့ကိုပွေ့ဖက်လိုက်ပါဟေး. . .
နင့်ထွေးပိုက်မှုကိုပဲ ငါမျှော်တွေး. . . . ။

ဆံဖျားကော့ညွတ်လှပသူကောင်မလေး
ငါ့ချစ်ခြင်းက နည်းကောင်းနည်းပေမဲ့
ဆတိုးပွား ကြီးထွားလာနေမြဲ
ရဟန္တာမြတ်ကို လှူတဲ့ ဒါနလိုမျိုးပဲ. . . . ။

ကလျာဏီ
အရာရာပြည့်စုံသူကောင်မလေး
သည်းခံခြင်းဂုဏ်လွှမ်းတဲ့ ဘုရားအဆူဆူ
ငါပြုခဲ့ကုသိုလ်အမျှကို နင်ယူ
အတူအကျိုးပေးစေသား. . . . ။

ကလျာဏီ
အရာရာပြည့်စုံသူကောင်မလေး
ဒီမိုးအောက်မြေပြင် ငါဆည်းပူးခဲ့ ကုသိုလ်
အမျှကို နင်ယူ အတူအကျိုးပေးစေသား. . . ။

ဟဲလို သူရိယဝစ္ဆသာ
ချစ်သောကောင်မလေး
သကျနွယ်ဖွား ဘုရားမြတ်
ဈာန်ပွား စိတ်တည် သတိနဲ့ကြည်မွေ့

> **သူရိယဝစ္ဆသာကို အမျိုးမျိုးပိုးပန်းပေမဲ့ မရနိုင်တော့တဲ့အခါ ဗေလုဝနတ်စောင်းကို ပိုက်ပြီး ကလေးမရဲ့ ဖခင် အိမ်တော်ဗိမာန်ရှေ့မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ ရဟန္တာ အရှင်မြတ်တွေရဲ့ ဂုဏ်ရည်နဲ့ ခံစားချက်ရင်တွင်းဖြစ် ခု အရှင်ဘုရားကို ပူဇော်တဲ့ ဒီသီချင်းတွေကို ညှစ်အော်ခဲ့တာပေါ့ ဘုရား**

အမြိုက်ချမ်းသာကိုရှာသလိုမျိုး
ငါကတော့ နင့်ကိုပဲ ရှာဖွေနေ. . . . ။
ကလျာဏီ
ချစ်သောကောင်မလေး
အမြတ်ဆုံးမုနိဘုရား အမြတ်ဆုံးဉာဏ်တော်ကို ဆိုက်ရောက်
ဝမ်းမြောက်တော်မူသလိုမျိုး
နင်နဲ့ ပေါင်းဖက်ကာ အားတက်ပျော်ရွှင်ရစေသား. . . ။

ချစ်သောကောင်မလေး
တာဝတိံသာအရှင် မိုးသခင်ကသာ
ဆုမြတ်တစ်ခုကိုရွေး အခွင့်ပေးခဲ့မယ်ဆို
နင့်ကိုပဲ ငါယူမယ်
ငါအချစ်က ခိုင်မြဲခဲ့. . . ။
မေဓာဝီ
ထက်မြက်တဲ့ကောင်မလေး
ကောင်းမြတ်ခြင်းတွေပြည့်စုံတဲ့သမီးရတနာရှင်
ပွင့်သစ်စ အင်ကြင်းပန်းပမာ သခင်
နင့်ဖခင်နတ်မင်းကို
ငါဦးညွတ်လိုက်ပါတယ်. . . . ။

(၃)

သီချင်းဆုံးတဲ့အခါ ဗုဒ္ဓအရှင်က "ပဉ္စသိခ သင့်စောင်းသံဟာ သီချင်းသံနဲ့ကိုက်ညီသလို သီချင်းသံကလည်း စောင်းသံနဲ့ တစ်ထပ်တည်းပါပဲ။ သီချင်းသံက စောင်းသံကိုမလွန်သလို စောင်းသံကလည်း သီချင်းသံကိုမလွန်. . ။ ပဉ္စသိခ သင်ဟာ ဘုရား၊တရား၊သံဃာ ရတနာသုံးပါး၊ ရဟန္တာတွေနဲ့ ကာမဂုဏ်တရားများကို ရောသမမွှေစပ်ဆိုတဲ့ ဒီသီချင်းတွေကို ဘယ်အချိန်က ရေးဖွဲ့ခဲ့ပါသလဲ" လို့ အမေးတော်ရှိပါတယ်။

"အရှင်ဘုရား သဗ္ဗညုတဉာဏ်ရတော်မူပြီးခါစ ဥရုဝေလတောနေရဉ္စရာမြစ်ကမ်းပါးအနီး အဇပါလညောင်ရိပ်မှာ သီတင်းသုံးနေချိန်ပေါ့ဘုရာ့။ တပည့်တော်က တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းရဲ့ ဘဒ္ဒါသူရိယဝစ္ဆသာလေးကို တိတ်တခိုးချစ်နေရတာပါအရှင်. . ။ သူငယ်မလေးက ရထားထိန်းကြီး မာတလိရဲ့သား သိခဏ္ဍီဆိုတဲ့ ငနဲကို စွဲလမ်းနေတာဘုရာ့. . ။

သူရိယဝစ္ဆသာကို အမျိုးမျိုးပိုးပန်းပေမဲ့ မရနိုင်တော့တဲ့အခါ ဗေလုဝနတ်စောင်းကို ပိုက်ပြီး ကလေးမရဲ့ ဖခင်အိမ်တော်ဗိမာန်ရှေ့မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ ရဟန္တာ အရှင်မြတ်တွေရဲ့ ဂုဏ်ရည်နဲ့ ခံစားချက်ရင်တွင်းဖြစ် ခု အရှင်ဘုရားကို ပူဇော်တဲ့ ဒီသီချင်းတွေကို ညှစ်အော်ခဲ့တာပေါ့ဘုရား. . ။

အဲဒီတော့မှ ကလေးမလေးက ထွက်လာပြီး "ကိုသိခရယ် ကျွန်မလည်း ရှင့်သီချင်းထဲက ဘုရားရှင်ကို မဖူးမြင်ရသေးပါဘူး။ တာဝတိံသာ ရွှေပြည်တော်ရဲ့ သုဓမ္မာသဘင်ပွဲမှာ ကျွန်မကပြအသုံးတော်ခံနေတဲ့အချိန် ဘုရားရှင်အကြောင်းကြားခဲ့ရဖူးတာပါ။ ရှင်က ဒီနေ့ကျွန်မအိမ်ရှေ့အရောက် ဘုရားရှင်အကြောင်း သီချင်းလုပ်ဆိုတဲ့အတွက် ရှင်နဲ့ကျွန်မတို့ ပေါင်းဆုံကြပါစေလို့ ဆုတောင်းလိုက်ပါတယ်" ဆိုပြီး ပြောပါရောဘုရား။

တပည့်တော်မှာ အဲဒီအခိုက်အတန့်လေးပဲ ဝစ္ဆသာလေးကို မြင်ခဲ့ရတွေ့ခဲ့ရတာပါ အရှင်ရယ် . . ။ အဲဒီအချိန်က စပြီး ခုထိ မတွေ့ရတော့ပါဘူးဘုရား. . တဲ့. . ။

ဂူဝမှာ စောင့်နေတဲ့ သိကြားနတ်မင်းက ပဉ္စသိခကို ခေါ်ပြီး ဘုရားရှင်ကို ဖူးမျှော်ခွင့်ပေးဖို့ သံတမန်စကားလျှောက်ထားစေပါတယ်. . ။

သိကြားမင်းနဲ့ အခြွေအရံပရိသတ်တွေ ဘုရားရှင်ထံမှာ တရားတော်နာကြ. . ။ သောတာပတ္တိမဂ်ဉာဏ်ဦးကာ တရားထူးလည်း ရကြပေါ့ . . ။

သိကြားမင်းဟာ စောင်းတီးကောင်းပြီး အဖွဲ့အနွဲ့ ဆန်းသစ်တောက်ပြောင်ကြောင်း ဘုရားရှင်ကိုယ်တိုင် ချီးမွမ်းတော်မူရတဲ့ ပဉ္စသိခနတ်သားကို ဘုရားရှင်ဖူးမျှော်ခွင့်ရအောင် ဂီတအနုပညာနဲ့ အကျိုးဆောင်ပေးတဲ့အတွက် ဂန္ဓဗ္ဗနတ်မင်းကြီးအဖြစ် ရာထူးတိုးပေးပြီး သူရိယဝစ္ဆသာလေးနဲ့ သီတင်းကျွတ်စေပါတော့တယ်။

နတ်လူပျိုကြီး ပဉ္စသိခတော့ သီချင်းတစ်ပုဒ်နဲ့ အလုပ်ဖြစ်သွားခဲ့ပါတယ်. . ။

နတ်စောင်းနဲ့ တီးခတ်တဲ့ အလွမ်းသီချင်းသံတွေ မကြားရတော့ပါ. . ။

**ဓမ္မဂင်္ဂါ**
**(၂၄၊၇၊၂၀၁၄)**
**(ဒီဃနိကာယ်၊**
**မဟာဝါပါဠိတော်၊သက္ကပဉ္စသုတ်)**

## ဦးဘုန်း(ဓာတု၊ မန္တလေး) ၏ မေတ္တာနံ့နက်ခင်းစာအုပ်မိတ်ဆက်





ဦးဘုန်း(ဓာတု၊ မန္တလေး) ၏ အသစ်ထွက်ရှိသော "မေတ္တာနံ့နက်ခြင်း"စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကို ဩဂုတ်လ ၅ ရက် မွန်းတည့် ၁၂ နာရီက ဗိုလ်အောင်ကျော်လမ်းရှိ ဟုမ်းမီဒီယာတွင် ကျင်းပခဲ့သည်။ "မေတ္တာနံ့နက်ခင်း" စာအုပ်ကို စာအုပ်ကောင်းများ ထုတ်ဝေဖြန့်ချိလေ့ရှိသည့် လင်းလွန်းခင်စာပေမှ ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး အဆိုပါ စာအုပ်မိတ်ဆက်ပွဲတွင် စာပေမောင်နှမများ၊ လင်းလွန်းခင်စာပေမှ ပရိသတ် များနှင့်တကွ ဦးဘုန်း (ဓာတု၊ မန္တလေး) ၏ စာဖတ်ပရိသတ်များ၊ စာနယ်ဇင်းများ တက်ရောက်ခဲ့ကြသည်။ ယခုစာအုပ်သည် ဦးဘုန်း (ဓာတု၊ မန္တလေး)၏ ၁၃ အုပ် မြောက် စာအုပ်ဖြစ်ကြောင်း သိရသည်။

## ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၏ ချိတ်ဒီဇိုင်းလက်ရာသစ်များပြသ



ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၏လက်ရာ ချိတ်ဒီဇိုင်းသစ်များပြပွဲကို ဩဂုတ်လ ၇ ရက်နေ့ ညနေ ၅ နာရီက အလုံလမ်းရှိ The Yangon Galery တွင် ပြုလုပ်ခဲ့သည်။ ပြပွဲတွင် အရောင်များကို ရောစပ်ဖန်တီးတီထွင်ထားသည့် ချိတ်ဒီဇိုင်းလက်ရာများကို ပြသထားပြီး ဒီဇိုင်းပညာနှင့် ပတ်သက်ပြီး အနုပညာသည်အချင်းချင်း ဆက်စပ်မှုကို ချိတ်ကနေတစ်ဆင့် ဖော်ပြသည့် ဗီဒီယိုဖိုင်ကိုလည်းပြသခဲ့သည်။ အဆိုပါပြပွဲကို မိုးကုတ်ပေါက်ပေါက်က မြန်မာ့ယဉ်ကျေးမှုလက်ရာ နည်းပညာကို ထိန်းသိမ်းလိုသည့်အတွက် ပြုလုပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မိတ်ကပ်ပညာရှင်လည်းဖြစ်သလို နာမည်ကြီး ဒီဇိုင်နာတစ်ဦးလည်းဖြစ်သည့် မိုးကုတ်ပေါက်ပေါက်သည် ပထမဆုံးဖက်ရှင်ရှိုးပွဲကို မန္တလေးတွင် ပြုလုပ်ခဲ့ပြီး ယခုအခါ မြန်မာ့ချိတ်သမိုင်းတွင် မှတ်တိုင်တစ်ခုသဖွယ်ဖြစ်စေရန် ဖန်တီးပြသလိုက်ခြင်းဖြစ်သည်။

## Miss Golden Land Myanmar ပြိုင်ပွဲကြီး၏ Top Model နှင့် Talent ပြိုင်ပွဲများပြုလုပ်

ကမ္ဘာ့အလှမယ် ပြိုင်ပွဲကြီး ၅ ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ၅ ဦးရွေးချယ်မည့် Miss Golden Land Myanmar ၂၀၁၄ ပြိုင်ပွဲကြီး၏ Top Model ပြိုင်ပွဲကို ဩဂုတ်လ ၄ ရက်နေ့၊ မွန်းလွဲ ၂ နာရီက တော်ဝင်ဂါးဒင်းဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အလှမယ်များ၏အရည်အချင်းကို အကဲဖြတ်အမှတ်ပေးကြပြီး Top Model Award အတွက် ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်ခဲ့ရာ သင်းသဲဘို၊ နီနီမင်းသူ၊ အိမွန်ခိုင်၊ မေနှင်းသူ၊ သူသူမြတ်နိုး၊ ပန်းအိဖြူ၊ နန်းဘောက်၊ ဇင်သီရိဝင်း၊ အမ်ဂျာဆန်း၊ ဆုလာဘ်ဘိုတို့ ရရှိခဲ့ကြသည်။









Talent ပြိုင်ပွဲကိုမူ ဩဂုတ်လ ၇ရက်နေ့က တော်ဝင်ဂါးဒင်းဟိုတယ်တွင်ပင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါပွဲမှာ မော်ဒယ်များ၏ ပညာပါရမီစွမ်းရည်ကို ပြသကြသည့်ပွဲဖြစ်သည်။ နောက်ဆုံး အဆင့်ပြိုင်ပွဲကိုမူ ဩဂုတ်လ ၂၃ ရက်နေ့တွင် MCC ၌ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ ဖိလစ်ပိုင်မှ ပညာရှင်များနှင့် နိုင်ငံတကာမှအလှမယ်များလည်း လာရောက်မည်ဖြစ်သည်။



# The King of Hollywood လို့ တင်စားခံရသူ ကလက်ဂေဘယ်

သိမ့်နှင်းအိမ်

အချိန်ကာလရွေ့လျားလာတာနဲ့အမျှ ၂၀ ရာစုက ကျော်ကြားခဲ့တဲ့ အနုပညာရှင်တွေကို မေ့လျော့လာကြပါတယ်။ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုအရ သူတို့ရဲ့နေရာမှာ ယနေ့ခေတ် စူပါစတားတွေ အစားထိုးနေရာယူလာကြပါတယ်။ ဒါပေမဲ့ ပန်းသတင်းလေညင်းဆောင်ဆိုတဲ့ စကားအရ ဟောလီးဝုဒ်အနုပညာလောကမှာ ဝင်းစာပြည့်ဝစွာကာလ ကြာရှည်

ရုပ်တည်နိုင်ခဲ့တဲ့ သရုပ်ဆောင်တွေက ယခုတိုင် ပရိသတ်နှုတ်ဖျားမှာ ရေပန်းစားဆဲပါ။ သေလျှင် မြေကြီး ရှင်လျှင်ရွှေထီးဆိုတဲ့ စကားအတိုင်း ၂၀ ရာစုကာလမှာ ရွှေထီးဆောင်းခဲ့ရသူထဲမှာ အမေရိကန်ရုပ်ရှင်မင်းသား ဝီလျံကလက်ဂေဘယ်ပါဝင် ပါတယ်။ သူ့ကို ဟောလီးဝုဒ်ရဲ့ ဘုရင်တစ်ပါးရယ်လို့ တင်စား ခေါ်ဝေါ်ကြပါတယ်။

ဂေဘယ်ဟာ ပြဇာတ်မင်းသားတစ်ယောက် အနေနဲ့ အနုပညာလောကထဲ စတင်ဝင်ရောက် လာခဲ့ပါတယ်။ ၁၉၂၄ ခုနှစ်မှ ၁၉၂၆ ခုနှစ်အတွင်း အသံတိတ်ရုပ်ရှင်ဇာတ်ကားတွေမှာ ပါဝင်သရုပ် ဆောင်ခဲ့ပြီး ၁၉၃၁ ခုနှစ်မှာ MGM ထုတ်လုပ်ရေး က ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်လမ်းတွေမှာ ဇာတ်ပို့ နေရာက သရုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဇာတ်ဆောင်မင်းသားတစ်ဦးအနေနဲ့ သရုပ်ဆောင် ခွင့်ရခဲ့ပြီး ဆယ်စုနှစ် ၃ စုကျော်အတွင်း ဇာတ် ကားပေါင်း ၆၀ ကျော် ရိုက်ကူးခဲ့ပါတယ်။

ဒီဇာတ်ကားတွေထဲကမှ ရက်ဘတ်တလာ အဖြစ် သရုပ်ဆောင်ထားတဲ့ Gone with the wind (၁၉၃၉) ရုပ်ရှင်ဇာတ်ကားက သူ့ကို လူသိများ ကျော်ကြားစေခဲ့ပါတယ်။ ဒါ့အပြင် အော်စကာဆုအတွက်လည်း လျာထားခံရပါတယ်။ It Happened One Night (၁၉၃၄) ရုပ်ရှင်နဲ့ ပထမဆုံးအော်စကာဆု ရရှိခဲ့ပြီး Red Dust (၁၉၃၂)၊ Manhattan Melodrama (၁၉၃၄)၊ San Francisco (၁၉၃၆)၊ Saratoga (၁၉၃၇)၊ Boom Town (၁၉၄၀)၊ The Hucksters (၁၉၄၇) နဲ့ နောက်ဆုံးရိုက်ကူးခဲ့တဲ့ The Misfits ရုပ်ရှင်တွေက စီးပွားရေး အရအောင်မြင်ရုံသာမက စံချိန်မီတဲ့ဇာတ်ကားတွေ ဖြစ် ပါတယ်။ သူဟာ ရုပ်ရှင် လောကမှာ ကာလကြာ ရှည်အောင်မြင်စွာ ရပ် တည်နိုင်တဲ့သူ တစ် ယောက် ဖြစ်ပါတယ်။

ထိုခေတ်အခါက နာမည်ကြီးခဲ့တဲ့ မင်း သမီးအချို့နဲ့လည်း ရုပ်ရှင်အများအပြား ရိုက်ကူးခဲ့ပါသေးတယ်။ The Misfits ရုပ်ရှင်မှာ ညို့မင်းသမီး မာရီလင်မွန်ရိုးနဲ့ သရုပ်ဆောင်ခဲ့ပြီး ဂျုံးက ရော့ပိုဒ့် ဂျင်းဟာလိုး၊ မာနာလွိုင်၊ လာနာတာနာ၊ နော်မာရှီးယားရာစတဲ့ မင်းသမီးတွေနဲ့ အတွဲ ညီညီသရုပ်ဆောင်ခဲ့ပါတယ်။ အမေရိကန် ရုပ်ရှင်သိပ္ပံကျောင်းက သူ့ကိုခုနစ် ယောက်မြောက် ထိပ်တန်း မင်းသားတစ်လက်အဖြစ် သတ်မှတ်ခဲ့ ပါတယ်။

## စာပေချစ်သူဂေဘယ်ရဲ့ငယ်ဘဝ

၁၉၀၁ ခုနှစ်၊ အမေရိကန်နိုင်ငံ အိုဟိုင်းအိုး ပြည်နယ်မှာ မွေးဖွားခဲ့ပြီး ဖခင်က ရေနံတွင်း လုပ်ငန်းလုပ်ကိုင်သူတစ်ဦး ဖြစ်ပါတယ်။ ဆယ်လ သားအရွယ်မှာ မိခင်ကွယ်လွန်သွားတဲ့အတွက် မိထွေးဖြစ်သူရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကြီး ပြင်းလာခဲ့ပါတယ်။ မိထွေးဖြစ်သူဂျင်းနီက စန္ဒရား ကောင်းမွန်စွာ တီးတတ်ပြီး သူ့ကိုလည်း သင်ပေးခဲ့ပါတယ်။ ဂျင်းနီက သူ့ကို စမတ်ကျကျ နေတတ်သူဖြစ်အောင် ပျိုး ထောင်ခဲ့ပါတယ်။ အရပ် ရှည်ရှည်နဲ့ အသံကြဲဇာ ရှိသူဂေဘယ်ဟာ ရှက် တတ်တဲ့ ကလေးတစ် ယောက်ပါ။ ယခင်က အမဲ လိုက်ခြင်းလိုမျိုး ကြမ်းတမ်း တဲ့အလုပ်တွေ လေ့ကျင့် သင်ကြားပေးပေမဲ့ သူက စာပေကိုသာ ချစ်မြတ် နိုးပါတယ်။ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတွေ နဲ့ဆိုရင် ၁၄ ကြောင်းစပ်အလင်္ကာနဲ့ ရှိတ် စပီးယားရဲ့ ကဗျာတွေ ရွတ်ဆိုလေ့ရှိပါတယ်။

## အောက်သက်ကျေသူဂေဘယ်

ဟောလီးဝုဒ်အနုပညာ လောကကို မဝင် ရောက်ခင် ပြဇာတ်ကခဲ့ပါတယ်။ သူ့ရဲ့မန်နေဂျာက ဂျိုးဇက်ပင်ဒီလွန်ဖြစ်ပြီး မညီညာတဲ့ ဂေဘယ်ရဲ့ သွားတွေနဲ့ ဆံပင်စတိုင်ကို ငွေကုန်ကြေး ကျခံပြီးပြုပြင်စေခဲ့ပါတယ်။ အာဟာ ရမပြည့်ဝတဲ့သူရဲ့ ခန္ဓာကိုယ် တောင့်တင်းသန်မာစေဖို့ လမ်း ညွှန်ပြသခဲ့ပြီး ကိုယ်နေဟန် ထားလှုပ်ရှားမှုကအစ သင် ကြားပြသပေးခဲ့ပါတယ်။ အသံနေ အသံထားကအစ မျက်နှာအမူအရာ အထားအ သို သဘာဝကျစေဖို့ ကြပ်မတ် သင်ကြားခဲ့ပါတယ်။ ကာလ အတန်ကြာပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြား ပေးပြီးတဲ့နောက် ရုပ်ရှင်လောကထဲ ဝင်ရောက်ဖို့ အဆင်ပြေပြီလို့ ယုံကြည်တာ ကြောင့်သူတို့နှစ်ယောက် က





ဟောလီးဝုဒ်ကို ထွက်လာခဲ့ပါတယ်။ ဒီလွန်က သူ့ရဲ့မန်နေဂျာဖြစ်သလို ပထမ ဇနီးဖြစ်ပါတယ်။ နာမည်ရင်းဝီလျံကလက်ဂေဘယ် ကို ကလက်ဂေဘယ်လို့နာမည်ပြောင်းပြီး အသံတိတ်ရုပ်ရှင်ဇာတ်လမ်းတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ ဇာတ်ဆောင်နေရာက သရုပ်ဆောင်ခွင့်မရဘဲမထင်မရှားဇာတ်ရုပ်ကသာ သရုပ်ဆောင်ခဲ့ရတာကြောင့် ပြဇာတ်လောကကို ပြန်လည်ခြေဦးလှည့်ခဲ့ပါတယ်။

### ဟောလီးဝုဒ်မင်းသားဘဝ

ပြဇာတ်လောကမှာ အတော်အသင့် အောင်မြင်မှုရနေတာကြောင့် ၁၉၃၀ ခုနှစ်မှာ MGM ထုတ်လုပ်ရေးက စာချုပ်ချုပ်ဆိုဖို့ကမ်းလှမ်းခဲ့ပါတယ်။ ၁၉၃၁ ခုနှစ်မှာ The Painted Desert ရုပ်ရှင်ဇာတ်ကား ရိုက်ကူးခဲ့ပြီး သူ့ရဲ့အသံပါဝါကို သဘောကျ


တာကြောင့် မိတ်ဆက်စာတွေ အများကြီးလက်ခံရရှိခဲ့ပါတယ်။ စတူဒီယိုကတောင် သတိထားမိခဲ့ပါတယ်။ ၁၉၃၀ ခုနှစ်အတွင်း ဘဝ အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဂျိုးဇက်မင်းဒီလွန်နဲ့ ကွာရှင်းခဲ့ပြီး ရက်အနည်းငယ်အကြာမှာခေတ်ဆန်သွက်လက်သူ မာရီယာဖရန်ကလင်းနဲ့ လက်ထပ်ခဲ့ပါတယ်။

### အောင်မြင်မှုသရဖူဆောင်းခဲ့တဲ့ Gone With The Wind

Gone with the wind ရုပ်ရှင်ဇာတ်ကားကြောင့် ပိုမိုလူသိများအောင်မြင်ခဲ့တာလို့ဆိုရင် မှားမယ်မထင်ပါဘူး။ ဂေဘယ်ကို ရက်ဘတ်တလာနေရာကသရုပ်ဆောင်ဖို့ပရိသတ်တွေကရောထုတ်လုပ်သူဒေးဗစ်အိုဆဲလ်နစ်ကပါ သဘောကျခဲ့ပါတယ်။ ဒေးဗစ်က ရက်ဘတ်တလာနေရာကို သရုပ်ဆောင်ဖို့ မင်းသားဂယ်ရီကူပါကိုအရင်ကမ်းလှမ်းခဲ့တာပါ။ ဒါပေမဲ့ ကူပါက ဂေဘယ်နဲ့ ပိုသင့်တော်တယ်လို့ အကြံပေးခဲ့တာကြောင့် ဂေဘယ်ကို ငှားဖို့ဆုံးဖြတ်လိုက်တာလို့ ဆိုပါတယ်။ နာမည်ကျဆင်းစပြုလာတဲ့ ဆယ်စုနှစ် အနည်းငယ်အကြာမှာတောင် ဒီဇာတ်ကားပြန်လည်ဖြန့်ချိမှုကြောင့် နာမည်ကြီးမင်းသားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ "ဟောလီးဝုဒ်လောကမှာနာမည်ကျစပြုလာပေမဲ့ Gone with the wind ရုပ်ရှင်ကို ပြန်လည်ဖြန့်ချိခဲ့တဲ့အတွက် နာမည်ပြန်တက်လာခဲ့ပါတယ်။ ကျန်ရှိနေသေးတဲ့ သက်တမ်းတစ်လျှောက်မှာ ထိပ်တန်းမင်းသားအဖြစ်ဆက်ရှိနေမှာပါ"လို့ သူကပြောခဲ့ပါတယ်။








## ကြယ်တစ်ပွင့်ကြွေလွင့်ခြင်း

နှလုံးရောဂါကို ကာလကြာရှည် ခံစားခဲ့ရပြီး ၁၉၆၀ နိုဝင်ဘာလ ၁၆ ရက် အသက် ၅၉ နှစ်အရွယ်မှာ နှလုံးသွေးကြောပိတ်ပြီး သေဆုံးခဲ့ပါတယ်။ The Misfits ဇာတ်ကားမှာပင်ပန်းခဲ့တာကြောင့် ရိုက်ကူးပြီးနောက် ရုတ်တရက်သေဆုံးရတယ်လို့အများက ထင်ကြေးပေးပြောဆိုကြပါတယ်။ တချို့ကလည်း ကိုယ်အလေးချိန်ထိန်းသိမ်းမှုမရှိတာကြောင့်လို့ ဆိုပါတယ်။ Gone with the wind ရုပ်ရှင်ရိုက်ကူးစဉ်ကအရပ် ခြောက်ပေတစ်လက်မကိုယ်အလေးချိန် ပေါင် ၁၉၀ ရှိတဲ့ သူဟာ အသက် ၅၀ အရွယ် နှောင်းပိုင်းမှာ ပေါင် ၂၃၀ အထိ အလေးချိန်တက်ခဲ့ပါတယ်။ The Misfits ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရမှာကြောင့် ၁၉၅ ပေါင်အထိ အလေးချိန်လျှော့ချခဲ့ပါတယ်။ သူသေဆုံးအပြီး လေးလအကြာမှာ ပဉ္စမမြောက်ဇနီး ကေးဗ်လီကသားတစ်ဦး မွေးဖွားခဲ့ပါတယ်။ သားငယ်ဂျွန်က လက်ဂေဘယ်ရဲ့ ကင်ပွန်းတပ်ပွဲကို မာရီလင်မွန်ရိုး တက်ရောက်ခဲ့ပါတယ်။




## အမျိုးသားများရဲ့ စတိုင်အိုင်ကွန်

စတစ်ကော်လာအဖြူပေါ်မှာ ဝေ့(စ်)ကုတ်ထပ်ပြီး အပေါ်က ကုတ်အင်္ကျီထပ်ဝတ်တာက သူ့ရဲ့စတိုင်ပါ။ ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ကာလအတွင်း အမျိုးသားတွေရဲ့ ဖက်ရှင်လို့ ဆိုရမှာပါ။ Gone with the wind ရုပ်ရှင်ထဲမှာလည်း ဒီဖက်ရှင်ကို ဝတ်ဆင်ခဲ့ပါတယ်။ မုတ်ဆိတ်မွေး ခပ်ရေးရေးထားတာကလည်း သူ့ရဲ့အမှတ်အသားတစ်ခုပါ။ အာဖရိကန်စွန့်စားခန်းရုပ်ရှင် 'Mogambo' ရုပ်ရှင်မှာဝတ်ခဲ့တဲ့ ဆာဖာရီစတိုင်က အမျိုးသားတွေကြားမှာ အတော်ပေါက်ခဲ့ပါတယ်။ ဖက်ရှင်ရှိုးပွဲတွေမှာ အခုချိန်ထိ ဝတ်ဆင်ပြသနေတုန်းပါပဲ။ ကလက်ဂေဘယ်က ဟောလီးဝုဒ်လောကကို ထိုးဖောက်ဝင်ရောက်နိုင်ဖို့ တစ်ဆင့်ချင်း တက်လှမ်းလာခဲ့ရသူတစ်ယောက်ပါ။ အောက်သက်ကျေပြီးအမူအရာပိုင်နိုင်တဲ့သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့အပြင် ယောကျ်ားပီသတဲ့ ဖက်ရှင်စတိုင်တွေကြောင့် ပရိသတ်တွေ အားပေးလက်ခံခဲ့ပါတယ်။ အနုပညာသည်တစ်ယောက်အဖို့ အောင်မြင်မှုရဖို့မလွယ်သလိုအောင်မြင်မှုကို ရေရှည်တည်တံ့နိုင်အောင် ထိန်းသိမ်းဖို့ မလွယ်လှပါဘူး။ ပရိသတ်ကြားမှာ ကာလကြာရှည် ရေပန်းစားခဲ့သူ ကလက်ဂေဘယ်အကြောင်း ပြန်လည်ခံစားနိုင်ဖို့ ဖော်ပြလိုက်ပါတယ်။

သိမ့်နှင်းအိမ်
Ref ; imdb



# FLASH BACK FASHION

model . min thein khant / dress. YES I DO
make up . paing paing / photo . ko naing (popular)
arranged by nay yi yi lin


FLASHBACK
FASHION



FLASHBACK FASHION


FLASHBACK
FASHION


FLASHBACK FASHION





# All Days AHEAD

**မော်ဒယ်**
နန်းခင်ဇေယျာ
**မိတ်ကပ်**
စိုးစိုး
**ဝတ်စုံ ၊ လက်ဝတ်ရတနာ**
စိုးစိုး
**ပန်း**
လင်းလင်း
**ဓာတ်ပုံ**
ဝေလင်း (Love Diary)
**စီစဉ်သူ**
သီတာစိုး





All Days AHEAD

**မော်ဒယ်**
ဆန်းသစ်လ
**မိတ်ကပ်**
လင်းလင်း(အောင်အောင်-တောင်ကြီး)
**ဝတ်စုံ**
ကိုသိန်းသန်းထွန်း(မန္တလေး)
**လက်ဝတ်ရတနာ**
အောင်ခင်ဆင့်(ထားဝယ်)
**ပန်းအလှပြင်**
ကိုငြိမ်းချမ်း(၀၉၄၃၀၉၆၄၉၃)
**ဓာတ်ပုံ**
ကိုနိုင်(ပေါ်ပြူလာ)
**စီစဉ်သူ**
နေရီရီလင်း





# All Days AHEAD

**မော်ဒယ်**
စံရတီမိုးမြင့်
**မိတ်ကပ်**
စိုးစိုးဒါလီ(၀၉ ၄၂၀၀၃၃၃၄၀)
**ဒီဇိုင်နာ**
မျိုးမင်းစိုး
**လက်ဝတ်ရတနာ**
သီတဂူ
**ပန်း**
Juno Floral Service & Gift Shop
**ဓာတ်ပုံ**
ဝေလင်း(Love Diary)
**စီစဉ်သူ**
သီတာစိုး






**မော်ဒယ်**
ပိုင်တံခွန် ၊ ခိုင်နှင်းဝေ
**မိတ်ကပ်**
ကိုဘိတ်
**လက်ဝတ်ရတနာ**
ကိုဘိတ်
**ပန်း**
ကိုဘိတ်
**ဝတ်စုံ**
ကိုဘိတ်
**ဓာတ်ပုံ**
ကိုနိုင်(ပေါ်ပြူလာ)
**စီစဉ်သူ**
နေရီရီလင်း





## All Days AHEAD

**မော်ဒယ်**
မြတ်သူကျော် ၊ ခေးဆက်သွင်
**ဝတ်စုံ**
Yes I Do
**ပန်း**
ကိုမြတ်သန့်
**ဓာတ်ပုံ**
ကိုနိုင်(ပေါ်မြူလာ)
**စီစဉ်သူ**
နေရီရီလင်း





# All Days AHEAD

**မော်ဒယ်**
ပိုင်တံခွန် ၊ နွယ်ဒါလီထွန်း
**မိတ်ကပ်**
Gucci အောင်
**ဝတ်စုံ ၊ ခေါင်းပုံ**
FOREVER
**စီစဉ်သူ**
သီတာစိုး





# All Days AHEAD

**မော်ဒယ်**
ရွှေရည်သုန်သုန်
**မိတ်ကပ်**
ဝိုင်း(ဒီဇင်ဘာနှင်း)
**ဒီဇိုင်နာ**
အိကျော်ဇင်(Vivid)
**ဓာတ်ပုံ**
ဝေလင်း(Love Diary)
**စီစဉ်သူ**
သီတာစိုး






All Days
AHEAD
မော်ဒယ်
သက်လုံးပုံ
မိတ်ကပ်
မြတ်နိုးကျော်
ဝတ်စုံ ၊ ဓာတ်ပုံ
YES I DO
Car Show Room


MTC
Myanmar Trade Center Co.,Ltd.


MTC



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
MAKE UP . WYNE (DECEMBER HNIN) / IRENE AUNG AUNG
DESIGNER . JOCKER
FLORIST . MOMMY KYAW
PHOTO . AUNG KYAW MOE ( NEW IMAGE)
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
MAKE UP . WYNE (DECEMBER HNIN) / IRENE AUNG AUNG
DESIGNER . JOCKER
FLORIST . MOMMY KYAW
PHOTO . AUNG KYAW MOE ( NEW IMAGE)
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO


COVER
IMAGE
MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO

# COVER IMAGE

MODELS . MA MA MOESET PWINT, KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO




COVER
IMAGE
MODEL . KHIN SINT SINT THU
ARRANGED BY PHYOE SU PO PO



# COVER IMAGE

MODEL . MA MA MOESET PWINT
ARRANGED BY PHYOE SU PO PO

# Now You See Me

**Model** - Khay Mar
**Make-up** - Zayar (Lin Lin Make-up Artist)
**Designer** - Kool Fashion (Ma Gyi, Ma Lay)
**Hair Styling** - Thiri Nwe
**Photo** - Wai Lin (Love Diary)
**Arranged** - Thida Soe










Sexy


Sexy





# UPDATING FASHION

**Model**
Su Nandar Aung
**Make-up**
Zayar (Lin Lin Make-up Artist)
**Photo**
Ko Naing (Popular)
**Arranged**
Thida Soe











Love


MTC
Myanmar Trade Center Co., Ltd.
Model
San Toe Naing
Make up
LEO
Photo
Min Thant (Green Zone)
MTC
Myanmar Trade Center Co.,Ltd.
No.314, U Wi Sar Ra Road,
Kamayut Tsp, Yangon.
Ph: 01 503864, 503828,
09 73500331, 73500332, 73500333



# ON holiday

Photo& Arrangement : Candlerose
**Model:Gone Yi Aye Kyaw**
MUA: Ivory Make up arts
Lighting Assistance: John Alado


ON holiday
Photo& Arrangement : Candlerose
Model:Gone Yi Aye Kyaw
MUA: Ivory Make up arts
Lighting Assistance:John Alada



# ON holiday

Photo& Arrangement : Candlerose
**Model:Gone Yi Aye Kyaw**
MUA: Ivory Make up arts
Lighting Assistance:John Alada


ON holiday
Photo& Arrangement : Candlerose
Model:Gone Yi Aye Kyaw
MUA: Ivory Make up arts
Lighting Assistance:John Alo


ON holiday
Photo& Arrangement : Candlerose
Model:Gone Yi Aye Kyaw
MUA: Ivory Make up arts
Lighting Assistance:John Alada


ON holiday
Photo& Arrangement : Candlerose
Model:Gone Yi Aye Kyaw
MUA: Ivory Make up arts
Lighting Assistance:John Alada



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလုစစ်

မော်ဒယ် - ယုသန္တာတင် ၊ မိတ်ကပ် - ထက်ထက် (09- 43021180) ၊ ဒီဇိုင်နာ - မကြီး၊ မလေး (Kool Fashion) ၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ) ၊ စီစဉ်သူ - သီတာစိုး















# *Mod* MOM

ဒီလရဲ့ မေမေကတော့
ချမ်းချမ်းပါပဲ
**Mod Mom** ချမ်းချမ်းနဲ့ သမီးငယ်လေး မြမှူးဂင်္ဂါတို့ရဲ့
ချစ်စရာပုံရိပ်လေးတွေကို ရတီပရိသတ်များအတွက်
တင်ဆက်ပေးလိုက်ပါတယ် . . .

Model • Chan Chan / Mya Hmuu Ginga
Photo • Aung Kyaw Moe (New Image)
Arranged by • Phyoe Su Po Po


Mod
MOM


Mod
MOM


Mod
MOM
MOM
MOM

# Wings of HOPE

MODEL MIN HEIN KHANT / PHOTO KO NAING (POPULAR)

ARRANGED BY PHYOE SU POPO




သားသားနာမည်က မင်းဟိဏ်းခန့်ပါ။ အသက်က ၉ နှစ်ရှိပြီ။ အခု သားက **YAS** ကျောင်းမှာ သုံးတန်းတက်နေပါတယ်။ သားမာမားက ဒေါ်သူသူ။ သားပါပါးက ဦးအောင်သူပါ။ ပါပါးက **Plus Three Band** မှာ **Lead Guitar** တီးပါတယ်။

# Wings of HOPE

သားမှာ ညီမလေးတစ်ယောက် ရှိပါတယ်။ ညီမလေးနာမည်က မေပူးပါ။ ညီမလေးက သုံးနှစ်ရှိပြီ။ သားက ကြီးလာရင် **Drummer** ဖြစ်ချင်တာ။ အခု သားက သီချင်း ၁၀ ပုဒ်လောက်တော့ တီးတတ်နေပါပြီ။ **Drum** ကို သားက သင်တန်းတက်ထားတာတော့ မဟုတ်ပါဘူး။ သီချင်းတွေ နားထောင်ကြည့်ပြီး တီးတာ။ သားက **Drum** ကို အသက် သုံးနှစ်ခွဲကတည်းက တီးတာ။ သားပါပါး **Guitar** တီးတာကို ကြိုက်ပါတယ်။ ဒါပေမဲ့ ပါပါးလိုတော့ **Guitar**မတီးချင်ဘူး။



# Wings of HOPE



Drum ပဲ တီးချင်တာ။ သားညီမလေးမေပူးကတော့ ပါပါးလို Guitar တီးချင်တာတဲ့။ သားက အခု John Forgerty ရဲ့ သီချင်းတွေကို Drum တီးပါတယ်။ ပါပါးကတော့ ကျောင်းဖွင့်တဲ့ ရက်တွေမှာ သားကို Drum မတီးခိုင်းဘူး။ ကျောင်းပိတ်ရက်တွေမှ တီးခိုင်းတယ်။ သားက Jojo Mayer နဲ့ Mike Mangini တို့ Drum တီးတာကို တအား အားကျတယ်။ မြန်မာပြည်က Drummer တွေထဲမှာဦးဦးဝေထွန်းကို အားကျတယ်။



# HOPE of Family

သားတို့ကျောင်းမှာတော့ Instrument တစ်ခုခုတီးတတ်အောင်
သင်ပေးပါတယ်။ သားကတော့ အခု Notes တွေ သင်နေပါတယ်။
အဆိုတော်တွေထဲမှာ သားက Blake ကို ကြိုက်ပါတယ်။ မြန်မာအဆို
တော်တွေထဲမှာ ဘန်နီဖြိုးကို ကြိုက်တယ်။
သားကြီးလာရင် Drummer ဖြစ်ချင်သလို
အင်ဂျင်နီယာကြီးလည်း ဖြစ်ချင်တယ်။ ကြီးလာရင်
Band တစ်ခုလုပ်မယ်။ သားက Drum တီး သား
ညီလေးက Guitar တီးပေါ့။ ပျော်စို့ကောင်းမှာ။







MUSIC
plus YATI

Zigzag

# လက်ခုပ်သံမလိုတဲ့ ကမ္ဘာထဲမှာ သူ့နည်းသူ့ဟန် သူတောင်ပံနဲ့ ရှင်သန်နေတဲ့ဂီတလူ

အဲသည်နေ့ မိုးက ခံစားချက်တစ်ခုခုကြောင့် နွမ်းလျနာကျင်ခံစားနေရတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်ရည်လို တောင်ဥက္ကလာ၊ သံသုမာလမ်းမကြီး ပေါ် သဲသဲမဲမဲငိုယိုစီးဆင်းနေခဲ့သည်။ Gateway Studio အခန်းတစ်ခန်းရဲ့ စားပွဲပေါ်က ကော်ဖီခွက်ဟာ အနံ့အရသာနဲ့ ပြည့်လျှမ်းတဲ့ဂီတတစ်ပုဒ်ဖြစ်သွားခဲ့တာ အံ့ဩဖွယ်ရာ. . .။ အံ့ဩဖွယ်ကမ္ဘာတစ်ခုဆီ မမျှော်လင့်ဘဲ ကိုယ်ရောက်သွားခဲ့သည်။ ဒီကမ္ဘာက အသစ်ကျပ်ချွတ်ကြီးတော့ မဟုတ်၊ အစိမ်းသက်သက်ကြီးလည်းမဟုတ်။ ကိုယ်တို့ နှစ်အတန်ကြာရင်းနှီးကျွမ်းဝင်ခဲ့ပြီးသား ကမ္ဘာတစ်ခု။ နှစ်အတန်ကြာ တိုက်စားခဲ့ပေမဲ့ ပွန်းပဲ့တိမ်းယိမ်း

> တကယ်ဆို
> အနုပညာသမားတစ်ယောက်
> နောက်အနုပညာတစ်ခု
> ပိုလုပ်တာပဲ . . . အဲ့ဒါကို
> မစားကောင်းတဲ့သစ်သီး
> စားမိသလိုမျိုး . . .
> အဲဒီတော့ ကျွန်တော်ဇော်ထက်ဟန်ဟာ
> **vocalist, composer, guitarist** ပါ
> ဒါတွေက ကျွန်တော့်ရဲ့
> **image** တွေပဲမို့
> ခွဲဖို့မကြိုးစားကြပါနဲ့ . . .

မသွားခဲ့တဲ့ ဂီတစွမ်းပကားတွေနဲ့ သူ့ဘာသာ အရှိန်အဟုန်မပျက် ခရီးနှင်နေတဲ့ ကမ္ဘာ။

ဒါဟာ 'ဇော်ထက်' ဒါမှမဟုတ် 'ဇော်ထက်ဟန်'ရဲ့ 'Luv Drive. . . အနုပညာကမ္ဘာ' ။ . . . ။

❂

ဂီတဟာ ဗိုင်းရပ်စ်တစ်မျိုးလား။ သူ့ဦးလေး သုံးယောက်လုံးက ဂစ်တာတီးကြသလို ဦးလေးတွေကတစ်ဆင့် အစ်ကိုကြီး 'ပီတာဖိုးဇော်' ဆီ ဂီတပိုးက တစစ်စစ် ကိုက်ခဲကူးစက်ခဲ့သည်။ အစ်ကိုပီတာ ခုနစ်တန်းကျောင်းသားအရွယ်နဲ့ ဦးလေးတွေ လက်ဖျားခါလောက်တဲ့အထိ guitar solo တွေကို တီးခတ်နိုင်ချိန်မှာ သွေးကြော ခန္ဓာအနှံ့ အဲဒီဂီတပိုးမွှားကောင်တွေက တရွရွတလိမ့်လိမ့် အုံခဲတိုက်ခိုက်သမျှ သူကိုယ်တိုင်လည်း အလူးအလဲခံလိုက်ရသည်။ လေးတန်းစာမေးပွဲ ဖြေပြီးချိန်မှာပဲ ဂစ်တာကို မတို့မထိရ မနေနိုင်အောင် သူရူးသွပ်သွားခဲ့ပြီ။ သူ သိလိုက်ချိန်မှာ ဂစ်တာက သူ့အတွင်းသားထဲမှာ. . .။ အစ်ကိုပီတာဆီက ဂစ်တာကော့ဒ်ကိုင်ပုံ ကိုင်နည်းတွေ အနီးကပ်သူ သင်ယူသည်။ မြန်မာငွေကျပ် ငါးဆယ်သာပေးရတဲ့ ကျွဲချိုဂစ်တာလေးက သူ့ရဲ့ ဂီတအဖော်။ ကလေးပီပီ သူ့ရဲ့ အစပထမအနုပညာက ပန်းချီ။ လူရည်ချွန်တစ်ယောက် မေ်ာ်ဒယ်ထိုင်ပေးတာကို water color နဲ့ realism ဆွဲနိုင်ချိန်မှာ လေးတန်းကျောင်းသား အရွယ်သာမို့ ဒါက အံ့သြမှင်တက်ဖွယ် သူ့ပါရမီတစ်ခု။ ပန်းချီကို မြို့နယ်အဆင့်မှာ ဒုတိယရဖူးခဲ့ပေမဲ့ နောက်ပိုင်း သူ့နှလုံးသားကို ဂီတက အင်အားကြီးစွာ ဆုပ်ညှစ်ဝါးမျိုသွားခဲ့တဲ့အခါ. . .

"အဆိုတော်ဖြစ်ချင်လို့ အဖေ့ကို ပူဆာတယ်၊ သူက အစတုန်းက ကျွန်တော့်ကို ဒီလောက်လေး နက်မယ်မထင်ဘူး၊ ဒီကောင်အာဖွဲ့ကွီးပါ၊ ပန်းချီတုန်းကလည်း ကျောင်းစာအုပ်တွေထဲ ဆွဲလွန်းလို့ရိုက်ရတဲ့အထိပဲ၊ သဲကြီးမဲကြီးပုံစံနဲ့နောက်တော့လည်း ဘာမှ မဟုတ်ဘူးလို့ထင်တယ်။ ကျွန်တော် ခုနစ်တန်းလောက်မှာ ယိုးဒယားကထုတ်တဲ့၊ လက်သုံးလုံးလောက်ထူတဲ့ Year Book အင်္ဂလိပ်သီချင်းစာအုပ်ကြီး၊ အဖေ့ရုံးကိုလိုက်သွားပြီး ဝယ်ပေးဖို့ပြောတာ အဲဒီမှာတင် ကျွန်တော့် ရူးသွပ်မှုကို သူသတိထားမိသွားတယ်။ ပထမတော့ မိဘတွေထုံးစံအတိုင်း ဘွဲ့ရမှ အခွေကိစ္စလုပ်ပေါ့၊ ဒါပေမဲ့ မန္တလေးမှာ ပထမနှစ်တက်နေရင်း တန်းလန်းနဲ့ အရေးအခင်းတွေဖြစ်၊ကျောင်းတွေပိတ်ကုန်တော့ အဲဒီမှာ ကျွန်တော်ရန်ကုန် တက်လာပြီး ပထမအယ်လ်ဘမ် စသွင်းတော့တာပဲ. . . ကျွန်တော့် အိပ်မက်တွေကိုအတောင်ပံတပ်ပေးတာ ကျွန်တော့် အဖေပဲ။ အဲဒီအတွက် ဖေဖေ့ကို ကျေးဇူးပါလို့ . . . "

၁၉၉၂ မှာထုတ်ခဲ့တဲ့ 'ဂစ်တာတစ်လက်ရဲ့ အိပ်မက်' က သူ့ရဲ့ ပွဲဦးထွက်အယ်လ်ဘမ်၊ ၁၉၉၄ မှာ 'အနာဂတ်တောင်ပံ' ။ ကိုယ်တို့က အဲဒီအယ်လ်ဘမ်နှစ်ခုကို ဘယ်ဟာအရင် ဘယ်ဟာနောက်၊ သဲသဲကွဲကွဲမရှိဘဲ ရှုပ်ထွေးနေကြသည်။ တချို့ကလည်း 'အနာဂတ်တောင်ပံ'ကို အရင်နားထောင်မိပြီးမှ 'ဂစ်တာတစ်လက်ရဲ့အိပ်မက်'ကိုပြန်နားထောင်ကြသည်။ အကောင်းဆုံးအရည်အသွေးတွေကို သူချပြနိုင်ခဲ့သလိုEmperor Band ကလည်း original line up အတိုင်း အကောင်းဆုံးဖြစ်အောင် တီးခတ်ပေးခဲ့သည်။ သီချင်းအယ်လ်ဘမ် တစ်ခုထွက်လာချိန် နားထောင်သူတွေက လွယ်လင့်တကူ ထောင်လိုက်ကြရုံ။ ဖန်တီးထုဆစ်သူမှာတော့ အခက်အခဲတွေက ဒုနဲ့ဒေးရှိခဲ့လိမ့်မည်။

"အခက်အခဲတွေတော့ ရှိတယ်ဗျ. . . ကိုယ်ကနယ်မှာနေတာဆိုတော့ သွားလိုက်လာလိုက်ပေါ့၊ studio နဲ့ band ကလည်း အဲဒီအချိန်တုန်းက သူတို့ရဲ့အောင်မြင်မှု အထွတ်အထိပ်ရောက်နေချိန်ဆိုတော့ studio မအားတာနဲ့ band မအားတာနဲ့၊ အဲဒီတုန်းက Rock သီချင်းတွေကို အပီအပြင်တီးနိုင်တာ Emperor ပဲရှိတာ။ ပြီးတော့ အကုန်အစအဆုံး အယ်လ်ဘမ်တစ်ခုလုံး သွင်းရတာ၊ Chorus က လေးခေါက်ဆိုလေးခေါက် ဆိုရတယ်၊ အခုခေတ်လိုကော်ပီပွားလိုက်လို့မရဘူးလေ၊ အခုခေတ်လို သူတစ်ပုဒ်သွင်း၊ ကိုယ်တစ်ပုဒ် သွင်းပြီးမှ စုပေါင်းလုပ်ကြ၊ အဲဒီလိုမရဘူးဗျ။ အခုကျတော့ Music Programmer တွေလည်းများ၊ Home Studio တွေလည်း ပေါမှပေါ"

# MUSIC
plus YATI



သူ့သီချင်းတွေက ဝုန်းခနဲဒိုင်းခနဲ မပေါက်ခဲ့ပေမဲ့ ဂီတပရိသတ်တွေ သီးသီးသန့်သန့် ရှိခဲ့တာ အသေအချာ။ ရော့ခ်သီချင်းကိုမှ မက်မက်စက်စက် ရွေးချယ်နားထောင်သူ လူငယ်တွေကတော့ သူ့ရဲ့ ပြင်းပြင်းရှရှသီချင်းတွေကိုပဲ လမ်းဘေးအုတ်ခုံ ဂစ်တာဝိုင်းဖွဲ့လို့ မရအရ လိုက်တီး၊ လိုက်အော်ခဲ့ကြသည်။ 'အဝေးထိန်းခလုတ်တို့နဲ့ မထိန်းချုပ်ဘဲနဲ့ . . . . . သိပ်ပိုင်တဲ့မင်းပဲ' 'မင်းရဲ့အချစ်က စွမ်းတဲ့ ကိုယ့်အသက်ကယ်ဆေးပဲ. . . အသည်းလေးဖျားလို့မသွားခင် အနားတိုးစမ်းကွယ်. . . .' ဒီ lyrics တွေက မိန်းကလေးတွေရဲ့ ခြေလှမ်းတွေကို တွေဝေတုန့်ရပ်သွားအောင် ဖမ်းစားချုပ်နှောင်ခဲ့ကြသည်။ ၁၉၉၇ မှာ သူ့ရဲ့ကိုယ်ပိုင် band, Luv Drive နှင့် 'နှလုံးသားတည့်တည့်သို့'ဆိုတဲ့ EP(EP = Extended Play, Single မက Full Album မကျ) အယ်လ်ဘမ် ထုတ်ခဲ့ သည်။ ၂၀၀၄ မှာ drums က လွဲလို့ instrument အားလုံး သူကိုယ်တိုင်တီးတာ own tune album ထုတ်ခဲ့သည်။ သူ့ဆီမှာ သီချင်းစရာတွေ အပုံအပင်။ သီချင်းအယ်လ်ဘမ်တွေ တစ်ခုနှင့်တစ်ခုကြား နှစ်တော်တော်ကြာ ခြားနားနေခဲ့တဲ့ကိစ္စပြီးတော့ own tune albumမှာ သူ့ နာမည် ဇော်ထက်ကို 'ဇော်ထက်ဟန်' ဆိုပြီး ဖြည့်စွက်လိုက်တဲ့ အပြောင်းအလဲကိစ္စ. . .။

"နာမည်ပြောင်းဖြစ်တာက music အမျိုးအစားနဲ့ဆိုင်တယ်ဗျ၊ ဇော်ထက်က copy



ဆိုတယ်၊ ဇော်ထက်ဟန်က copy မဆိုဘူး၊ ဒါပေမဲ့ လူတွေ confus-ed ဖြစ်မှာစိုးလို့ ကျွန်တော့်ရဲ့ facebook fan page မှာ Zaw Htet Han aka Zaw Htet လို့ နာမည်ပေးထားတယ်၊ တချို့က အဲဒါကို ဇော်ထက်ဟန် အာကာ ဇော်ထက်လို့ လျှောက်ဖတ်တယ်။ တကယ်တော့ aka ဆိုတာalso know as အတိုကောက်စာလုံးပါ၊ နှစ်တချို့ နားနေခဲ့တာကတော့ ကျွန်တော့်မှာ stage show ဆိုဖို့ အခွင့်အရေးမရှိခဲ့ဘူး၊ အဲဒီကိစ္စကို manage မလိုက်နိုင်ခဲ့ဘူး၊ ပရိသတ်နဲ့ ဝေးခဲ့တာ အဲဒီအချက်တွေကြောင့်ပါပဲဗျာ။ နောက်အဓိကကျတဲ့အချက်က ဒုတိယအယ်လ်ဘမ်ထွက်ပြီးတဲ့အခါ copy ဆိုရတဲ့ကိစ္စကြီးကို စပြီးသုံးသပ်မိလာလို့ပဲ။ ဒါ မှားယွင်းမှုကြီးပဲလို့ တွေးမိသွားတယ်၊ music industrial တစ်ခုလုံး မှားနေတယ်လို့ ခံစားလာရတယ်၊ copy ဆိုတာကို ကျွန်တော် အပြစ်မပြောပါဘူး၊ ဒါပေမဲ့ ဒါကြီးက အရှိန်အဟုန် တအားပြင်းလာပြီး ရပ်တော့မယ့်သဘောမရှိတာကြီးကျတော့ ဒါမှားယွင်းမှုတစ်ခုလို့ ကျွန်တော်မြင်လာတယ်၊ လူတွေက ပြောကြမယ်၊ copyတွေဆိုတုန်းက ဆိုခဲ့ပြီး အခုကျမှ copy မကောင်းဘူးလေးဘာလေးပြောတယ်ပေါ့၊ ဒါ့အတွက် အကောင်းဆုံး ဥပမာတစ်ခုပေးရမယ်ဆိုရင် မူးယစ်ဆေးဝါး လုံးဝမသုံးစွဲတဲ့သူက မူးယစ်ဆေးဝါးမကောင်းကြောင်း ပြောတာထက် ကိုယ်တိုင်သုံးစွဲပြီး ဒုက္ခတွေ ပင်လယ်ဝေပြီးမှ မကောင်းဘူးမသုံးကြနဲ့လို့ ဆိုဆုံးမသလိုပေါ့ဗျာ။ လုပ်ဖူးပြီးမှ ကောင်းမကောင်းသိရတာဆိုတော့။ မျိုးဆက်သစ်တွေကို ဒီ copy က လုပ်ရိုးလုပ်စဉ်ပဲလို့ ထင်သွားမှာစိုးတယ်၊ ဒါနဲ့ အဲဒီနောက်ပိုင်း ငါဘာလုပ်မလဲပေါ့။ သူများတွေလုပ်သလို အင်္ဂလိပ်သီချင်းကောင်း တွေ စာသားသွတ်ဆိုတာကြီး မလုပ်ချင်တော့ဘူး၊ ကျွန်တော့်ကိုယ် ကျွန်တော်မေးတယ်၊ မင်းဘာလုပ်မှာလဲ၊ မင်းဟာ musician တစ်ယောက် artist တစ်ယောက်လို့ခံယူရင်ဒီ copy လုပ်နေတာကြီးကို ရှက်ရမယ်၊ Intellectual Property(IP) ကို ငါလေးစားသင့်တယ်။ ဒီလိုပဲ သူများတွေလည်း လေးစားသင့်တယ်ပေါ့၊ IP ဆိုတာသူများတွေ ဖန်တီးထားတဲ့ အနုပညာပစ္စည်းတစ်ခုကို ပိုင်ရှင်မသိဘဲ တုပခြင်း မလုပ်ရဘူးပေါ့ဗျာ။ အဲဒီဟာကို ဥပဒေနဲ့ ထိန်းချုပ်ထားတယ်၊ ဥပမာလူတစ်ယောက်ကသူရဲ့ စိတ်ကူးစိတ်သန်းနဲ့ လုပ်ထားတဲ့ logo လေးပဲဖြစ်ဖြစ်ပေါ့ ခိုးချလို့မရဘူး၊ ငါဘာလုပ်ရင် ကောင်းမလဲ. . ကျွန်တော့်ဘာသာတွေဝေနေရင်းနှစ်တွေကြာနေခဲ့ရတာ"

> “
>
> သီချင်းရေးတဲ့သူက သီချင်းပဲရေးပြီး
> သီချင်းဆိုတဲ့သူက သီချင်းပဲဆိုတယ် . . .
> ဂစ်တာတီးတဲ့သူက
> ဂစ်တာပဲတီးတယ် . . .
> တစ်ယောက်နဲ့တစ်ယောက် အလုပ်တစ်ခုနဲ့တစ်ခု
> တံတိုင်းကြီးတွေ ခြားထားသလိုပဲ
> သူ့အလုပ် ငါမလုပ်ကြေးလို့
> သတ္တရေမျှား ယောက်ထားလေသလား အောက်မေ့ရတယ်
> ဒါဟာ အလုပ်ပညာပါ
> ဆက်စပ်နေတဲ့အရာပါ
> စိတ်ထဲမှာရှိတာကို အသုံးထိသွားစမ်းပါဗျာ

သူ့သီချင်းတွေကို သူကိုယ်တိုင်ရေးဖွဲ့သလို၊ သူ့အစ်ကို 'ပီတာဖိုးဇော်'သူညီ'ထက်ထက်' တို့က ရေးပေးခဲ့ကြသည်။ သူ့ဦးလေးတွေက ဂစ်တာသမားတွေဖြစ်ခဲ့ကြသလို၊ သူ့ကိုမြေတောင်မြှောက်ပေးခဲ့တဲ့ သူ့ဖခင်ကိုယ်တိုင်က မြန်မာသံစဉ်သီချင်းခွေတွေ ထွက်ခဲ့ဖူးတဲ့ အဆိုတော်ကြီးတစ်ဦးဖြစ်တာက ရုတ်တရက် ကြည့်ရင် မဆန်းပြားလှပေမဲ့ သူ့အယ်လ်ဘမ်နှစ်ခုထုတ်ပြီး ဂီတလောကထဲရောက်နှင့်ပြီးကာမှ သူ့ဖခင်က မုံရွာသောင်းမြင့်သိန်းဆိုတဲ့အမည်နဲ့ သီချင်းခွေတွေ ထုတ်ခဲ့တာ ထူးခြားတဲ့ဖြစ်စဉ်တစ်ခု။ ဒါကိုမှ ဂီတကမ္ဘာလို့မပြောရင် ဘာကို ကိုယ်တို့ လက်ညှိုးညွှန်မလဲ။

MUSIC plus YATI

အစစ်ပေါ့. . ဒါသည် ဂီတကမ္ဘာ ဂီတ မိသားစု။ ဂီတ အပေါ်ထားတဲ့ သူ့ဆန္ဒဇောအဟုန်က နက်ရှိုင်းကာ၊ ကြီးမားသည်။

**MUSIC plus YATI**

သူတို့မငယ် လေး နှစ်ယောက်ကိုလည်း Korean Pop သီချင်းတွေနဲ့ လွှမ်းခြုံယဉ်ပါးနေတာထက် အနာဂတ်မှာ သူ့လို Rock Image တွေ လွှမ်းမိုးကြီးစိုးတဲ့ Rock Princess လေးတွေ အဖြစ်နဲ့ မြင်ချင်တယ်လို့ သူဆိုသည်။ သူကိုယ်တိုင်ကလည်း နောက်ဆုံး ထွက်သက်ထိ Rock Music ကိုသာ ဘဝတစ်သက်စာ မြိန်ရေရှက်ရေစားသုံး သွားမယ့်လူ။ ဒီလူက သီချင်းတစ်ပုဒ်ကို ဘယ်လိုဖန်တီးထုဆစ်လဲ . . . ဒါလည်း ကိုယ်သိချင်သေးသည်။

"သီချင်းတစ်ပုဒ်နဲ့တစ်ပုဒ် အတိအကျပြောချလို့ရတဲ့ ပုံသေနည်းတော့မရှိဘူးဗျ။ guitar riff တွေရပြီးမှ melody ရေးတဲ့အခါ ရေးတယ်၊ တစ်ခါတလေကျတော့လည်း vocal improvise ဟိုအော်ဒီအော်ပေါ့ဗျာ၊ လုပ်ရင်းနဲ့ လက်တန်းစပ်တာတွေ ရှိတယ်၊ တစ်ခါတလေကျတော့လည်း chord progression လှလှလေးတွေပေါ်မှာ ချပြီး စာသားlyricsတွေ ထည့်ရေးတာလည်းရှိတယ်။ တစ်ခါနဲ့တစ်ခါ မတူဘူးပေါ့ဗျာ။ ပြီးတော့ ကျွန်တော့်သီချင်းတွေကို ကိုယ်တိုင်အသံဖမ်းတာများတယ်။ အိမ်မှာ DAW (Digital Audio Workstation) လေးတစ်ခု music ဖန်တီးချင်လို့ လုပ်ထားဖြစ်တယ်၊ ကိုယ်တိုင် mixdown ဆွဲတယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ studio လေးထဲမှာပဲ ရှင်သန်နေထိုင်တယ်။ ၂၀၁၄ ဖေဖော်ဝါရီမှာ တခြားအဆိုတော်တွေနဲ့ ထုတ်ခဲ့တဲ့ 'တိမ်တိုက်တွေပေါ်က လက်ထပ်ပွဲ' ဆိုရင် ရေး၊ ဆို၊ တီး၊ အသံဖမ်း . . . ကျွန်တော့်လက် ကျွန်တော့်ခြေ စိတ်ကြိုက်လုပ်ခဲ့တယ်။ အဲဒီထဲမှာပဲ ကျွန်တော့် တပည့်မလေးတွေကို စုပြီး Angelica ဆိုပြီး girl band ဖွဲ့ပြီး ပွဲထုတ်ပေးထားခဲ့တယ်။ 'မစောင့်ချင်ဘူး' 'ထစ်ချုန်းမိုး ၂' တို့မှာ လည်း တခြားအဆိုတော်တွေနဲ့ဆိုဖြစ်ခဲ့တယ်။



သူ့အကြိုက် ဂီတသမားတွေက ကမ္ဘာမှာ ဆွဲထုတ်ချပြဖို့ အခက်တွေ့လောက် အောင် အတော်များများ ရှိနေသည်။ သူ့ရဲ့ life time hero က AIDSနဲ့ ဆုံးပါးသွားတဲ့ Queen အဖွဲ့က အင်္ဂလိပ်အဆိုတော် Freddie Mercuryဖြစ်သည်။ Dream Theatre, Metallica, Kiss တို့ကိုလည်း သူဘဝင်ခိုက်သလို Paganini နဲ့ Chopin တို့လို ကမ္ဘာကျော် ဂီတသမား composerကြီးတွေကလည်း ချန်လှပ်လို့မရတဲ့ အသည်းစွဲပုဂ္ဂိုလ်တွေဖြစ်တယ်လို့ ဝန်ခံပြောပြခဲ့သေးသည်။ သူက ဂီတအရာမှာအားကောင်းသလို၊ စာပေရေးရာမှာလည်း အရေးကောင်းသူတစ်ယောက်။ အလင်္ကာ ဂီတဂျာနယ်မှာ 'ဇော်ထက်ဟန် ( Luv Drive) ဆိုတဲ့အမည်နဲ့ ဂီတဆောင်းပါးတွေ ရေးခဲ့ဖူးသလို အခုလောလောဆယ်မှာလည်း Fashion Art မဂ္ဂဇင်းမှာ ဆောင်းပါးတွေရေးနေဆဲ။စာရေးသည်၊ သီချင်းရေးသည်၊ ဆို၊ တီး၊ အသံဖမ်းသည်။ new generationတွေအတွက် ပံ့ပိုးသည်။ ဒီအလုပ်တွေထဲမှာ သူပျော်မွေ့နေသည်။ ဒါဖြင့် ဘယ်အလုပ်က သူ့ဘဝကို အစိုးမိုးဆုံး ဖြစ်မလဲ သိချင်ပြန်တဲ့အခါ သူ့အဖြေကဒီလို . . .

"ကျွန်တော်တို့ဆီက ဂီတသမားတွေက သိပ်ပြီး limited ဖြစ်ကြတယ်ဗျ။ ပြောချင်တာက သီချင်းရေးတဲ့သူက သီချင်းပဲရေးပြီး သီချင်းဆိုတဲ့သူကသီချင်းပဲဆိုတယ်၊ ဂစ်တာတီးတဲ့သူက ဂစ်တာပဲတီးတယ်၊ တစ်ယောက်နဲ့တစ်ယောက် အလုပ်တစ်ခုနဲ့တစ်ခု တံတိုင်းကြီးတွေ ခြားထားသလိုပဲ၊ သူ့အလုပ် ငါမလုပ်ကြေးလို့ သစ္စာရေများသောက်ထားလေသလား အောက်မေ့ရတယ်။ ဒါဟာ အလုပ်ပညာပါ၊ ဆက်စပ်နေတဲ့အရာပါ၊ စိတ်ထဲမှာရှိတာကို အဆုံးထိသွားစမ်းပါဗျာ။ သီချင်းရေးချင်ရေး၊ တီးချင်တီး၊ ဆိုချင်ဆိုပစ်မယ်။ ကမ္ဘာမှာ အနုပညာသမားတွေရဲ့ ဖြစ်တည်မှုက ပုံသေမရှိဘူးဗျ။ ဂစ် တာပဲတီးချင်တီးမယ်၊ တီးရင်း ဆိုချင်လာရင် ဆိုမယ်၊ တချို့တွေက သူတို့ရဲ့ image ကိုကတွဲထားပြီးသားပဲ၊ Kurt Cobainဆို ရေးဆိုတီးဆိုတာ သူ့ရဲ့ ဖြစ်တည်မှုတစ်ခုတည်းပဲ၊ အများ ကြီးပဲဗျာ. . Pink Floyd က David Gilmore တို့ Eric Clapton တို့ ၊ နောက်Mr.Bigမှာ ဂစ်တာပဲတီးတဲ့ Paul Gilbert ဆိုရင် အခု ဂစ်တာတီးရင်း သီချင်းဆို၊ အယ်လ်ဘမ်တွေ ထုတ်တာ မနည်းတော့ဘူး၊ Richie Kotzen ဆိုလည်း instrument -alist အနေနဲ့စခဲ့တာ၊ အခု သီချင်းတွေဆိုနေပြီ၊ အဆိုကောင်းဗျ။ ကျွန်တော်တို့ဆီမှာတော့ အဲဒါမျိုးဆို လိုင်းကြောင်တယ်လို့ ထင်ကြတယ်၊ ဘာလုပ်မှာလဲ၊ ရေးမှာလား၊ ဆိုမှာ လား၊ တီးမှာလား. . ဘာညာဘာညာ ပွား ခံရလိမ့်မယ်။ တကယ်ဆို အနုပညာသမားတစ်ယောက် နောက်အနုပညာတစ်ခု ပိုလုပ်တာပဲ၊ အဲဒါကို မစားကောင်းတဲ့သစ်သီး စားမိသလိုမျိုး . . . ။ အဲဒီတော့ ကျွန်တော်ဇော်ထက်ဟန်ဟာ vocalist, composer, guitarist ပါ၊ ဒါတွေက ကျွန်တော့်ရဲ့ image တွေပဲမို့ ခွဲဖို့ မကြိုးစားကြပါနဲ့လို့ပြောပါရစေ။ သူများတွေအတွက် သီချင်းရေးပေးရင်လည်း ကိုယ်တိုင်က ဂီတအမျိုးအစားပေါင်းစုံ နားထောင်တော့ Popဆို Pop လို ခံစားရေးပေးလိုက်တာပါပဲဗျာ. . . "

'ဂစ်တာတစ်လက်ရဲ့အိပ်မက်'ကို ပီပီပြင်ပြင် မက်ခဲ့ပြီးတဲ့နောက် 'အနာဂတ်တောင်ပံ' တစ်စုံကိုလည်း ခိုင်ခိုင်မာမာသူပိုင်ဆိုင်ပြီးခဲ့ပြီ။ သူ့ဂီတ စိတ်ကူးတွေက လွန်ခဲ့တဲ့ နှစ် ၂၀တုန်းကနဲ့ ဘာမှမကွာခြား။ ရေး၊ ဆို၊ တီး ဒီအနုပညာတွေသာ တစူးတစိုက်ဆက်လုပ်သွားမယ့်လူ။ ဘာ အကြောင်းကြောင့်မှ သွေဖည်တိမ်းယိမ်းမယ့် သူမဟုတ်၊ ခိုင်ကျည်တဲ့ နှလုံးသားကို သူ့မျက်လုံးတွေကတစ်ဆင့် ဖြတ်သန်းထွင်းဖောက်ကာ ကိုယ်မြင်ခဲ့ရသည်။

"ကျွန်တော့်ရဲ့အနုပညာသမားဘဝက အောင်မြင်မှုအပေါ်မှာ မူတည်ပြီးဖြစ်တည်နေတာမဟုတ်တဲ့အတွက် အိုကေတယ်။ ဆိုလိုတာက အဆိုတော်တစ်ယောက်က ကံကောင်းထောက်မလို့ပဲဖြစ်ဖြစ်၊ အရည်အချင်းရှိလို့ပဲဖြစ်ဖြစ် နာမည်ကြီးသွားတဲ့အခါ အဲဒီပရိသတ်ရဲ့အားပေးမှုနဲ့ ရှင်သန်ရတယ်၊ ပရိသတ်လက်ခုပ်သံကျယ်နေချိန်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမယ်၊ မာန်တက်ချင်လည်း တက်မယ်။ နာမည်ကျသွားလို့ လက်ခုပ်သံတိုးသွားတဲ့အခါ သူတို့မှာ confi-dence ပျောက်ပြီ။ အဲဒီတော့ music မလုပ်တော့ဘူး၊ စီးပွားရေး ပြောင်းလုပ်မယ် ဘာညာနဲ့ဘဝတွေchangesဖြစ်သွားတယ်၊ အောင်မြင်မှုအပေါ်မှာ တည်မှီပြီးလှုပ်ရှားနေရတာကိုး၊ အနုပညာကို တစ်သက်လုံး ဖက်တွယ်လုပ်ကိုင်မယ်ဆိုတဲ့ ပုံစံမဟုတ်ဘူးလေ။ ကျွန်တော့် ဖြစ်တည်မှုကျတော့ နိုင်ငံခြားဘားဆိုင်လေးတွေမှာ မထင်မရှားတီးနေတဲ့ Jazz Band တွေက ဂီတသမားတွေလိုပဲ ဘာလက်ခုပ်သံမှမလိုဘူးဗျ။ အောင်မြင်ကျော်ကြားမှုလည်း မလိုဘူး။ ဒီဂီတအလုပ်တွေကိုပဲ ချစ်လွန်းလို့ဖက်တွယ်ထားတာ။ ရေးမယ်၊ ဆိုမယ်၊ တီးမယ်၊ မျိုးဆက်သစ်လေးတွေကို ပံ့ပိုးကူညီမယ်၊ ဒါက ကျွန်တော့်ဘဝ ကျွန်တော့်ကမ္ဘာ၊ Born Artist, Die Artist . . . ဒါပဲ"

Zigzag



# သူပြောတဲ့ သူ့အကြောင်း

Model - Nan Su Yati Soe
Photo - Ko Naing (Popular)
Arranged By Thida Soe

**နန်းဆုပျော်ရွှင်ခဲ့တဲ့အမှတ်တရ အချိန်များ**

ငယ်ငယ်တုန်းက ပူဆာတာတွေကို ရတဲ့ အချိန်မျိုးတွေ၊ အတန်းထဲမှာ အဆင့် ၁ ရတဲ့ အချိန်တွေပါ။ အမှတ်တရဆိုရင် ဘက်စုံထူးချွန် စာမေးပွဲကို ဘယ်သူ့ကိုမှ ကြိုတင်အကြောင်းမကြားဘဲနဲ့ရုတ်တရက် စစ်ခဲ့တယ်။ အဲဒီမှာ ဘက်စုံထူးချွန်ဆုရရှိခဲ့တယ်။ အရမ်းလည်း ပျော်ရွှင်ခဲ့ရတယ်။ ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေက တော်တော်များပါတယ်။ ကျောင်းတက်တုန်းက အချိန်

တွေက ပျော်စရာတွေချည်းပါပဲ။ ကျောင်းကပွဲ တွေမှာ အုပ်စုလိုက်လှုပ်ရှားမှုတွေရှိသလို၊ တစ် ယောက်တည်း လှုပ်ရှားမှုတွေလည်း ရှိခဲ့ပါတယ်။ အဲဒီလိုအချိန်တွေက အရမ်းပျော်စရာ ကောင်းပါတယ်။ ၁၈ နှစ်ပြည့်မွေးနေ့ပွဲမှာလည်း အရမ်း ပျော်ခဲ့ရတယ်။

**နှင်းဆုသည်းမခံနိုင်တဲ့လုပ်ရပ်**

နန်းဆုတော်တော်များများကို သည်းခံပါ တယ်။ ရှေ့တစ်မျိုး နောက်ကွယ်တစ်မျိုးပြောတတ် တာမျိုး၊ ဟန်ဆောင်ကောင်းတဲ့ လုပ်ရပ်မျိုးတွေ ကိုလည်း သည်းမခံချင်ပါဘူး။ နောက်ကွယ် ကျတော့မှ တခြားလူတွေနဲ့ ရန်တိုက်တာတို့၊ အတင်း ပြောတာတို့၊ ပုတ်ခတ်ပြီးပြောဆိုတတ်တာတို့၊ ရှေ့ တစ်မျိုးနောက်တစ်မျိုးလုပ်တာတို့ အဲဒါမျိုးဆိုရင်တော့ သည်းမခံချင်ပါဘူး။

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်**

ရတဲ့အနုပညာကြေးတွေကို အမြဲတမ်း လိုလို လှူဖို့တန်းဖို့အတွက် ပထမဆုံးဖယ်ထားပါတယ်။ ပြီးတော့ အဖေ၊အမေ ကို ကန်တော့ဖို့ သက်သက်၊ ကိုယ်သုံးဖို့သက်သက်ဆိုပြီး အမြဲတမ်း သုံးပုံခွဲလေ့ရှိပါ တယ်။ ဘုရားရဲ့ ဝေယျာဝစ္စတွေနဲ့ ပတ်သက်တာတွေ လှူဖြစ်တယ်။ ဘုရားကျောင်းကန်ဆောက်တာတွေမှာ လှူတယ်။ ပြီးတော့ ပရဟိတ အဖွဲ့တွေမှာလှူတယ်။

**ပရဟိတတွေလုပ်လာကြတဲ့အပေါ် နန်းဆုရဲ့ အမြင်**

ပရဟိတလုပ်တာက များများလုပ်လေ၊ များများကောင်းလေပါပဲ။ ဖြစ်နိုင်ရင် တစ်ပြည် လုံးလုပ်သင့်တာပါ။ အားလုံးက တစ်ယောက်ကိုတစ်ယောက် ဖေးမပြီး ကူညီနေကြမယ်ဆိုရင် အခက်အခဲတွေ၊ ပြဿနာတွေ၊ အဆင်မပြေမှုတွေလည်းများစွာကြုံရတော့မှာ မဟုတ်ဘူးပေါ့။ တစ်ယောက်ရဲ့အခက်အခဲကို တစ်ယောက်ကကူညီပြီး ချစ်ချစ်ခင်ခင်ရင်းနှီးမှုနဲ့ မေတ္တာတရားတွေထားနိုင်ရင် မြန်မာနိုင်ငံကြီးက အမြဲတမ်းလှပနေမှာပါ။ လူငယ်တွေ ပရဟိတလုပ်တာကို အရမ်းချီးကျူးပြီးတော့ ဂုဏ်ယူမိပါတယ်။ အခုလို ခေတ်ကြီးထဲမှာသူငယ်ချင်းတွေနဲ့ လျှောက်လည်ဖို့၊ ပျော်ပါးဖို့ပဲ သိကြတာမျိုးလေးတွေရှိတယ်လေ။ ဘုရား၊ တရားနဲ့ ပရဟိတလုပ်ဖို့ကျတော့ သူငယ်ချင်းတွေနဲ့လျှောက်သွားဖို့လောက် အာရုံမလာတာတွေရှိကြတာများပါတယ်။ ဒါပေမဲ့ အဲဒီလို လူငယ်တွေကပဲ ဦးဆောင်ပြီးတော့ ပရဟိတတွေ လုပ်တယ်ဆိုတော့ အရမ်းကို ချီးကျူးစရာကောင်းပါတယ်။ လူငယ်တွေဆိုတာ ပျော်ချင်ကြတာပဲလေ။ အဲဒီတော့ ကိုယ်ပျော်ရမယ့်အချိန်၊ စာဖတ်ရမယ့်အချိန်၊ ပရဟိတလုပ်ရမယ့်အချိန်ဆိုပြီး အချိန်လေးတွေခွဲပြီးလုပ်ရင် ပိုအဆင်ပြေမယ် ထင်ပါတယ်။

**နန်းဆုရဲ့ အကြည်ညိုဆုံးစံပြပုဂ္ဂိုလ်**

ဗုဒ္ဓမြတ်စွာဘုရားပါ။

**အနုပညာလောကမှာ နန်းဆုကြုံခဲ့ရတဲ့ အခက်အခဲများ**

အခက်အခဲကတော့မျိုးစုံပါပဲ။ အရမ်းကို အတိုက်အခိုက် အနှောင့်အယှက်များစွာနဲ့ ဖြတ်သန်းခဲ့ရ တယ်။ ရိုက်ကူးရေးအခက်အခဲကတော့ အများကြီးမရှိပါဘူး။ ဝါရင့်၊ သမ္မာရင့် အနုပညာရှင်တွေရယ်၊ ဒါရိုက်တာတွေရယ် ဆုံးမပြောဆို ညွှန်ကြားပေးမှုကြောင့်အဆင်ပြေပါတယ်။ အရမ်း ကြီးခက်ခက်ခဲခဲနဲ့ လုံးဝလုပ်လို့မရခဲ့ တာတော့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ တချို့ လူမှုရေးကိစ္စတွေမှာတော့ အတွန်း အတိုက်အပြောခံရတာတွေ၊ ကောလာဟလပြောခံရတာတွေ မဟုတ်တရားတွေ ပြောခံရတာတွေရှိပါတယ်။ ပြီးတော့ ဒီအနုပညာလောကထဲကိုဘာမှမသိဘဲဝင်လာတာက တစ်ကြောင်း၊ ဒီအနုပညာလောကထဲက အထာတွေကို မသိတာတွေ လည်းပါပါတယ်။







နန်းဆုအနေနဲ့ကတော့ မသိချင်ယောင်ဆောင်ပြီး တော့၊ လျစ်လျူရှုထားပြီးတော့ မေတ္တာထားပြီး ဖြတ်သန်းခဲ့ရတယ်။ အနု ပညာလောကထဲမှာ အခက်အခဲဆိုရင် အနုပညာရှင်အချင်းချင်း အရမ်းတိုက်ခိုက်ခံရတာမျိုးတွေရှိတယ်။ အခုအ ချိန်ထိလည်း အတိုက်ခိုက်ခံနေရတုန်းပါပဲ။ တွေ့ ရင်လည်းကိုယ့်ဘက်ကဘာမှမလုပ်ဘဲနဲ့ ဝင်တိုက် တာတို့၊ စောင်းပြောတာတို့ ကြုံရတယ်။ လှောင် တာပြောင်တာလည်းခံရတယ်။ နေ့စဉ်လိုလို မျက်ရည်ကျပြီး အနိုင်ကျင့်ခံရတာတွေ ရှိပါတယ်။ ဒါပေမဲ့နန်းဆုကခွင့်လွှတ်တတ်တဲ့ လူမျိုးဆိုတော့ နားလည်ခွင့်လွှတ်ပြီး မေတ္တာထားပါတယ်။

**သရုပ်ဆောင်ကနေ အဆိုတော်လုပ်ဖြစ်သွားပုံကို နန်းဆုက ဒီလိုပြောခဲ့ပါတယ်**

ဒါကတော့ တိုက်ဆိုင်မှုတွေနဲ့ပဲ ဆိုင်မယ်ထင်ပါတယ်။ ငယ်ငယ်က တည်းက သရုပ်ဆောင် လုပ်မယ်အဆိုတော်လုပ်မယ်ဆိုပြီး ရည်ရွယ်ချက်နဲ့ ဝင်လာတာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ဝါသနာပါမှန်း တောင် မသိခဲ့ပါဘူး။ နန်းဆုရဲ့ ဆံပင်ကို ကြည့်ပြီး ဆံပင်ကြော်ငြာလေးရိုက်ဖို့ နန်း ဆုကို ကမ်းလှမ်းတော့မှ ဒီလောကထဲကို ရောက်ခဲ့တာပါ။ ဒီလောကထဲကို ဝင်မယ် ဆိုပြီး သေသေချာချာ လေ့လာပြီးမှ ဝင်လာတာမဟုတ်ပါဘူး။ အဆို ကိစ္စနဲ့ပြောရမယ်ဆိုရင် သရုပ်ဆောင်အနေနဲ့ ကြော်ငြာ တွေ ရိုက်ပြီးတော့မှ သီချင်းဆိုမလားဆိုပြီး လာပြီးကမ်းလှမ်းတယ်။ သီချင်းနဲ့ ပတ် သက်တာတွေ အကုန်လုံးလုပ်ပေးမယ့် သူနဲ့ တွေ့တာပေါ့နော်။ ဒီသီချင်းလေး ဆိုကြည့် ပါလား၊ ဒီပွဲမှာ ပါပေးပါလားဆိုပြီးလာပြီး ကမ်းလှမ်းတာတွေ ရှိတယ်။ အဲဒါနဲ့ စမ်းပြီး ဆိုကြည့်မယ်။ အဆင်ပြေရင် ဆက်လုပ်မယ်။ အဆင်မပြေရင် ဆက်



မလုပ်တော့ဘူး ဆိုပြီးလုပ်ခဲ့တယ်။ သီချင်းတွေဆိုတော့ ပရိသတ်က အထိုက်အလျောက်အားပေးတဲ့အတွက် အရမ်းဝမ်းသာခဲ့ရပါတယ်။ ပရိသတ်တွေက အသိအမှတ်ပြုတဲ့အတွက် အရမ်းဝမ်းသာပြီး အားရှိခဲ့ပါတယ်။ ဒါကြောင့်လည်း သီချင်းတွေဆက်ပြီး လုပ်ဖြစ်တာပါ။

## မိဘနဲ့ပတ်သက်ပြီး နန်းဆုရဲ့ဖွင့်ဟချက်

မိဘတွေကြောင့် ကိုယ်တွေက ဖြစ်လာတာပေါ့နော်။ နန်းဆုမိဘနဲ့နန်းဆုက သူငယ်ချင်းတွေလို ဆက်ဆံရေးရှိပါတယ်။ မိဘတွေက နန်းဆုကို အရမ်းချစ်တယ်၊ ဦးစားပေးတယ်။ လိုအပ်တာမှန်သမျှ အကုန်ဖြည့်ဆည်းပေးတယ်၊ ထောက်ပံ့ပေးတယ်။ ကူညီပေးတယ်။ ဒီလိုအချိန်ဒီနေရာမှာ ဒီလိုပုံစံမျိုးနဲ့ ရပ်တည်နိုင်တယ်ဆိုတာ နန်းဆုမိဘတွေရဲ့ ထောက်ပံ့မှုတွေ၊ အားပေးမှုတွေ အများကြီးပါဝင်ပါတယ်။ မိဘတွေကို နန်းဆုကြောင့် ပျော်ရွှင်စေချင်တယ်။ ပီတိဖြစ်စေချင်တယ်။ ကိုယ့်အတွက်ထက် မိဘအတွက် ပိုပြီးကြိုးစားပါတယ်။

## နန်းဆုရဲ့ဖက်ရှင်ပေါ်အမြင်

ဝတ်စားဆင်ယင်မှုက လူတစ်ယောက်အတွက် အရမ်းအရေးကြီးပါတယ်။ ဖက်ရှင်က မင်းသမီးတွေမှမဟုတ်ဘူး လူတိုင်းအတွက် အရေးကြီးတယ်လို့ ထင်ပါတယ်။ ဖက်ရှင်ဆိုတာကိုယ်ပိုင်စတိုင်၊ ကိုယ်ပိုင်ဟန်နဲ့အတွဲအစပ်ချိတ် မိတာကိုပြောတာပေါ့နော်။ သရုပ်ဆောင်အနုပညာရှင်တွေအတွက် ဖက်ရှင်ကပိုပြီးအရေးကြီး တာပေါ့။ အဓိကကတော့ သူ့နေရာ၊ သူ့အချိန်အခါ နဲ့အလိုက်ဖက်ဆုံးဝတ်စားနိုင်ရင် ကိုယ့်ရဲ့အမိုက်ဆုံး ဖက်ရှင်တစ်ခုဖြစ်မှာပဲလေ။ နန်းဆုကတော့ အဝတ်အစားဝတ်ရင် ဖက်ရှင်တစ်ခုတည်းကို မကြည့်ဘဲနဲ့ ကိုယ်ကိုယ်တိုင်လည်း စမတ်ကျပြီး



ေ တ ၁့

သပ်သပ်ရပ်ရပ်လေးဖြစ်တယ်လို့ထင်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေတဲ့ ဝတ်စုံမျိုးကို ရွေးချယ်ပြီး ဝတ်တာများပါတယ်။

## နန်းဆုရဲ့အနာဂတ်အစီအစဉ်

စီးပွားရေး လုပ်ဖို့ရှိပါတယ်။ အနုပညာကို အရမ်းချစ်မြတ်နိုးပါတယ်။ ဒါပေမဲ့ အနုပညာ တစ်ခုတည်းပေါ်မှာပဲ ရပ်တည်ပြီးတော့ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် တစ်ဖက်က စီးပွားရေးရပ်တည်မှုလည်း လိုအပ်ပါတယ်။ ကိုယ့်ရဲ့အဖေအမေကို ကျေးဇူးတင်ရမှာပေါ့နော်။ ကိုယ့်အတွက်လမ်းကြောင်းတွေ ဖောက်ထားပေးခဲ့လို့၊ ကိုယ်လုပ်ရမယ့် စီးပွားရေးတွေကို လမ်းညွှန်ပြသပေးခဲ့လို့ကိုယ့်ကိုကိုယ်တိုင်အုပ် ချုပ်ခွင့်စီမံခွင့် အတွေ့အကြုံတွေပေးခဲ့လို့ အရမ်းကျေးဇူးတင်မိပါတယ်။ ပရိသတ်တွေချစ်တဲ့အတွက် အနုပညာကို တန်ဖိုးထားပြီးဆက်လုပ် မှာပါ။ ပရိသတ်အားပေးသရွေ့လုပ်ဖြစ်နေမှာပါ။ စီးပွားရေးနဲ့ အနုပညာ တွဲလုပ်မှာပေါ့နော်။

**သီတာစိုး**





# STRATEGIC NOTES

ဖြိုးစုပိုပို

လောကမှာ ဆုံးဖြတ်ချက်ချဆောင်ရွက်ပြီးမှ ပြန်ပြင်ဖို့ခက်တဲ့ကိစ္စတွေ ရှိပါတယ်။ အဲဒီလိုကိစ္စတွေထဲမှာ "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး" ဆိုတဲ့ ကိစ္စတွေပါနေပါတယ်။ အိမ်ထောင်မှုဆိုတာမှာလည်း မြန်မာ့ယဉ်ကျေးမှုပတ်ဝန်းကျင်မှာ တစ်လင်တစ်မယားကိုပဲ ရိုးမြေကျပေါင်းသင်းကြတဲ့ ဓလေ့ရှိနေပြန်ရာ အိမ်ထောင်မှုမှာ ဇနီးတစ်ယောက်ရဲ့ တာဝန်ဝတ္တရားက အရေးပါလှပါတယ်။ အိမ်ထောင်ရေးသာယာအောင် သားသမီးအရေး၊ ခင်ပွန်းအရေးစတာတွေကို စဉ်းစားဆင်ခြင် ဖြေရှင်းရတဲ့ အမျိုးသမီးတွေရဲ့ နည်းဗျူဟာတချို့ကို တင်ဆက်ပေးလိုက်ပါတယ်။

# STRATEGIC NOTES




## ခိုင်ငြိမ်းငြိမ်းစံ

အယ်ဒီတာချုပ်
Women's World Journal



> တစ်ယောက်နဲ့တစ်ယောက်တော့ ချစ်ပါရဲ့၊ ဒါပေမဲ့ တစ်ယောက်အပေါ် တစ်ယောက်က နားလည်မှုမရှိဘူး။ သူ့ဘက်ကိုယ့်ဘက် စာနာထောက်ထားမှုတွေ မရှိဘူးဆိုရင် အိမ်ထောင်တစ်ခု ရေရှည်ခိုင်မြဲဖို့ မလွယ်လောက်ဘူးထင်ပါတယ်။ မိန်းကလေးတစ်ယောက်က သူ့ရဲ့ ဘဝလက်တွဲဖော်ရွေးတဲ့အခါမှာလည်း ကိုယ့်အပေါ်မှာ သစ္စာရှိမယ့်သူလား၊ သစ္စာမဲ့နိုင်တဲ့သူလားဆိုတာ လေ့လာနိုင်ပါတယ်။


ညီမတို့ လက်ထပ်တာပြီးခဲ့တဲ့လ August ၃ ရက်နေ့မှာမှ မင်္ဂလာသက်တမ်း ၃ လပြည့်ခဲ့တာပါ။ မင်္ဂလာသက်တမ်းက နုသေးတယ်။ အိမ်ထောင်တစ်ခုက သက်ဆုံးတိုင်ခိုင်မြဲဖို့ဆိုရင် ညီမအယူအဆအရတော့ နားလည်မှု၊ သစ္စာရှိမှုနဲ့ စာနာထောက်ထားမှုတို့က အဓိကကျတယ်လို့ ထင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်တော့ ချစ်ပါရဲ့၊ ဒါပေမဲ့ တစ်ယောက်အပေါ်တစ်ယောက်က နားလည်မှုမရှိဘူး။ သူ့ဘက်ကိုယ့်ဘက်စာနာထောက်ထားမှုတွေ မရှိဘူးဆိုရင် အိမ်ထောင်တစ်ခု ရေရှည်ခိုင်မြဲဖို့မလွယ်လောက်ဘူးထင်ပါတယ်။ မိန်းကလေးတစ်ယောက်က သူ့ရဲ့ဘဝလက်တွဲ ဖော်ရွေးတဲ့အခါမှာလည်း ကိုယ့်အပေါ်မှာ သစ္စာ ရှိမယ့်သူလား၊ သစ္စာမဲ့နိုင်တဲ့သူလားဆိုတာ လေ့လာနိုင်ပါတယ်။ ညီမခင်ပွန်းကို ညီမက သူ့ ပါးစပ်ကနေ သစ္စာရှိမယ့်လူမျိုးပါလို့ ဖွင့်ပြောစရာမလိုအောင် ညီမသိတယ်။ (ကိုယ့်ယောကျ်ားမို့ ကိုယ်က ပြောတာမဟုတ်ဘူးနော်) သူက အရမ်းတည်ငြိမ်တယ်။ ဘယ်ကိစ္စမျိုးမဆို အေးအေးဆေးဆေးနဲ့ ဖြေရှင်းနိုင်တယ်။ ညီမကဆို စိတ်ပူစရာ တစ်ခုခုရှိပြီဆိုရင် လူကပျာယာတွေခတ်ပြီး ပူလောင်နေတတ်တယ်။ သူက အဲဒီလိုမဟုတ်ဘူး။ ညီမဖြစ်နေတဲ့ ပြဿနာတွေ၊ စိတ်ပူနေတဲ့ ကိစ္စတွေဆို ညီမကို စိတ်အေးအေးထားတတ်အောင် ပြောပြပေးတယ်။ ဖြေရှင်းပေးတယ်။ ပြီးတော့ သူက သူ့အပေါင်းအသင်းတွေထဲမှာ မိန်းမရှုပ်တဲ့သူတို့၊ အိမ်ထောင်ရေးဖောက်ပြန်တတ်တဲ့သူတို့ဆိုရင် သူက လုံးဝမကြိုက်ဘူး။ သူကမိန်းမထက် electronic ပစ္စည်းတွေကို ပိုပြီးစိတ်ဝင်စားတယ်။ ကားတို့၊ ဖုန်းတို့၊ laptop တို့က သူ့ရဲ့ Crazy တွေပဲ။ အဲဒါတွေနဲ့ဆို မိန်းမကိုလည်း မေ့ချင်မေ့နေတတ်တယ်။ ညီမကတော့ ကိုယ့်အပေါ် သစ္စာဖောက်မှာမပူဘူး။ ကားအသစ်၊ ဖုန်းအသစ်ဝယ်ပြီး ကိုယ့်ကိုမေ့သွားမှာပဲ ပူရတယ်။ ပြီးပြည့်စုံတဲ့ အိမ်ရှင်မတစ်ယောက်ဖြစ်ဖို့ ဆိုတာ ညီမအနေနဲ့တော့ ကြိုးစားဆဲကာလပါပဲ။ ခုမှသင်ယူမှုနဲ့ လေ့လာဆောင်ရွက်မှုကို တစ်ပြိုင်နက်တည်း လုပ်နေရတဲ့ကာလဆိုတော့လေ။ စာတွေထဲမှာ ဖတ်ဖူးတာတော့ ရှိတယ်။ မယားဝတ္တရားငါးပါးတို့၊ မိန်းမကောင်းအင်္ဂါရပ်ဘယ်နှချက်တို့ ဆိုတာတွေပေါ့။ ညီမကျတော့ ပြောရရင် တက်သစ်စ အိမ်ထောင်ရှင်မ တစ်ယောက်ဆိုတော့ မပြည့်စုံမှုတွေ၊ ချို့ယွင်းချက်တွေ ရှိနေမှာပါ။ ဒါကိုညီမဘက်ကလည်း တတ်နိုင်သလောက် ကြိုးစားပြီးပြင်ဆင်တယ်။ သူ့ဘက်ကလည်း ကိုယ့်လိုအပ်ချက်တွေကို ခွင့်လွှတ်နားလည်ပေးတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက်နားလည်မှုရှိနေလို့ ညီမတို့ရဲ့ အိမ်ထောင်ရေးက သာယာအဆင်ပြေပါတယ်။



ခင်မဥ္ဇူခိုင်

မြလေးနဲ့ Cobra နဲ့ အိမ်ထောင်သက်က ၅ နှစ်ကျော်ပါပြီ။ ချစ်သူသက်တမ်းသုံးနှစ်ကြာပြီး မှ လက်ထပ်ခဲ့ကြတာပါ။ အခုတော့ သမီးလေး တစ်ယောက်ရနေပါပြီ။ မြလေး Cobra ကို ဘဝလက်တွဲဖော်အဖြစ် ရွေးရတဲ့ အဓိက အကြောင်းအရင်းက ချစ်လို့ပါပဲ။ ကိုယ်က ချစ်လို့ ကို သူနဲ့ လက်ထပ်ခဲ့တာပါ။ သူ့ကို ချစ်နေရင် နားလည်မှုဆိုတာ အလိုလိုရှိလာမှာလေ။ Cobra ကလည်း မြလေးကို ချစ်တယ်လို့ ယုံခဲ့တာပေါ့။ အိမ်ထောင်သက်ကြာလာတော့လည်း ချစ်ခြင်း မေတ္တာဆိုတာကပိုပြီး အရေးပါလာတယ်။ အပြန် အလှန်နားလည်မှုတို့၊ ပေးဆပ်နိုင်မှုတို့ဆိုတာက ချစ်ခြင်းမေတ္တာ အခြေခံပြီးပဲ ဖြစ်လာရတာပါ။ မြလေးတို့ လင်မယားက ရန်ဖြစ်တာတို့ဘာတို့ ရှိခဲ့ပါတယ်။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူး ပေါ့။ ခွန်းကြီးခွန်းငယ်ကတော့ ဖြစ်တာပေါ့လေ။ မြလေးတို့နှစ်ယောက်လုံးမှာ တူညီတဲ့အချက်ရှိ တယ်။ အဲဒါက ဒေါသဖြစ်နေချိန်မှာ စကားမပြော ဘူး။ ဒေါသဖြစ်နေချိန်စကားပြောရင် အမှားတွေ များတတ်တယ်လေ။ ဒေါသပြေသွားမှ ပြေပြေ လည်လည် ပြောကြတယ်။ မကျေနပ်တာကိုတော့ ပြေလည်စွာဆွေးနွေးသင့်တယ်။ မပြောတာများ သွားရင်လည်း အဲဒါတွေက အစိုင်အခဲတစ်ခုအဖြစ် ဖြစ်သွားပြီး ပေါက်ကွဲထွက်တတ်တယ်လေ။ လူတိုင်းတွေ့ရတတ်တာက ချစ်သူဘဝမှာ ကိုယ် မသိတဲ့ အချက်တွေက အိမ်ထောင်ကျပြီးမှ တွေ့လာတတ်တယ်။ ဒါကို ပြင်ယူဖို့တော့ ခက်ခဲ လိမ့်မယ်။ လူတစ်ယောက် ရဲ့ ဗီဇဆိုတာက ပြင်ဖို့ ခက်ပါတယ်။ ဒီအချက်ကို ကိုယ်က ဘယ်လောက် အထိပဲ လက်ခံနိုင်မယ်ဆို တာကို သူ့ကို ပြောပြ ထားသင့်တယ်။ မြလေးက Cobra ကို အရာရာ လိုက်ပြောပြီး ဟိုဟာမလုပ် ပါနဲ့ ဒီဟာမကြိုက်ပါဘူး မပြောတတ်ဘူး။ သေးသေးလေးတွေကို မပြော ဘူး။ မြလေးလုံးဝ လက်မခံနိုင်တဲ့ ကိစ္စတွေကိုပဲ ပြောထားတယ်။ ဥပမာ - မြလေးက ဆေးချတာမျိုး လုံးဝမကြိုက်ဘူး။ နောက်ပြီးအိမ်အထိပါလာမယ့် မိန်းမရှုပ်တဲ့ ကိစ္စမျိုးကို မကြိုက်ဘူးဆိုတာမျိုးပေါ့။ Cobra ကတော့ မလုပ်ပါဘူး။ ဒါပေမဲ့ မြလေးက သူ့ကို ဒါတွေမကြိုက်ဘူးနော်။ ဒါမျိုးကိစ္စမျိုးဆို လုံးဝခွင့်မလွှတ်ဘူးလို့ ပြောထားတယ်။ ကိုယ်တိုင် က ချစ်လို့ယူထားတာဖြစ်တဲ့အတွက် သူနဲ့ကိုယ်နဲ့ ကြားမှာ အခုထိတော့ နားလည်မှုလွဲတာတို့၊ ညှိနှိုင်းမရတာမျိုးတော့ မရှိသေးဘူး။ အရာရာကို နှစ်ယောက်တိုင်တိုင်ပင်ပင်နဲ့ပဲ ဆွေးနွေးတယ်။ စီးပွားရေးကိစ္စပဲဖြစ်ဖြစ်၊ သားသမီးယူတာက အစ ပေါ့။ လက်ထပ်ကြမယ့် မင်္ဂလာမောင်နှံလောင်း တွေကိုလည်း မြလေးက ချစ်ခြင်းမေတ္တာ အခြေခံ တဲ့ အိမ်ထောင်တစ်ခုကိုပဲ တည်ဆောက်ကြပါလို့ ပြောချင်ပါတယ်။

မြလေးက Cobra ကို အရာရာ လိုက်ပြောပြီး ဟိုဟာမလုပ်ပါနဲ့ ဒီဟာမကြိုက်ပါဘူး မပြောတတ်ဘူး။ သေးသေးလေးတွေကို မပြောဘူး။ မြလေးလုံးဝ လက်မခံနိုင်တဲ့ ကိစ္စတွေကိုပဲ ပြောထားတယ်။ ဥပမာ – မြလေးက ဆေးချတာမျိုး လုံးဝမကြိုက်ဘူး။ နောက်ပြီးအိမ်အထိပါလာမယ့် မိန်းမရှုပ်တဲ့ ကိစ္စမျိုးကို မကြိုက်ဘူးဆိုတာမျိုးပေါ့။



# ချီလီ

ချီလီနဲ့ရန်ရန်ချမ်း လက်ထပ်ခဲ့တာ ၂၀၁၀ ကဆိုတော့ အခုဆိုရင် အိမ်ထောင်သက်က ၄ နှစ်ရှိပြီပေါ့။ ချီလီတို့က ချစ်သူသက်တမ်း ၁၀ နှစ်ကြာပြီးမှ လက်ထပ်ခဲ့ကြတာပါ။ ချီလီနဲ့ ရန်ရန်ချမ်း ချစ်သူတွေဖြစ်တော့ ချီလီအသက် က ၁၆ နှစ်ပဲရှိသေးတယ်။ သူ့ရှေ့မှာလည်း တခြား ချစ်သူမရှိဖူးဘူး။ ဒီအရွယ်နဲ့ ချစ်သူထားခဲ့တာဆို တော့ တခြားဘာတွေမှ မစဉ်းစားတတ်ခဲ့ဘူး။ ပိုက်ဆံချမ်းသာတာတို့၊ ပညာတတ်တာတို့တွေ ပေါ့။ ချစ်တာတစ်ခုတည်းနဲ့ ရန်ရန်ချမ်းကို လက်တွဲခဲ့တာပါ။ ချီလီတို့က ချစ်သူသက်တမ်း တော့ကြာတယ်။ သူများတွေက သုံးနှစ်သုံးမိုး လေ့လာကြတယ်ပြောတယ်။ ချီလီတို့က ၁၀ နှစ်တောင်မှလေ။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် အချိန်ယူပြီးကောင်းကောင်းလေ့လာ နိုင်ခဲ့တယ်။ တစ်ယောက်ရဲ့ကောင်းတာဆိုးတာ တွေကို တစ်ယောက်က ကောင်းကောင်းသိပြီးမှ လက်ထပ်ခဲ့ကြတာ။ ဒါကြောင့် ချီလီတို့အိမ်ထောင် သည်ဘဝမှာ သိပ်ပြီး အခက်အခဲမရှိဘူး။ လင်မယားသဘာဝ အနည်းအကျဉ်း စိတ်ဆိုးတာ တို့တော့ ရှိတာပေါ့။ ဒါပေမဲ့ အဲဒီလိုအချိန်ဆိုရင် ဒေါသဖြစ်နေရင် ရှောင်နေလိုက်တယ်။ နောက်ပြီး ဘာလို့ဖြစ်ရတာလဲဆိုတာ သေချာပြန်သုံးသပ် တယ်။ ချီလီတို့နှစ်ယောက်က သဘောတူညီမှု တစ်ခုယူထားတယ်။ အဲဒါက ဘာလဲဆိုတော့ ရန်ဖြစ်ပြီးရင် မှားတဲ့သူကစပြီး တောင်းပန်ပြီး ပြန်ခေါ်ရမယ်ဆိုတာပါ။ အိမ်ထောင်တစ်ခုပျော် ပျော်ရွှင်ရွှင်နဲ့ ရေရှည်ခိုင်မြဲဖို့က တကယ်ချစ်ပြီး နားလည်မှုရှိရမယ်။ နားလည်မှုရှိရုံနဲ့လည်း မပြီး ဘူး။ သစ္စာရှိရမယ်။ တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ်ရမယ်ဆိုတာမှာလည်း ခွင့်မလွှတ်သင့်တဲ့ အမှားမျိုးကို တစ်ယောက်ယောက်က မကျူးလွန်ဖို့ အရေးကြီးတယ်။ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ မျှော်လင့်ချက်မှာတော့ ကိုယ့်ရဲ့သားလေးကို အကောင်းဆုံးဘဝလေးပေးချင်တယ်။ ခင်ပွန်းရဲ့ စီးပွားရေး၊ လူမှုရေး အစစအရာရာကိုလည်း ဒီထက်ပိုပြီး တိုးတက်ကောင်းမွန်စေချင်တယ်။ အိမ်ထောင်ရှင်မလောင်းတွေကို ချီလီက ပြောချင် တာတော့ အခုတွေ့ အခုကြိုက်ပြီး အိမ်ထောင် တစ်ခုကို မတည်ဆောက်စေချင်ဘူး။ တစ်ယောက် ကို တစ်ယောက် အချိန်ပေးပြီးလေ့လာ။ လေ့လာ လို့ သဘောကျပြီ တကယ်ချစ်တယ်ဆိုမှ လက်ထပ် ကြပါလို့ ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**

ချီလီနဲ့ ရန်ရန်ချမ်း ချစ်သူတွေဖြစ်တော့ ချီလီအသက်က ၁၆ နှစ်ပဲရှိသေးတယ်။ သူ့ရှေ့မှာလည်း တခြားချစ်သူမရှိဖူးဘူး။ ဒီအရွယ်နဲ့ ချစ်သူထားခဲ့တာဆို တော့ တခြားဘာတွေမှ မစဉ်းစားတတ်ခဲ့ဘူး။



# BEYOND the WOMEN

## အိကျော့ဇင်

Fashion Designer (VIVID Fashion)

ဖြိုးစုပိုပို

သူမကိုကြည့်လိုက်တိုင်း တည်ငြိမ်အေးဆေး ငြိမ်သက်နေတာပဲ တွေ့ရမှာပါ။ ဒါပေမဲ့ သူမရဲ့ လက်ကနေ ခဲခြစ်ဒီဇိုင်းလေးဆွဲပြီး ပိတ်စတွေပေါ် မှာ Cutting ချလိုက်ပြီးရင်တော့ ငြိမ်သက်နေတဲ့ သူမရဲ့ စိတ်ကူးတွေက ဘယ်လောက်အထိ လှုပ်ရှားသက်ဝင်လာလည်းဆိုတာ တွေ့မြင်နိုင်ပါလိမ့်မယ်။ Fashion Designer ဆိုတဲ့ သူမ ကတော့ အများတကာကို လှစေချင်လွန်းသူ၊ လှပတဲ့ ဒီဇိုင်းတွေကို ဖန်တီးနိုင်သူ၊ စာအုပ်စာပေတွေကို ချစ်ခင်မြတ်နိုးသူ အိကျော့ဇင်ပါပဲ။ VIVID Fashion က မသဲဆိုရင်လည်း သူမကို လူသိများ လှသူပါ။ အနုပညာမျိုးရိုးကြီးမြတ်သူထဲမှ သူမကတော့ တစ်မူထူးစွာ Fashion Design တွေကြား မွေ့ပျော်နေပါတယ်။

**ဖက်ရှင်ဒီဇိုင်နာတစ်ယောက်အဖြစ် ဘယ်အချိန်လောက်မှာ စပြီးလုပ်ဖြစ်ခဲ့တာပါလဲ။**

အစ်မက ၂၀၀၄ မှာ ဖက်ရှင်ဆိုင်လေးစဖွင့်ခဲ့တယ်။ VIVID Fashion ဆိုပြီးတော့ပေါ့။ ဒီတုန်းကတော့ အစ်မကဆိုင်မှာ Ready-Made အကျီတွေပဲ တင်ဖြစ်ခဲ့တာ။ နောက် ၂၀၀၅ မှာ အစ်မက VIVID တံဆိပ်နဲ့ Ready to Wear စပြီးလုပ်ခဲ့တယ်။ မြန်မာအကျီနဲ့လုံချည်နဲ့ပေါ့။ အစ်မက ကိုယ့်မြန်မာမိန်းကလေးတွေကို မြန်မာဝတ်စုံလေးတွေနဲ့ လှစေချင်တာနဲ့ မြန်မာဝတ်စုံလေးတွေကို စလုပ်ခဲ့တာ။ နောက်ပိုင်းကျမှ အပ်ထည်တွေကို လက်ခံခဲ့တာပေါ့။

**အစ်မတဘာကြောင့် ဒီပညာတို လေ့လာဖို့ ဆုံးဖြတ်ခဲ့ပြီး Fashion Designer ဆိုတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကို ရွေးဖြစ်ခဲ့တာပါလဲ။**

အရင်တုန်းက Fashion Designer အလုပ်ဆိုတာ ဒီခေတ်လို မတွင်ကျယ်သေးဘူး။ အစ်မကကျတော့ ငယ်ငယ်ကတည်းက Fashion ဆိုတာကို အရူးအမူးစွဲလမ်းတာ။ စာအုပ်တွေဖတ်တယ်။ နိုင်ငံခြား Fashion Show တွေကြည့်တယ်။ ဒီပညာကျတော့လည်း အဲဒီတုန်းက ခေတ်မစားသေးတော့ အခုခေတ်လို လွယ်လွယ်လေး သင်တန်းတက်တာမျိုးလုပ်လို့မရခဲ့ဘူး။ ဒါပေမဲ့ အစ်မက အဖျိဘဝကတည်းက စက်ချုပ်သင်တန်းတွေ လျှောက်တက်ထားတယ်။ ဒါကိုပဲ ကိုယ်တတ်ထားတဲ့ ပညာကိုပဲ ထပ်ပြီး စာအုပ်ဖတ်တာနဲ့ ဘာနဲ့ပဲ ပြန်မွမ်းမံခဲ့တာပါ။ ဒီအလုပ်ကို လုပ်တာကလည်း ဖက်ရှင်ကို ကိုယ်က အသွေးထဲ အသားထဲကကို ဝါသနာပါနေတာလေ။ ဒါကြောင့် အလုပ်တစ်ခုလုပ် မယ်ဆိုတော့ ဒီဖက်ရှင်နဲ့ ပတ်သက်တာပဲ ရွေးချယ်ခဲ့တာ။ ကိုယ်ကလည်း လှချင်တယ်။ သူများကိုလည်း လှစေချင်တယ်။ လှစေချင်တဲ့ စိတ်တစ်ခုနဲ့ပဲ ဒီ အလုပ်ကို အစ်မက လုပ်ဖြစ်ခဲ့တာပါ။

**Fashion Designer ဘဝအစမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရှိရင်လည်း ပြောပြပေးပါဦး။ အဲဒီအခက်အခဲတွေတိုရော အစ်မတ ဘယ်လိုကျော်ဖြတ်ခဲ့ရပါသလဲ။**

အဲဒါတော့ မရှိသလောက်ပါပဲ။ ဘာလို့လဲဆိုတော့ အစ်မက ဒီအလုပ်ကို ကိုယ်တိုင်က ဝါသနာပါလို့ လုပ်တာလေ။ ဒီတော့ အခက်အခဲတွေ့လာရင်လည်းအစ်မက အခက်အခဲလို့ မမြင်တော့ဘူး။ ဒါကို ပညာတစ်ခုအနေနဲ့ယူပြီး ကျော်လွှားပါတယ်။ လူတစ်ယောက်က အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုလုပ်မယ်ဆိုရင် ကိုယ်အမှန်တကယ်ဝါသနာပါတဲ့ဟာကို ရွေးလုပ်ရမယ်လို့ အစ်မတော့မြင်တယ်။ ဒါက အစ်မ ကိုယ်တွေ့ပဲလေ။ ကိုယ်ကဝါသနာပါနေတော့ တော်ရုံတန်ရုံ အခက်အခဲလောက်ကိုတော့ မမှုဘူးပေါ့။ အခက်အခဲကို ဖြေရှင်းတော့လည်းပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြေရှင်းနိုင်တယ်။ ဘယ်အလုပ်မဆို အခက်အခဲ ဆိုတာက အနည်းနဲ့ အများကြုံရမှာပါပဲ။ အခက်အခဲတွေ ဖြေရှင်းပြီးတိုင်းတော့ ကိုယ့်မှာပညာတွေ ရသွားတယ်။

**ဖက်ရှင်ဆိုတာမှာ Beauty နဲ့ Creativity ပါရမယ်လို့ ပြောကြတယ်။ အဲဒါတွေအပြင် တခြားဘာတွေပါရဦးမလဲ။**

ဖက်ရှင်တစ်ခုရဲ့ အဓိကသော့ချက်က လှဖို့ပေါ့။ လှဖို့အတွက် ဖန်တီးသူက ဖန်တီးပေးနိုင်ရမယ်။ ဒါက Beauty ဖြစ်ဖို့ Creativity လုပ် ပေးရမှာပေါ့။ ဒါပေမဲ့ ကိုယ့်ရဲ့ လေ့လာလိုက်စားမှုအားလည်းလိုတယ်။ ဖန်တီးနေချိန်မှာ စိတ်ခံစားမှုကလည်း တအားလိုပါတယ်။ အဲဒီလို စိတ်ခံစားမှုရှိဖို့အတွက်က အနုပညာခံစားမှုလည်း ရှိရမယ်။ အစ်မအနေနဲ့ပြောရရင်တော့ ဖက်ရှင်ဆိုတာ Art တစ်မျိုးပါပဲ။

**အစ်မတို Designer အဖြစ်ကျော်ဇောင်ဆိုပြီး လူတွေ သတိထားမိသွားစေတဲ့ ဖန်တီးမှုတိုလည်း ပြောပြပေးပါလား။**

အစ်မကို လူတွေသတိထားမိသွားစေတာထက် အစ်မကိုယ့်ကိုယ်ကိုယ် အားရတဲ့ ဝတ်စုံတွေတော့ရှိတယ်။ အဲဒါက စိုးမြတ်နန္ဒာရယ်၊ မေကဗျာရယ်ကို အစ်မက အကယ်ဒမီပွဲတစ်ခုမှာ ဝတ်စုံတွေစီစဉ်ပေးဖြစ်ခဲ့တယ်။ ဒီတုန်းက မေကဗျာဝတ်ခဲ့တဲ့ အစိမ်းရောင်ဝမ်းဆက်လေးက တော်တော်လူကြိုက်များခဲ့ကြတယ်။ ကျောက်စိမ်းရောင်လေးပါ။ လုံချည်အဖုံးလေးမှာ ပွင့်ထိုးလေးက အဲဒီမှာစပြီး လုပ်ခဲ့တာပါပဲ။

**သူများနဲ့မတူတဲ့အမြင်တွေ၊ ဖန်တီးမှုတွေ ရှိဖို့ဆိုရင် ဘယ်လိုလေ့ကျင့်မှုမျိုးတွေရှိသင့်ပါသလဲ။**

အဓိကကတော့ စာဖတ်ဖို့ပါပဲ။ အစ်မအတွက်ကတော့ ဘယ်အလုပ်မျိုးလုပ်တဲ့သူပဲဖြစ်ဖြစ် စာဖတ်တာက အရေးပါတယ်လို့မြင်တယ်။ စာဖတ်တာက ဘယ်နေရာမှာမဆို အခြေခံအကျဆုံးပဲ။ Fashion Designer မို့လို့ Fashion စာအုပ်တွေပဲ ဖတ်ရမယ်မဟုတ်ဘူး။ စာအုပ်အစုံ ဖတ်ရမယ်။ စာဖတ်များတဲ့လူက ဗဟုသုတစုံတယ်။ ဗဟုသုတစုံရင် ကိုယ့်အလုပ်မှာ ပြန်ပြီးအကျိုးသက်ရောက်စေမှာပဲ။ အစ်မ





ငယ်ငယ်ကတည်းက စာဖတ်ရတာကြိုက်တယ်။ စာဖတ်တယ်။ ပြီးတော့ Internet မှာ Fashion Website တွေဝင်လေ့လာတယ်။ Fashion Catalogues စာအုပ်တွေဖတ်တယ်။

**အစ်မက စာအုပ်ဖတ်ဖို့ပြောလို့ပါ၊ အခုခေတ်မှာတော့ လူငယ်တွေက စာဖတ်တာလျော့နည်းသွားကြပြီ၊ အစ်မရော ဘယ်လိုစာအုပ်မျိုးတွေဖတ်ရတာနှစ်သက်ပါသလဲ၊**

အစ်မကတော့ လူငယ်တွေကို စာဖတ်စေချင်တယ်။ စာဖတ်ထားတဲ့သူက ဘယ်နေရာမှာမဆို အများထက်သာပါတယ်။ အစ်မတို့တုန်းကတော့ ဒီခေတ်လို Facebook လည်း မရှိဆိုတော့ အစ်မရဲ့ အပန်းဖြေခြင်းက စာဖတ်တာပဲ။ အစ်မက လူတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ Biography တွေ ဖတ်ရတာကြိုက်တယ်။ လူတစ်ယောက်အကြောင်းကို လေ့လာရတာကို စိတ်ဝင်စားတယ်။ အမှန်က အစ်မဖတ်တဲ့စာအုပ်တွေက ဖက်ရှင်နဲ့ဘာမှ မဆိုင်ပါဘူး။ အစ်မက နိုင်ငံရေးစာအုပ်တွေ ဖတ်ရတာလည်း ကြိုက်တယ်။ အခု နောက်ဆုံး ဖတ်နေတာတော့ ဗိုလ်လက်ျာရဲ့ စာအုပ်ပေါ့။ သူ့သမီးဒေါက်တာခင်လက်ျာက ရေးထားတာပေါ့။ ဗိုလ်လက်ျာက ရဲဘော်သုံးကျိပ်ဝင်လေ။ အဲဒီစာအုပ်မှာ ရဲဘော်သုံးကျိပ်အဖွဲ့အားလုံးရဲ့ စိတ်နေစိတ်ထား၊ သူတို့ဖြတ်သန်းခဲ့ရတဲ့ဘဝတွေကို ရေးထားတာ။ အဲဒီစာအုပ်ဆို အစ်မကြိုက်တယ်။ အခုခေတ်လူငယ်တွေ စာဖတ်အားနည်းသွားတာကတော့ သူတို့ခေတ်မှာ ဖျော်ဖြေရေးတွေက ပုံစံအစုံ ရှိလာတာလည်း ပါမယ်လို့ အစ်မတော့ မြင်တယ်။ အမှန်ကတော့ ဒီခေတ်ကလေးတွေ ကံကောင်းတယ်။ စာအုပ်အကောင်းတွေအများကြီး ပြန်ထွက်လာတယ်။

**Fashion Designer တစ်ယောက်က အတတ်ပညာအပြင် ခံစားမှုပါထည့်ဖို့လိုပါသလား၊**

စောစောက အစ်မပြောခဲ့သလိုပါပဲ။ ခံစားမှုက လိုကိုလိုတယ်။ အတတ်ပညာဆိုတာမှာ စင်တီမီတာနဲ့တိုင်းမယ်။ လက်မနဲ့တိုင်းမယ်။ ဒီလိုညှပ်မယ်။ ပြီးရင်တွဲချုပ်မယ် စသဖြင့်ပေါ့။ အဲဒီအတတ်ပညာမှာ အစ်မတို့က ခံစားမှုလေး ပေါင်းလိုက်မှ ဖက်ရှင်ဆိုတာလေးဖြစ်လာမှာ ကိုယ့်ဆီလာတဲ့ Customer က သူအပ်တဲ့ဝတ်စုံကို ဘယ်မှာဝတ်ဖို့လဲ၊ ဘယ်လိုပွဲကို သွားဖို့လဲဆိုတာ မေးရမယ်။ ဒါမှ သူ့ရဲ့စိတ်ခံစားမှုကို သိရမှာ။ သူ့ရဲ့စိတ်ခံစားမှုမှာ ကိုယ့်ရဲ့ စိတ်ခံစားမှုကိုပေါင်းပြီးမှ ဖန်တီးရတယ်။ Fashion Designer တစ်ယောက်မှာ အဓိကကတော့စိတ်ခံစားမှုပါပဲ။



**အတွေ့အကြုံတွေကနေ ပညာရသွားတယ်လို့ ပြောကြတယ်၊ အစ်မမှာ ပညာရစေခဲ့တဲ့ အမှတ်တရ အတွေ့အကြုံလေး ရှိခဲ့ရင်လည်း ပြောပြပေးပါဦး၊**

အစ်မအတွက်ကတော့ အင်္ကျီတစ်ထည် ချုပ်ပြီးတိုင်းမှာ အတွေ့အကြုံသစ်တစ်ခုရတယ်။ လူတစ်ယောက်ကို Fitting တစ်ခါဝင်ပေးပြီးတိုင်းမှာ မတူတဲ့ အတွေ့အကြုံတွေ၊ အတတ်ပညာတွေ အများကြီးရတယ်။ ဒီတစ်ခါကြုံတာကို ပညာယူပြီး နောက်တစ်ခါမှာ ပိုကောင်းအောင်လုပ်နိုင်တယ်။

အတွေ့အကြုံတိုင်းကောင်းပါတယ်။

**Customer တွေထဲမှာလည်း လူမျိုးစုံလာနိုင်တော့ မတူနိုင်တဲ့ အမြင်တွေကို အစ်မတာ ဘယ်လိုညှိနှိုင်းလေ့ရှိပါသလဲ၊**

Customer ဆိုတာကတော့ ညီမပြောသလိုပါပဲ လူစုံပဲ။ ဒီလိုမှ ကြိုက်တယ်၊ ဟိုလိုမှကြိုက်တယ်အစုံပေါ့။ ဒီတော့ အစ်မကအရင်ဆုံးသူ့အကြိုက်ကို မေးရတယ်။ အဲဒီလိုမေးပြီး သူကြိုက်တဲ့ Taste က သူနဲ့ လိုက်လား။ မလိုက်ဘူးလား အစ်မက ချင့်ချိန်ရတယ်။ လူတစ်ယောက်နဲ့ တစ်ယောက်က ခန္ဓာကိုယ် အချိုးအစားခြင်း၊ ပုံသဏ္ဌာန်ချင်းက မတူဘူးလေ။ တစ်ခါတလေမှာ သူကြိုက်နေတဲ့Taste က သူနဲ့ဘယ်လိုမှ မလိုက်တာမျိုးတွေ ဖြစ်နေတတ်တယ်။ ဒါမျိုးဆို အစ်မက သေချာရှင်းပြရတယ်၊ လက်ခံတဲ့ သူက လည်း လက်ခံပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ လက်မခံဘဲ ဒါမှ ဒါပဲဆိုတဲ့ သူမျိုးတွေရှိတတ်တယ်။ ဒါဆိုရင်တော့ အစ်မချုပ်ပေးမယ်။ ဒါပေမဲ့ ပြီးရင်တော့ လိုက်တယ်၊ မလိုက်ဘူးဆိုတာကို အစ်မက တာဝန်မယူပါဘူးနော်လို့ ပြောပြရတယ်။ ညှိနှိုင်းရတာတွေတော့ အများကြီးပါပဲ။

**အစ်မက ဘယ်လိုဝတ်စုံမျိုး တွေကို ဖန်တီးရတာမှာ ပိုပြီး စိတ်အားထက်သန်ပါသလဲ၊**

အစ်မက မြန်မာအင်္ကျီချုပ်ရတာကို ပိုပြီး စိတ်အားသန်တယ်။ ဒီအလုပ်စပြီး လုပ်ကတည်းကလည်း မြန်မာအင်္ကျီနဲ့စခဲ့တာ။ မြန်မာမိန်းကလေးတွေကို မြန်မာဝတ်စုံဝတ်စေချင်တဲ့ ဆန္ဒနဲ့စခဲ့တာပါ။အစ်မတို့ မြန်မာမိန်းကလေးတွေကလေ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် မြန်မာဝတ်စုံလေး ဝတ်လိုက်ရင် ကျက်သရေရှိပြီး လှသွားတတ်ကြတယ်။ နောက်ပြီး အစ်မက Design ဆိုရင်လည်း Elegant ဖြစ်တာကို နှစ်သက်တယ်။ ရိုးရှင်းတဲ့ Design မျိုးပေါ့။ အဲဒီလိုဟာတွေ ဖန်တီးရတာကို ကြိုက်တယ်။

**အခု ၂၀၀၄ ဝါတွင်းအတွက် အစ်မအထူးထုတ်ထားတဲ့ Design ရှိပါပြီလား၊ ဘယ်လို Design မျိုးတွေက ၂၀၀၄ မှာ ခေတ်စားမယ်လို့ ယူဆပါသလဲ၊**

ဒီနှစ်အတွက်က အစ်မက ချုပ်တော့မချုပ်ရသေးဘူး။ ဒါပေမဲ့ အစ်မလုပ်ချင်တဲ့ ဒီဇိုင်းတော့ ရှိတယ်။ ရှေးတုန်းကချိတ်ကို အစ်မပြန်လုပ်ချင်တာ။ ရှေးချိတ်တွေက အရောင်နုလေးတွေကို ၂ ရောင် ၃ ရောင်ရောထားတာ။ ပန်းနုလေးတွေ

အစ်မက
မြန်မာအင်္ကျီချုပ်ရတာကို
ပိုပြီး စိတ်အားသန်တယ်။
ဒီအလုပ်စပြီး
လုပ်ကတည်းကလည်း
မြန်မာအင်္ကျီနဲ့စခဲ့တာ။
မြန်မာမိန်းကလေးတွေကို
မြန်မာဝတ်စုံ
ဝတ်စေချင်တဲ့
ဆန္ဒနဲ့စခဲ့တာပါ။






အဝါနုလေးတွေပေါ့။ ဒီနှစ်ကိုတော့ အစ်မက အရောင်နုနုလေးတွေ လုပ်ချင်တယ်။ ချိတ်လိုင်းစိပ်စိပ်လေးတွေလုပ်မယ်။ ရှေးချိတ်လိုင်းတွေ လုပ်ရတာ ခက်တော့ ခက်တယ်။

**အစ်မ မြန်မာသတို့သမီးဝတ်စုံတွေကို ဖန်တီးတဲ့အခါ ဘယ်လိုစိတ်ခံစားမှုတွေနဲ့ ဖန်တီးဖြစ်ပါသလဲ။**

အစ်မဆီကိုလာတဲ့ သတို့သမီးတွေ အများစုက အူဝဲ မင်္ဂလာဆောင်တုန်းကဝတ်တဲ့ ဝတ်စုံကို ကြိုက်ပြီး လာကြတာများတယ်။ ဘယ်လိုစိတ်ခံစားမှုနဲ့ ဖန်တီးလဲဆိုတော့ သူတို့လုပ်မယ့် ပွဲပေါ်မူတည်တာပေါ့။ ဘိသိက်လား ရိုးရိုးဧည့်ခံပွဲလားပေါ့။ ဘိသိက်လိုပွဲမျိုးဆိုရင်တော့ အစ်မက ကျက်သရေရှိအောင် မြန်မာဟန်စစ်စစ်ဖြစ်အောင် ဖန်တီးရတာပေါ့။ ရိုးရိုးဧည့်ခံပွဲဆိုတော့လည်း Fancy ပုံလေးကို ကြွနေအောင်ဖန်တီးရတာပေါ့။ အူဝဲမင်္ဂလာဆောင်တုန်းကဆို မြန်မာဘိသိက်ပွဲစစ်စစ်ကို လုပ်ထားတော့ အစ်မက ရှေးချိတ်အတိုင်း အရောင်ငြိမ်ငြိမ်လေးနဲ့ ဖန်တီးထားတယ်။ အစ်မကိုယ်တိုင်ကလည်း ရှေးဆန်တဲ့ ချိတ်ဒီဇိုင်းတွေကို ကြိုက်တယ်။

**အစ်မနှစ်သက်တဲ့** Fashion Designer **တွေကိုလည်း ပြောပြပါဦး။**

အခုလက်ရှိ Zac Posen ဆိုတဲ့ Designer ကို တအားကြိုက်နေတယ်။ သူ့ Design တွေက Elegant ဖြစ်တယ်။ သူက အမျိုးသမီး Designer တစ်ယောက်ပါပဲ။ သူ့ Design တွေကို ကြိုက်တယ်။ ပြည်တွင်းမှာ ဆိုရင်တော့ အစ်မစိတ်ထဲ သူလုပ်လိုက်တိုင်း လှတယ်လို့ ခံစားရတာတော့ အန်တီပေါက် (မိုးကုတ်ပေါက်ပေါက်)ပါပဲ။


**အစ်မရဲ့ ပညာအမွေတိုရော အစ်မရဲ့ မျိုးဆက်တို လက်ဆင့်ကမ်းပေးခဲ့ဖို့ အစီအစဉ်ရှိပါပြီလား။**

အစ်မမှာ သမီးလေးသုံးယောက်ရှိတယ်။ သမီးကြီးမေတိုးခိုင်ကတော့ အစ်မဆီက ဝါသနာကို ယူသွားပြီ။ သူကအစ်မထက်တောင် Fashion ကို ရူးသွပ်သေးတယ်။ အခု အင်္ဂလန်မှာ Manchester Metropolitan University ဆိုတဲ့ တက္ကသိုလ်မှာ Fashion Design Major နဲ့ ကျောင်းတက်နေပါပြီ။ ပညာအမွေကို အစ်မက သူ့ဆီကနေ ပြန်ယူရမလိုတောင် ဖြစ်နေပါပြီ။ သူက ပိုတတ်သွားပြီဆိုတော့လေ။ နောက်သုံးနှစ်ဆိုရင်တော့ သူကျောင်းပြီးလို့ ဘွဲ့ရမယ်။ အဲဒီအခါ ဒီပြန်လာပြီးရင်တော့ အစ်မနဲ့အတူ အလုပ်တွေလုပ်ဖို့တော့ အစီအစဉ်တွေရှိပါတယ်။ သမီးလတ်ကတော့ အစ်မနဲ့တခြားစီပဲ။ သူက အရမ်းယောကျ်ားဆန်တယ်။ သူက အင်္ဂလန်မှာပဲ Engineering တက်နေတယ်။ အငယ်လေးကတော့ ခန့်မှန်းရတာ ခက်သေးတယ်။ ဒါပေမဲ့ သူလည်း Fashion ဝါသနာပါတယ်။

Fashion Designer **ဖြစ်ချင်တဲ့ လူငယ်တွေ တိုရော အစ်မဘယ်လိုစကားလက်ဆောင်မျိုးပေးချင်ပါသလဲ။**

ဒီအလုပ်လုပ်ချင်ရင် ကိုယ့်အသွေးထဲအသားထဲမှာ ဒီအလုပ်ကို ဝါသနာပါနေဖို့ပဲ အဓိကပါ။ ကိုယ်က တကယ်ကို ဝါသနာပါနေပြီဆိုရင် အရင်းခံရှိနေပြီ။ ဒီအရင်းခံပေါ်မှာ ကိုယ်က ထပ်ပြီးကွန့်ရုံပဲ။ ဝါသနာပါပြီး ကိုယ်တိုင်ကလည်း လေ့လာလိုက်စားမယ်၊ ကြိုးစားအားထုတ်မယ်ဆိုရင် အောင်မြင်မှာသေချာပါတယ်။

**မြိုးစုဗိုဗို**



# ချစ်ဝက်တေး

ရည်ညွှန်းဖွဲ့ သီချစ်သူသို့

## နွေလ

*“ကျွန်တော် ခင်ဗျားကို*
*သိပ်ချစ်တယ် မမနွယ်ရီ*
*ဒါပေမဲ့*
*ခင်ဗျားကို ချစ်တဲ့အကြောင်း*
*ကျွန်တော် ဘယ်တော့မှ*
*ဖွင့်ပြောမှာ မဟုတ်ဘူး*
*ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်*
*ခင်ဗျားကို သိပ်ချစ်လို့”*
*၈.၁၁.၂၀၁၃ (သောကြာနေ့)*

◆


'နွယ်ရီ' ဆိုသော နာမည်လေးတစ်လုံး ကျွန်တော့်ဘဝစာမျက်နှာထဲမှာ မရေးထိုးရသေးခင်အချိန်တွေကသာ ကျွန်တော့်ကို အချစ်ဆိုတာဘာလဲဟု မေးလာလျှင် ကျွန်တော် တစ်လုံးတစ်ပါဒမှ ဖြေတတ်လိမ့်မည် မဟုတ်ပါ။ အထက်တန်းကျောင်းတုန်းက တစ်ခါ၊ တက္ကသိုလ်မှာတုန်းက တစ်ခါ ရည်းစားနှစ်ယောက်ထား ဖူးခဲ့ပေမဲ့လည်း အချစ်ကိုအချစ်ဟု သိထားရုံကလွဲပြီး နှလုံးသားမှာ အချစ်နှင့်ပတ်သက်ပြီး ကိုယ်ပိုင်သီအိုရီ မရှိသေးချေ။ ခပ်လှလှမိန်းကလေးတွေနှင့် ဆုံစည်းခွင့်ရတိုင်း အချစ်ဆိုတာဘာလဲဆိုသည့်မေးခွန်းကို မေးလို့ကောင်းနေတုန်း။

ကျွန်တော် ညံ့ဖျင်းသွားသလား မမနွယ်ရီ။ သေချာတာကတော့ ထိုညံ့ဖျင်းမှုက ကျွန်တော်နှင့် မမနွယ်ရီတို့ ဆုံစည်းစေဖို့အတွက် အကောင်းဆုံး အကြောင်းပြချက်ပဲ ဖြစ်ပါလိမ့်မည်။ မမနွယ်ရီ မှတ်မိပါသေးသလား။ ထိုနေ့က မမနွယ်ရီ၏ အကြည့်တစ်ချက် ကျွန်တော့် နှလုံးသားထဲ ခုန်ပေါက်ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော့် နှလုံးသားတစ်ခုလုံးသာမက ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးပါ မမနွယ်ရီ၏ မျက်လုံးဝိုင်းဝိုင်းလေးထဲ ကျုံဝင်သွားခဲ့တယ် ဆိုတာ။ ထိုအကြောင်းတွေကို မမနွယ်ရီအား နည်းနည်းလေးမျှ မသိစေချင်ပါ။

တကယ်ဆို မိန်းကလေးတန်မဲ့ မမနွယ်ရီ ကျွန်တော့်ကို အဲ့သည်လောက် စူးစိုက်ငေးကြည့်ဖို့ မကောင်း။ အလုပ်ထဲမှာ စောစီးစွာ ဝင်ရောက်လုပ်ကိုင်ရလို့ စီနီယာဖြစ်နေပါစေ၊ အခုမှ အလုပ်စဝင်မည့် လူတစ်ယောက်ကို မျက်လုံးတွေဝိုင်းစက်သွားရလောက်အောင် ငေးစိုက်မကြည့်သင့်။ အကြည့်တစ်ချက်က ကျွန်တော့်ကို ပညာရပ်တစ်ခု သင်ကြားပေးနိုင်တယ်ဆိုတာ မမနွယ်ရီ မသိလို့များလား။



*မမနွယ်ရီရေ . . .*
*၁၈ ဆိုသောကိန်းဂဏန်းက*
*မမနွယ်ရီအတွက်*
*လုံလောက်သော*
*ချစ်ခြင်းတရားတွေ*
*မဖြစ်စေဘူးလား။*
*ချစ်ခြင်းတရားမှာ*
*ကိန်းဂဏန်းခြားနားခြင်းက*
*ဘယ်လောက်တောင်*
*အရေးပါနေသလဲ မမနွယ်ရီ။*



အခုတော့ ကျွန်တော် ဘာမှ မတတ်နိုင်။ မမနွယ်ရီ၏ မျက်လုံးဝိုင်းဝိုင်းလေးမှာ ဒယဉ်တိုက်ပါသွားသော ကျွန်တော့်အသက်ရှူသံပြင်းပြင်းတွေကို ကျွန်တော် ဘယ်လိုမှ လိုက်မကောက်နိုင်ခဲ့။ ပန်းနုရောင်သန်းနေသော နှုတ်ခမ်းပါးပါးလေးမှာ ကျွန်တော့် အိပ်မက်တွေ ဒူးထောက်ကုန်ပြီ။ မမနွယ်ရီကို လှသည်ဟု ကျွန်တော် မသတ်မှတ်ချင်ပါ။ သို့သော် မမနွယ်ရီ၏ မျက်ခုံးမွေး ထူထူမည်းမည်းလေးမှာတော့ ကျွန်တော် ခေတ္တခဏလောက် မှေးစက်အနားယူချင်ပါသည်။ ထို့ထက်ပိုပြီး အခွင့်အရေးပေးမည်ဆိုပါက မမနွယ်ရီ၏ ဖူးဖူးဖောင်းဖောင်းပါးပြင်ဝါဝါလေးထက်မှာ ကျွန်တော့်အနမ်းတွေ ထာဝရစခန်းတည်ရှင်သန်ချင်၏။

အချစ်ဆိုတာ ကိုယ်ဖန်တီးချင်တိုင်း ဖန်တီးလို့ရသည့်အရာမဟုတ်ကြောင်းတော့ ကျွန်တော် နားလည်သိရှိထားပါသည်။

တစ်ခုတော့ မမနွယ်ရီကို မကျေနပ်ပါ။ မမနွယ်ရီ၏ မျက်လုံးဝိုင်းဝိုင်းလေးက ကျွန်တော့်အတွက် ကဗျာတစ်ပုဒ်ဖြစ်သော်ငြား ထိုမျက်လုံးဝိုင်းဝိုင်းလေးမှ အရိပ်အချို့ကတော့ ကျိန်စာတစ်ပုဒ်အလား။ မမနွယ်ရီနှင့် ကျွန်တော့်အကြားမှာ ခြားနားထားသောနံရံတွေကို ကျွန်တော် အမုန်းကြီးမုန်းမိသည်။ မမနွယ်ရီရေ. . . ၁၈ ဆိုသော ကိန်းဂဏန်းက မမနွယ်ရီအတွက် လုံလောက်သော ချစ်ခြင်းတရားတွေ မဖြစ်စေဘူးလား။ ချစ်ခြင်းတရားမှာ ကိန်းဂဏန်းခြားနားခြင်းက ဘယ်လောက်တောင် အရေးပါနေသလဲ မမနွယ်ရီ။

ကျွန်တော့်ဘက်က သေချာခြင်းကိုချပြရရင် ကျွန်တော်ဆိုသောလူက Baby ဆိုသော အင်္ဂလိပ်စာလုံးကို လွန်ခဲ့သော ရှစ်နှစ်၊ ကိုးနှစ်လောက်ကတည်းက စာလုံးပေါင်းတတ်ပြီးသားသူဖြစ်ကြောင်း အဆိုပြုချင်ပါသည်။

♦

*"တနင်္ဂနွေက ကျွန်တော့်ကို*
*သတ်တယ်*
*တနင်္လာက ကျွန်တော့်ကို*
*ပြန်အသက်သွင်းတယ်*
*ခင်ဗျား သိလား. . . နွယ်ရီ*
*ခင်ဗျား မရှိတဲ့ကမ္ဘာမှာ ကျွန်တော်*
*နေနိုင်ကောင်းနေနိုင်ပေမဲ့*
*အတွေးတွေထဲမှာ ခင်ဗျားမရှိဘဲ*
*ဘယ်လိုမှ မနေနိုင်ဘူး"*
*၁၀. ၁၂. ၂၀၁၃ (အင်္ဂါနေ့)*

♦

'နွယ်ရီ'ဆိုသော နာမည်လေးတစ်လုံးကို ကျွန်တော့်ဘဝစာမျက်နှာထဲမှာ ရေးထိုးလိုက်ချိန်မှစ၍ ကျွန်တော်သည် ကျွန်တော်မဟုတ်တော့ကြောင်း ကျွန်တော့်ဘာသာ သိရှိလိုက်ရသည်။ ထိုအခိုက် ကျွန်တော်၏ စိတ်အစဉ်တစ်ခုလုံး လေဟာနယ်ထဲ လွင့်စဉ်သွားရသလိုပင်။ တစ်ဘို့တည်းသမား မဟုတ်ပေမဲ့လည်း ဦးနှောက်ထဲတွင် 'နွေလ' ဆိုသော နာမည်တစ်လုံးကလွဲပြီး အခြားသော အမည်နာမတွေကို နေရာမပေးချင်သူ ကျွန်တော်. . . အခုတော့ ဦးနှောက်က နွယ်ရီဆိုသော နာမည်လေးတစ်လုံးကို ကလေးမုန့်ပူဆာသလို ပူဆာတောင့်တနေတတ်ပြီ။ ရင်ခုန်သံတို့ ပူနွေးခဲ့ရပေါ့။

မိန်းကလေးတန်မဲ့ စကားကို အာပေါင်အာရင်းသန်သန် မပြောပါနဲ့လား မမနွယ်ရီ။ ထိုပုံစံကို ကျွန်တော် အရမ်းနှစ်သက်လို့ပါ။ ပါးစပ်ကလေး ပါးလွှာသလောက် ထိုပါးစပ်ပါးလွှာလွှာလေးထဲမှာ အဘယ့်ကြောင့် စကားလုံးတွေ အများကြီး ရှိနေရသလဲ။ နောက်ပြီး ထွက်ကျလာသော စကားလုံးတွေကလည်း ဘယ်ဆီဘယ်ဝယ်မသိ တောင်မရောက် မြောက်မရောက်။ အခြား အခြားသော မိန်းကလေးတစ်ယောက်ကသာ ထိုကဲ့သို့ လားရာမဲ့စကားလုံးတွေ ရေရွတ်လာမည်ဆိုလျှင် ကျွန်တော် နှာခေါင်းကို ပြတ်ကျလုမတတ် ရှုံ့ချပစ်လိုက်ပါမည်။ သို့သော် မမနွယ်ရီ၏စကားလုံးတွေကတော့ ဘာကြောင့်မှန်းမသိ ကျွန်တော့်ကို ပျော်ရွှင်ကြည်နူးစေတာ အမှန်ပင်။

အချစ်မှာ အကြောင်းပြချက်မရှိဘူးတဲ့။ အချစ်မှာ တကယ်ပဲ အကြောင်းပြချက် မရှိဘူးလား။ ထိုကြောင့် ဖြစ်မည်။ လူလူချင်း အတူတူတောင်မှ မမနွယ်ရီနှင့် တစ်မိုးအောက်မှာ အတူရှိနေရခြင်းကို ရင်ခုန်ပျော်ရွှင်နေမိတာ ဘာကြောင့်မှန်းမသိ။ အဖြေကား ရှာမရ။ မမနွယ်ရီအား ကျွန်တော့် ခံစားချက်တွေ ဖွင့်ဟထုတ်အန်ပြလိုက်လျှင်တော့ မမနွယ်ရီက ထိုပုစ္ဆာ၏အဖြေကို ရှာကောင်း ရှာနိုင်ပါလိမ့်မည်။ သို့သော် မမနွယ်ရီ ပုစ္ဆာကို အဖြေရှာနိုင်ဖို့ ကျွန်တော့် ရင်ခုန်သံတွေအား ပေးချက်၊ မေးချက်အဖြစ် မပေးနိုင်ပါ။

ကျွန်တော်သည် မာနကြီးသော ကောင်လေးမဟုတ်ပေမဲ့ ကိုယ့်အတွေးနှင့်ကိုယ် ကမ်ဆမ်ကွေကာသောက်တတ်သူ ဖြစ်ပါ၏။ ကျွန်တော် အလုပ်လုပ်ရာအခန်းတွင်းသို့ မမနွယ်ရီလာလျှင် ကျွန်တော် ပျော်သည်။ မမနွယ်ရီ အလုပ်လုပ်ရာ နေရာလေးသို့ ကျွန်တော် သွားရလျှင်လည်း ကျွန်တော် ပျော်ပါသည်။ သို့သော် ထိုကြည်နူးပျော်ရွှင်ခြင်းတွေအား မမနွယ်ရီ မသိစေရ။ ထိုခံစားချက်တွေ ပေါက်ဖွားလာရသည်က မမနွယ်ရီကြောင့်ဆိုတာ မမနွယ်ရီ စိုးစဉ်းမျှ မသိစေရပါ။ ငယ်ငယ်တုန်းက စာသင်ခန်းထဲမှာ တိတ်တိတ်လေးခိုးပြီးစားခဲ့ရသော မုန့်သည် သိပ်ကိုအရသာရှိလှကြောင်း မမနွယ်ရီအား တစ်နေ့တော့ ပြောပြချင်ပါသေးသည်။

ကျွန်တော့်အတွက် အချစ်ဆိုတာလည်း ထိုကဲ့သို့ ခိုးပြီးစားမှ အရသာရှိလှသော မုန့်နှင့်များ အလားသဏ္ဍာန် တူနေမလား။ မမနွယ်ရီကို တစ်နေ့လေးမှ မမြင်ရလျှင်တော့ ရင်ဘတ်ပေါ် ကျောက်ပြင်ဖိထားသလိုခံစားနေရတာ အတော်ကြာခဲ့ပြီ ဖြစ်သည်။ ထိုကြောင့် ကျွန်တော် ရုံးပိတ်ရက်တွေကို မုန်းရခြင်းလည်း ဖြစ်ပါလိမ့်သည်။ မမနွယ်ရီမပါဝင်သော ညနေခင်းသည် (ဘယ်လောက်ပင်လှလှပပ) ကျွန်တော့်အတွက်တော့ သိပ်ကိုအရုပ်ဆိုးအကျည်းတန်လှကြောင်း မမနွယ်ရီ သိလိမ့်မည် မဟုတ်ပါချေ။ မသိလို့သာ ထိုညနေခင်းထဲမှာ ကျွန်တော့်ကို တစ်ယောက်တည်း ချန်ထားပစ်ရက်ခဲ့ခြင်း မဟုတ်လား။

*"မမနွယ်ရီသည် ကျွန်တော်ခိုးခိုးဖတ်နေသော ကဗျာတစ်ပုဒ်ဖြစ်သလို ကျွန်တော်သည်လည်း မမနွယ်ရီ ခိုးခိုးကြည့်တတ်သော မှန်လေးတစ်ချပ် ဖြစ်ရပါလို၏"*

မမနွယ်ရီအား ကျွန်တော့် မျက်ဝန်းတွေထဲ ခေတ္တခဏလောက် အလည်အပတ်လာခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။ ထိုအခါ မမနွယ်ရီနှင့် အတူရှိနေရခြင်းကို ကျွန်တော် ဘယ်လောက်တောင် ဖွဲလမ်းနေမိပြီ ဖြစ်ကြောင်း ကျွန်တော့်မျက်ဝန်းတွေက မမနွယ်ရီအား ပြောပြပေးပါလိမ့်မည်။ သို့မဟုတ် မမနွယ်ရီ အိမ်ပြန်သောအခါ ညနေခင်း၏အလှကို ငေးကြည့်ရင်း မေးမြန်းကြည့်လိုက်ပါ။ ညနေခင်းက သူ၏အလှမှ ကင်းကွာလွင့်ပျံ့နေသော ကျွန်တော့် ရင်ခုန်သံနွမ်းနွမ်းတွေရှိရာ အရပ်ကို ညွှန်ပြပေးပါလိမ့်မည်။

ထိုအခိုက် မမနွယ်ရီ၏ဆလင်းဘတ်အိတ်ကလေးထဲမှ မှန်ကို ထုတ်ကြည့်လိုက်ပါ မမနွယ်ရီ။ မှန်ထဲမှာ မမနွယ်ရီ ကိုယ့်ကိုယ်ကိုယ် မြင်ရပြီဆိုလျှင် ညနေခင်းက ညွှန်ပြလိုက်သောအရပ်သည် မှန်ကန်ကြောင်း ကျွန်တော် ထောက်ခံပါသည်။

မမနွယ်ရီ သိပါစ။ ကျွန်တော် မြန်မာဘောလုံး အမျိုးသမီးအသင်းမှ ကျောနံပါတ်ခုနစ် သန်းသန်းထွေးကို မုန်းနေသည်ဆိုတာ။

ရုံးမှ အိမ်သို့ ပြန်သောအခါ မမနွယ်ရီနှင့် စီးရသည့် ကားချင်း မတူပေမဲ့လည်း ကားတစ်မှတ်တိုင်တည်း ကားရပ်စောင့်ရသည်ကို နှစ်သက်မြတ်နိုးလှပါသည်ဆိုမှ ကျွန်တော့်ညနေခင်းထဲမှာ မမနွယ်ရီ ပျောက်ချင်းမလှ ပျောက်ရှသွားခဲ့သည်။ ကျွန်တော့်မှာ အရူးတစ်ပိုင်း မဖြစ်သွားပေမဲ့လည်း ခန္ဓာကိုယ်တစ်ခြမ်း ရူးသွားချင်လောက်အောင် ဖြစ်သွားခဲ့သည်ကိုတော့ ဝန်ခံချင်ပါသည်။ ဘောလုံးပွဲက မမနွယ်ရီအတွက် အဲ့သည်လောက်တောင် အရေးကြီးနေသလား။ ကျွန်တော် ဘောလုံးအားကစားမယ် သန်းသန်းထွေးကို မုန်းမိပါသည်။ အခြားသူတွေ သန်းသန်းထွေးကို ဘယ်လောက်ချစ်ချစ် ကျွန်တော်ကတော့ သန်းသန်းထွေးကို မုန်းမိသည်။

ကျွန်တော် သန်းသန်းထွေးကို မုန်းရခြင်းမှာ မမနွယ်ရီကြောင့်ဆိုတာ မမနွယ်ရီ သိများသိခဲ့လျှင် ခနဲ့တဲ့တဲ့ပြုံးကာ ကျွန်တော့်ကို လှောင်ပြောင်ဟားတိုက်လေမလား။ ထိုနေ့က ကျွန်တော် ဘောလုံးပွဲ မကြည့်ခဲ့ပါ။ မြန်မာအသင်းကို အားပေးရမည်ဆိုတာ သိပေမဲ့လည်း ကျွန်တော် တီဗီကို တစ်ချက်လေးမျှ ဖွင့်မကြည့်ဖြစ်ခဲ့။ နောက်နေ့မှ "သန်းသန်းထွေးက ဘယ်လိုကန်ပစ်လိုက်တာ၊ စန်းစန်းမော်က ဘယ်လိုကစ်ပစ်လိုက်တာ" ဆိုပြီး အာပေါင်အာရင်းသန်သန်နှင့် ပြောလာမည့်မမနွယ်ရီ၏ အသံလေးကို စိတ်ကူးယဉ်ပြီး နားထောင်ကြည့်ရင်း အိပ်ရာဝင်ဖြစ်ခဲ့သည်။

ထိုနေ့ညက အိပ်မက်ထဲတွင် ကျွန်တော်နှင့် သန်းသန်းထွေးတို့ ဘောလုံးအကန်ပြိုင်ခဲ့ကြပါသည်။ ဒိုင်လူကြီးမှာ မမနွယ်ရီ ဖြစ်၏။

♦

*"မမနွယ်ရီ - ခင်ဗျားဟာ ကျွန်တော် ခိုးခိုးဖတ်နေရတဲ့ ကဗျာတစ်ပုဒ်ပဲ"*
*၁၄. ၁၂. ၂၀၁၁ (စနေနေ့)*

♦

"လူတစ်ယောက်ကိုတိတ်တိတ်ကလေး တစ်ဖက်သတ် ချစ်နေရတဲ့ ဒုက္ခကို နင်ခံစားဖူးလား နွေလ"

ထိုမေးခွန်းကို ကြားလိုက်ရသည့်အချိန်၊ မမနွယ်ရီ၏ မျက်ဝန်းတွေမှာ ဆွေးရိပ်မှိုင်းညို့ခြင်းတွေသာ ယှက်သန်းမနေခဲ့ဘူးဆိုလျှင် ကျွန်တော့်ရင်ထဲက လျှို့ဝှက်တေးသံကို မမနွယ်ရီကြားချင်လည်း ကြားပါစေတော့၊ ထိုမေးခွန်းအား ကျွန်တော် ပျော်ပျော်ကြီး ရဲရဲရင့်ရင့် ဖြေဆိုဖြစ်လိမ့်မည် ထင်ပါသည်။

"ခံစားဖူးတာပေါ့၊ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ လူတစ်ယောက်ကို သူမသိအောင် ခိုးချစ်နေရတာ ဒုက္ခမဟုတ်ပါဘူး၊ သုခပါမရဲ့"

သို့သော် ကျွန်တော် မဖြေဖြစ်ခဲ့ပါပေ။ ဆွေးရိပ်တွေ စွန်းထင်းနေသော မျက်လုံးဝိုင်းဝိုင်းလေးထဲက ကျွန်တော်သိချင်နေသော အဖြေကိုသာ သဲကြီးမဲကြီး လိုက်ရှာနေမိခဲ့သည်။ ထိုအခိုက် စူးနင့်ရှတမှုတို့ နှလုံးသားဆီသို့ အရှိန်ပြင်းပြင်း ထိုးစိုက်လာ၏။ မမနွယ်ရီ . . . ကျွန်တော်မသိလို့ မေးစမ်းပါရစေ။

စောစောကမေးခွန်းကို ကြည်ပြာရွှန်းလဲ့နေသော မျက်လုံးကလေးတွေနဲ့ကြည့်ပြီး မေးလို့မဖြစ်ဘူးလား။

အဘယ့်ကြောင့် မျက်ဝန်းမှာ ဆွေးငွေ့ရိပ်တွေ ခြယ်သထားရသလဲ။

ဖယ်ရှားပစ်လိုက်ပါလား မမနွယ်ရီ. . . မမနွယ်ရီ၏ မျက်လုံးဝိုင်းဝိုင်းလေးတွေက ထိုအရိပ်တွေနှင့် ဘယ်လိုမှ မလိုက်ဖက်ဘူး၊ မအပ်စပ်လှဘူးဆိုတာ မမနွယ်ရီ ဘာကြောင့် မသိရသလဲ။

အချစ်သည် သုခမှ ဒုက္ခ ဖြစ်ခဲ့ချေပြီ။

♦

*ကျွန်တော့်အတွက်တော့*
*အချစ်ဆိုတာ*
*ရင်ထဲမှာ ရင်နာနာနဲ့ ဝှက်လိုက်တဲ့*
*တေးတစ်ပုဒ်ပဲ*
*၂၃. ၁၂. ၂၀၁၁ (တနင်္လာနေ့)*

♦

တစ်ဖက်သတ်ဆိုသော စကားလုံးကို ရှင်းရှင်းပြတ်ပြတ် စာလုံးမပေါင်းတတ်သေးခင် အချိန်တုန်းက မမနွယ်ရီနှင့်ပတ်သက်ပြီး ကျွန်တော် ရူးနှမ်းစွာ ဆုတစ်ခု တောင်းခဲ့ဖူးပါသည်။


တောင်းဆိုပါ၏။ ကျေးဇူးပြုပြီး မရယ်လိုက်ပါနဲ့ မမနွယ်ရီ။ တိုးတိုးညင်းညင်း ထွက်ပေါ်နေသော ရင်ဘတ်ထဲက တေးတစ်ပုဒ်အက်ကွဲကာ ဆူညံဟိန်းထွက်လာမှာ စိုးလို့ပါ။

ဆုတောင်းမှာ ဤသို့ ဖြစ်၏။

"မမနွယ်ရီသည် ကျွန်တော် ခိုးခိုးဖတ်နေသော ကဗျာတစ်ပုဒ်ဖြစ်သလို ကျွန်တော်သည်လည်း မမနွယ်ရီ ခိုးခိုးကြည့်တတ်သော မှန်လေးတစ်ချပ် ဖြစ်ရပါလို၏"

သို့သော် မမနွယ်ရီ ခိုးခိုးကြည့်တတ်သောမှန်တစ်ချပ်မှာ ကျွန်တော် မဟုတ်ကြောင်း သိရှိနားလည်လိုက် ရသည့်အခါမှာတော့ ကျွန်တော် တစ်ဖက်သတ်ဆိုသော စကားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ စာလုံးပေါင်း တတ်သွားပြီဖြစ်ကြောင်း. . .

နွေလ



# ပိုက်ဆွေး ပွတ်သဘင်

ဝတ္ထုတိုရသ

ကျွန်တော်မွေးတော့ ဝန်ကြီးချုပ် ဦးနု အစိုးရလက်ထက်။ ကျွန်တော် ၁၀ နှစ်သားလောက်ရောက်မှ စစ်အစိုးရတက်လာတာ။ အသက်ကြီးလာလို့ စာတွေဖတ်ဖြစ်တော့မှ ကျွန်တော့်အသက်ရဲ့ ပထမဆုံးအဲဒီ ၁၀ နှစ်ကို ဖဆပလခေတ်လို့ ခေါ်တယ်ဆိုပဲ။

ကျွန်တော်က အဲဒီခေတ်ကို ကလေးဘဝနဲ့မီခဲ့တာပါ။ လူကြီးတွေကတော့ ခေတ်ကောင်းပဲလို့ ပြောတတ်ကြတယ်။ "အဲဒီခေတ်မျိုး ပြန်မရတော့ပါဘူးကွာ" လို့ ပြောကြတယ်။

ငယ်ငယ်တုန်းက ပျော်ပျော်နေခဲ့ပုံရတဲ့ လူကြီးတချို့ကတော့ အရမ်းလွတ်လပ်တာကွလို့ ပြောသေးတယ်။ "အားလုံးထဲမှာ ပွတ်သဘင်တက်ရတာကို အလွမ်းဆုံးပဲ" ဆိုပါလား။ ပြောပြနေတဲ့ ဘကြီးက အသက် ၈၀ လောက်ရှိပြီ။

သူပြောတာ မျက်စိထဲ ပုံဖော်ကြည့်လို့မရတဲ့ ကျွန်တော်က "ပွတ်သဘင်ဆိုတာ . . . ဟို . . ကျွန်တော်တို့ ကိုးမီးထောင့် ကစားသလို . . . ဖဲချပ်လေးတွေရဲ့ ထောင့်ဂဏန်းကို ပွတ်ကြည့်ရတာမျိုးလား"

"မဟုတ်တာကွာ မိန်းမနဲ့ ယောကျ်ားဒန့်စ်ကတာကို ပြောတာကွ၊ သူ့ရင်ဘတ်လေးတစ်ခြမ်းနဲ့ ကိုယ့်ရင်ဘတ်လေးတစ်ခြမ်း၊ သူ့ဗိုက်လေးနဲ့ ကိုယ့်ဗိုက်လေး ရှပ်ခနဲဖျတ်ခနဲ ပွတ်ပွတ်ပြီး ကရတာကို ပြောတာဟ"

အဘိုးကြီးရဲ့ မျက်နှာကို ကြည့်လိုက်တော့ ခုပဲကပွဲထဲ တကယ်ပြန်ရောက်နေသလိုလို. . . လွမ်းရိပ်တွေကို သန်းလို့။

ရှိစေတော့ ကိုယ်မမီလိုက်တော့ အားမကျပါဘူး။ ဒါပေမဲ့ ခုတော့ ကျွန်တော်တို့လည်းအသွင်တစ်မျိုးနဲ့ ပွတ်ကြတဲ့ ပွတ်သဘင်ခေတ်ထဲပြန်ရောက်နေပြန်ပါရောလား။

◆

"ဖျို့. . . ဆရာကြီး. . . ဒီမှာ"

ပထမ တစ်ခွန်းမှ မကြားတော့ အသံမြှင့်ပြီး ထပ်ခေါ်မှပဲ ဆိုက်ကားဆရာက မော့ကြည့်တယ်။

သွားမယ့်နေရာပြောရင်း တက်ထိုင်ပြီး ထွက်လာခဲ့ကြတယ်။ ခက်တာက ဟဲန်ဒယ်ကို လက်တစ်ဖက်တည်းနဲ့ ကိုင်ထားပြီး နင်းလာပါရောလား . . . ဘုရား. . . ဘုရား။ ကျွန်တဲ့ လက်တစ်ဖက်က သူ့ဟာလေးကို ပွတ်နေတာကိုး။ မီးပွိုင့်မှာ မီးနီမိပြန်တော့ အကြိုက်ပေါ့၊ ပွတ်စမ်း။

မီးပွိုင့်စိမ်းသွားတာလည်း ဒင်းမသိ၊ နောက်ကားက ဟွန်းတီးမှပဲ ကမန်းကတန်း ဆက်နင်းတယ်။ မပြောချင်လည်း မရတော့။

“ဒီမှာ. . . ကိုယ့်ဆရာ. . . ခင်ဗျားဟာကို ဂိတ်ပြန်ရောက်မှ ဆက်ပွတ်ပါလား။ နောက်ကား ဝင်ဆောင့်ရင် ခင်ဗျားရော ကျုပ်ရော ကြွမှာ”

“မဟုတ်ပါဘူး ဆရာရယ်. . . ဒါလေးကိုင်နိုင်တာ တစ်ရက်နှစ်ရက်ပဲ ရှိသေးလို့ သုံးတတ်အောင်လို့ သင်ပွတ်လေး ပွတ်နေတာပါ”

သင်ပွတ် ဆိုပါလား၊ ဝေါဟာရအသစ်လေးပဲ၊ မှတ်ထားဦးမှ။ ဒီလိုနဲ့ သူ့ဆိုက်ကားပေါ်က ဆင်းလိုက်မှပဲ ငါမသေဘဲ လွတ်လာပြန်ပြီလို့ သက်ပြင်းချနိုင်တော့တယ်။ ဆိုက်ဂျဲရိုး ပွတ်သဘင်ပေါ့။

♦

ကျွန်တော်တို့လမ်းထိပ်မှာ ‘ကွင်းကျောင်းစာသင်တိုက်’ ဆိုတဲ့ ဘုန်းကြီးကျောင်းရှိတယ်။ ကျောင်းဝင်းထဲ ထောင့်တစ်နေရာမှာ စေတီလေးတစ်ဆူရှိတယ်။ ညညဆို ဘုရားသွားရှိခိုး၊ ပုတီးသွားစိပ် ဆိုတာမျိုး လုပ်လို့ကောင်းတယ်။ တိတ်ဆိတ်နေတာပဲ။ ကျွန်တော့်အိမ်ကနေ လျှောက်သွားရင် ငါးမိနစ်သာသာရယ်. . နီးနီးလေး။ (ကိုဟိန်းလတ် လူပျိုတုန်းက နေခဲ့တဲ့ အိမ်နဲ့ဆို ပိုတောင်နီးသေးတယ်။ သူရောက်မရောက်သာ မသိတာ . . . )။

ကျွန်တော်အခု သွားနေတာကတော့ အတော်လေး ခင်တဲ့ ဦးဇင်းလေးတစ်ပါးဆီက တရားစာအုပ်တွေ ငှားဖတ်ထားတာပြန်ပေးပြီး အသစ်ထပ်ငှားမလို့ပါ။ အဲဒီတိုက်အုပ်ကိုယ်တော်လေးတစ်ပါးတည်းနေတဲ့ အခန်းဝရောက်တော့ တံခါးပွင့်နေတာနဲ့ အသံမပြုတော့ဘဲ ဝင်မယ်အလုပ်မှာ. . . ။ ဦးဇင်းလေးက သူ့ခုတင်ပေါ်မှာ ကျွန်တော့်ဘက် ကျောပေးပြီး ထိုင်နေတာ တွေ့လိုက်ရတယ်။ ပုတီးစိပ်နေတာထင်ပါရဲ့လေဆိုပြီး စာအုပ်တွေ အနားရှိတဲ့စားပွဲပေါ်အသာ တင်ထားခဲ့မယ်လို့တောင် စိတ်ကူးမိလိုက်သေးတယ်။ ဒါပေမဲ့ အသံချိုးချိုးချွတ်ချွတ် ကြားသွားတယ်ထင်ပါရဲ့။ ဦးဇင်းက လှည့်ကြည့်တယ်။

“သြော် . . . ဒကာကြီး. . . ၊ ဖတ်ပြီးသားတွေ ပြန်လာပေးတာလား။ ထားခဲ့ထားခဲ့။ အဲဟို အပုံထဲက ဒကာကြီး မဖတ်ရသေးတဲ့ဟာ ရွေးယူသွားလေ”

အမိန့်ရှိပြီး လုပ်လက်စ အလုပ်ဆက်လုပ်နေတယ်။ ကျွန်တော့်ကို ကျောပေးလျက်တော့ မဟုတ်တော့ဘူးပေါ့။ ဒါနဲ့ မဖတ်ရသေးတဲ့ တရားစာအုပ် ၂ အုပ်ယူပြီး ဦးချပြီးပြန်မယ်အလုပ်မှာ ဦးဇင်းက . . .




**“မဟုတ်တာတွေ မိန်းမနဲ့ယောကျ်ား ဖန်စ်တတာကို ပြောတာတွေ၊ သူ့ရင်ဘတ်လေးတစ်ခြမ်းနဲ့ ကိုယ့်ရင်ဘတ်လေးတစ်ခြမ်း၊ သူ့ဗိုက်လေးနဲ့ ကိုယ့်ဗိုက်လေး ရှပ်ခနဲ ဖျတ်ခနဲ ပွတ်ပွတ်ပြီး ထရတာကို ပြောတာဟ”**

**“ဒီမှာ...ထိုယ့်ဆရာ... ခဝ်ဗျားတာကို ဝိတ်ပြန်ရောတ်မှ ဆတ်ပွတ်ပါလား။ နောတ်ထား ဝဝ်ဆောဝ့်ရဝ် ခဝ်ဗျားရော ကျပ်ရော တြွမှာ”**




“ဒကာကြီး ဒီမှာလေ ဦးဇင်းလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကနေ ဖုန်းကတ်မဲပေါက်တယ်။ ဟန်းဆက်ဖိုးမရှိလို့ အကြံရကျပ်နေတုန်း ဒကာတစ်ယောက်က ဝယ်လှူတာနဲ့ ဟန်ကျသွားတယ်ဗျို့ ဆမ်ဆောင်း အက်စ်တူး. . . ဆိုပဲ။ တစ်သိန်းနှစ်သောင်းတောင် ပေးရတယ်တဲ့။ ဒကာကြီးတို့ကတော့စျေးပိုသိမှာပါ။ ပါတာတွေကတော့စုံနေတာပဲ၊ ဦးဇင်းလည်း ဖုန်းဆက်ရုံကလွဲပြီး ကျန်တာတွေ မသိသေးတော့ သိအောင်ကပ္ပိ. . . အဲ. . . ပွတ်ကြည့်နေရတာ ခေါင်းကိုမူးမတတ်ပဲဗျို့”

ဒါနဲ့ပဲ ကိုယ်တတ်သမျှလေး နည်းနည်းပါးပါး ပြပေးခဲ့ရသေးသပေါ့။ ဒါကတော့ ဘုန်းဘုန်းရဲ့ ပွတ်သဘင်။

♦

ကျွန်တော့်အသက် ၆၀ ပြည့်တဲ့နေ့မှာ အရက်ကိုတိခနဲဖြတ်ပစ်လိုက်တယ်။ နဂိုကလည်း မက်မက်စက်စက်ကြီးသောက်ခဲ့တာ မဟုတ်တော့ ဘာဝေဒနာမှလည်း မခံစားရပါဘူး။ လက်လည်းမတုန် ခြေလည်းမတုန် ဘာမှလည်းမတုန်ဆိုတာမျိုးပေါ့။ ရလိုက်တဲ့ အကျိုးကျေးဇူးတွေကတော့ မနည်းပါလား။ ကျန်းမာရေး ပိုကောင်းလာတယ်။ မျက်နှာမဖောတော့ဘူး။အထင်သေးကြည့်တွေ အကြည့်မခံရတော့ဘူး၊ စာရေးစာဖတ်လုပ်ဖို့ အချိန်ပို ရလာတယ်၊ ငွေပိုငွေလျှံလည်း ထွက်တန်သရွေ့ ထွက်လာတယ်။ ထွက်လာတော့ ဒါနဘက် ပိုလုပ်နိုင်တာပေါ့။

၆ လတစ်ခါလောက် အိမ်မှာ အရက်ဆွမ်းကျွေးဖြစ်တယ်။ တစ်ကြိမ်လုပ်ရင် သုံးအရက်ဆက်တိုက်ကပ်တယ်။ အနားအပါးက ဘုန်းကြီးကျောင်းသုံးကျောင်းကို တစ်မနက်တစ်ကျောင်း၊ တစ်ကျောင်းကနေ ဘုန်းဘုန်းသုံးပါးပင့်တယ်။ လူပုဂ္ဂိုလ်တွေတော့ မပါဘူး။ အခန်းနားနီးမိတ်ဆွေတွေကို မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ ချိုင့်နဲ့ဝေ ဒါမျိုးလေးပါပဲ။

စဉ်းစားတတ်တဲ့ ဦးနှောက်ကြောင့် ထင်ပါရဲ့၊ ဘာလုပ်လုပ်. . . ကောင်းတာလုပ်လုပ် မကောင်းတာလုပ်လုပ် တွေးလို့ရသမျှတော့ တွေးနေမိတာပဲ။ သာသနာ့ဘောင်ဝင်ကြတဲ့အထဲမယ် . . . ဘုန်းကြီးနဲ့ သီလရှင်ဆိုပြီး နှစ်စားရှိတဲ့ နေရာမှာ ဘယ်သူက ပိုပင်ပန်းလဲလို့ တွေးမိတယ်။ ချက်ချင်းပဲအဖြေရပါတယ်။ သီလရှင်ဆရာကြီးတွေက ပိုပင်ပန်းတာပေါ့။

ကြည့်လေ. . . ဘုန်းကြီးတွေက ဆွမ်းခံထွက်ရင်. . . ထမင်းဆိုလည်း ချက်ပြီးသား ဟင်းဆိုလည်း ချက်ပြီးသား လောင်းကြတာ မဟုတ်လား။ ဟော. . ဆရာလေးတွေကျတော့ ဆန်ပဲရတာ၊ ပိုက်ဆံပဲရတာ။ ဒီတော့. . . ခမျာတွေမှာ ကျောင်းရောက်ရင် ထမင်းအိုး တည်ရတယ်။ ကျောင်းအပြန်မှာ ဟင်းစားဘာညာ ဈေးဝယ်သွားရတယ်။ ဟင်းဖြစ်အောင် ချက်ရသေးတယ်။ မီးဖိုချောင်ကိစ္စမှာ လူ့ဘဝတုန်းကနဲ့ သိပ်မကွာလှပါလား။

ပြောချင်တာက အဲသလိုမျိုး မတွေးမိခင်က ကျွန်တော်ဟာ ဘုန်းကြီးတွေကိုပဲ အလှူများခဲ့တယ်။ သီလရှင်တွေကို မလှူဖြစ်သလောက်ပါပဲ။ ခုတော့ သတိထားပြီး ဂရုတစိုက်ကိုလှူဖြစ်နေပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ “ဒါနဆန်များရှင်” ဆိုတဲ့ အသံကြားလို့ ဆန်နို့ဆီဘူး သုံးလုံးလောက်ကို ကြွပ်ကြွပ်အိတ်ထဲ ထည့်နေတာက ပထမထပ်မို့ မြေညီကိုပြေးဆင်းပြီး လောင်းမယ်လည်း လုပ်ရော. . .

သီလရှင်လေးငါးခြောက်ပါးလောက် လှည့်လာတာတွေ့ရပါတယ်။ ကိုယ်လောင်းရတဲ့ ရှေ့ဆုံးက ဆရာလေးက ဘယ်ဘက်လက်က ခေါင်းပေါ်ရွက်ထားတဲ့ ဆွမ်းဆန်ခံမယ့် ဇန်းလေးကို ကိုင်ထား၊ ပါးစပ်က “ဒါနဆန်. . ” ရွတ်နေပေမဲ့ ညာဘက်လက်ကတော့ လက်မလေး တယမ်းယမ်းနဲ့ ပွတ်နေတာပါပဲလား။ စိတ်မကွက်ပါဘူး၊ ဒါနမြောက်အောင် လောင်းဖြစ်အောင် လောင်းလိုက်ပါတယ်။ စိတ်ထဲကသာ . . . ဩော်. . . ဒါကတော့ ဆရာလေးတို့ရဲ့ ပွတ်သဘင်ပေါ့ရယ်လို့ပဲ . . . ။

♦

လူတွေ တစ်ဦးနဲ့တစ်ဦး ဟိုတုန်းကထက် ပိုစိမ်းလာကြတယ်ဗျ။ ကျွန်တော်တို့ငယ်ငယ်က လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်း လေးငါးဦးထိုင်ရင် လက်ပံပင်ဆက်ရက်ကျသလို စကားကို လုပြောနေကြတာ။ ခုတော့ လက်ဖက်ရည်ဆိုင်မှာ ချာတိတ်လေးယောက်လောက်၊ အတူတူသာ ထိုင်နေတယ်၊ လေမပန်းသလောက်ပဲ။ ကိုယ့်ပစ္စည်းလေးတွေ ကိုယ်ပွတ်နေကြတာကိုး။

ဘတ်စ်ကား ခြေနင်းခုံပေါ်မှာ တစ်ချိန်လုံးရပ်လိုက်နေတဲ့ အကူစပယ်ယာလေးတွေလည်း ပါးစပ်ကသာ လူခေါ်နေတာ မှတ်တိုင်နာမည်တွေ ရွတ်နေတာ၊ အတော်များများကတော့ ကိုယ့်ဟာကိုယ်ပွတ်နေတာ မကြာမကြာ မြင်ရပါတယ်။


ရုံးတွေဘာတွေထဲ ရောက်သွားလည်း အလုပ်ကလေးနည်းနည်းပါးတာနဲ့၊ နည်းနည်းပွတ်နေကြတာပဲ။ လက်မလည်အောင် ဖျော်မနေရတဲ့ လက်ဖက်ရည်အဖျော်ဆရာတွေလည်း ပွတ်နေကြတာပဲ။

တစ်ခါက သူ့အဖေသူ့အမေမအားတာနဲ့ မြေးလေးကို မူကြိုသွားကြိုပေးရတယ်။ တိတ်လှချည်ရဲ့လို့ မှတ်ပါတယ်။ ကလေးတွေကို ပန်းချီဆွဲခိုင်းထားပြီး မူကြိုဆရာမလေးက ပွတ်နေတာကိုး။

ရေးပြရ. . . ဆုံးမှာမဟုတ်ပါဘူး။ စာဖတ်သူရဲ့ ကိုယ်တွေ့နဲ့ပေါင်းစပ် ဖြည့်တွက်ပြီးတော့သာ စဉ်းစားကြည့်လိုက်ပါတော့။ တစ်ခါက ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတာများ အံ့အားတောင်နည်းနည်းသင့်သွားမိတယ်။ လွှတ်တော်ထဲက တချို့တောင် ပွတ်နေကြသေးဆိုပဲ။

အမယ် . . . ဗျို့အယ်ဒီတာ၊ ပြောနေတဲ့ကြားထဲက . . . ၊ ကျွန်တော့်ဒီစာမူလေးကို ဆုံးအောင်ဖတ်ပေးလေဗျာ။ ဘယ်လောက်မှလည်း မရှည်ပါဘူး၊ မကြာပါဘူး။ ခင်ဗျားလက်ထဲက. . . အက်ပဲလ်လား၊ ဆမ်ဆောင်းလား၊ ဟွာဝေးလား၊ ဘာပဲဖြစ်ဖြစ် ခဏချထားလိုက်ပါဦး ဆရာရယ်။ စာမူကို ဆုံးအောင်ဖတ်ပြီးမှ ထည့်မထည့် ဆုံးဖြတ်ပြီးမှ ဆက်ပွတ်ပါလားဗျာ။

**ပိုက်ထွေး**



## အာရှပစိဖိတ်ဒေသ၏

# ရေလုံခြုံမှုအခြေအနေ

ကျော်ဦး

လုံခြုံရေးကို လူတိုင်းလိုလားကြသည်။ မိမိတို့ နေထိုင်သော မြို့ရွာလုံခြုံမှု အပူအပင်မရှိ သွားလာနေထိုင်နိုင်မည်။ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ မရှိသောနေရာကို လုံခြုံသည်ဟု ဆိုကြသကဲ့သို့ မိသားစုဝင်များတွင် သင့်တင့်လုံလောက်သောဝင်ငွေရှိ၍ စားဝတ်နေရေးအတွက် ပူစရာမလိုတော့သည်ကိုပင် ဘဝလုံခြုံသည်ဟု ဆိုကြသည်။

ရေသည် လူတို့အသက်ရှင်ရေးအတွက် အခြေခံပဓာနလိုအပ်ချက်ဖြစ်သကဲ့သို့ ရေသန့်ရှင်းမှုမရှိလျှင် အသက်ဆုံးသည်အထိတွေ့ကြုံနေရရာ သန့်ရှင်းသောရေကိုလုံလောက်စွာရမရဆိုသောအချက် သို့မဟုတ် ‘ရေလုံခြုံမှု’သည် လူ့ဘဝအတွက် လွန်စွာအရေးပါလှသည်။

ရေလုံခြုံမှု (water security) ဆိုသည်မှာ လူအစုအဖွဲ့တစ်ခု၏ ရှင်သန်နေထိုင်ရေး၊ ပီပြင်ကောင်းမွန်သောဘဝနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုတို့ ရေရှည်တည်တံ့စေရန် လိုအပ်သည့် လုံလောက်သော ရေပမာဏကို လက်ခံနိုင်လောက်သည့် အရည်အသွေးဖြင့် ရေရှည်လက်လှမ်းမီ ရယူနိုင်စွမ်းကို ခေါ်သည်။ ထို့ပြင် ရေညစ်ညမ်းမှုနှင့် ရေကြောင့်ဖြစ်သော ဘေးဒုက္ခများမှကင်းဝေးပြီး ငြိမ်းချမ်း၍ နိုင်ငံရေးတည်ငြိမ်စွာဖြင့် ဂေဟစနစ်များကို ထိန်းသိမ်းနိုင်စွမ်းလည်းရှိမှ ရေလုံခြုံသည်ဟု ခေါ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာရှပစိဖိတ်ရေဖိုရမ်တို့၏ ပူးတွဲလေ့လာချက်တစ်ရပ်က အာရှပစိဖိတ်ဒေသရှိ နိုင်ငံများ၏ ၇၅ ရာခိုင်နှုန်းသည် ရေအခက်အခဲနှင့် ကြုံနေရသည် သို့မဟုတ် ရေလုံခြုံရေးတွင် ပြဿနာအနည်းနှင့်အများ




လက်ရှိ ရေဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မမီတော့သည့် မူဝါဒနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းနေ ပြည်သူတို့အတွက် ရေလုံခြုံမှုကို ဖန်တီးပေးရန် ပျက်ကွက်ခဲ့ကြသည်။ ယခု လေ့လာချက်သည် ရေကိုပို၍ အကျိုးရှိစွာအသုံးချနိုင်မှု၏ အရေးကြီးပုံ၊ ရေဆိုးများကို ပြန်လည်သန့်စင် အသုံးပြုဖို့ လိုအပ်ပုံတို့ကို မီးမောင်းထိုးပြလိုက်သည်။

ရှိနေကြသည်ဟု ဆိုသည်။ ယင်းတို့ထဲမှ နိုင်ငံအများအပြားသည် ရေသယံဇာတစီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်အောင် ချက်ချင်းမလုပ်နိုင်ပါက ကြီးမားသောရေပြဿနာနှင့် ကြုံတွေ့ရဖို့ ရှိနေသည်။ လူဦးရေနှင့်ပြောပါက အာရှတိုက်သား ၆၅ ရာခိုင်နှုန်းသည် စိတ်ချရသောရေကို လုံလောက်သောပမာဏဖြင့် အိမ်တိုင်ရာ ရောက် သွယ်ယူခြင်း မပြုနိုင်သေးချေ။

အာရှပစိဖိတ်ဒေသသည် ကမ္ဘာတွင် စီးပွားရေးအင်အားကြီးတစ်ရပ် ဖြစ်လာနေသော်လည်း ယင်းဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ရေရရှိရေးအခြေအနေသည် စိတ်ချရသော အခြေအနေ၌ မရှိချေ။ ဖွံ့ဖြိုးတိုးတက်လာသော ဒေသတစ်ခုသည် လူများသောက်သုံးရန်နှင့် အစားအစာ စိုက်ပျိုးထုတ်လုပ်ရန် ရေကိုပို၍ လိုလာသဖြင့် ရေလုံလောက်စွာမရလျှင် ရှေ့ဆက်၍ ဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားဖြစ်လာသည်။ ယင်းနိုင်ငံများ၏ ရေဘက်ဆိုင်ရာဌာနတို့၌ စွမ်းရည်ထက်မြက်သော ဦးဆောင်သူနှင့် တီထွင် နိုင်စွမ်းရှိသော မူဝါဒချမှတ်သူတို့ကို လိုအပ်နေသည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာရှပစိဖိတ်ရေဖိုရမ်တို့က ပူးတွဲပြုစုသော '၂၀၁၃ ခုနှစ်အတွက် အာရှရေဖွံ့ဖြိုးရေး အခြေအနေအစီရင်ခံစာ' သည် ဒေသတွင်းနိုင်ငံတစ်ခုချင်းစီ၏ ရေလုံခြုံမှုကို အလုံးစုံခြုံငုံစိစစ်သုံးသပ်သည့် ပထမဆုံးအစီရင်ခံစာ ဖြစ်သည်။ ယင်းတွင်အိမ်တွင်းသုံးရေ အခြေအနေမှအစပြုကာ ရေနှင့် ပတ်သက်ဆက်စပ်၍ ဖြစ်ပေါ်သော ဘေးဒုက္ခများအထိ ပါဝင်သည်။ သုံးသပ်စိစစ်သော ၄၉ နိုင်ငံတွင်ဖြစ်ပေါ်နေသော ရေအခြေအနေ၏ အညွှန်းကိန်းများ၊ တိုင်းတာရေးစံများကိုလည်း ထည့်သွင်းထားသည်။

ရေလုံခြုံမှုကို တိုင်းတာရာ၌ ရေလုံခြုံမှုအညွှန်းကိန်းကို သုံးသည်။ ရေအရင်းအမြစ်စီမံခန့်ခွဲမှုတွင် စံပြုလောက်သောနိုင်ငံကို ရေလုံခြုံမှု အညွှန်းကိန်းအဆင့် ၅ ဟုသတ်မှတ်ပြီး ရေရရှိရေး ခက်ခဲလွန်းသော နိုင်ငံကို အဆင့် ၁ ဟု သတ်မှတ်သည်။ အာရှပစိဖိတ်ဒေသတွင်းရှိ မည်သည့် နိုင်ငံမျှ ရေလုံခြုံမှု အညွှန်းကိန်းအဆင့် ၅ ကို မရချေ။ စီးပွားရေးနှင့် လူမှုဘဝတိုးတက်သည်ဟုယူဆကြသော စင်ကာပူသည်ပင် အဆင့် ၃ သာ ရသည်။

ရေလုံခြုံမှုအညွှန်းကိန်းအဆင့် ၁ သာရရှိ၍ ရေလုံခြုံမှုအလွန်နည်းသော နိုင်ငံများတွင် ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့ ပါသည်။ တရုတ်၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘူတန်၊ အင်ဒိုနီးရှား၊ နီပေါ၊ ဖိလစ်ပိုင်နှင့် သီရိလင်္ကာတို့သည် အဆင့် ၂ တွင် ရှိသည်။ ရေလုံခြုံမှုရှိရေး အားထုတ်ရာတွင်





မလုံလောက်သေးဟုသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ဩစတြေးလျနှင့် နယူးဇီလန်တို့သည် အဆင့် ၄ တွင်ရှိကြောင်းသိရသည်။

လေ့လာချက်အရ ဒေသတွင်း ၃၇ နိုင်ငံတွင် ရေဘက်ဆိုင်ရာ လုံခြုံမှုအဆင့်နိမ့်နေသည်၊ သို့မဟုတ် ရေလုံလောက်စွာရရှိရေးအတွက် လိုအပ်သောလုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်လာအောင် အကောင်အထည်ဖော်ရာ၌ စလုံးရေစအဆင့်တွင်သာ ရှိသေးသည်။ ၁၂ နိုင်ငံတို့တွင် ရေ လုံခြုံရေးအတွက် အခြေခံအဆောက်အအုံနှင့် စီမံခန့်ခွဲမှုများကို ထူထောင်တည်ဆောက်ထားနိုင်သည်ကိုတွေ့ရသော်လည်း ဒေသတွင်း မည်သည့်နိုင်ငံတွင်မျှ အဆင့်မြင့် ရေလုံခြုံမှုစနစ်ကို တည်ထောင်ထားခြင်း မရှိသေးချေ။

တောင်အာရှ၊ ဗဟိုအာရှနှင့် အနောက်ပိုင်းအာရှဒေသတို့၏ ရေအခြေအနေသည် အဆိုးဆုံးဖြစ်နေသည်။ ယင်းဒေသများရှိ မြစ်များတွင် ရေစီးအလွန် လျော့နည်းလာလျက်ရှိသည်။ ထင်ရှားသော ဥပမာကိုပြရလျှင် ဆီးရီးယား၊ ဂျော်ဒန်နှင့် အစ္စရေးနိုင်ငံတို့ မျှဝေသုံးစွဲနေကြရသော ဂျော်ဒန်မြစ်ရေသည် တစ်ချိန်ထက်တစ်ချိန် ပို၍ခန်းခြောက်လာနေသည်။

ပစိဖိတ်သမုဒ္ဒရာထဲရှိ ကျွန်းနိုင်ငံများတွင် ပိုက်ဖြင့်သွယ်တန်းထားသော ရေကို ရရှိသုံးစွဲနိုင်မှုနည်းပါးနေသည်။ သန့်ရှင်းမှုအခြေအနေသည်လည်း အားရစရာမရှိ သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါ ရေရရှိရေးနှင့် သန့်ရှင်းမှုအခြေအနေသည် များစွာဆိုးရွားနိုင်သည့် အလားအလာရှိနေသည်။

ယင်းဒေသများနှင့်စာလျှင် အာရှအရှေ့ပိုင်းနိုင်ငံများ၏ အခြေအနေမှာ မဆိုးလှဟု ဆိုနိုင်သည်။ ယင်းနိုင်ငံများတွင် မုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်သော်လည်း ကာကွယ်ရေးအဆောက်အအုံများကို စနစ်တကျတည်ဆောက်



တပ်ဆင်ထားသဖြင့် ပျက်စီးဆုံးရှုံးမှု မလွန်ကဲလှချေ။ သို့သော် မြို့ပြများတွင် ရေလုံလောက်မှုအခြေအနေမှာ ညံ့ဖျင်းဆဲ ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာရှပစိဖိတ်ရေဖိုရမ်တို့၏ လေ့လာချက်က လက်တွေ့ဖြစ်ပေါ်နေသည့် အချက်နှစ်ချက်ကို မီးမောင်းထိုးပြသည်။ ရေပေးရေးနှင့် သန့်ရှင်းမှုနယ်ပယ်တွင် မညီမျှမှု ကြီးထွားလာနေခြင်းနှင့် မြစ်များ၏ ထိလွယ်ရှလွယ်သော အခြေအနေတို့ ဖြစ်ကြသည်။ ယင်းအချက်များက တိုးတက်လာသော လူဦးရေ၊ ချဲ့ကားလာသော မြို့ပြများ၊ မြေအောက်ရေ အလွန်အကျွံ ထုတ်သုံးနေမှု၊ ပြောင်းလဲလာနေသောရာသီဥတုတို့နှင့် ကိုက်ညီအောင် ရေရရှိမှု အခြေအနေကို ပြုပြင်ကောင်းမွန်အောင် လုပ်ရန်လိုကြောင်း သတိပေးနေသည်။

ရေသည် လူ့ကျန်းမာရေးနှင့် နေထိုင်မှုတို့ကို အထောက်အကူ ပေးသည်။ သီးနှံများကို ရေရှိမှ စိုက်နိုင်သည်။ စက်မှုလုပ်ငန်းများအတွက် စွမ်းအင်ထုတ်လုပ်ရာတွင်ပင် ရေကဝင်ပါရသည်။ စက်များကို ရေဖြင့်အအေးခံရသည်။ ရေ၏အမျိုးမျိုးသော အသုံးဝင်ပုံများသည် တစ်ခုနှင့်တစ်ခု ခွဲထုတ်၍ မရစကောင်းပေ။ ဆက်နွှယ်ယှက်လိမ်နေသည်။ တစ်ခုနှင့်တစ်ခုအပြိုင်အဆိုင်ဖြစ်နေသော ယင်းအချက်များ ဟန်ချက်ညီညီ ဖြစ်ထွန်းမနေလျှင် ရေလုံလောက်စွာရရှိမှုသည် အလှမ်းရခက်သော ပန်းတိုင်တစ်ခုအဖြစ် ရှိနေမည်ဖြစ်ပြီး ဒေသတွင်းနေထိုင်သူ သန်းထောင်ပေါင်းများစွာသောလူတို့၏ ဘဝအရည်အသွေး တိုးတက်မှုကို အဟန့်အတား ဖြစ်နေစေလိမ့်မည်။


လက်ရှိ ရေဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မမီတော့သည့်မူဝါဒနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းနေ ပြည်သူတို့အတွက် ရေလုံခြုံမှုကို ဖန်တီးပေးရန် ပျက်ကွက်ခဲ့ကြသည်။ ယခုလေ့လာချက်သည် ရေကိုပို၍ အကျိုးရှိစွာအသုံးချနိုင်မှု၏ အရေးကြီးပုံ၊ ရေဆိုးများကို ပြန်လည်သန့်စင် အသုံးပြုဖို့ လိုအပ်ပုံတို့ကို မီးမောင်းထိုးပြလိုက်သည်။

ခန့်မှန်းတွက်ချက်မှုအရ အာရှပစိဖိတ်ဒေသသည် ရေရရှိရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၉ ဘီလျံနှင့် သန့်ရှင်းရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလျံလိုအပ်သည်။ သာမန်ကြည့်လျှင် ငွေပမာဏများလွန်းသည်ဟု ထင်ရန်ရှိသည်။ သို့သော် စိတ်ချရပြီး လုံလောက်သောရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းများကို အကောင်အထည်ဖော်ထားရှိခြင်းကြောင့် ဖျားနာရောဂါရမှုများ လျော့နည်းကာ ယင်းတို့ကို ကုသစရိတ်သက်သာခြင်း၊ ရောဂါကင်းသဖြင့် ကုန်ထုတ်ရာတွင် အာရုံစိုက်အချိန်ပေးနိုင်ခြင်း၊ ရေရှာနေရသောအချိန်အစား စီးပွားတိုးတက်အောင် လုပ်ဆောင်နိုင်ခြင်းစသည်တို့ကြောင့် ပြန်လည်ရရှိသော အကျိုးအမြတ်မှာ များလှသည်။ ရေနှင့်သန့်ရှင်းမှု လုပ်ငန်းများတွင် ၁ ဒေါ်လာ ရင်းနှီးမြှုပ်နှံခြင်းကြောင့် ပြန်ရသော အကျိုးအမြတ်ကို ငွေကြေးနှင့်တွက်လျှင် ၅ ဒေါ်လာမှ ၄၆ ဒေါ်လာကြားတွင် ရှိသည်။

ကျော်ဦး

# သို့ မမရတီ Q & A

အချစ်ရေး/ကျန်းမာရေး/လူမှုရေး/အနုပညာ







သို့

မမရတီ ခုမှပဲစာရေးဖြစ်ပေမဲ့ အမြဲသတိရနေပါတယ်။ မိုးစက်ဝိုင်ပုံနဲ့ ရတီစာအုပ်ကို ဆိုင်မှာတွေ့တော့ ဝမ်းသာအားရ ဝယ်ဖတ်မိတယ်မမရတီ။ မဂ္ဂဇင်းစာအုပ်တွေ မထွက်တော့ဘူးလားတောင်ထင်ရအောင် ကျွန်တော်တို့ဘက် စာအုပ်မှရောက်မလာတာကြာခဲ့ပါပြီ။ စာငတ်နေတဲ့အချိန်မှာ ဝတ္ထုကောင်းကောင်းလေးတွေ ဖတ်ရတဲ့အတွက် ရတီကို ကျေးဇူးတင်ရပါတယ်။ ဒီလမှာ ပါတဲ့ဝတ္ထုတွေထဲက အေးမွန်ရဲ့ 'ကျွန်တော့်ရဲ့ကဗျာ' ဝတ္ထုလေးကို ခိုက်မိတယ်။ ခင်ခင်ထူးရဲ့ အခန်းဆက် ဝတ္ထုကတော့ ကြားဖြတ်ဖတ်ရတာမို့ ရင်ထဲ ဟက်ကော့ကြီး ခံစားရတယ်ဗျာ။ ရှေ့ကစာအုပ်လည်းရှာလို့ မရဘူး။ နောက် လလည်း ရောက်လာဖို့ သိပ်တော့မသေချာလှပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီစာအုပ် ကိုတော့ ကြိုက်တဲ့အကြောင်း လှမ်းရေးလိုက်တာပါပဲ မမရတီ။

သတိရနေတဲ့

ဟန်သာ (မြစ်ငယ်)

**ဝတ္ထုတွေဖတ်ရတာ ကြိုက်နှစ်သက်လို့ ဝမ်းသာရပေမဲ့ စာအုပ်တွေ လစဉ်မဖတ်ရဘူးဆိုလို့ စိတ်မကောင်းပါဘူး ဟန်သာရယ်။ အယ်ဒီတာတွေက အစွမ်းကုန်ကြိုးစားပြီး ဖြန့်ချိတာကိုလည်း တစ်နိုင်ငံလုံးအနှံ့ ထုတ်ဝေ ဖြန့်ချိလိုက်တာပါပဲ။ အကြောင်းတစ်ခုခုကြောင့် ဖြစ်ပါလိမ့်မယ် ဟန်သာရေ။**




သို့

မမရတီ သတိရစွာနဲ့ စာရေးလိုက်ပါတယ်။ အလုပ်မအားလို့ စာမထည့်ဖြစ်ပေမဲ့ အမြဲသတိရပါတယ်။ ရတီဆိုတာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ဘယ်တော့မှလည်းမမေ့ပါဘူး။ အခုလေ ကျွန်တော် မမကို အပူကပ်ရဦးမယ် ကူညီပါဦးမမရယ်နော်။ အဆိုတော်အစ်ကိုကြီးဟန်ထွန်းက အိမ်ပြောင်းသွားပြီလို့ ပြောတယ်။ စာထည့်တာ ထည့်လိုက်တဲ့ စာပြန်ရောက်လာတယ်။ အဲဒါလေ လိပ်စာလေးသိရင် ကူညီပါဦးမမရယ်။ ရတီဆိုတဲ့အတိုင်း အမြဲတောက်ပပြီးအောင်မြင်မှုသရဖူ ဒီထက်မက ဆောင်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်နော်။ အရမ်းလည်းကျေးဇူးတင်ပါတယ်လို့။

မှတ်ချက်။ ။ မမရတီ သူ့ကိုတွေ့ရင်ပြောပေးပါနော်။ လိပ်စာမရရင် ရန်ကုန်ဆင်းပြီး ဆန္ဒပြလိုက်မှာနော်လို့။

မိုးသစ္စာအောင်

(အောင်လံမြို့)


**လိပ်စာမရတာလေးနဲ့တော့ ဆန္ဒမပြလိုက်ပါနဲ့ မောင်လေးမိုးသစ္စာအောင်ရေ။ မောင်လေးသိချင်တဲ့အကြောင်း အဆိုတော် ဟန်ထွန်းကို မေးလိုက်ပါပြီ။ မောင်လေး မိုးသစ္စာအောင်ပို့လိုက်တဲ့ အဆိုတော်ဟန်ထွန်းရဲ့ နေရပ်လိပ်စာက မှားနေတာမဟုတ်ပါဘူးကွယ်။ လူမရှိလို့ တံခါးပိတ်ထားတဲ့အခါ လက်ခံမယ့်သူမရှိလို့ ပြန်ရောက်လာတာမျိုးပါ။ အလုပ်တွေနဲ့ မအားမလပ်လို့ ခရီးတွေ ထွက်နေရတဲ့အတွက် အဆိုတော်ဟန်ထွန်းက အားနာကြောင်း ပြောလာပါတယ်။ ဒါကြောင့် သူ့ကို အလွယ်တကူ ဆက်သွယ်ချင်ရင် Han Tun (vocalist) ဆိုတဲ့ facebook အကောင့်ကနေ ဆက်သွယ်နိုင်ပါတယ်တဲ့ကွယ်။**




မင်္ဂလာပါ မမရတီ

ကျွန်တော်က ရတီရဲ့ စာဖတ်ပရိသတ်ပါ။ ရတီကို စာမူပို့ချင်ရင် ဘယ်လိုဆက်သွယ်ပြီးပို့လို့ရလဲ သိချင်ပါတယ်။ အဖွင့်ကဗျာနဲ့ ဖူးနုသစ်လွင် ကဗျာကဏ္ဍမတူတာကိုတော့အကြမ်းဖျင်းသိထားပါတယ်။ ဝတ္ထုပို့မယ်ဆိုရင်ကော အယ်ဒီတာဆိုပြီး လိပ်မူရင် ရပြီလားခင်ဗျ။ နောက်တစ်ချက်က ကျွန်တော်က မကြာခဏခရီးထွက်ရတဲ့အခါ စာမူကို print ထုတ်ပြီး စာတိုက်ကနေ ပို့ဖို့ခက်တဲ့အခါ ရတီအီးမေးကနေကောပို့လို့ရမလား သိချင်ပါတယ်။ စာရွက်လည်းမကုန် စာပို့ခလည်းမကုန်ဘဲ အလွယ်တကူပို့လို့ရပေမဲ့ အဲဒီလိုပို့တာကို အယ်ဒီတာအဖွဲ့က ကြိုက်ပါ့မလား မလေးမစားများ ဖြစ်နေမလားလို့ မေးကြည့်တာပါခင်ဗျ။

ရတီရဲ့ပရိသတ်
ညီညီ



**ရတီအယ်ဒီတာအဖွဲ့က စာတိုက်ကနေ တိုက်ရိုက်ပေးပို့ဖို့ခက်တဲ့ စာမူရှင်တွေအတွက် စာမူကို အီးမေးကနေ တစ်ဆင့် လက်ခံပေးပါတယ်။ yatimagazine@gmail.com ကိုပေးပို့လို့ရပါတယ်။ စာမူကို အီးမေးက လက်ခံရတာက ပြဿနာမဟုတ်ပါဘူး။ ပုံမှန်ထည့်သွင်းဖော်ပြပေးရမယ့် ကိုယ်တိုင်ရေးကြောင်းနဲ့ တိုက်ပြိုင်ပေးပို့မထားကြောင်း ဝန်ခံချက်တော့ ပါရပါမယ်။**

သို့

မမရတီ မင်္ဂလာပါရှင့်

ရတီပိုင်းတော်သားတွေ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒတွေပြည့်ပါစေလို့ ဆုလေးက ဆုတောင်းပေးလိုက်ပါတယ်နော်။ မော်ဒယ်သရုပ်ဆောင် ဇင်ပိုင်ထွန်းတစ်ယောက် ပျောက်ချက်သားကောင်းပြီး ငြိမ်နေလို့ နေမှကောင်းရဲ့လားလို့ ဆုလေးက စိတ်ပူနေတယ်ဆိုတာလေး ပြောပေးပါမမရတီ။ အခုအနုပညာအလုပ် ဘာတွေလုပ်နေလည်းလို့လည်း မေးပေးပါနော်။ ဆုလေးက အားပေးနေပါတယ်လို့ မမရတီကတစ်ဆင့်ပြောပေးပါနော်။

ရတီရဲ့ ပရိသတ်
ဆုလေး

**ဆုလေးအားပေးနေတဲ့အတွက် ဇင်ပိုင်ထွန်းကလည်း ကျေးဇူးတင်ပါတယ်တဲ့နော်။ ရိုက်ကူးရေးနဲ့ ပညာရေးကို တစ်လှည့်စီကြိုးစားနေရတဲ့အတွက် စိတ်ရှိသလောက်အနုပညာအလုပ်တွေကို မလုပ်နိုင်သေးတာပါတဲ့။ လတ်တလော အနုပညာအနေနဲ့ကတော့ ဒါရိုက်တာ သုတ (မော်ကွန်း) ရိုက်ကူးထားတဲ့ 'ကျွန်တော်နဲ့ ဒန်ခွက်စောင့်အာလာဒေါင်' ဗီဒီယို ဇာတ်ကားကို ဒီလထဲမှာ ဖြန့်ချိတော့မယ်လို့ သိရပါတယ်။ ဟာသဇာတ်လမ်းလို့ သိရပါတယ်။ စောင့်ပြီးအားပေးလိုက်ပါဦးဆုလေးရေ။**



ပန်းသွေးရောင်နှုတ်ခမ်းလေးတစ်စုံ
ပန်ဆင်းကြည့်ရအောင်

# လှပစိုပြည် ရတီမေ

မာဦး

နှုတ်ခမ်း ချစ်စရာကောင်းတဲ့ စကားလေးတွေ ခုန်ထွက်လာရာ ပြတင်းလှလှလေးနှစ်ချပ် ဒါမှ မဟုတ် နှုတ်ခမ်းလွှာလေး တစ်စုံရဲ့ ဆွဲဆောင်မှုက သိပ်ကို အရေးကြီးလှပါ တယ်။ ချစ်စရာကောင်းတဲ့ အမူအရာလေးတွေ၊ စကား လေးတွေကို ပီပြင်ဖို့ ဒီ နှုတ်ခမ်းအစုံရဲ့ လှုပ်ရှားမှု တိုင်းက လှုပ်တိုင်းက သတိ





ထားမိကြတဲ့အရာပါ။ အထွေအထူးမပြင်ဘဲ ပေါင်ဒါလေးရိုက်ပြီး နှုတ်ခမ်းနီလေးဆိုးလိုက်ရင်ပဲ အတော်ကြည့်ကောင်းသွားတာတွေရမှာပါ။ ဒီလိုဆိုရင် မေတို့လှဖို့အတွက်ဆိုဒီနှုတ်ခမ်းလွှာလေးတွေကိုဂရုစိုက်ရပါမယ်။ နှုတ်ခမ်းလှ မလှ ဆိုတာကို အသာဖယ်ထားလိုက်ရင်တော့ ပင်ကိုနှုတ်ခမ်းအရောင်က မလှရင် သိပ်ပြဿနာမရှိပါဘူး။ နှုတ်ခမ်းနီဆိုးလိုက်ရင် ရတာပဲလို့ ထင်စရာပါ။ ဒါပေမဲ့ မေတို့တစ်ချိန်လုံး နှုတ်ခမ်းနီမဆိုးဖြစ်တာများပါလိမ့်မယ်။ ဘယ်အချိန်ကြည့်ကြည့်နှုတ်ခမ်းသားလေးက သွေးရောင်သန်းနေရင် ညိုနေမည်းနေတဲ့ နှုတ်ခမ်းထက် သဘာဝအတိုင်းကို လှပြီးသားဖြစ်သွားမှာပါ။ နှုတ်ခမ်းနီအရောင်လေးတွေလည်း ပေါ်လွင်လွယ်ပြီး နှုတ်ခမ်းအဆီလေးဆိုးလိုက်ရုံနဲ့တောင် ပြည့်စုံသွားမှာပါ။ ဒီလိုဆို ကျွန်မတို့ရဲ့နှုတ်ခမ်းလွှာလေးတွေကို အခုပဲ ဂရုစိုက်ဖို့ စပြင်လိုက်ရအောင်ပါ။



### ၁။ နှုတ်ခမ်းလွှာလေးကို သန့်စင်ရအောင်

ပျားရည် ၁ ဇွန်း၊ သကြားနဲ့ သံလွင်ဆီကို ရောပြီး ခပ်ပျစ်ပျစ်လေးလုပ်ကာ နှုတ်ခမ်းသားပေါ် ၃ မိနစ်လောက် လိမ်းထားပေးပါ။

သန့်စင်တဲ့မျက်နှာသုတ်ပဝါအစိုကို ရေညှစ်ပြီးသားနဲ့ နှုတ်ခမ်းသားကို ပွတ်ကာသုတ်ပေးပါ။

ဒီလို နှုတ်ခမ်းကိုကြေးချွတ်ပေးတာက နှုတ်ခမ်းသားကို စိုပြည်ပြီး သွေးရောင်နီမြန်းဖို့အထောက်အကူပေးပါတယ်။

### ၂။ နှုတ်ခမ်းသားကို အားဖြည့်ပါ

နှင်းဆီနီနီပွင့်ချပ်လေး ၄ - ၅ - ၆ ဖတ်ကိုချေပြီး နွားနို့ ၃ ဇွန်းနဲ့ ခပ်ပျစ်ပျစ်အနှစ်လေးရအောင်လုပ်ပါ။

အဲဒါကို နှုတ်ခမ်းအလွှာလေးများပေါ် လိမ်းပေးပြီး ၁၅ မိနစ်ထားပါ။

ဒါကတော့ ဆဲလ်သေတွေဖယ်ရှားပစ်ဖို့ အထောက်အကူပြုပြီး ပန်းရောင်သန်းတဲ့ ဖူးဖူးပြည့်ပြည့် နှုတ်ခမ်းလေးဖြစ်အောင်ပါ။

### ၃။ ပန်းသွေးရောင် သန်းပါစေ

သခွားသီးကတော့ သဘာဝအရောင်ချွတ်ပစ္စည်းတစ်ခုဖြစ်ပြီး ဘာအန္တရာယ်မှမဖြစ်စေဘဲ နှုတ်ခမ်းလေးတွေ လင်းလာအောင် ကူညီပေးပါလိမ့်မယ်။

သခွားသီးဝိုင်းလေးတွေလွှာပြီး နှုတ်ခမ်းပေါ်မှာ ပွတ်ပေးပြီး သခွားရည်စုပ်ယူမှု အားကောင်းအောင် ၅ မိနစ်လောက် အသာအယာနှိပ်ပေးပါ။

ဒါကတော့ ပန်းသွေးနီရောင်ဖြာပြီး ရွှန်းစိုနေတဲ့နှုတ်ခမ်းလွှာလေးတွေဖြစ်ဖို့ အထောက်အကူပေးပါတယ်။

### ၄။ ဆောင်ရန် / ရှောင်ရန်လေးတွေ

ဒါတွေနဲ့တင်လုံလောက်ပြီလို့တော့ မယူဆနိုင်ပါဘူး။ ရှောင်သင့်၊ ဆောင်သင့်တာတွေကို သိထားဖို့လည်း လိုပါတယ်။ ဒါတွေကိုလည်း ဖတ်ရှုကြည့်ပြီး လိုက်နာကြည့်ပေးပါ။

ရလဒ်သက်ရောက်မှုပိုရှိအောင် ၁-၂-၃ ဆိုတဲ့အဆင့်လေးတွေကိုလည်း လေးရက်တစ်ခါ၊ တစ်ပတ် တစ်ခါမျိုး ထပ်ကာထပ်ကာလုပ်ပေးပါ။

ကိုယ့်နှုတ်ခမ်းလေးတွေကို နှင်းဆီသွေး ကြွကြွဖူးဖူးလှလှလေးဖြစ်အောင်လုပ်ကြည့်ရအောင်နော်။

မာဦး





အေမီချို

# အပျော်ရွှင်ဆုံးနေ့ရဲ့ အလှပဆုံးသတို့သမီးလေး ဖြစ်ဖို့အတွက်

သင်ဟာ မင်္ဂလာခန်းမထဲကို လျှောက်လှမ်းတော့မယ့် သတို့သမီးလေးတစ်ယောက် ဖြစ်နေပြီဆိုရင်တော့ သင့်အတွက် ပြင်ဆင်စရာတွေ ရှိနေပါပြီ။ ဒီလိုနေ့မှာ သင်ဟာ ဧည့်ပရိသတ်တွေအားလုံးရဲ့ကြားမှာ အထင်ပေါ်ဆုံးနဲ့ အလှပဆုံးမိန်းကလေးတစ်ဦးဖြစ်နေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် Wedding နေ့မှာ လိမ်းခြယ်မယ့် ကိုယ့်ရဲ့မိတ်ကပ်ကို ကြိုတင်စဉ်းစားဆုံးဖြတ်ထားဖို့ လိုအပ်ပါတယ်။ Wedding နေ့ဟာ သင်တို့ချစ်သူနှစ်ဦးရဲ့ဘဝမှာ အမြဲတမ်းအမှတ်ရနေမယ့် နေ့လေးတစ်နေ့အဖြစ် ကျန်ရှိနေမှာပါ။

Wedding နေ့အတွက် လုပ်ဆောင်စရာရှိတာတွေကို အခြားသူတွေက ကူညီပေးပြီး ကိုယ်

စားလုပ်ပေးနိုင်ပေမဲ့ လိမ်းခြယ်မယ့်မိတ်ကပ်လိမ်းခြယ်မှုကိုတော့ သင်ကိုယ်တိုင်ရွေးချယ်ရမှာ ဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ မိတ်ကပ်အမျိုးအစားဟာ သင့်အသားအရေနဲ့ တည့်မတည့်၊ သင့်အသားအရောင်နဲ့ ကိုက်ညီမှုရှိမရှိကို ကြိုတင်စမ်းသပ်လေ့လာထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မင်္ဂလာပွဲနေ့မှာ အဆင်ပြေတဲ့ မိတ်ကပ်လိမ်းခြယ်မှုဖြစ်နေဖို့အတွက် လေ့လာကြည့်ရအောင်နော်။

မိတ်ကပ်အမျိုးအစားများကို ကြိုတင်စမ်းသပ် လိမ်းထားကြည့်ဖို့ လိုအပ်ပါတယ်။ အစိုဓာတ်ထိန်းခရင်မ်၊ အောက်ခံ Founda-tion စတာတွေ အားလုံးကို ကြိုတင်စမ်းသပ်လိမ်းခြယ်ထားကြည့်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဘယ်အမျိုးအစားက ကိုယ်နဲ့သင့်တော်ပြီး သင့်မျက်နှာလေးပြေပြစ်လှပဖို့အတွက်အထောက်အပံ့ဖြစ်စေတယ်ဆိုတာကို သိရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် အရေးအကြီးဆုံးက ကိုယ့်အသားအရေနဲ့ ဓာတ်တည့်မှုရှိတဲ့ Product ဖြစ်ရမှာ ဖြစ်ပါတယ်။ အရေပြားဟာ တစ်ခါတစ်ရံမှာ ထိတွေ့နေကျမဟုတ်တဲ့ Product အသစ်နဲ့ ထိတွေ့တဲ့အခါမှာ တုံ့ပြန်တတ်ပြီး ဓာတ်မတည့်မှု Allergic ဖြစ်တတ်ပါတယ်။ Allergic ကြောင့် အရေပြားပျက်စီးမှုဖြစ်စေပါတယ်။ ဒီလိုပြဿနာကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရပြီး ကိုယ့်ရဲ့ Wedding Day ဟာအကောင်းဆုံးနေ့ တစ်နေ့မဖြစ်နိုင်တော့ပါဘူး။ အချို့ Sensitive Skin ရှိတဲ့ သတို့သမီးများ ပိုမိုသတိပြုရမယ့်အချက် ဖြစ်ပါတယ်။ ဒါကြောင့် မင်္ဂလာဆောင်မယ့်နေ့ မတိုင်မီ တစ်လခန့်အလိုမှာ လိမ်းခြယ်ဖို့ သတ်မှတ်ထားတဲ့ မိတ်ကပ်ကို ကြိုတင်လိမ်းကြည့်ပါ။ ဒါမှသာ အကယ်၍ အသားအရေမှာ ပြဿနာ တစ်စုံတစ်ရာဖြစ်ခဲ့ရင် ပြန်လည်ကုသဖို့အတွက် လုံလောက်တဲ့ အချိန် ရရှိမှာဖြစ်ပါတယ်။



မင်္ဂလာပွဲနေ့မတိုင်မီမှာ ပြင်ဆင်ဆောင်ရွက်စရာများကို အပြည့်အဝစီစဉ်ဆောင်ရွက်ထားပါ။ မိတ်ကပ်ပညာရှင်၊ ပန်းအလှဆင်ပညာရှင်စတဲ့ သက်ဆိုင်ရာကျွမ်းကျင်သူများနဲ့ တွေ့ဆုံပြီး မိမိ သုံးစွဲမယ့်ငွေကြေးပမာဏအတွင်း အကောင်းဆုံးဖြစ်နိုင်မယ့် ပြင်ဆင်မှုကို ညှိနှိုင်းထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ သုံးစွဲမယ့်ငွေကြေး ပမာဏနဲ့ ဖြစ်ပေါ်လာမယ့် မင်္ဂလာပွဲရဲ့ ပုံရိပ်ကို ကြိုတင်ခန့်မှန်းထားနိုင်မှာပါ။ ဒီလိုကြိုတင်ပြင်ဆင်ထားတဲ့အတွက် မနက်ခင်းဧည့်ခံပွဲနဲ့၊ ညပိုင်း Dinner နှစ်ပွဲလုပ်ရင်တောင်မှ သင်ဟာ သက်သောင့်သက်သာနဲ့ ကျေနပ်ပျော်ရွှင်စရာကောင်းမှာ ဖြစ်ပါတယ်။

သတို့သမီးအနေနဲ့ မင်္ဂလာပွဲအတွက် မိတ်ကပ်ပညာရှင်နဲ့ ပြောဆိုညှိနှိုင်းတဲ့အခါမှာ ရှက်ရွံ့မနေဘဲ မင်္ဂလာပွဲအတွက် မိမိရဲ့အမြင်နဲ့ လိုချင်တဲ့ မိတ်ကပ်၊ ဆံပင်ပုံစံများကို ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ မိတ်ကပ်ပညာရှင်က ချင့်ချိန်ဆုံးဖြတ်ပြီး လိုအပ်သလို စီစဉ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင်သင့်ရဲ့ လိုအပ်ချက်တွေကိုလည်း မိတ်ကပ်ပညာရှင်က အကြံပြုပေးပါလိမ့်မယ်။



မင်္ဂလာပွဲမတိုင်မီ ငါးရက်အလိုမှာ မျက်နှာပေါင်းတင်ခြင်း၊ မျက်နှာဆေးခြင်းစတဲ့ Facial Treatment ပြုလုပ်ရမယ်ဆိုတဲ့အချက်ကို သင် ကျော်ပစ်လိုက်လို့ ရပါတယ်။ Salon ကိုသွားပြီး များပြားလွန်းတဲ့ Facial Treatment တွေကို ပြုလုပ်နေခြင်းက သင့်အသားအရေကို ပိုမိုကြမ်းတမ်းစေတာကို သတိပြုရပါမယ်။ မင်္ဂလာပွဲနေ့မှာတောက်ပ ကြည်လင်တဲ့ အသားအရေဖြစ်ဖို့အတွက် အဓိကသော့ချက်ကတော့အနားယူခြင်းပဲဖြစ်ပါတယ်။

မင်္ဂလာပွဲနေ့မှာတော့ မိတ်ကပ်လိမ်းခြယ်မှုကို သေချာစွာ ဂရုတစိုက်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဧည့်သည်များကို ဧည့်ခံနေရင်း မိတ်ကပ်တွေကွက်လာတာ၊ ပျက်ပြယ်လာတာမျိုးမဖြစ်ရလေအောင် Wedding Day တစ်နေ့တာလုံး ကြာရှည်ခံစေဖို့အတွက် အောက်ခံ Primer ကို အသုံးပြုပေးဖို့ လိုအပ်ပါတယ်။ Sillicon ကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ Primer အမျိုးအစားက သင့်မျက်နှာကို ခြယ်သလို့ အကောင်းဆုံး Canvas စလေးတစ်စလိုဖြစ်နေအောင် ထောက်ပံ့ကူညီပေးပါလိမ့်မယ်။ Primer က အရေပြားပေါ်မှာရှိတဲ့ ချွေးပေါက်နဲ့ အပြစ်အနာအဆာတွေကို ဖုံးကွယ်ပေးမှာဖြစ်ပါတယ်။ ဒါ့ပြင် မင်္ဂလာပွဲချိန်တစ်လျှောက်လုံးမှာလည်း သင့်မျက်နှာရဲ့ မိတ်ကပ်ပြင်ဆင်မှုဟာ သပ်ရပ်ညက်ညောနေမှာပါ။ တစ်နေ့တာလုံး မိတ်ကပ်သားညက်ညက်လေး ဖြစ်နေတဲ့အတွက် တစ်နေ့တာလုံး တက်ကြွတဲ့ အသွင်ကို ဖော်ပြပေးနေမှာ ဖြစ်ပါတယ်။

သတို့သမီးတော်တော်များများဟာ သဘာဝဆန်တဲ့ မိတ်ကပ်ပုံစံကို ကြိုက်နှစ်သက်ကြပါတယ်။ သဘာဝဆန်တဲ့ မိတ်ကပ်ပြင်ဆင်ခြယ်သမှုမျိုးဖြစ်နေဖို့အတွက် ကိုယ့်ရဲ့အသားရောင်နဲ့ ကိုက်ညီမှုရှိတဲ့ မိတ်ကပ်အရောင်မျိုးကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ တစ်ခုသတိပြုရမှာက သတို့သမီးတွေဟာ သဘာဝဆန်တဲ့ မိတ်ကပ်ပုံစံမျိုးကို နှစ်သက်တယ်ဆိုပေမဲ့ သဘာဝဆန်တဲ့မိတ်ကပ်ပုံစံဟာ ပြင်ပမှာ ကြည့်ကောင်းပေမဲ့ ဓာတ်ပုံထဲမှာတော့ သင်ဟာ ပြည့်ပြည့်ဝဝလှပနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မိတ်ကပ်ကောင်တာကိုသွားတဲ့အခါမှာ ပန်းရောင်၊ မက်မွန်သီးရောင်များကို ရွေးချယ်ဖို့လိုအပ်ပါတယ်။ ဒီအရောင်တွေကသင့်ကိုရှက်သွေးရောင်လွှမ်းနေတဲ့ သတို့သမီးလေးပုံစံ မြင်တွေ့စေမှာ ဖြစ်ပါတယ်။

ဇေမီချို



'အခါတော်ပေးတာက၊ နတ်ရေးငယ် ရွှေစာ . . .' သီတင်းကျွတ်ကာလရောက်လာလေတော့ ဟိုနားက မင်္ဂလာသီချင်းသံ၊ ဒီနားက အခါတော်ပေးသံတွေ ညံညံစီလာပြန်ပြီပေါ့။ လောကသဘာဝ လက်ထပ်ထိမ်းမြားမင်္ဂလာပြီးလို့ မိသားစုဘဝလေး

# ချမ်းမြေ့ပျော်ရွှင် အိမ်ထောင်ရှင်

ဒေါက်တာဇာနည်ဝင်း

"

ကိုယ်ဝန်ဆောင်များ၊
နှလုံးသွေးကြောနှင့် ပတ်သက်သော
ရောဂါရှိသူများ၊
အသည်းရောင်နေသူများနှင့်
အသည်းဝေဒနာရှင်များ၊
ရင်သားပြည်တည်နာ တစ်ခုခု
တစ်ရာရှိနေသူများသည် ဆေးချက်စွာ
ဝင်ချက်မှားလွှားစွာ
...

တွေ ခိုင်မြဲအောင် သားသမီးရတနာလေးတွေ မွေးဖွားပြီး သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်စရာအတိ ဘဝလေးပိုင်ဆိုင်ရတော့မယ်လေ။ အဲဒီလို ဘဝလေးတွေ မပိုင်ဆိုင်ခင်စပ်ကြား နှစ်ကိုယ်တူဘဝတိုက်ပွဲတွေဝင်နေတုန်း သားသားမီးမီးတို့ကို လူ့လောကထဲ မခေါ်ချင်သေးရင်ပဲဖြစ်ဖြစ်၊ ကိုကို မမတွေနဲ့ညီလေး၊ ညီမလေးတို့ အကြားအချိန် ကာလလေးတွေပိုင်းခြားဖို့ဆိုရင်သိထားဖို့လိုမယ်ထင်တဲ့ အကြောင်းအရာလေးတွေနဲ့ မိတ်ဆက်ပေးပါရစေ။ သားဆက်ခြားခြင်း၊ ပဋိသန္ဓေတားခြင်းဆိုတာ မလိုအပ်သေးတဲ့အချိန်မှာ သားသမီး မရနိုင်အောင် ကာကွယ်ခြင်းဖြစ်တဲ့အတွက် ဖျက်ချလိုက်လို့ရလာနိုင်တဲ့ဒုက္ခတွေ၊ အန္တရာယ်တွေ၊ အကုသိုလ်တရားတွေကိုပါ ဖယ်ရှားနိုင်ပါတယ်။



**ပဋိသန္ဓေတားနည်းများ**

**(၁) သဘာဝနည်းလမ်းများ**

- ရက်ရှောင်နည်း
- သုက်ရည်ကို ပြင်ပသို့ စွန့်ထုတ်သောနည်း
- မိခင်နို့ရည်တိုက်ကျွေးသောနည်း

**(၂) သဘာဝမဟုတ်သော နည်းလမ်းများ(ဆေးဝါးပစ္စည်းတိရိယာအတူအညီဖြင့်)**

- တစ်လခံနေ့စဉ် သောက်သန္ဓေတားဆေးကတ်
- သုံးလ (၁၂ ပတ်ခံ) ထိုးဆေး
- သားအိမ်တွင်းထည့်ပစ္စည်း
- လက်မောင်းတွင်းထည့်ပစ္စည်း
- အကာအကွယ် (ကွန်ဒုံး)
- အရေးပေါ်သောက်ဆေး
- သားကြောဖြတ်ခြင်း (သားဥပြွန်လမ်းကြောင်း ခွဲစိတ်ဖြတ်တောက်ခြင်း)

သဘာဝနည်းလမ်းများမှာ ကာကွယ်နိုင်စွမ်းနည်းခြင်း၊ အခြေအနေတစ်ရပ်ပေါ်တွင် မူတည်မှုများရှိနေခြင်းတို့ကြောင့် အသုံးနည်းပါးပါသည်။




**တစ်လခံနေ့စဉ်သောက်ဆေးကတ်**

သားဥကြွေခြင်းကို တားမြစ်စေရန်၊ သန္ဓေ သားတွယ်ကပ်ခြင်း ကို ဟန့်တားစေရန် သားအိမ် နံရံကို ပါးလွှာသွားရန် ပြုလုပ် နိုင်သော ဟော်မုန်း ပါဝင်သည့် သောက်ဆေးဖြစ်ပါသည်။ နေ့စဉ် သောက်ရန် အထူး လိုအပ်ပါသည်။ ရာသီလာ သော ပထမဆုံးနေ့မှ စတင် သောက်နိုင်ပါသည်။ သောက်ဆေးဖြစ် သည့်အတွက် အလွယ်တကူ သယ်ဆောင် သွားနိုင်ခြင်း၊ မိမိဘာသာ သောက်နိုင်ခြင်း၊ စသောအကျိုးများအပြင် ဝက်ခြံကို ကုသသော ကုထုံးအဖြစ်လည်း အသုံးပြုလေ့ ရှိပါသည်။ ရာသီရက်ရွှေ့လျားစေချင်သော အမျိုးသမီးများလည်း ဆရာဝန်ဖြင့်တိုင်ပင်ပြီး အသုံးပြုနိုင်ပါသည်။ ရာသီလာစဉ် ကိုက်ခဲမှုများကိုလည်း လျော့ပါးသက်သာစေတတ်ပါသည်။ အရေးကြီးဆုံးတစ်ချက်မှာ သားသမီးယူရန် အသင့်ဖြစ်ပါက ဆေးရပ်လိုက်လျှင်ရပ်ချင်း သန္ဓေပြန်လည်ရရှိတတ်သည်။

**သတိထားရန်မှာ** - ခေါင်းမူးခေါင်းကိုက်ဖြစ်ခြင်း၊ ပျို့အန်ခြင်းများ ဖြစ်တတ်ပါသည်။ ရင်သားကင်ဆာနှင့် ရင်သားရောဂါများ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေနိုင်သည့်အတွက် သတိထားရန်၊ ဆရာဝန်ဖြင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါသည်။

ထပ်မံသတိပေးလိုသည်မှာ နေ့စဉ်မပျက်မကွက်သောက်ရန် လိုအပ်ပါသည်။

**သောက်သုံးရန်မသင့်သူများ** - ကိုယ်ဝန်ဆောင်များ၊ နှလုံးသွေးကြောနှင့် ပတ်သက်သော ရောဂါရှိသူများ၊ အသည်းရောင်နေသူများနှင့် အသည်းဝေဒနာရှင်များ၊ ရင်သားပြဿနာတစ်စုံတစ်ရာ ရှိဖူးသူများသည် သေချာစွာ စမ်းသပ် စစ်ဆေးပြီးမှ သောက်သုံးသင့်ပါသည်။



> ခေတ်ပေါ်ဆေးဝါးတစ်မျိုးဖြစ်ပြီး ရည်ရွယ်ချက်လွဲမှား အသုံးပြုနှုန်းမြင့်တက်နေသော ဆေးဝါးဖြစ်ပါသည်။ အကာအကွယ်ပေါက်ပြဲသွားသော စုံတွဲများ၊ သောက်ဆေးသောက်ရန် (နေ့စဉ်သောက်)မေ့နေသူများ . . .

### ၀၂ ဝတ်ခံထိုးဆေး (အသားထိုးဆေး)

သန္ဓေသားတွယ်ကပ်မှုကို ကာကွယ်ရန်၊ သုက်ပိုးများ သားဥနှင့်ပေါင်းရန် လိုအပ်သော လှုပ်ရှားမှု မပြုနိုင်ရန်နှင့် သားဥကြွေခြင်းကို ဟန့်တားနိုင်သော ဟော်မုန်းပါဝင်သည့် အသားထိုးဆေး (Depo Provera) ဖြစ်ပါသည်။

ရာသီစလာသော ပထမဆုံးရက်သည် ဆေးစတင်ထိုးရန် အသင့်တော်ဆုံး ဖြစ်ပြီး ၇ ရက်အတွင်း ထိုးနိုင်ပါသည်။ နောက်ထပ် ထိုးနှံသူများ အတွက်တော့ ဆရာဝန် ချိန်းဆိုပေးထားသော ရက်မှ ၂ ပတ်ထက် ပိုနောက်မကျဘဲ ထိုးရန်လိုအပ်ပါသည်။



**အကျိုးရလဒ်များ** - ပဋိသန္ဓေတားနိုင်ခြင်း၊ နို့တိုက်ကျွေးစဉ်ပင်လျှင် အသုံးပြုနိုင်ခြင်း၊ ပုံမှန် သောက်ဆေးသုံးစွဲရန် အဆင်မပြေသော အမျိုးသမီးများအတွက်ပါ အသုံးပြုနိုင်ပါသည်။ ထို့အပြင် ရာသီလာစဉ်နှင့် ရာသီတစ်ဝိုက် ကြုံတွေ့ရသော ကျန်းမာရေး ပြဿနာများကိုပါ လျော့ပါးသက်သာစေနိုင်ပါသည်။

**ဆိုးကျိုးများ** - ရာသီထိမ်သွားခြင်း၊ ရာသီမမှန်ဖြစ်ခြင်း၊ ဆေးရပ်ပြီးသော်လည်း သန္ဓေသားရရန် အချိန်ယူရခြင်း၊ အရိုးပွရောဂါဖြစ်နိုင်ခြေများခြင်း

**သတိပြုရန်** - ရာသီအလွန်အမင်းဆင်းပါက၊ ခေါင်းကိုက်ပါက ဆရာဝန်နှင့် ချက်ချင်းတိုင်ပင်သင့်ပါသည်။ ရာသီထိမ်သွားခြင်းသည် တစ်စုံတစ်ရာ စိုးရိမ်မှုဖြစ်လာပါက အခြားနည်းလမ်းကို ပြောင်းလဲအသုံးပြုသင့်ပါသည်။

### အရေးပေါ်သန္ဓေတားဆေး
### (နှစ်လုံးဆေး၊ ECee 2)

ခေတ်ပေါ်ဆေးဝါးတစ်မျိုးဖြစ်ပြီး ရည်ရွယ်ချက် လွဲမှားအသုံးပြုနှုန်းမြင့်တက်နေသော ဆေးဝါးဖြစ်ပါသည်။ အကာအကွယ်ပေါက်ပြဲသွားသော စုံတွဲများ၊ သောက်ဆေးသောက်ရန် (နေ့စဉ်သောက်) မေ့နေသူများ၊ ထိုးဆေးအချိန်မီ ပြန်ထိုးရန်မေ့သူများနှင့် အဓမ္မပြုကျင့်ခံရသူများအတွက် ရည်ရွယ်ထုတ်လုပ်ထားသော ပဋိသန္ဓေတားဆေးဖြစ်ပါသည်။ ငယ်ရွယ်သူစုံတွဲများအကြား လိုသလိုသုံးရန် ဖန်တီးထားသော ဆေးတော်ကြီးမဟုတ်ပါ။ ထို့ပြင် ကိုယ်ဝန်ဖျက်ချသောဆေးလည်း မဟုတ်ပါ။ ရက်ရှည်ပုံမှန်သုံးစွဲ၍ရသော ဆေးမဟုတ်သည့်အတွက် အတိုင်းအတာတစ်ခုကို ကျော်လွန်ပါက ဆိုးကျိုးများရှိတတ်သော ဆေးဝါးတစ်မျိုးဖြစ်ပါသည်။

**သတိပြုရန်** - အလွန်အမင်းမူးဝေ၊ အော့အန်တတ်ခြင်းကို ဖြစ်စေနိုင်ပါသည်။ ပါဝင်သော ဆေးလုံး ၂ လုံးကို အားလုံးသောက်ရန် လိုအပ်ပါသည်။

**ဒေါက်တာဇာနည်ဝင်း**



# ဖျားနေပြီလား

ဒေါက်တာမြင့်ဦး (ဂျီပီ)

လူတစ်ယောက် ကိုယ်အပူချိန်တက်လာတာကို ဖျားတယ်လို့ အလွယ်တကူပြောဆိုကြပါတယ်။ ခန္ဓာကိုယ်ရဲ့ ပုံမှန်အပူချိန်ဟာ ၃၇ ဒီဂရီ ဆဲလ်စီးယပ်စ် ဖြစ်တာမို့ သူ့ထက်ကျော်ရင်ဖျားနေပြီလို့ သတ်မှတ်ထားကြပါတယ်။ ဖျားတယ်ဆိုတာဟာ လူရဲ့ကိုယ်ခန္ဓာကနေ ရောဂါပိုးတစ်ခုခုကို တိုက်ထုတ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်ပါတယ်။ ဒီတိုက်စစ်ဟာ ရောဂါပိုးအမျိုးအစားပေါ် မူတည်ပြီး တစ်ရက်၊ နှစ်ရက်ကနေ ၃ ပတ် ၄ ပတ်ကျော် ကြာမြင့်နိုင်ပါတယ်။ ရောဂါပိုးကြောင့်မဟုတ်ဘဲ ပတ်ဝန်းကျင် အပူချိန်လွန်ကဲလို့ အဖျားတက်ရသူတွေလည်း ရှိနိုင်ပါတယ်။ ဖျားနေတဲ့သူတစ်ယောက်ဟာ ကိုယ်လက်ကိုက်ခဲပြီး ခေါင်းအုံ့တာ၊ ခေါင်းကိုက်တာ၊ ချမ်းတုန်တာ၊ ပူတာ၊ အေးတာနဲ့ ချွေးထွက်တာတွေကိုပါ ပူးတွဲ ခံစားရလေ့ရှိပါတယ်။ ဖျားတာကို နေမကောင်းဘူးလို့လည်း ဆိုကြပါတယ်။ ဘယ်လောက်အထိ ဖျားသလဲဆိုတာကိုတော့ ကိုယ်အပူချိန်တိုင်း သာမိုမီတာနဲ့ တိုင်းထွာကြည့်ရပါတယ်။ လူတစ်ယောက်ဖျားပြီဆိုရင် သာမန်အအေးမိ၊ တုပ်ကွေးရောဂါကနေ၊ ငှက်ဖျားရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါနဲ့ ကင်ဆာရောဂါတွေအထိ ဖြစ်နိုင်ခြေရှိနေတဲ့အတွက် ပေါ့ပေါ့ဆဆ မနေသင့်ပါဘူး။ အဖျားရှိနေတဲ့သူတစ်ယောက်ကို မိသားစု ဆေးပညာနည်းနဲ့ ပိုင်းခြားသုံးသပ်နိုင်စေဖို့ 'ဖျားနေပြီလား' ဆိုတဲ့ ဖလိုးချပ်လေးတစ်ခုကို တင်ဆက်ပေးလိုက်ပါတယ်။ မြားညွှန်ရာ အတိုင်းသာ တစ်ဆင့်ပြီးတစ်ဆင့်၊ တိုက်ဆိုင် စစ်ဆေးဖတ်ရှုကြည့်နိုင်ပါတယ်။



**ဒီနေရာကစ**

ဖျားတဲ့သူမှာ အနီရောင် အဖု အပိမ့်တွေထွက်နေသလား

Yes → ရေကျောက်၊ ဝက်သက်၊ ဂျိုက်သိုး၊ သွေးလွန်တုပ်ကွေး၊ ရေယုန်ဖြစ်နိုင်ခြေရှိသည်။ ဆရာဝန်နှင့် ချက်ချင်း ပြသပါ။

No

အောက်ပါတစ်ခုခုကို ခံစားနေရသလား

- ခေါင်းအရမ်းကိုက်တယ်
- ဇက်တောင့်ပြီး ခေါင်းညိတ်မရ
- အလင်းရောင် မကြည့်ချင်ဘူး
- မှိန်းပြီး ကယောင်ချောက်ချားဖြစ်တယ်

Yes → **အရေးပေါ်။** ဦးနှောက်အမြှေးရောင်ရောဂါဖြစ်နိုင်ခြေရှိသည်။ **ဆောင်ရွက်ရန်။** ဆေးရုံတင်ရမည်။ ပဋိဇီဝဆေးများပေးပြီး အသည်းအသန်ခန်းမှာ ကုသခံရဖွယ်ရှိသည်။

No

ချောင်းဆိုးနေသလား

Yes → ထိုင်နေရင်း မောနေသလား။ သလိပ်ပုပ်တွေထွက်နေသလား။

Yes → **ဆရာဝန်ချက်ချင်းပြပါ။** **ဖြစ်နိုင်ခြေ။** နမိုးနီးယား အဆုတ်ရောင်ရောဂါ။ အချိန်မီမကုသလျှင် အသက်အန္တရာယ်ရှိနိုင်သည်။ **ဆောင်ရွက်ရန်။** ဆရာဝန်မရောက်မီ၊ အောက်ဆုံးအကွက်မှ အဖျားချနည်းကို လုပ်ဆောင်ထားပါ။ ဆရာဝန်မှ ပဋိဇီဝဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ဆေးရုံတင်ခြင်းများ ပြုလုပ်ပေးနိုင်သည်။

No

သလိပ်အဝါ၊ အစိမ်းတွေ ထွက်သလား

Yes → **ဖြစ်နိုင်ခြေ။** အဆုတ်လေပြွန်ရောင်ရမ်းနာ။ **ဆောင်ရွက်ရန်။** အဖျားကျအောင်အရင်လုပ်ပါ။ ဆေးလိပ်ဖြတ်ပါ။ ရက်အနည်းငယ်အတွင်း မသက်သာလျှင် ဆရာဝန်ကိုပြပါ။ အချိန်တိုင်း မောနေလျှင် ဆရာဝန်ချက်ချင်းခေါ်ပါ။

No

အောက်ပါတစ်ခုခုကို ခံစားနေရသလား။

- ခေါင်းကိုက်တယ်
- ကိုယ်လက်နာတယ်
- နှာရည်ယိုတယ်

Yes → **ဖြစ်နိုင်ခြေ။** သာမန်တုပ်ကွေးရောဂါဖြစ်နိုင်သည်။ **ဆောင်ရွက်ရန်။** ညာဘက်အကွက်မှ အဖျားချနည်းအတိုင်း လုပ်ဆောင်ပါ။ မောလွန်းလျှင် (သို့မဟုတ်) ၄၈ နာရီအတွင်း မသက်သာလျှင် ဆရာဝန်ကိုပြရမည်။

No (ချောင်းဆိုးနေသလား) → ဖလိုးချပ် စာမျက်နှာ ၂ ကော်လံ ၁ သို့ ဆက်ကြည့်ပါ။

No (အောက်ပါတစ်ခုခုကို ခံစားနေရသလား။) → ဖလိုးချပ် စာမျက်နှာ ၂ ကော်လံ ၃ သို့ ဆက်ကြည့်ပါ။

**ဝမ်နိမ်။** ၄ နာရီခြားတစ်ခါ အဖျားတိုင်းလို့ ၃၉ ဒီဂရီ ဆဲလ်စီးယပ် အထက်ကျော်နေလျှင် အောက်ဆုံးအကွက်တွင် ဖော်ပြထားသော အဖျားချနည်းကိုအမြန်လုပ်ဆောင်ပါ။

## ကိုယ်တိုင်အဖျားတိုင်းနည်း

နေမကောင်းဖြစ်လျှင် ၄ နာရီခြားအဖျားတိုင်းဖို့ လိုပါသည်။ အိမ်တွင်သာမိုမီတာဆောင်ထားပါ။ လျှာအောက်(သို့) ချိုင်းကြားတွင် ၃ မိနစ်ထားပြီးတိုင်းရမည်။ ချိုင်းအပူချိန်ကို ၀. ၆ ဒီဂရီ ဆဲလ်စီးယပ်စ် ပေါင်းပေးရမည်။ ၃၈ ဒီဂရီ ဆဲလ်စီးယပ်စ် ရှိလျှင် ဖျားသည်ဟု သတ်မှတ်သည်။

**အဖျားချနည်း။** အဖျားရှိနေလျှင် အေးမြသည့်အခန်းတွင်း နားနေပါ။ အရည်အေးအေးကို များများသောက်ပါ။ ပါရာစီတမော သို့မဟုတ် အစ်ဗျူပရိုဖင်ဆေးပြား သောက်နိုင်သည်။ ကိုယ်ပူနေရာမှ အဖျားကျသွားလျှင် နေထိုင်ရ သက်သာသည်။

လျှာအောက်တွင် သာမိုမီတာထားပြီး အဖျားတိုင်းခြင်းက အသင့်လျော်ဆုံးဖြစ်ပါလိမ့်မည်။

ဖလိုးချပ် စာမျက်နှာ ၂ ကော်လံ ၁

တံတွေးမျိုရင် လည်ပင်းနာသလား

Yes → မတ်လထုတ် ရတီမဂ္ဂဇင်းတွင်ဖော်ပြခဲ့ပြီးသော "လည်ချောင်းနာရင် မြားအတိုင်းလိုက်"ဆိုတဲ့ ဖလိုးချပ်ကို ပြန်ကြည့်ပါ။

No ↓

အောက်ပါတစ်ခုခု ခံစားနေရသလား

- ခါးတစ်ဖက်တစ်ချက်နာတယ်
- ဆီးခဏခဏသွားတယ်
- ဆီးသွားရင်ကျဉ်တယ်
- ဆီးအရောင် နောက်တယ်
-

Yes → **ဖြစ်နိုင်ခြေ။** ကျောက်ကပ်ရောင်ရောဂါ(သို့) ဆီးအိမ်ရောင်ရောဂါ။ **ဆောင်ရွက်ရန်။** ဆရာဝန်က ဆီးစစ်ပေးလိမ့်မည်။ ပဋိဇီဝဆေးများ လိုအပ်သည်။ ထပ်ခါတလဲလဲ ရောဂါခံစားနေရလျှင် အာထရာဆောင်းနှင့် ဓာတ်မှန်ရိုက်ဖို့ လိုအပ်မည်။

No ↓

သိပ်မကြာခင်က တောတောင်ဘက်ကို ခရီးထွက်ခဲ့ဖူးသလား။

Yes → ၂၄ နာရီအတွင်း ဆရာဝန်ကိုပြသပါ။

**ဖြစ်နိုင်ခြေ။** ငှက်ဖျား သို့မဟုတ် တိုက်ဖွိုက် ရောဂါဖြစ်နိုင်သည်။

**ဆောင်ရွက်ရန်။** သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် သောက်သုံးခဲ့သည့်ဆေးဝါးများကို ဆရာဝန် ထံပြောပြပါ။ ဆရာဝန်မှ သွေးစစ်၊ ဝမ်းစစ် ပြုလုပ်ပေးလိမ့်မည်။ ရောဂါဖော်ထုတ်ပြီး သင့်လျော်သည့် ဆေးဝါးများပေးလိမ့်မည်။ ဆေးရုံတင်ရနိုင်ဖွယ်ရှိသည်။

No ↓

အမျိုးသမီးဖြစ်ရင် ဆီးစပ်တွေနာကျင် ကိုက်ခဲနေသလား။ အဖြူဆင်းနေသလား။

Yes → ၂၄ နာရီအတွင်း ဆရာဝန်ကိုပြသပါ။

**ဖြစ်နိုင်ခြေ။** သားအိမ်ရောင်ရမ်းနာ ဖြစ်နိုင်သည်။ ကာလသားရောဂါပိုး ကူးစက်ခံခဲ့ရဖွယ်ရှိသည်။ **ဆောင်ရွက်ရန်။** ဆရာဝန်က စမ်းသပ်ပြီး စစ်ဆေးမှုများ ပြုလုပ်မည်။ အကိုက်အခဲပျောက်ဆေးဝါးနှင့် ပဋိဇီဝဆေး လိုအပ်သည်။

No ↓

နေပူထဲမှာ ဒါမှမဟုတ် ပူလွန်းတဲ့ ပတ်ဝန်းကျင်မှာ နာရီများစွာ အချိန်ဖြုန်းခဲ့သလား။

Yes → **ဖြစ်နိုင်ခြေ။** အပူလွန်ကဲသည့် ပတ်ဝန်းကျင်ကြောင့် ကိုယ်ပူချိန်တက်နိုင်ပါသည်။ **ဆောင်ရွက်ရန်။** အေးမြသည့်အခန်းတွင်း နားနေပါ။ တစ်နာရီအတွင်း အဖျားမကျခဲ့လျှင် ဆရာဝန်ကို ပြသပါ။

No ↓

လွန်ခဲ့တဲ့ ၃ ပတ် ၄ ပတ်အတွင်းမှာ မကြာခဏ ပြန်လည် ဖျားတတ်သလား။ မမျှော်လင့်ဘဲ ကိုယ်အလေးချိန်ကျဆင်းနေသလား

Yes → ၂၄ နာရီအတွင်း ဆရာဝန်နဲ့ပြသပါ။

**ဖြစ်နိုင်ခြေ။** တီဘီရောဂါ၊ အကျိတ်ကင်ဆာ ရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နိုင်ခြေရှိသည်။ **ဆောင်ရွက်ရန်။** ဆရာဝန်က သွေးစစ်၊ သလိပ်စစ်၊ ရင်ဘတ်ဓာတ်မှန်ရိုက်ပြုလုပ်ပေးမည်။ အထူးကု ဆရာဝန်ထံ လွှဲပြောင်းကုသဖို့ လိုအပ်နိုင်သည်။

No → ၂ ရက်ကျော်လို့မှ အဖျားမကျခဲ့ရင် ရောဂါ အမည်ဖော်ထုတ်နိုင်ဖို့ ဆရာဝန်နဲ့ပြသဖို့လို ပါသည်။

ဖလိုးချပ် စာမျက်နှာ ၂ ကော်လံ ၃

ချောင်းဆိုးရင် သွေးပါသလား

No → ၂ ရက်ကျော်လို့မှ အဖျားမကျလျှင် ဆရာဝန်ကို ပြပါ။

Yes → ၂၄ နာရီအတွင်း ဆရာဝန်ကိုပြသပါ။

**ဖြစ်နိုင်ခြေ။** စိုးရိမ်ရသော အဆုတ်ရောဂါ (တီဘီ သို့မဟုတ် အဆုတ်ကင်ဆာရောဂါ)။

**ဆောင်ရွက်ရန်။** ဆရာဝန်ကသွေးစစ်၊ သလိပ်စစ်၊ ဓာတ်မှန်ရိုက်ပြုလုပ်ပေးလိမ့်မည်။ အဆုတ်တွင်းမှန်ပြောင်းကြည့်ရှုဖို့ အထူးကုထံလွှဲအပ်ပေးဖွယ်ရှိသည်။



ကမ္ဘာ့ AIDS နေ့အထိမ်းအမှတ်အဖြစ် အာဂျင်တီးနားနိုင်ငံ ဘျူနေ့စ်အေးရီးစ်မြို့လယ် ကောင်တွင် စိုက်ထူထားသော ရော်ဘာကွန်ဒုံး ကျောက်တိုင်

# ကွန်ဒုံး၏သမိုင်းအကျဉ်း

ရန်မျိုးအောင်

မြန်မာနိုင်ငံတွင် ကွန်ဒုံးများ တွင်တွင်ကျယ်ကျယ်မသုံးကြသေးမီက လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်ရန်နှင့် သားဆက်ခြားရန်အတွက် ကွန်ဒုံးများအသုံးပြုကြစေရေးကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက ရုပ်တကာရွာလှည့်၍ ပညာပေးစည်းရုံးခဲ့ကြသည်။ "ကျွန်တော်တို့တောသူတောင်သားတွေ အင်မတန်ရိုးကြတယ်ဗျ။ ဒါကို ဒီလိုစွပ်ပြီး သုံးရတယ်ဆိုတာကို နမူနာအနေနဲ့ အနားမှာရှိတဲ့ ဘူးစင်က ဝါးလုံးမှာစွပ်ပြခဲ့တာ။ နောက်နေ့မနက်ကျတော့ အဲဒီဘူးစင်က ဝါးလုံးတွေမှာ ကွန်ဒုံးတွေစွပ်ထားကြတာတွေ့ရတယ်ဆိုတဲ့ အဖြစ်ကလေး လူသိများတယ်" ဟု ထိုစဉ်က ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောပြပါသည်။

သမိုင်းမှတ်တမ်းများအရမူ ရှေးဟောင်းအီဂျစ်၊ ဂရိနှင့် ရောမအင်ပါယာတို့တွင် ပဋိသန္ဓေတားဆီးရေးအတွက် ကွန်ဒုံးကို အသုံးပြုခဲ့ဖူးကြကြောင်း သုတေသီတို့က ဆိုထားကြပါသည်။ အာရှနိုင်ငံများတွင်လည်း ၁၅ ရာစုမတိုင်မီက တည်းကပင်လျှင် အမျိုးသားလိင်အင်္ဂါထိပ်ကို စွပ်ရသည့် ကွန်ဒုံးနှင့်အလားတူပစ္စည်းမျိုးကို အသုံးပြုခဲ့ကြကြောင်း မှတ်တမ်းများရှိပါသေးသည်။ သို့ရာတွင် အထက်တန်းလွှာလူတန်းစားများကသာ ယင်းကိုအသုံးပြုခဲ့ကြပြီး အဆိုပါကွန်ဒုံးမျိုးကို တရုတ်နိုင်ငံတွင်မူ ဆီစိမ်ထားသောပိုးစက္ကူ၊ သိုး၏အူအရေပြားတို့ဖြင့် ပြုလုပ်ခဲ့ကြကာ၊ ဂျပန်နိုင်ငံတွင်မူ လိပ်ခွံ(သို့) တိရစ္ဆာန်တို့၏ဦးချိုတို့ဖြင့် ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

၁၆ ရာစုတွင်မူ ဆစ်ဖလစ်ရောဂါဆိုင်ရာ ဆေးပညာကျမ်းတစ်စောင်ကို ထိုခေတ်ကထင်ရှားသည့် ဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဂါဘီယယ်လ်ဖယ်လ်လိုပီယိုက အီတလီတွင် ရေးသားခဲ့ရာ ထိုရောဂါကို ကာကွယ်ရန်အတွက် ကွန်ဒုံးကို



ကွန်ဒုံးတွင် အပေါက်ရှိမရှိလေမှုတ် စမ်းသပ်နေကြပုံ
၁၈ ရာစု ပန်းချီလက်ရာတစ်ခု


အသုံးပြုရန်လိုအပ်ကြောင်းကိုလည်း ထည့်သွင်းရေးသားထားလေသည်။ ကွန်ဒုံးကို အသုံးမပြုမီတွင် ဓာတုဆေးရည်တစ်မျိုးတွင်စိမ်ပြီး ခြောက်သွေ့မှ အသုံးပြုရန်ကိုလည်း ညွှန်ကြားထားသေးသည်။ ယင်းသည် ဆစ်ဖလစ်ရောဂါနှင့် ပတ်သက်၍ အစောဆုံးရေးသားခဲ့သည့် ကျမ်းတစ်စောင်ဖြစ်ပြီး၊ ကွန်ဒုံးကို စနစ်တကျ အသုံးပြုရန် ညွှန်ကြားခဲ့သည့် ကျမ်းလည်းဖြစ်လေ၏။

ထိုကျမ်းပေါ်ထွက်ပြီးနောက်ပိုင်းဝယ် လိင်မှကူးစက်တတ်သော ရောဂါများကို ကာကွယ်ရန်အတွက် ဥရောပတစ်လွှားတွင် ကွန်ဒုံးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြလေတော့သည်။ တစ်ပြိုင်တည်းလိုလိုပင် သားဆက်ခြားစေရန်အတွက်ကိုပါ အသုံးပြုခဲ့ကြလေ၏။


ဥရောပအလယ်ခေတ်ဖြစ်သည့် စက်မှုတော်လှန်ရေးခေတ်ကာလများတွင်မူ ကွန်ဒုံးကို တိရစ္ဆာန်တို့၏ အူသိမ်နှင့် ဆီးအိမ်တို့မှရရှိသော အရေပြားများဖြင့်ပြုလုပ်ခဲ့ကြပြီး၊ ၁၆ ရာစုနှောင်းပိုင်းတွင်မူ ဒတ်ချ်လူမျိုးကုန်သည်များက သားရေအနုစားများဖြင့် ပြုလုပ်ထားသော ကွန်ဒုံးများကို ဂျပန်သို့တင်ပို့ခဲ့ကြကြောင်းသိရသည်။ ယင်းကွန်ဒုံးများသည် ရှေးခေတ်ကွန်ဒုံးများကဲ့သို့ အမျိုးသားလိင်အင်္ဂါထိပ်ကိုသာ စွပ်ထားနိုင်ရုံမကတော့ဘဲ လိင်အင်္ဂါတစ်ခုလုံးကိုပါ အကာအကွယ်ပေးသည့် အရွယ်အစားမျိုးဖြစ်လေ၏။

ရှေးရိုးစဉ်လာအစွဲကြီးသူတို့၏ ဟန့်တားမှုများကြားမှပင် ကွန်ဒုံးအသုံးပြုခြင်းသည် လျှင်မြန်စွာကျယ်ပြန့်လာခဲ့သည်။ ကွန်ဒုံးများကို အရွယ်အစားအမျိုးမျိုးပြုလုပ်လာကြပြီး ရှေးရိုးစဉ်လာ တိရစ္ဆာန်အရေပြားများဖြင့် ပြုလုပ်ခြင်းမှသည် ဓာတုပစ္စည်းအလွှာပါးများနှင့်ပါ စမ်းသပ်ပြုလုပ်လာခဲ့ကြ၏။ ကွန်ဒုံးများကိုလည်း အရက်ဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များ၊ ဓာတုဗေဒဆေးပစ္စည်းဆိုင်များနှင့် လဟာပြင်ဈေးများတွင် ရောင်းချလာကြတော့သည်။ ဥရောပနှင့် ရုရှားတို့တွင် တွင်ကျယ်လာသောကွန်ဒုံးသည် အမေရိကန်သို့ပါ တွင်ကျယ်စွာ ခရီးဆက်လာလေတော့၏။ သို့ရာတွင် လူလတ်တန်းစားနှင့် အထက်တန်းလွှာတို့သုံးစွဲသော ပစ္စည်းတစ်ခုမျှသာဖြစ်နေခဲ့ပြီး လိင်ပညာအသိချို့တဲ့ပြီး ဆင်းရဲသည့် လူတန်းစားများမှာမူ အသုံးမပြုနိုင်ခဲ့ကြရှာချေ။

၁၉ ရာစုအစောပိုင်းတွင်မူ ဆင်းရဲသူ လူတန်းစားတို့ ပဋိသန္ဓေတားဆီးရေးကို ပထမဆုံး အားပေးလာခဲ့ကြသည်။ သားဆက်ခြားနည်းများကိုလည်း ရေးသားပြုစုလာခဲ့ကြသည်။ အချို့ကမူ အမျိုးသမီးများဘက်မှ တားဆီးခြင်းကိုသာ ထောက်ခံပြီး အမျိုး သားများ ကွန်ဒုံးအသုံးပြုခြင်းကို ကန့်ကွက်ခဲ့ကြ၏။ ထိုသို့သော အပြန်အလှန် အငြင်းပွားမှုများကပင်လျှင် ကွန်ဒုံးအသုံးပြုခြင်းသည်သာ အကောင်းဆုံးရွေးချယ်မှုဖြစ်လာစေခဲ့၏။ ဥပဒေဆိုင်ရာတားမြစ်မှုများရှိနေသည့်ကြားကပင်လျှင်ကွန်ဒုံးအကြောင်းနှင့် အသုံးပြုနည်းတို့ကို သတင်းစာများ၊ စာစောင်များဝယ် ရေးသားဖော်ပြခဲ့ကြသည်။ ထို့အပြင် ကွန်ဒုံးတစ်ခုကို မိမိဘာသာပြုလုပ်နည်းများကိုပါ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ ထုတ်ဝေသည့် စာစောင်များ သတင်းစာများဝယ် ရေးသားဖော်ပြခဲ့ကြသည်။ ၁၉ ရာစုနှောင်းပိုင်းရောက်သည်တွင်မူ သားဆက်ခြားစေရန်အတွက် ကွန်ဒုံးအသုံးပြုခြင်းသည် အနောက်ကမ္ဘာဝယ် အထင်ရှားဆုံးနှင့် လူကြိုက်အများဆုံး နည်းလမ်းဖြစ်လာခဲ့လေ၏။




၁၈၁၃ ခုနှစ်က
ထုတ်လုပ်သော
ကွန်ဒုံးတစ်ခုနှင့်
အသုံးပြုနည်းလမ်းညွှန်စာရွက်



၁၉ ရာစု၏ ဒုတိယနှစ်ငါးဆယ်တွင်မူ လိင်မှကူးစက်သောရောဂါပြန့်ပွားနှုန်းသည် အမေရိကန်တွင် တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်။ အမေရိကန်ပြည်တွင်းစစ်၏အကျိုးသက်ရောက်မှုကြောင့်ဖြစ်သလို ရောဂါကာကွယ်ရေးနည်းလမ်းများကို လျစ်လျူရှုခဲ့ကြခြင်းကြောင့်လည်းဖြစ်ကြောင်း သမိုင်းသုတေသီတို့ကဆိုကြ၏။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသည်တွင်မူ လိင်မှကူးစက်သောရောဂါပြန့်ပွားမှုမှာ ကမ္ဘာတစ်လွှားတွင်ပါ အထူးမြင့်မားလာခဲ့သဖြင့် ဂျာမနီတပ်မတော်အနေဖြင့် ရဲဘော်များကွန်ဒုံးအသုံးပြုရန်ကို အားပေးစည်းရုံးခဲ့သော်ငြား အမေရိကန်တပ်မတော်ကမူ ရဲဘော်များကို ကွန်ဒုံးအသုံးပြုခြင်းကို အားမပေးခဲ့ချေ။ ထို့ကြောင့် ပထမကမ္ဘာစစ်အတောအတွင်းဝယ် အစပိုင်း ဝယ်ပါဝင်ခဲ့သော အမေရိကန်တပ်သားများနှင့် ဗြိတိသျှတပ်သားများသည်သာ ကွန်ဒုံးကို တွင်တွင်ကျယ်ကျယ်အသုံးမပြု ကြသူများဖြစ်ခဲ့ကြလေ၏။

ပထမကမ္ဘာစစ်ကာလ ဆယ်စုနှစ် များတွင်မူ လူမှုရေးနှင့်ဥပဒေရေးရာ အတားအဆီးများကြားမှပင် ကွန်ဒုံးကိုအထူးတလည် အသုံးပြုလာခဲ့ကြတော့သည်။ ဥရောပနိုင်ငံတပ်များကလည်း သူတို့၏ တပ်သား များကို ကွန်ဒုံးများထောက်ပံ့ဖြန့်ဝေပေးခဲ့သည်။ ၁၉၂၀ ခုနှစ်များတွင် ကွန်ဒုံးရောင်းအားသည် လည်း ကမ္ဘာတွင် နှစ်ဆခန့်တိုးတက်လာခဲ့လေတော့၏။

ကွန်ဒုံးကို သဘာဝရော်ဘာဖြင့် ပြုလုပ်နည်းတစ်ခုကို ချားလစ်ဂွတ်ယီးယားက ၁၈၃၉ ခုနှစ်တွင် ရှာဖွေဖော်ထုတ်ခဲ့သော်လည်း ယင်းသည် အေးချိန်တွင် အလွန်မာကာ ပူချိန်တွင် အလွန် ပျော့



De Morbo Gallico. 52

uerucam, & medium partem glandis exesit: sed quia ego dixi quòd caries oritur per contagium. sciatis quod etiam oriri solet ratione hepatis transmittentis: dimittamus hanc secundam speciem loquamur de prima, atque quo iuuenis coiens cum infecta ab hac præseruetur, & cariem non sentiat.

De præseruatione à carie Gallica. CAP. LXXXVIIII.

Ego nihil fecisse uideor nisi doceam uos, quomodo quis uidens pulcherrimam sirenam, & coiens cum ea, etiam infecta, à carie, & lue Gallica præseruetur. Ego semper fui huius sententiæ, quòd adsit ratio præcauendi, ne per contagium, huiusmodi ulcera oriantur: sed quæ est ista ratio? Ego dixi quòd nascitur caries hæc per communicata corpuscula saniosa, quæ imbibita poris glandis faciunt cariem, ideò opus est, ut statim saniem à glande expurgemus, sed si imbibita sit in poris licet uino, lotio, uel aqua detergamus præputium, tamen eam detergere non possumus. & hoc sæpe accidit in tectis, & mollibus glandibus. Quomodo ergo agendum? semper fui istius sententiæ, quòd ponamus aliquod habens uim penetrandi corium, & dissipandæ materiæ, uel extrahendæ, uel siccandæ & uincendæ natura sua. ideò inuestigaui hoc medicamentum. Sed quia oportet etiam Meretricum animos disponere, non licet nobiscum unguenta domo afferre. propterea ego inueni linteolum imbutum medicamento, quod potest commode asportari, cum femoralia iam ita uasta feratis, ut totam apothecam nobiscum habere possitis: Quoties ergo quis coiuerit abluat (si potest) pudendum, uel panno detergat: postea habeat linteolum ad mensuram glandis præparatum, deinum cum coiuerit ponat supra glandem, & recurrat præputium: si potest madere sputo, uel lotio bonum est, tamen non refert: si timetis, ne caries oriatur in medio canalis, habeatis huius lintei inuolucrum, & in canali ponatis, ego feci experimentum in centum, & mille hominibus, & Deum testor immortalem nullum eorum infectum. Notate autem obiter, quod quælibet species linteoli mundi tantam habet uim in præseruatione, ut nihil magis [ad dite quòd gossipium nouum, molle, fidibus bene concussum glandi optimè lotæ detergentibus, obuolutum mirum in modũ præseruat & quum quis Gallicis scopulis lignum percussit post ablationem inspiciat: uidebit enim inuolucrum illud saniosum, aut citrino, aut pallido, uel subnigro colore infectum] ideò semper quis paruo linteolo obuoluat glandem per spatium quatuor, aut quinque horarum, & hoc non est molestum mulieribus: sed tamen præparati lintei ratio est præstantissima. Præparatur autem hoc modo.

Nota de præseruatione.

Lotio vel vino et urina.

Linteolũ mundum. Gossipiũ.


Præparatio lintei.

၁၅၆၄ခုနှစ် တွင်မှ ဆစ်ဖလစ်ရောဂါ ဆိုင်ရာ ဆေးပညာကျမ်းတစ်စောင်ကို ထိုခေတ်က ထင်ရှားသည့် ဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဂါဘီ ယယ်လ် ဖယ်လ်လိုပီယိုက အီတာလီတွင် ရေးသားခဲ့ရာ ထိုရောဂါကို ကာကွယ်ရန်အတွက် ကွန်ဒုံးကို အသုံးပြုရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်း ရေးသားထားလေသည်။

နေသဖြင့် အသုံးပြု၍မရခဲ့ချေ။ သို့ရာတွင် ယင်းအားနည်းချက်ကို ပြုပြင်ခဲ့ပြီးနောက် နည်းပညာကို ၁၈၄၄ ခုနှစ်တွင် မူပိုင်ခွင့်မှတ်ပုံတင်ခဲ့သည်။ ၁၈၅၅ ခုနှစ်တွင်မှ ပထမဆုံး ရော်ဘာ ကွန်ဒုံးကို ထုတ်လုပ်နိုင်ခဲ့သည်။ ပေါ်ခါစရော်ဘာ ကွန်ဒုံးများမှာ စက်ဘီးလေကျွတ်များကဲ့သို့ ထူထဲ လှလေ၏။ ထို့အပြင် ကွန်ဒုံးအရင်းရှိ ရော်ဘာ ကွင်းမှာလည်း ကျပ်တည်းအားသန်လွန်းသဖြင့် အမျိုးသားလိင်အင်္ဂါများကို တင်းကျပ်စွာ ညှစ် ထားသကဲ့သို့ ဖြစ်နေလေသည်။

၁၉၁၂ ခုနှစ်တွင်မှ ပိုလန်လူမျိုး တီထွင်ရှင် ဂျူလီးယပစ်ဖရွမ်းက ကွန်ဒုံးထုတ်လုပ်ခြင်းနည်းပညာသစ်တစ်ခုကို တီထွင်ခဲ့သည်။ ဖန်ဖြင့်ပြုလုပ်ထားသော ပုံစံများကို ရော်ဘာရည်စိမ်ကာ ခြောက်သောအခါမှ အပေါ်ယံရော်ဘာကို ချွတ်ယူခြင်းဖြင့် ကွန်ဒုံးကိုပြုလုပ်ခြင်းပင်ဖြစ်လေ၏။ ယင်းကို လုပ်သားများက လက်ဖြင့်စိမ်၊ လက်ဖြင့်သာချွတ်ပေးကြရသည်။ နောက်ပိုင်းတွင်မူ ကြက်ပေါင်စေးကို အသုံးပြုလာနိုင်ခဲ့ကြသည်။ ကွန်ဒုံးလုပ်ငန်းစဉ်များသည် ၁၉၃၀ ခုနှစ်ရောက်မှသာလျှင် ယင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို စက်ဖြင့်ပြုလုပ်လာနိုင်ခဲ့သည်။ သို့ရာတွင်တိရစ္ဆာန်အရေပြားဖြင့်ပြုလုပ်သည့်ကွန်ဒုံးများမှာမူ ဈေးကြီး ပေးဝယ်ယူသူတို့အတွက် ရှိနေဆဲပင်ဖြစ်သည်။








ခေတ်ဟောင်းမှ ကွန်ဒုံးအထုပ်တစ်ခု

၁၉၃၀ ခုနှစ်နောက်ပိုင်းများတွင်မူ ကွန်ဒုံးအသုံးပြုခြင်းကို တားဆီးသောဥပဒေများ တစ်စတစ်စ ပပျောက်လာခဲ့သည်။ ကွန်ဒုံး၏ အသုံးဝင်မှုကိုလည်း ကမ္ဘာတစ်လွှား လူသိများလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလများတွင်မူ အမေရိကန်တို့သည် တပ်သားများအား ကွန်ဒုံး ဖြန့်ဝေပေးသည်သာမက ရုပ်ရှင်များ၊ ပိုစတာများနှင့် သင်တန်းများပေး၍ပင် ကွန်ဒုံးနှင့် ပတ်သက်၍ ပညာပေးခဲ့သည်။ စစ်ကြီးများပြီးသည့် ခေတ်တွင်လည်း ကွန်ဒုံးရောင်းအားများ ဆက်လက်တိုးတက်လာခဲ့သည်။ ၁၉၅၅ မှ ၁၉၆၅ အထိ ကာလများဝယ် အမေရိကန်လူမျိုး ၄၂ ရာခိုင်နှုန်းသည် သားဆက်ခြားရေးအတွက် ကွန်ဒုံးကိုသာ အဓိကအသုံးပြုခဲ့ကြပြီး၊ ဗြိတိန် နိုင်ငံရှိ အိမ်ထောင်သည်စုံတွဲ ၆၀ ရာခိုင်နှုန်းခန့်သည်လည်း ကွန်ဒုံးကိုသာ အသုံးပြုခဲ့ကြသည်။ ၁၉၆၀ ခုနှစ်နောက်ပိုင်းများဝယ် ပဋိသန္ဓေတားဆေးများ ခေတ်စားလာသည်တွင်မှ ကွန်ဒုံးအသုံးပြုခြင်းသည် ဒုတိယနေရာသို့ရောက်သွားခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လူဦးရေပေါက်ကွဲမှုကို ဖြေရှင်းရေးအတွက် ကွန်ဒုံးကို အသုံးပြုကြရန် အဖွဲ့အစည်းများက လှုံ့ဆော်ခဲ့ကြသည်။ ၁၉၇၀ ခုနှစ်မှအစပြု၍ အိန္ဒိယတစ်နိုင်ငံကတည်းကပင်လျှင် နှစ်စဉ် ကွန်ဒုံးသန်းပေါင်းရာချီ အသုံးပြုခဲ့ကြောင်း သိရသည်။ ယနေ့အခါတွင်မူ မိသားစုစီမံကိန်းများအတွက် အိန္ဒိယအစိုးရက နှစ်စဉ်ကွန်ဒုံး ၁. ၉ ဘီလီယံ တင်သွင်းပေးနေကြောင်း သိရပါသည်။

ခုခံအားကျဆင်းမှုရောဂါပေါ်ပေါက်လာပြီးနောက်ပိုင်းခုနှစ်များတွင်မူ ကွန်ဒုံးသုံးစွဲမှုမှာ ယခင်ကထက် ပိုမိုမြင့်မားလာခဲ့လေ၏။ ကွန်ဒုံး သည် ခုခံအားကျဆင်းမှုရောဂါကို ကြိုတင်ကာကွယ်ရာ အဓိကလက်နက်တစ်ခုလည်း ဖြစ်လာသည်။ ထိုအချိန်တွင်မူ ကွန်ဒုံးကိုတားမြစ် ပိတ်ပင်ခြင်း မှန်သမျှလည်း ပျက်ပြယ်သွားလေတော့သည်။ ကွန်ဒုံးအသုံးပြုရေးကို အမျိုးသားရေးတစ်ခုသဖွယ်ပင် လှုံ့ဆော်စည်းရုံးလာခဲ့ကြသည်။ ယနေ့တိုင်ပင် လှုံ့ဆော်စည်းရုံးမှုများရှိနေဆဲလည်း ဖြစ်၏။

၁၉၉၀ ခုနှစ်တွင်မူ ကွန်ဒုံးနည်းပညာတစ်ခေတ်ဆန်းလာကာ ပိုလီယူရီသိန်းဓာတု ပစ္စည်းဖြင့် ကွန်ဒုံးများကိုပြုလုပ်လာနိုင်ခဲ့သည်။ ယင်းနည်းပညာဖြင့်ပြုလုပ်သော ကွန်ဒုံးများကို Durex ကုမ္ပဏီမှ ၁၉၉၀ ခုနှစ်များတွင် စတင်ဖြန့်ချိလာခဲ့သည်။ ၂၀၁၁ တွင်မူ မိမိစိတ်ကြိုက်အရွယ်အစားရွေးချယ်နိုင်သော TheyFit ဟု ခေါ်သည့်ကွန်ဒုံးများ ပေါ်ပေါက်လာခဲ့ကြလေ၏။

ကမ္ဘာတစ်လွှား ကွန်ဒုံးအသုံးပြုမှုမှာ ဆက်လက် တိုးမြင့်နေဦးမည် ဟုမျှော်လင့်ရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအ နေဖြင့် ၂၀၁၅ ခုနှစ် တွင် ကွန်ဒုံး ၁၈. ၆ ဘီလီယံမျှ လိုအပ်မည်ဟုလည်း ခန့်မှန်းထားကြသည်။ ၂၀၁၃ ခုနှစ်စက်တင်ဘာလတွင်မူ ကနေဒါနိုင်ငံ အကျဉ်းထောင်များအတွင်းဝယ် ကွန်ဒုံး အသုံးပြုခွင့် စတင်ပေးခဲ့ပြီး ဥရောပသမဂ္ဂနိုင်ငံများ၊ ဩစတြေးလျ၊ ဘရာဇီးလ်၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနှင့် အမေရိကန်ပြည်ထောင်စု ဗားမောင့် ပြည်နယ်အကျဉ်းထောင်များတွင်လည်း ကွန်ဒုံးကို သုံးခွင့်ပြုလာခဲ့သည်။

ကွန်ဒုံး၏ သမိုင်းအကျဉ်းမှာ စိတ်ဝင်စားဖွယ်ရာရှိသလို ကွန်ဒုံး၏ အသုံးဝင်မှုမှာလည်း ရှေးနှစ်ပေါင်းရာထောင်ချီမှသည် ယနေ့ထက်တိုင် အတောမသတ်ရှိနေဆဲပင်။ အကယ်၍ ရှေးလူတို့အနေဖြင့် ကွန်ဒုံးကိုသာ မတီထွင်ခဲ့ကြလျှင် . . .

**ရန်မျိုးအောင်**



ယနေ့ခေတ်အခါ ငွေရောင်ပိတ်ကားပြင်ပေါ်မှာ ထွန်းလင်းတောက်ပတဲ့ ကြယ်ပွင့်များစွာရှိသလို ဖန်သားပြင်ပေါ်ကနေ ပရိသတ်အများရဲ့အသည်းနှလုံးကို သိမ်းကျုံးဆွဲဆောင်နိုင်စွမ်းရှိတဲ့ ကြယ်ပွင့်များလည်း များစွာရှိပါတယ်။ TV ဇာတ်လမ်းတွဲတွေ အောင်မြင်သလို ဒီဇာတ်လမ်းတွဲများမှာ ပါဝင်သရုပ်ဆောင်တဲ့ သရုပ်ဆောင်များကလည်း ထင်ပေါ်ကျော်ကြားလာကြပါတယ်။ အလွန်တရာ အောင်မြင်တဲ့ TV ဇာတ်လမ်းတွဲများက သရုပ်ဆောင်များဟာ ရုပ်ရှင်ဖျော်ဖြေရေးနယ်ပယ်က မဟုတ်ဘဲ ဒါမှမဟုတ် ရုပ်ရှင်မှာ နေရာမရသေးသူများဖြစ်ရင်လည်း ဇာတ်လမ်းတွဲရဲ့

# MICHELLE DOCKERY


တင်လတ်သန္တာဗိုလ်



“

မီရှယ်လ်ဟာ **Jazz** ဂျက်ဇ်
အဆိုတော်လည်း ဖြစ်ပါတယ်
တေးဂီတအနုပညာရှင်များဖြစ်ကြတဲ့ **Sadie,**
**The Hot Heads** တို့နှင့်လည်း
မကြာခဏတွဲဖက်သီဆိုခဲ့ပါတယ်
**The Hot Heads** အဖွဲ့ကိုဖွဲ့စည်းသူက
**Elizabeth Mcgovern** ဖြစ်ပြီး

ဗြိတိသျှကြယ်ပွင့် Michelle Dockery









Michelle နှစ်သက် သည့်အရာများ

အောင်မြင်မှုနဲ့အတူ ရုပ်ရှင်နယ်ပယ်မှာပါ ခြေလှမ်းခွင့်၊ နေရာယူခွင့်ရရှိကြပြီး ရုပ်ရှင်ကားကြီးများမှာ နာမည်ကျော် သရုပ်ဆောင်များနဲ့အတူ ပါဝင်သရုပ်ဆောင်ခွင့်အစရှိတဲ့ အခွင့်အရေးကောင်းများကိုရရှိကြပါတယ်။ ဒီလိုနဲ့ပဲ ပို၍သာ၍ မြင့်မားတဲ့ အောင်မြင်မှုမျိုးကိုရရှိသွားကြတာလည်း အနမတဂ္ဂဖြစ်ပါတယ်။ အမေရိကန် TV ဇာတ်လမ်းတွဲများကို ယခုချိန်ခါမှာတော့ TV လိုင်းများကနေ ကြည့်ရှုခွင့်ရရှိနေကြပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ TV - Channel များကလည်း US နှင့်ကိုရီးယားဇာတ်လမ်းများ ရုပ်ရှင်များကို အသားပေးထုတ်လွှင့်တာကြောင့် ဗြိတိသျှ TV ဇာတ်လမ်းတွဲ များများစားစားကိုတော့ ပရိသတ်များရင်းနှီးမှု သိပ်မရှိသေးဘူးလို့ ဆိုနိုင်ပါတယ်။ UK နိုင်ငံမှာ



East Enders, Emmerdale အစရှိတဲ့ TV ဇာတ်လမ်းတွဲများဟာ နှစ်ကာလ ကြာရှည်ပြသနေရပြီး ပရိသတ်နှစ်ခြိုက်စွဲမက်တဲ့ ဇာတ်လမ်းတွဲများဖြစ်ကြပါတယ်။ ဒါပေမဲ့ အဟောင်းများ နေရာယူမင်းမူဆဲဖြစ်သလို TV ဇာတ်လမ်းတွဲအသစ်များကလည်းအလျှိုအလျှိုပေါ်ထွက်လာလျက် ရှိပါတယ်။ သိပ်မကြာသေးခင်နှစ်များက အင်္ဂလိပ် TV မှာ The Downton Abbey ဆိုတဲ့ဇာတ်လမ်းကနာမည်ကြီး၊ လူကြိုက်များလာပြီး ပါဝင်တဲ့ သရုပ်ဆောင်မင်းသမီး၊ Michelle Dockery လည်း ထင်ရှားကျော်ကြားလာပါတယ်။ ထုံးစံအတိုင်းပဲ (Michelle) မီရှယ်လ်ဟာ ဖန်သားပြင်ကနေ ရုပ်ရှင်ပိတ်ကားပြင်ပေါ်မှာပါ ကူးပြောင်းနေရာယူလာပြီး ယခု ၂၀၁၄ မှာ ပြသတဲ့ ရင်မသည်းဖိုရုပ်ရှင် Non-Stop မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

မီရှယ်လ် (Michelle) ရဲ့ နာမည်အပြည့်အစုံက (Michelle Suzanne Dockery) မီရှယ်လ် ဆူဇန်နီ ဒေါက်ကရီ ဖြစ်ပါတယ်။ သူ့ကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ ခုချိန်မှာ မီရှယ်လ်ဟာ အသက် ၃၀ ကျော် သီသီစွန်းစပြုလာပြီဖြစ်ပါတယ်။ မီရှယ်လ်ဟာ ပထမဆုံး ပွဲဦးထွက်ပြဇာတ်သရုပ်ဆောင်အဖြစ် ၂၀၀၄ ခုနှစ် His Dark Materials မှာ ပါဝင် ကပြခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ လန်ဒန်မြို့တော်ပြဇာတ်ရုံမှာ ပြန်လည်အသက်သွင်း ကပြတဲ့ Pygmalion မှာ Eliza Doolittle အဖြစ်ကပြခဲ့ပြီး Evening Standard Award ဆုအတွက် ဆန်ခါတင်စာရင်းမှာ ရွေးချယ်ခံခဲ့ရပါတယ်။ Burnt By The Sun ပြဇာတ်မှာလည်း အကောင်းဆုံး ဇာတ်ပို့သရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ပြန်ပါတယ်။ မီရှယ်လ်ဟာ ၂၀၀၅ ခုနှစ်မှာ Pillars Of The Community နှင့် ၂၀၁၀ Hamlet ပြဇာတ်များမှာလည်း ထူးချွန်စွာ ကပြဖျော်ဖြေတင်ဆက်နိုင်မှုများကြောင့် ထင်ရှားအောင်မြင်လာခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ Hanna၊ ၂၀၁၂ ခုနှစ်မှာ Anna Karenina နှင့် ၂၀၁၄ ခုနှစ်မှာ Non-Stop ရုပ်ရှင်ဇာတ်ကားများမှာ မီရှယ်လ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

မီရှယ်လ်ဟာ Jazz ဂျက်ဇ်အဆိုတော်လည်း ဖြစ်ပါတယ်။ တေးဂီတအနုပညာရှင်များဖြစ်ကြတဲ့ Sadie, The Hot Heads တို့နှင့်လည်း

အမေရိကန်နိုင်ငံ LA ပွဲတစ်ခု တွင် တွေ့ရသော Michelle









မကြာခဏ တွဲဖက်သီဆိုခဲ့ပါတယ်။ The Hot Heads အဖွဲ့ကို ဖွဲ့စည်းသူက Elizabeth Mcgovern ဖြစ်ပြီး Downton Abbey မှာ မီရှယ်လ်ရဲ့ မိခင်အဖြစ် သရုပ်ဆောင်သူဖြစ်ပါတယ်။ မီရှယ်လ်က Downton Abbey မှာ Lady Mary Crawley အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာမှ ထင်ရှားကျော်ကြားအောင်မြင်လာခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲဟာ ဗြိတိန်နိုင်ငံမှာ ကြည့်ရှုသူပရိသတ်များစွာရရှိခဲ့တဲ့၊ ပရိသတ်များ နှစ်ခြိုက်သဘောကျတဲ့ဇာတ်လမ်းတွဲဖြစ်ပြီး လီဗာပူးဘောလုံးအသင်းကပ္ပတိန် စတီဗင်ဂျားရတ်ရဲ့ ဇနီးကတောင် သူ့သမီးလေးများဟာ ဒီဇာတ်လမ်းတွဲကို အစွဲကြီးစွဲပြီး ဒီဇာတ်လမ်းထဲက မီရှယ်လ်တို့ပုံစံမျိုး အိမ်မှာဝတ်ဆင်ပြီး သရုပ်ဆောင်တမ်းကစားလေ့ရှိကြတယ်လို့ သူ့အင်တာဗျူးမှာ ပြောခဲ့ပါတယ်။ မီရှယ်လ်ရဲ့ ဖခင်ဟာ အိုင်းရစ်ရှ်လူမျိုးဖြစ်ပြီး မိခင်ကတော့ လန်ဒန်မှ ဖြစ်ပါတယ်။ မီရှယ်လ်မှာ မွေးချင်းအစ်မနှစ်ယောက်ရှိပါတယ်။ မီရှယ်လ်ဟာ Downton Abbey နှင့်



ဆုနှစ်ဆု ဆွတ်ခူးရရှိပြီးဖြစ်ပါတယ်။ အောင်မြင်ထင်ရှားလာပြီး ပရိသတ်များရဲ့ အသည်းစွဲသရုပ်ဆောင်ဖြစ်လာတဲ့ မီရှယ်လ်နှင့် စကားစမြည်ပြောဆိုကြည့်ရာမှာ . . .

**သဘောအကျဆုံးသည်းခံမိတဲ့ အစားအစာ**

ဆူရှီနဲ့ဝိုင်

**နောက်ဆုံးဝယ်ယူခဲ့တဲ့ ပစ္စည်းသုံးမျိုး**

ရေနွေးကရား၊ လေယာဉ်လက်မှတ်တစ်စောင်နှင့် Nespresso ကော်ဖီတောင့်ဘူးလေးများ

**အကြီးဆုံးနောင်တရမှု**

ဒီထက်ငယ်တုန်းက ကားမောင်းမသင်မိတာ

**TV မှာ မကြည့်ရမနေနိုင် မကြည့်မဖြစ်တဲ့ TV ဇာတ်လမ်း**

Mad Men

**ကိုယ်ကို ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်စွမ်းဆုံးအရာ**

ခေါင်းကိုင်မိခင်အဖြစ် တာဝန်ယူခဲ့ရတဲ့ ကလေးတွေဖြစ်ပါတယ်

**လုပ်ချင်တဲ့ ဆန္ဒရှိတဲ့အရာများစာရင်းမှာ ပါဝင်တာက**

လေထီးခုန်ဖို့နဲ့ အိန္ဒိယကိုသွားဖို့

**လက်ခံရရှိတဲ့ အကောင်းဆုံးလက်ဆောင်**

ဟာသဉာဏ်

**အမြဲတမ်းဖြစ်ချင်ခဲ့ပြီး လုပ်ကိုင်ဖို့ဆန္ဒရှိတဲ့အရာ**

ကိုယ်ပိုင်တေးဂီတအဖွဲ့တစ်ခုထောင်ရန်

**ကိုယ့်အတွက်မရှိမဖြစ်တဲ့အရာများ**

Pinterest၊ ကင်မရာ

**ကာရာအိုကေ အိမ်မှာပဲဖြစ်ဖြစ် ရေချိုးခန်းမှာ ဆိုလေ့ရှိတဲ့သီချင်း**

Total Eclipse Of The Heart

**ယုံကြည်လက်ခံတဲ့အယူသည်းမှု**

စားပွဲပေါ်မှာ ဖိနပ်အသစ်ကို လုံးဝတင်မထားဖို့

**အဆိုးဝါးဆုံး အပြစ် ၇ ချက်မှာ ကိုယ်ကျူးလွန်အပြစ်ရှိတဲ့အချက်**

အစားကြူးခြင်း

**ပံ့ပိုးကူညီနေတဲ့ ပရဟိတလုပ်ငန်းများ**

Changing Faces၊ Oxfam နဲ့ Mnda ဖြစ်ပါတယ်

**ကိုယ့်ရဲ့ သူရဲကောင်းတွေ**

အမေနဲ့ Joni Mitchell

**မိန်းမသားတွေအားလုံး ဘဝမှာ တစ်ခါတော့လုပ်သင့်တာ**

အဝတ်အစားမပါဘဲ ရေထဲခုန်ဆင်းတာ၊ ရေကူးတာ

**ကိုယ့်ရဲ့အထင်ကရ စံပြညစာစားပွဲအတွက် ဖိတ်ကြားချင်တဲ့ လူစာရင်းမှာ ပါဝင်တဲ့သူတွေ**

- Marilyn Monroe မာရီလင်မွန်ရိုး၊ Patti Smith ပက်တီစမစ်(သ်)၊ Ernest Hemingway အားနက်စ်ဟဲမင်းဝေး၊ Johnny Cash ဂျော်နီကက်ရှ်၊ Kristen Wiig ခရစ္စတင်ဝပ်ဂ်၊ Will Ferrell နဲ့ ချစ်သူ John Dineen ဂျွန်ဒီနင်တို့ဖြစ်ပါတယ်။ (ဖိတ်ကြားလိုသူများမှာ ကွယ်လွန်သူကမ္ဘာကျော်သရုပ်ဆောင်၊ အဆိုတော်၊ စာရေးဆရာ အနုပညာရှင်များနှင့် လက်ရှိနာမည်ကျော်ဟာသသရုပ်ဆောင်များ ဖြစ်ကြပါသည်။)

**လျှို့ဝှက်ထားတဲ့ ကျွမ်းကျင်ပါရမီတစ်ခုခုများရှိလား**

သွားကြားထဲကနေ လေချွန်တတ်တယ်

**Twitter ကွန်ရက်မှာ ဘယ်သူ့ကို Follow လုပ်သလဲ**

Twitter မသုံးဘူး။ ဒါပေမဲ့ Instagram သုံးပြီး Lena Dunham လီနာဒန်ဟမ်နဲ့ Usher အပ်ရှာကို Follow လုပ်တယ်။

**ပထမဆုံးရတဲ့ အလုပ်အကွေတစ်ခု ဘယ်လိုရခဲ့ပါသလဲ**

Pub (အင်္ဂလန်က အရက်ဘားဆိုင်) မှာ ဖန်ခွက်တွေသိမ်းရင်းရခဲ့တာ

**ငယ်ငယ်တုန်းက အဲဒါကိုသိခဲ့ရင် ကောင်းမှာလို့ ဖြစ်မိတဲ့အရာတစ်ခု**

အားလုံးက ကောင်းသွားမှာပါ ဆိုတာပေါ့။

**တင်လတ်သန္တာဗိုလ်**



# Royal FAMILY

## နောင်တစ်ခေတ်ရဲ့ အင်္ဂလန်ပြည့်ရှင် GEORGE နဲ့ တော်ဝင်စုံတွဲတို့အနက် လူစိတ်ဝင်စားမှုအများဆုံးရရှိထားတဲ့

# WILLIAM နဲ့ KATE

နန်းစံမဒီ

စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာ မင်းပျိုမင်းလွင်စာရင်းဝင်သလို ချောမောတဲ့ သူ့ရုပ်ရည်နဲ့ လိုက်ဖက်ညီတဲ့ မိဖုရားဘေးမှာ ရှိနေသူအဖြစ်အားလုံးသတ်မှတ်ထားတာက ဝီလျံမင်းသားပါ။ ဝီလျံမင်းသားနဲ့ ကြင်ရာတော်ကက်သရင်းဟာ စတင်လက်ထပ်တဲ့ ၂၀၁၁ ခုနှစ်မှစတင်ကာ ၂၀၁၄ အထိပြည်သူမေတ္တာကို အပြည့်အဝရရှိခဲ့သူတွေပဲ ဖြစ်ပါတယ်။ အခုတော့ သူတို့စုံတွဲက နောက်ဆုံး ပေးလိုက်ရပြီဖြစ်ကာ သူတို့ထက်ပိုပြီး စိတ်ဝင်တစားနဲ့ ချစ်ခြင်းခံယူရသူကတော့ သူတို့ရဲ့ သားလေးဖြစ်တဲ့ Prince George ပဲ ဖြစ်ပါတယ်။

**အင်္ဂလန်ရဲ့ အနာဂတ်မျှော်လင့်ချက် Prince Cutie**

၂၂. ၇. ၂၀၁၃ ခုနှစ်ညနေ ၄ နာရီ ၂၄မိနစ်အချိန်မှာ မင်းသားငယ် George ကို မွေးဖွားခဲ့ပါတယ်။ မွေးစအလေးချိန် ၈ ပေါင်နဲ့ ၆ အောင်စရှိပေမဲ့ ကိတ်ကသူ့ကို ဗိုက်ခွဲမမွေးဘဲ ရိုးရိုးမွေးဖွားခဲ့ပါတယ်။ မွေးဖို့ရက်ထက် ရက်အတော်ကြာအောင် နောက်ဆုတ်ပြီး မွေးဖွားခဲ့တဲ့အတွက် Prince William ဟာ သူ့သားအဆုတ်မကောင်းမှာအလွန်စိုးရိမ်ခဲ့ပေမဲ့ အောင်မြင်လှတဲ့ သူ့သားအသံကြားတော့ ပြုံးနိုင်ခဲ့ပါတယ်။ မွေးပြီးတစ်ရက်အကြာ ကမ္ဘာကို ပထမဆုံးပြသတဲ့ ပုံရိပ်မှာ အနှီးအပြင်ကို လက်ကလေးထုတ်ထားတဲ့ပုံကို ကမ္ဘာတစ်ဝန်းက လူအားလုံးက နှစ်သက်ခဲ့ကြပါတယ်။ ဆေးရုံကဆင်းပြီးတော့ သူတို့မိသားစုဟာ ကင်စတန်နန်းတော်ထဲက အိပ်ခန်းနှစ်ခန်းပါ နွေတင်ဟန်အိမ်ကလေးမှာ နေထိုင်ကြပါတယ်။ အပူဒဏ်နဲ့ သက်သောင့်သက်သာမရှိမှုတို့ကြောင့် George တစ်ယောက်အော်ဟစ်ငိုယိုပြီး အိပ်မရနိုင်အောင် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကိတ်ဟာ သူ့မိဘများရဲ့ အိမ်ရှိတဲ့ ဘက်ရှိုင်းယားပြည်နယ်ရှိ ဘက်ကယ်ဘာရီ ရွာကစ်အိမ်မှာ သွားရောက်နေထိုင်ခဲ့တဲ့အတွက် မင်းသား George ဟာ တော်ဝင်တို့အနက် နန်းတော်ပြင်ပကို သွားရောက်နေထိုင်တဲ့ ပထမဆုံး အသက်အငယ်ဆုံး တော်ဝင်ကလေးဖြစ်လာပါတယ်။ George ဟာ ကိတ်ရဲ့ အမေကာရိုးလ်ဆီကနေ အဘွားတစ်ယောက်ရဲ့ ဂရုစိုက်မှုကို အပြည့်ရခဲ့သလို ကိတ်ဟာလည်း အမေဆီကနေ ကလေးတစ်ယောက်ကို ဘယ်လိုပြုစုရမလဲဆိုတဲ့ သင်ကြားမှုကို လက်ထပ်သင်ယူနိုင်ခဲ့ပါတယ်။ မင်းသား George ကို ကိတ်မစ်ဒယ်လ်တန်ဟာ မိခင်နို့တိုက်ခဲ့ပြီး ပထမတော့ ကလေးထိန်းမထားဘဲ တစ်ဦးတည်း စောင့်ရှောက်လိုခဲ့ပါတယ်။ ဒါပေမဲ့ George ဟာ အင်မတန် ဆာ



ဝီလျံတို့ဇနီးမောင်နှံဟာ **George** ကို ခေါ်သွားတာဟာ ကံတရားရဲ့ စောင့်ရှောက်မှုလို့ ခေါ်ရလောက်အောင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ အွန်လိုင်းမီဒီယာတွေမှာ စကားဖြစ်ခဲ့ရပါတယ်။ သူ့ကိုအားလုံးက **His Royal Cuteness**, **Gorgeous George** စသဖြင့် ခေါင်းစီးမျိုးစုံနဲ့ ဖော်ပြခဲ့ပါတယ်။ **George** ကလည်း လူထုရင်ငိုတာ၊ ဂျီကျတာ လုံးဝလုပ်လေ့မရှိဘဲ ပြုံးလည်း မပြုံးဘဲမျက်နှာကို







လောင်လွယ်ပြီး ငိုလွန်းတာကြောင့် မိခင်နဲ့တစ်ခုတည်းနဲ့မနိုင်အောင်ဖြစ်တဲ့အတွက် ကိတ်ပင်ပန်းလွန်းလို့ အိပ်ပျော်နေတဲ့ အချိန် ညဘက်တွေမှာ မင်းသားဝီလျံက နို့ဘူးတိုက်ပေးခဲ့ရပါတယ်။ ဒါကြောင့် နှစ်ဦးသားပင်ပန်းလွန်းခဲ့တာကြောင့်ကလေးထိန်းတစ်ဦးကိုခေါ် ယူခဲ့ရပါတယ်။ အသက် ၇၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလေးထိန်း ဂျက်ဆီဝက်ဘ်ဟာ ဝီလျံမင်းသားကို ငယ်စဉ်ကတည်းက ထိန်းလာတာကြောင့် သူ့ကို ပထမဦးစွာ သူတို့သားငယ်ရဲ့ အထိန်းတော်အဖြစ် စဉ်းစားမိခဲ့ကြပါတယ်။

George ဟာ တော်ဝင်ကလေးတို့ အနက်ကမ္ဘာမှာ စိတ်အဝင်စားဆုံးဖြစ်ရတာဟာကလေးဖြစ်ပေမဲ့ ပွဲနေအခမ်းအနားမှာ ရာဇဣန္ဒြေနဲ့ နေနိုင်လွန်းတာကြောင့်ရယ်၊ အရယ်အပြုံးမရှိဘဲ မျက်နှာအမူအရာအမျိုးမျိုးပြောင်းလဲပြီး လုပ်တတ်လွန်းတာကြောင့်ပဲ ဖြစ်ပါတယ်။

အရှေ့မှာဖော်ပြပြီးခဲ့သလို George ဟာ အင်မတန်အစားကြီးပြီးတစ်ချိန်လုံးဆာလောင်ကာ၊ အထူးသဖြင့် ညဘက်တွေ လုံးဝမအိပ်ဘဲ အော်ဟစ်ငိုယိုကာနို့တောင်းနေတာကြောင့် ကိတ်ရော၊ ကလေးထိန်းပါ အင်မတန်ပင်ပန်းခဲ့ပါတယ်။

# Royal FAMILY

အောက်တိုဘာလ ၂၃ ရက်မှာ ရေဖျန်းခြင်းမင်္ဂလာကို ခံယူခဲ့ပြီး ဒီအချိန်တုန်းက ရိုက်ကူးခဲ့တဲ့ သူ့ရဲ့တရားဝင်ထုတ်ပြန်ပေးခဲ့တဲ့ ဓာတ်ပုံတွေဟာ လူကြိုက်အများဆုံးပုံတွေဖြစ်ခဲ့ရပါတယ်။ အပြင်မှာ မှင်နဲ့မောင်းနဲ့နေပေမဲ့ အိမ်မှာတော့ George ဟာ သာမန်ကလေးငယ်တစ်ဦးလိုသာ နေထိုင်ခဲ့ပါတယ်။ အာပြဲနေအောင်ငိုကာ အချိန်တိုင်းဆာနေသူပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ဒီအကျင့်ကို ကလေးထိန်း ဂျက်ဆီကအတော် ပြုပြင်ယူခဲ့ရပါတယ်။ တော်ဝင်တို့ရဲ့တာဝန်တွေကို ပြန်လည် ထမ်းဆောင်ရမှာ ဖြစ်တဲ့ကိတ်ဟာ George ရဲ့ ဒီ

အကျင့်ကြောင့် ၅ လလုံးလုံး သာမန်မိခင်ထက် ပိုပြီးပင်ပန်းနေတဲ့ အသွင်ကို ပထမဆုံး သူ့ရဲ့လူထုနဲ့ ပြန်လည်တွေ့ဆုံတဲ့ Popp Day မှာ မြင်နိုင်ပါတယ်။ ဆံပင်အဖြူကိုတောင် ဆေးမဆိုးနိုင်တဲ့ အထိ မင်းသားလေးဟာ အမေကို ဒုက္ခပေးခဲ့ပါတယ်။ သူ့အသက် ၅ လပြည့်ပြီးနောက်ပိုင်းမှာတော့ ကိတ်ဟာသူ့ကို ဖြည့်စွက်စာစတင်ကျွေးခဲ့ပါတယ်။ ဒီတော့မှ ဆာလောင်မွတ်သိပ်ပြီး ညမအိပ်တဲ့ George ဟာဗိုက်ပြည့်သွားတာကြောင့် ပုံမှန်အိပ်စက်လာပါတယ်။



မိဘဘဝကူးပြောင်းခြင်းဟာ မင်းသားဝီလျံနဲ့ ကြင်ရာတော် ကိတ်တို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ခဲ့တာကြောင့် စက်တင်ဘာလထဲမှာ မင်းသားဟာသူ့ရဲ့ ပိုင်းလော့ဘဝကို စွန့်လွှတ်ပြီး သူ့ဖခင်အိမ်ရှေ့စံ ချားလ်လိုပဲ လူမှုရေးကိစ္စတွေပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် မင်းသားဟာ သာမန်အိမ်ထောင်ရှင်ဖခင်တွေလို ညဘက်ကိတ်အိပ်ပျော်သွားချိန် George ကို နို့ဘူးဖျော်တိုက်တဲ့ တာဝန်ကို ယူနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ မိခင်ဒိုင်ယာနာကြောင့် မီဒီယာကို အမုန်းကြီးမုန်းတဲ့ ဝီလျံမင်းသားဟာ George ကို လူမမြင်အောင် အောက်တိုဘာလမှစကာ ထိန်းထားနိုင်တာကြောင့် George ရဲ့ ပုံကို မြင်ချင်လွန်းတဲ့ ပြည်သူတွေအတွက် ပါပါရာဇီတွေဟာ ကင်စတန်နန်းတော်ကို ကျားချောင်းချောင်းခဲ့ပေမဲ့ အထွေအထူးဘာမှ မမြင်ရဘဲ ဝိုးတဝါးပုံရိပ်တွေသာရခဲ့ပြီး ကိတ်ရဲ့ အိမ်နေရင်းဘောင်းဘီလေးဝတ်ပြီး ဘော့စ်ဘော ဦးထုပ်လေးဆောင်းကာ George ကို တွန်းလှည်းထဲထည့်ပြီး လမ်းလျှောက်တဲ့ပုံဟာ အင်္ဂလန်ပြင်ပက နိုင်ငံခြားတိုင်းပြည်တွေရဲ့ စာစောင်တွေမှာ မျက်နှာဖုံးသတင်း ဖြစ်လာပါတယ်။

၂၀၁၃ ခုနှစ်ရဲ့ ခရစ္စမတ်ကာလဟာ George အတွက် ပထမဆုံး ခရစ္စမတ်ဖြစ်ပြီး မိဘနှစ်ပါးက St. Mary Magdalene Church မှာ ဘုရင်မကြီးနဲ့အတူ ရှိနေပေမဲ့ George ကတော့ အိမ်မှာပဲ ကလေးထိန်းနဲ့ နေခဲ့ရပါတယ်။ သူ့အတွက် လက်ဆောင်တွေပေးတဲ့ အခါမှာလည်း ပစ္စည်းတွေထက် ထုပ်ပိုးစက္ကူက George ကို အထူးဆွဲဆောင်နိုင်ကြောင်း မင်းသားဝီလျံက ဖောက်သည်ချခဲ့ပါတယ်။

၂၀၁၄ ခုနှစ်အစမှာ မင်းသားဝီလျံဟာ ကမ်းဘရစ်ချ်တက္ကသိုလ်မှာ ၁၀ ပတ်ကြာ စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့သင်တန်းတက်ခဲ့တာကြောင့် ကိတ်ဟာ Georgeကို သူ့မိသားစုတွေနဲ့အတူ အပန်းဖြေနေကျ ကာရေးဘီးယန်းကျွန်းကို ခေါ်သွားပြီး သူ့မိသားစုတွေနဲ့အတူ အချိန်ဖြုန်းခဲ့ပါတယ်။ သူတို့သားအမိရဲ့ ဓာတ်ပုံကို လုံးဝ မရိုက်ရဘူးဆိုပြီး နန်းတော်က တင်းတင်းကျပ်ကျပ်တားမြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အစမှာပဲ George ရဲ့ အထိန်းတော်ကြီး ဂျက်ဆီက ၄လပိုင်းမှာသွားရောက်မယ့် ချစ်ကြည်ရေး ခရီးစဉ်တွေကို အသက်အရွယ်ကြီးတာက တစ်ကြောင်း၊ ကမ္ဘာတစ်ဖက်ခြမ်းကို နို့စို့ကလေးငယ်နဲ့သွားရောက်မှုအတွက် ပင်ပန်းဒဏ်မခံနိုင်တာတို့ကြောင့် စာချုပ်ထပ်မချုပ်ခဲ့ပါဘူး။

ကလေးထိန်းအသစ်တစ်ယောက်ရှာရတာကြောင့် အေဂျင်စီနဲ့ ဆက်သွယ်ပြီး ကလေးပြုစုစောင့်ရှောက်သက်နှစ်နှစ်ဆယ်ရှိပြီဖြစ်တဲ့ ကလေးထိန်းကို ထပ်မံရှာပြီးမှသာ နယူးဇီလန်နဲ့ ဩစတေးလျနိုင်ငံတို့ကို မင်းသားငယ် George ကိုခေါ်သွားနိုင်မှာ ဖြစ်ပါတယ်။ ကံအားလျော်စွာ အသက် ၄၃ နှစ်အရွယ် ကလေးပြုစုစောင့်ရှောက်ရေးသာမက ကျန်းမာသန်စွမ်းတဲ့ ခန္ဓာကိုယ်နဲ့ ပါပါရာဇီတွေလိုက်လို့မရအောင် လျင်မြန်စွာ ကားမောင်းနိုင်စွမ်းပါ ပြည့်ဝတဲ့ Borallo ကို ခေါ်ယူနိုင်ခဲ့ပါတယ်။







George က နယူးဇီလန်နဲ့ ဩစတြေးလျကို တစ်ရက်စီ မျက်နှာပြရမှာပဲဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ နန်းတော်အတွက် ကြီးမားတဲ့ဖိအားသက်ရောက်ခဲ့ပြီး အထူးသဖြင့် မင်းသား ဝီလျံဟာ George တစ်ယောက် လေယာဉ်ကြာကြာစီးနိုင်ပါ့မလား။ အပူပိုင်းဒေသရာသီဥတုကို ခံနိုင်ပါ့မလားနဲ့ များပြားလှစွာသော Media တွေရဲ့ တွေ့ဆုံမှုကို ခံနိုင်ပါ့မလားကို အထူးစိုးရိမ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၉၈၃ ခုနှစ်ကလည်း သူ့မိဘ



နှစ်ပါးနဲ့အတူ သူလည်း ဒီလိုပဲ ခရီးထွက်ခဲ့တာကို ပြန်တွေးမိတော့မှသာ သူ့သားကို ယုံကြည်ခဲ့ပါတယ်။ ဒီလိုနဲ့ Royal New Zealand Air Force Jet ကို စီးကာ အဖော် ၁၁ ဦးနဲ့အတူ ခရီးစဉ်ကို စတင်ခဲ့ကြပါတယ်။

**ဘွားဘွားပိုင်ယာနာရဲ့ခြေရာတို့ နင်းနိုင်တဲ့ George**

ဝီလျံတို့ဇနီးမောင်နှံဟာ George ကို ခေါ်သွားတာဟာ ကံတရားရဲ့ စောင့်ရှောက်မှုလို့ ခေါ်ရလောက်အောင် သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းနဲ့ အွန်လိုင်းမီဒီယာတွေမှာ စတားဖြစ်ခဲ့ရပါတယ်။ သူ့ကိုအားလုံးက His Royal Cute-

**မင်းသားလေးရဲ့ ခရီးအစ**

ခရီးမထွက်ခင် မတ်လမှာ Borallo ရောက်လာပြီး ကိတ်တို့ရဲ့ အိမ်မှာပဲ မင်းသားငယ်ကို ကြည့်ရှုပေးရပါတယ်။ မင်းသားဝီလျံနဲ့ ကိတ်ဟာ လက်ထပ်သက်တမ်း ၃ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒုတိယဟန်းနီးမွန်းကို မော်ဒိုက်ကျွန်းစုတွေဆီသွားပြီး အပန်းဖြေခဲ့ကြပါတယ်။ ကလေးထိန်းအသစ်ဖြစ်ပေမဲ့ George ကို ငယ်ကတည်းက ထိန်းလာတဲ့ ကိတ်မစ်ဒယ်လ်တန်ရဲ့ မိခင်ကြီး ကယ်ရိုးလ်ရဲ့ အနီးကပ် စောင့်ရှောက်ပေးမှုအောက်မှာ ခဏချင်း အသားကျသွားခဲ့ပါတယ်။ သူတို့ ဟန်းနီးမွန်းကအပြန်မှာတော့ ဧပြီ ၇ ရက်မှာ စတင်သွားရောက်မယ့် နယူးဇီလန်နဲ့ ဩစတြေးလျခရီးစဉ်ကို ပြင်ဆင်ခဲ့ရပြီး တွေ့ဆုံရမယ့်ပွဲက ၅၀ ကျော်ခန့်ရှိကာ မင်းသား

# RoyalFAMILY





# RoyalFAMILY







ness , Gorgeous George စသဖြင့် ခေါင်းစီးမျိုးစုံနဲ့ ဖော်ပြခဲ့ပါတယ်။ George က လည်း လူထုရင်ငိုတာ၊ ဂျီကျတာ လုံးဝလုပ်လေ့ မရှိဘဲ ပြုံးလည်းမပြုံးဘဲ မျက်နှာကို မျိုးစုံလုပ်ပြနိုင်တာကြောင့်အားလုံးက အချစ်ပိုရပြီး ဒီလို အင်္ဂလန်တော်ဝင်တွေကို အလိုက်သင့်လိုက်ချစ်ပြမှုဟာ လေဒီဒိုင်ယာနာသေဆုံးပြီးနောက်ပိုင်း ပထမဆုံးရရှိခဲ့တာဖြစ်ပြီး George ဟာ လူထုရဲ့ အသိအမှတ်ပြုခြင်းကို သူ့အဘွားနဲ့တန်းတူခံရတဲ့ တော်ဝင်ဖြစ်သွားပါတယ်။ မင်းသား Georgeကို လူထုချစ်တာက တော်ဝင်ထက် Celebrity ကို ချစ်တာနဲ့ တူနေပါတယ်။ သူဝတ်သမျှ အဝတ်အစားတွေဟာ အကုန်ရောင်းမလောက်အောင်ဖြစ်ခဲ့ပြီး သူဝတ်ဆင်ခဲ့တဲ့ ရေတပ်ရောင် Early Days Cruiser Shoe လေးဟာ ကမ္ဘာပေါ်ရှိ မိခင်တိုင်းက သူတို့ကလေးတွေကို ဝယ်ပေးချင်ဆုံးပစ္စည်းဖြစ်ခဲ့ပါတယ်။



လေယာဉ်ခရီးစဉ်ကြာရှည်ခဲ့ပေမဲ့ George ဟာ ပြင်းပြင်းထန်ထန် ဝေဒနာခံစားရမှု မရှိခဲ့သလို နားခိုရာရောက်တော့လည်း အိမ်မှာနေသလို သူ့အကြိုက်ဆုံးစာအုပ်တွေ၊ အရုပ်တွေခင်းပေးထားတဲ့အတွက် သူ့အိမ်လိုပဲ ခဏလေးနဲ့ အခြေကျလွယ်သွားပါတယ်။ သူ့ကို အခြားသော ကလေးငယ်တွေနဲ့ပေးတွေ့တဲ့အခါ သူဟာ သူဆွဲယူနိုင်သမျှပစ္စည်းအားလုံးကို ဆွဲယူလွှင့်ပစ်ပြီး စိတ်လွတ်ကိုယ်လွတ်ကိုပျော်နေပါတော့တယ်။ ပျော်လိုက်သမျှဘေးက ကောင်မလေး တစ်ယောက်ရဲ့ အရုပ်ကို ဆွဲယူပြီး လွှင့်ပစ်တဲ့အထိဖြစ်ခဲ့ပါတယ်။ သွားလေးတွေပေါက်စပြုနေတာကြောင့်သွားရည်တွေကျနေပြီး ကိတ်ဟာ သွားရည်ခံယူဖို့မေ့လာတာကြောင့် သူ့လက်နဲ့ပဲ သုတ်ပေးနေပုံ၊ အစားကြီးတဲ့ သူ့သားက သူ့အမေဆံပင်တွေကို ဆွဲယူစားနေတဲ့ပုံနဲ့ သူ့အမေလည်ပင်းကို တွဲလဲခိုနေပုံ (ဒီပုံဟာကိတ်အကြိုက်ဆုံးပုံ)တွေကို အားလုံးက အကြိုက်တွေ့ခဲ့ရပါတယ်။

သူ့ရဲ့မိခင်ဘဝဟာကြမ်းတမ်းကြောင်း ပြောပြနေချိန်မှာ သူ့သားက သူ့ရဲ့သစ်အယ်သီးရောင်ဆံပင်လက်တစ်ဆုပ်စာခန့်ကို သွားယားတဲ့အတွက် ကိုက်ဝါးနေခဲ့ပါတယ်။ George ဟာ အလွန်ဆာလောင်လွယ်တဲ့ ကလေးဖြစ်တာကြောင့် မိခင်နို့၊ နို့ဘူးစတာတွေနဲ့ လုံးဝမတင်းတိမ်နိုင်ဘဲ ညတွေဆို ကောင်းစွာအိပ်မပျော်ခဲ့ကြောင်း၊ အခုတော့ သူစားနိုင်သလောက် အပြည့်စားနေရတာကြောင့် အရင်ကထက် ပိုအိပ်လာကြောင်းနဲ့ ဝီလျံဟာညအိပ်ရင် George ကို နို့ဘူးတစ်ဘူးကုန်တဲ့အထိ တိုက်ပေးရကြောင်း ကိတ်က ပြောပြထားပါတယ်။

အခြားကလေးတွေနဲ့ယှဉ်ရင် သိသိသာသာထွားနေတဲ့ George ဟာ မက်မုံရောင်ပါးပြင်ဖောင်းဖောင်းလေးရှိသလို မိခင်မှာပါတဲ့ ပါးချိုင့်လေးကိုလည်း အမွေဆက်ခံထားပါတယ်။ သူ့ရဲ့ ဝဝကစ်ကစ်ပေါင်လုံးလေးတွေက ကိုက်စားပစ်ချင်စရာကောင်းလှပါတယ်။ ရွှေရောင်ဆံပင်ပါးပါးလေးနဲ့ ချစ်စဖွယ်အပြုံးကလေးတွေအပြင် မိခင်ရဲ့ လှပထင်ရှားတဲ့ မျက်လုံးနဲ့မျက်ခုံး၊ ဖခင်ရဲ့နှာခေါင်းနဲ့ အပြုံးတို့ကိုရုပ်ရည်ပိုင်းဆိုင်ရာ ဆက်ခံထားနိုင်သလို လမ်းစမ်းတဲ့ ၉ လသားအရွယ် ဖြစ်တာကြောင့် မြင်မြင်သမျှကို ဖျက်ဆီးတတ်တဲ့ အကျင့်ကို ဖခင်ဆီက စိတ်ပိုင်းဆိုင်ရာ အမွေဆက်ခံတာဖြစ်နိုင်ပြီး မင်းသားဝီလျံကို ငယ်ငယ်က Basher Wills (ထုနှက်တတ်သော ဝီလ်) လို့ခေါ်တာကြောင့် George ဟာလည်း ဖခင်နဲ့ ဒီအချက်မှာတော့ တစ်သဝေမတိမ်း တူနေပါတယ်။ ဒီခရီးစဉ်မှာ ဝီလျံက သူ့သားအသံဟာ အလွန်ကျယ်ကြောင်းနဲ့ သူ့အသံအကျယ်ဆုံးထွက်တဲ့ အချိန်က မနက် ၃ နာရီလို့ အရွှန်းတစ်ဝက်နဲ့ ပြောပါတယ်။ 'ဗိုက်ဆာတော့ငို၊ ဗိုက်ဝတော့



# RoyalFAMILY

ဖော်' ဆိုတဲ့ကောင်လေးပဲလို့ပြောပြခဲ့ပါတယ်။

ခရီးစဉ်ကြာမြင့်ပေမဲ့ သူ့ကို အခုလို တက်ကြွပျော်ရွှင်အောင်ထိန်းထားနိုင်တာက အစားအသောက်ကြောင့်လို့လည်း သိရပါတယ်။ သူမရဲ့ အိတ်ထဲမှာ သူ့အကြိုက်ဆုံး Plum Organics Dairy နဲ့ ဓာတုနည်းနဲ့ပြုပြင်ထားမှု ဘာမှမပါတဲ့ ကလေးအစာကို ထည့်ပြီးမကြာခဏ ကျွေးပေးနေတာကြောင့် လူရှေ့၊ သူ့ရှေ့မှာ တည်ငြိမ်နေတာပဲ ဖြစ်ပါတယ်။ သူ့အကြိုက်ဆုံး အစားအစာက ဘာလဲဆိုတော့ ဂရိဒိန်ချဉ်ကို ကိုက်လန်၊ စတော်ဘယ်ရီ၊ ဟင်းနုနယ်၊ ကန်စွန်းဥ၊ ပန်းသီးအရည်နဲ့ ခပ်ပျစ်ပျစ်ဖျော်ထား တာကို ပန်းမုန်လာစိမ်း၊ သစ်တော်သီးနဲ့ ရက်စ်ဘယ်ရီ သီးလေး ရောနယ်ထားတာကို တွဲစားတာပဲ ဖြစ်ပါတယ်။ သူဟာ အိမ်မှာ နေတာထက်အခု ခရီး ဝေးသွားရတော့ ပိုပိုစားပြီး အတော်ကြီးဝလာ ကြောင်း အသီးအရွက်ကိုတော့ အစုံမစားဘဲရွေး ကြောင်း ဩစတြေးလျရောက်စဉ် ကျောင်းသူ လေးများရဲ့ အမေးကို ကိတ်က ဖြေကြားပေးခဲ့ ပါတယ်။

**ခရီးစဉ်မှအပြန်**

ခရီးစဉ်မှ အပြန်မှာတော့ George ကို သူ့မိဘတွေက လုံနေအောင် ဝှက်ထားပြန်တာ ကြောင့် ဇွန်လ ၁၅ ရက် ဖခင်များနေ့မှပဲ ကလေး ကို ပြန်တွေ့ရပါတော့တယ်။ ပိုမိုသန်စွမ်းလာတဲ့ George ဟာ သူ့ဖခင်ရဲ့ Polo ပြိုင်ပွဲကို မိခင် နဲ့အတူ လာရောက်အားပေးပြီး ဖခင်ထက် မြက်ခင်းပြင်ပေါ်တွားသွားဖို့ လမ်းစမ်းလျှောက် ဖို့ကိုသာ အားသန်ခဲ့ပါတယ်။

**Happy Birthday Prince George**

ဇူလိုင်လ ၂၂ ရက်မှာတော့ မင်းသား George ရဲ့အသက်က တစ်နှစ် တင်းတင်းပြည့် သွားခဲ့ပါပြီ။ မွေးနေ့အ ထိမ်းအမှတ်ပုံကိုတော့ လန်ဒန်မြို့ရှိ သဘာဝသမိုင်းပြတိုက်ဝင်းထဲမှာ ကျင်းပ နေတဲ့ Sensational Butterflies Exhibition ထဲမှာ တစ်ဦးတည်းကိုယ့်အား ကိုယ်ကိုးပြီး လမ်းလျှောက်နေပုံနဲ့ ထုတ် ပြန်ပေးခဲ့ပါတယ်။ ညနေဘက်မှာတော့ ကင်ဆန်တန်နန်းတော် ထဲမှာပဲ မိသားစုသီး သန့်ပါတီလေးကျင်းပခဲ့ပါတယ်။ မွေးနေ့အ







ထိမ်းအမှတ်အဖြစ် ပေါင် ၈၀ တန် အကြွေပြား ၇၅၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသေးတယ်။ သူ့ရဲ့ အဘိုးချားလ်မင်းသားဟာ စကော့တလန်ရောက် နေတာကြောင့်မွေးနေ့ပွဲကို မလာနိုင်ပေမဲ့ သူ့မြေး အတွက် အပြန်မှာမှ့ိသွပ်ထားတဲ့ ရှဥ့်ရုပ်ကလေး ယူလာခဲ့မယ်လို့ ကတိပေးခဲ့ပါတယ်။

**ဒုတိယတလေးယော်ရှိနေပြီလို့ သတင်းတွေ ထွက်နေတဲ့ ဝီလျံတို့မောင်နှံ**


ဒီသတင်းတွေကတော့ ၄ လပိုင်းခရီးစဉ် ပြန်လာကတည်းက ထွက်နေခဲ့တာဖြစ်ပြီး ကိတ်ရဲ့ ပိန်ပါးတဲ့ အသွင်အပြင်ရယ်၊ ဝိုင်ကို မသောက်ဘဲနေခဲ့ပြီးရေကိုပဲ တောင်းခဲ့တာတွေက George ကို ကိုယ်ဝန်ဆောင်စဉ်က အပြုအမူတွေအတိုင်း ဖြစ်နေတာကြောင့် အဝါရောင်စာစောင်များရဲ့ မျက်နှာဖုံးသတင်းဖြစ်ခဲ့ပါတယ်။ ဒီတစ်ခါကိုယ်ဝန်ဟာ မိန်းကလေးအမြွှာဖြစ်ဖို့ သေချာကြောင်းနဲ့ ကိတ်က သမီးလေးအလွန်လို ချင်နေသူဖြစ်ကြောင်းကို နန်းတော်နဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းက ပြောခဲ့ကြပေမဲ့ နန်းတော်ကတော့ ဘာမှမပြောခဲ့ပါဘူး။ ကိတ်တို့က အနေအထိုင် သိသိပ်လွန်းတာကြောင့် သတင်းအနံ့မရခဲ့ပေမဲ့ ဩဂုတ် ၄ ရက် နေ့ထုတ်Globeမဂ္ဂဇင်းတော့ ကိတ်တစ်ယောက် ကိုယ်ဝန်ပျက်ကျသွားပြီဖြစ်ကြောင်းကို ကိတ်ရဲ့ သူငယ်ချင်းက သတင်းပေးကြောင်း ဖော်ပြလာပါတယ်။ မင်းသမီးဟာ အလွန်စိတ်ဓာတ်ကျနေပုံနဲ့တိတ်ဆိတ်နေကြောင်းလည်းသိရပါတယ်။ ပုံမှန်နိုးနေကျ အချိန်မှာနိုးလာပြီး အပြင်းအထန်နာမကျန်းဖြစ်လာတာကြောင့် သူမဆရာဝန်ကိုခေါ်ယူပြီး စစ်ဆေးကြည့်တဲ့အခါ ကိုယ်ဝန်ပျက်ကျသွားကြောင်း သိရှိတာဖြစ်တယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီသတင်းစတင်ထွက်ပေါ်တဲ့ဇူလိုင် ၂၉ ရက် ဝန်းကျင်မှာ လန်ဒန်မှာ ဝင်ဘယ်တန် တင်းနစ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုတဲ့ ဝီလျံတို့စုံတွဲဟာ ပုံမှန်ထက်ပိုပြီး ပူးကပ်နေပြီး ဒါဟာ မင်းသားဝီလျံကကိတ်ကို စိတ်ဓာတ်ပိုင်းဆိုင်ရာ ခွန်အားမှုပေးနေတဲ့ ကိုယ်ဟန်အမူအရာလို့ ပြောကြပါတယ်။ ဘာတွေဘယ်လိုပဲ ပြောနေပြောနေ ကိုယ်ဝန်သတင်းကို တရားဝင်ထုတ်ပြန်ပေးခြင်း မရှိသေးပါဘူး။ ဒီလိုကိုယ်ဝန်သတင်းကို မထုတ်ပြန်သလို ကိုယ်ဝန်ပျက်ကျသွားပြီဆိုတာနဲ့ပတ်သက်ပြီးလည်း ဘာမှမပြောခဲ့ပါဘူး။

မကြာမီက ပြုလုပ်ထားတဲ့ လူနှစ်ထောင်ကျော်ရဲ့ လူထုစစ်တမ်းအရ အင်္ဂလန်မှာရှိတဲ့ အားလုံးသိပြီးသားနိုင်ငံရေးသမားတွေထက် ဘုရင်မကြီးနဲ့ ဝီလျံမင်းသားက ပိုပြီးရေပန်းစားသလို ဝီလျံမင်းသားကို ဘုရင်မကြီးထက် ပိုပြီးနှစ်သက်ကြကြောင်း သိရပါတယ်။ George ဟာ သူတို့ရဲ့နောက်မှာ ကပ်နေပြီး သူ့အဘိုးချားလ်ကတော့ သူတို့ရဲ့နောက်မှာ ၂၀ရာခိုင်နှုန်း မဲထောက်ခံပေးမှုနဲ့ ရပ်တည်နေပါတယ်။ ချားလ်မင်းသားပြီးတဲ့အခါ ဝီလျံမင်းသားဖြစ်ပြီးသူ့ရဲ့နောက်က တတိယနေရာမှာရပ်တည်နေတဲ့ George ဟာ နန်းတက်ရင် George VII အဖြစ် နန်းတက်ရမှာဖြစ်ပြီး သူဟာ သက်တော် တစ်နှစ်မှာတောင် လူကြိုက်များမှုက သူ့အဘိုး ချားလ်မင်းသားနဲ့ တန်းတူလောက်ရှိနေပြီဖြစ်ကြောင်းကို George တို့ မိသားစုရဲ့ချစ်စဖွယ်ကောင်းတဲ့ ပုံလေးတွေနဲ့အတူ တင်ဆက်ပေးလိုက်ပါတယ် နော်။




နန်းစံမဒီ





# အချစ်ဆိုတာ ခါးသက်တတ်သောသဘောရှိ၏

ဝတ္ထုတိုရသ



ချစ်ကြည်အေး

(အစ)

သမီးရဲ့ခပ်စွေစွေအကြည့်ကို လျစ်လျူရှုရင်း လုပ်စရာရှိတာကို ဆက်လုပ်နေလိုက်တယ်။ ပြင်ဆင်နေတာ ပြီးမှမပြီးသေးတာဘဲ။ shit လို့ သူ့မနှုတ်ဖျားက လွှတ်ခနဲထွက်သွားတော့ သမီးက ဆတ်ခနဲ လှမ်းကြည့်တယ်။ သမီးအကြည့်ထဲမှာ စိတ်လေလိုက်တာဆိုတဲ့ ဖွင့်ဆိုချက်က ကိုးလောက်ရှိတယ်။ ဒီမျက်တောင်တုဟာလေ ဒီနေ့မှ ဘယ်လိုတပ်ရခက်ခဲတယ် မသိဘူး။ မျက်လုံးထောင့်စွန်းနားမှာ ကွာချင်ချင်ဖြစ်နေတာကိုပြန်တပ်ဖို့ ဆတ်ခနဲ ဆွဲခွာ

လိုက်တယ်။ နှာရိုးလေး ပိုပေါ်လာအောင် နှာရိုးတစ်ဖက်တစ်ချက်ကို ပါးနီလေးရိပ်ရိပ် တင်လိုက်သေးတယ်။ မျက်တောင်တုခပ်ပါးပါးကြောင့် မျက်ဝန်းအိမ်တွေဟာ ရှိရင်းစွဲထက် ပိုကျယ်လာသယောင်။ နှုတ်ခမ်းနီကိုတော့ ခပ်ရဲရဲမဆိုးဘဲ ပန်းဖျော့လေးပဲဆိုးပြီး အပြီးသတ်လိုက်တယ်။ မောင်က နှုတ်ခမ်းအနီရဲရဲဆိုးတာ မကြိုက်ဘူး။ "မောင့်နှုတ်ခမ်းမှာ မ နှုတ်ခမ်းနီတွေ ပေကုန်မှခက်မယ်" တဲ့။ ကြည့်ဆိုးတဲ့မောင်။ သူမမျက်နှာမှာ ရှက်ပြုံးတစ်ချက် ဖျတ်ခနဲပြေးတယ်။

မောင်။ သူမအတွေးထဲ မောင်လို့ တစ်ချက်လေး တလိုက်ရုံနဲ့တင် အံ့သြချင်စရာကောင်းလောက်အောင် သူမသွေးတွေ ပူနွေးသွားတယ်။ သမီးသိရင်တော့ မျက်နှာကို ရှုံ့မဲ့လို့ ပခုံးကို ဟန်ပါပါတွန့်ပြလေဦးမယ်။ "ဘာလဲ ဒုတိယအရွယ်၏ တတိယဝေဒနာလား ဟာဟ" လို့ လှောင်ရယ်နေဦးတော့မှာ။ သူမ ရည်းစားဦးအကြောင်း၊ သေဆုံးသွားခဲ့ပြီဖြစ်တဲ့ သူမခင်ပွန်း သမီးအဖေအကြောင်း၊ ခု မောင့်အကြောင်း ဒါတွေအားလုံး သမီးကို ပွင့်ပွင့်လင်းလင်းပြောပြထားခဲ့တော့ သမီးက သူမရဲ့မောင့်ကို တတိယဝေဒနာလို့ ခေါင်းစဉ်တပ်ထားလေတယ်။

မောင်ဟာ ကြင်နာတတ်သူတစ်ယောက်၊ အဲဒါ သူမ သေချာတယ်။ သူမလက်ကလေးကို ဆွဲပွေ့ယူငင်လိုက်တာကအစ၊ သူမပါးကလေးကို ဖွဖွမွှေးမြလိုက်တာအဆုံး မောင်ဟာ တကယ့်ကို ကြင်ကြင်နာနာ။ မောင့်လက်ထဲမှာ သူမဟာ နေထိပန်းကလေးတစ်ပွင့်လို အမြဲတမ်းပျော့ခွေနွမ်းလျမြဲ။ အားအင်တွေ ကုန်ခန်းသွားမြဲ။ မသိတော့ပါဘူး၊ ဘာကြောင့်ဆိုတာ။ မောင့်ကို တွေ့ရင်ပဲ သူမရင်တွေ ပြောင်းဆန်ကုန်တော့တာ။ ဦးနှောက်နဲ့ နှလုံးသားကြား အဆက်အသွယ်တွေ ပြတ်တောက်ကုန်တော့တာ။ အဆင်အခြင်တွေ ကင်းမဲ့လို့၊ မောင့်အကြင်နာမှာ ဇက်ကုန်လွှတ် မျောလွင့်နေတတ်ခဲ့တာ။

ပြောကြပါတော့လေ။ ဒီအသက် ဒီအရွယ်ကျမှ အချစ်ဆီကို ကမ်းကုန်စီးဆင်းနေတာဟာ ရှက်စရာလို့ နေစမ်းပါဦး၊ ဆန့်ကျင်ဘက်လိင်အပေါ် မိန်းမတစ်ယောက်ရဲ့ အချစ်က ရယ်ပွဲဖွဲ့ချင်စဖွယ်လား။ တင်းဆိုဖွဲ့ချင်စရာများ ကောင်းလွန်းနေသလား။ အချစ်ဆိုတာ အသက်နဲ့အရွယ်နဲ့ ဆိုင်တဲ့အရာလား၊ နှစ်ယောက်အတူ ဘဝတစ်ခုတည်ဆောက်ဖို့ ဖြစ်နိုင်ခြေရှိမှု မရှိမှုနဲ့ရော သက်ဆိုင်သလား။ ဘဝတစ်ခု အတူတူ မတည်ဆောက်နိုင်ဘဲနဲ့ရော သူမတို့နှစ်ယောက် မချစ်ကြရတော့ဘူးလား။ သူမကရော မောင်နဲ့အတူ ဘဝတစ်ခု တည်ဆောက်ရဲလို့လား။ သူမအသက်အရွယ် လေးဆယ်ကျော်ဟာ မောင်နဲ့ သူမကြားက ခပ်ထူထူစည်းတစ်ခုတဲ့လား။ မတွေးချင်။

လူတွေရဲ့ သူများအပေါ် ပြောစရာပါးစပ်၊ ထိုးစရာလက်ညှိုးတွေ အားလပ်လွန်းနေတာဟာပြဿနာ။

သူမအနေနဲ့တော့ နည်းနည်းလေးမှ ဂရုစိုက်မနေချင်။ ဘဝတိုတိုမှာ၊ လူပေါင်းများစွာထဲမှာ၊ ခုလိုအချိန်မှာမှ မောင်နဲ့ဆုံစည်းခွင့်ပေးတဲ့ ကံကြမ္မာကိုသာ သူမက ကျေးဇူးတင်နေခဲ့တာ။ သူ့အလိုလိုဖြစ်တည်လာတဲ့ အချစ်ဆိုတာကို လူတွေရဲ့ ပါးစပ်တွေ မျက်လုံးတွေကြောင့် သက်သက်နဲ့ မြေမြှုပ်ကျောခိုင်းပစ်လိုက်ဖို့ သူမက သတ္တိမကြောင်ချင်ဘူး။ အင်း ဒါကို သူမက သတ္တိလို့ပဲ သုံးနှုန်းလိုက်ချင်တယ်။ သူမဂုဏ်သိက္ခာ၊ သူမမာန၊ သူမရပ်တည်မှု၊ သူမအရှက် ဒါတွေအားလုံး၊ ဒါတွေအားလုံးနဲ့ မောင့်အပေါ် ချစ်မိတဲ့အချစ်ကို လဲလှယ်ပစ်ရဲတဲ့ သတ္တိ။ လူတွေရဲ့ ဖြစ်နိုင်ဖွယ်ရာသော ပြောဆိုပြစ်တင်မှုတွေ၊ နောက်ကျောက ဓားချက်တွေနဲ့ လဲလှယ်ပစ်ရဲတဲ့ သတ္တိ။ တကယ်တော့ အဝေးကြီးရယ်။ သူမရဲ့ အရာရာကို လွှတ်ချခဲ့ပြီးမှ မောင့်အနားရောက်ဖို့ အဝေးကြီးကနေလာရသူမို့ မောင့်အပေါ်ချစ်မိတဲ့ အချစ်ကို သူမကိုယ်တိုင် တန်ဖိုးထားတယ်။

ဘယ်သူတွေ ဘာပြောကြစေ၊ အရာအားလုံးနဲ့ဆန့်ကျင်လို့ ပုံနှစ်ပြီး ချစ်ဖူးချင်တယ်။ သူမဘဝမှာ ဆန့်ကျင်ဘက် ယောကျ်ားတစ်ယောက်အပေါ် တစ်ခါမှ မချစ်ဖူးတဲ့အချစ်မျိုးနဲ့ ပျော်ဝင်ပတ်သက် ကြည့်ချင်လှတယ်။ မောင်နဲ့အတူ အချစ်ဆိုတာကို တစ်သားတည်း၊ တစ်သွေးတည်း အတူတကွ ဆုပ်ကိုင်လို့သာ ထားချင်တော့တယ်။ သူမ ရူးနေတာလို့ ပြောကြပါစေတော့။

လူနှစ်ယောက် လက်ထပ်ကြတိုင်း လိင်ကိစ္စသာယာချင်လို့ပဲလို့ တညီတညွတ်တည်း အပေါ်ယံကောက်ချက်ချတတ်ကြတာ ဘာကြောင့်ပါလိမ့်။ သူမ နားမလည်နိုင်ဘူး။ အနောက်နိုင်ငံတွေမှာ အသက်တွေကြီးမှ တွေ့ဆုံချစ်မက်လို့ လက်ထပ်ဖြစ်ကြတဲ့စုံတွဲတွေ အများကြီးရယ်။ အဲဒီအတွက် ဘယ်သူကမှလည်း ကဲ့ရဲ့ပြစ်တင်မှု မပြုကြဘူး။ ကာယကံရှင်နှစ်ယောက်အတွက် အမှီသဟဲအဖြစ် ပေါင်းဖော်မှုအပေါ် ဝမ်းမြောက်ဝမ်းသာတောင် ရှိကြသေးတယ်။

လူနှစ်ယောက်ဟာ တစ်ယောက်အတွက် နောက်တစ်ယောက်က အနားမှာရှိနေသင့်တယ်၊ ရှိနေဖို့လိုအပ်တယ်ယူဆလို့ အတူနေကြတာ ဘာဖြစ်သလဲ။ အသက်အရွယ်ကြီးရင့်လာတဲ့ လူတွေအဖို့ ပိုလို့တောင်လိုအပ်သေးတာ။ အားပေးဖော် ဖေးမဖက်၊ ဆေးပေးမီးယူဆိုတာတွေဟာ ဒီလိုအချိန် ဒီလိုအသက်အရွယ်မှာ ပိုပြီးတော့တောင် လိုအပ်သေးတာ မဟုတ်လား။ တစ်ပင်လဲလို့ တစ်ပင်ထူတာဆိုတဲ့ ရှေးရိုးစကားကြီးကို ဆွဲမထည့်လိုပေမဲ့ ဒီနေရာမှာ ဖြစ်ချင်းဖြစ်ရင် အချစ်ကြောင့်သာ ဖြစ်ရမှာလို့ သူမက ဆင်ခြေတက်ခွင့်ရချင်သေးတယ်။

သူမရည်းစားဦးအပေါ် စိတ်အလှုပ်အရှားတစ်ခုနဲ့ ဆယ်ကျော်သက်အရွယ်မှာ ချစ်ခဲ့တာ၊ သမီးလိမ္မာနာမည်ခံချင်ခဲ့လို့ မဟုတ်ပေမဲ့ ငြင်းဆန်ချင်စရာလည်းမရှိတဲ့ မိဘတွေရဲ့ အစီအမံနဲ့ သမီးတို့ အဖေကို အိမ်ထောင်ပြုခဲ့တာ၊ ဒါတွေဟာ အချစ်မဟုတ်ခဲ့ဘူးလားလို့ မေးချင်စရာပါပဲ။ အဲ့ဒီအတွက် သူမမှာ တိကျတဲ့အဖြေ ရှိမနေဘူး။ သေချာ

တာက ခုချိန်မှာ သူမ မောင့်ကို သေမလိုချစ်တယ်။ ဆယ်ကျော်သက် တစ်ယောက်လို ခုန်ခုန်လှုပ်လှုပ် ရှူးရှူးရှားရှားအချစ်မျိုး မဟုတ်ပေမဲ့ မောင်နဲ့ပတ်သက်တိုင်း နွေးလာတဲ့ သူမသွေးတွေ၊ ဘယ်ဘက်ရင်ဘတ် အထက်က လှုပ်ခနဲ လူးလွန့်သွားတာ တွေနဲ့တင် သူမ ကျေနပ်တယ်။ ဒါ အချစ်ပဲ။

သမီးတို့အဖေ ဆုံးပြီးကတည်းက သားအမိဆိုတာထက် သူငယ်ချင်းပေါင်း ပေါင်းကြသူတွေမို့ သူမနဲ့ သမီးကြား ဆက်ဆံရေးက သိပ်ကို လွတ်လပ်ပွင့်လင်းတယ်။ ဘာမဆို တိုင်တိုင်ပင်ပင်ရှိကြတယ်။ အလှအပရေးရာကအစ ချစ်မှုရေးရာ အဆုံးပေါ့။ သမီးက ရည်မှန်းချက်ကြီးတယ်။ စည်းစနစ်ကြီးတယ်။ အနေအထိုင် အေးဆေးသိမ်မွေ့တယ်။ ဉာဏ်ရည်ထက်မြက်တယ်။ ဒါတွေဟာ အဖေ့ဆီက ရခဲ့တာ။ ရုပ်ရည်ကအစ အဖေတူသမီး။

“သမီးက အမေ့အလှကို မမီပါဘူးကွာ” လို့ လူတွေပြောကြတိုင်း မဲ့ပြုံးလေးနဲ့ တုံ့ပြန်တတ်တဲ့ သမီးမျက်နှာကို သူမက ငေးကြည့်ရယ်မောလိုက်မြဲ။ “သမီးက အဖေနဲ့တူလို့ အမေ့လောက်မလှတာပေါ့၊ သမီးက အဖေ့သွေးအပြည့်ပါတာကိုး” လို့ အိမ်ပြန်ရောက်တိုင်း မခံချင်စိတ်နဲ့ ပြောတတ်မြဲ။ အဖေနဲ့တူလို့တဲ့။ အဖေ့သွေးအပြည့်တဲ့။ သမီး ဘာကို ဆိုလိုချင်တယ်ဆိုတာကို သိသူမို့ သူမက ခပ်ဟဟရယ်ပစ်လိုက်တာချည်းပဲ။ တစ်ယောက်တည်းကို သေသည်အထိ စွဲစွဲမြဲမြဲ ချစ်ပြသွားခဲ့တဲ့ သမီးဖေဖေ၊ သူမလည်း အဲသလို ချစ်တတ်ချင်သားပဲ။

“မပြီးသေးဘူးလား မေမေ” ဆိုတဲ့ သမီးအသံကြားမှ သူမအတွေးတွေ ပြတ်တောက်သွားတော့တယ်။

“အေး ပြီးပါပြီ သမီးရယ်၊ မေမေ နောက်ငါးမိနစ်လောက်ဆို ပြီးပါပြီ။ သမီးဆာရင် ဟင်းတွေ နွှေးစားနော်၊ မေမေ ဟင်းတွေချက်ထားခဲ့တယ်။ ထမင်းလည်း ရှိတယ် အိုကေ”

“ဟုတ် မေမေ”

အခန်းတံခါးကို စေ့ပိတ်လိုက်ရင်း ရင်ရှားထားတဲ့ တဘက်ကို ကိုယ်ပေါ်က ခွာလိုက်တယ်။ ကိုယ်လုံးပေါ်မှန်ထက်မှာ ဖျတ်ခနဲအရိပ်ထင်လာတဲ့ သူမကိုယ်သူမ ငေးခနဲ ကြည့်မိရင်း တဘက်ကို ရှက်ရှက်နဲ့ ပြန်ဆွဲခြုံလိုက်မိသေးတယ်။ နောက်မှ မရဲတရဲနဲ့ သူမကိုယ်လုံးကို သေချာကြည့်မိတယ်။ သူမအသားအရေ၊ သူမပေါင်တံတွေ၊ သူမရင်သားတွေ အလှပျက်နေပြီလား၊ ပျော့တွဲနေပြီလား။ ပြီးတော့ သူမလက်မောင်းနှစ်ဖက်၊ သူမလည်တိုင်က တွန့်စပြုနေတဲ့ အရေတွေ။ သူမဟာ မောင့်အတွက် သိပ်များအိုမင်းရင့်ရော်နေပြီလား။ သူမထက် ဆယ့်ခြောက်နှစ်တိတိငယ်တဲ့ မောင့်မျက်နှာလေးကို မြင်ယောင်ရင်း ဝမ်းနည်းသလိုလို။ “ကိုယ်က မောင့်အတွက် သိပ်ကြီးရင့်နေပါပြီ။ မောင်ရယ် ကိုယ်တို့ မချစ်ကြပါစို့နဲ့

**တစ်နေ့မှာ ထားခဲ့မယ်ဆိုတာ သိလျက်နဲ့ ချစ်ခဲ့ရသူပါမောင်။ ဒီလိုနေ့မျိုးဖြစ်မယ်လို့ ဘယ်တုန်းကမှ တွေးမထားခဲ့တာရယ်၊ သူမဘက်က လိုလားစွာ ပေးခဲ့ရတာတွေ က တကယ့်နှလုံးသားနဲ့ တကယ့်အစစ်တွေ။ မောင့်အနားရောက်အောင် ဖြတ်သန်း လာခဲ့ရတဲ့ခရီးမှာ သူမ လွှတ်ချခဲ့ရတဲ့ တန်ဖိုးတွေကဖြင့် များလှချည့် မောင်ရယ်။**

တော့” တွေးရင်းက သူမစိတ်တွေ လေးလံလို့နေတော့တယ်။ တကယ်တော့ အဲဒီလိုအတွေးနဲ့တင် သေလောက်တာ သူမအသိဆုံး။ မောင်နဲ့ မဝေးနိုင်တာလည်း သူမကိုယ်သူမ အသိဆုံးရယ်။

မှန်ထဲကမိန်းမကို သူမ အားတင်းပြုံးပြလိုက်တယ်။ သူမ လှနေသေးတာပဲ။ လေးဆယ်ကျော်အရွယ်ရဲ့ ရင့်ကျက်မှုအလှ၊ ကျက်သရေ စီးပွားတစ်ခုကို ဦးဆောင်ဦးရွက် ပြုနိုင်မှု ဒါတွေကလည်း ဆွဲဆောင်မှု တစ်ခုပဲ မဟုတ်ဘူးလား။ come on, don't loose heart ok! သူမကိုယ် သူမ အားပေးလိုက်တယ်။

ကော့ဆက်ဝတ်ဦးမှပါ။ ဗီရိုအောက်ဆုံးထပ်က ကော့ဆက်ကို ဝတ်ပြီးတဲ့အခါ သူမကိုယ်သူမ ယုံကြည်မှုပြည့်သွားသလိုလို။ ကော့ဆက်ကြောင့် ခါးကလေး သိမ်သွားသလို တင်ကလေးကို ပင့်ထားသလိုမို့ နေ့လယ်ကတည်းက ရွေးချယ်ထားတဲ့ ကိုယ်လုံးနဲ့အတိ ဂါဝန်အဖြူအရှည်ကလေးကို သူမ ခေါင်းပေါ်ကနေ စွပ်ချလိုက်တဲ့အခါ ပြီးပြည့်စုံတဲ့ အလှတရားတစ်ခုကို သူမခံစားလိုက်ရတယ်။

မှန်ထဲကို နောက်တစ်ကြိမ် ထပ်ကြည့်မိပြန်တယ်။ ဂါဝန်အရှည် အဖြူရောင်နဲ့ မိန်းမဟာ ထင်သလောက်လည်း မဆိုးသေးပါဘူးလေ။ မအိုမင်းသေးဘဲ ကြည့်ကောင်းနေဆဲ။ လှပဆွဲဆောင်မှုရှိနေဆဲ။

အသက်ရှူတော့ နည်းနည်းကျပ်သလိုပဲ၊ ကော့ဆက်ကြောင့်ထင်ပါရဲ့။ 'ပုလင်းကိုင် ဇက်၊ မိန်းမဖက် ခါး'တဲ့။ မောင် ပြောဖူးတယ်။ မောင် သူမခါးကိုဖက်လိုက်တဲ့အခါ မောင့်လက်တွေက သူမဝတ်ထားတဲ့ ကော့ဆက်ကိုများ ထိသိခံစားသွားလေမလား။ ဒါဆိုရင်တော့ ရှက်စရာသိပ်ကောင်းမှာပဲ။ သူမက ဘယ်တုန်းကမှ မောင့်အပေါ် အပေါ်ယံအလှတွေနဲ့ မသိမ်းသွင်းခဲ့ဖူးဘူး။ ဟန်ဆောင်အလှအပတွေ မပြခဲ့ဖူးဘူး။ ပကတိသူမကိုသာ မောင့်ကိုသိစေခဲ့တာ။ ဘာမှမလူးခြယ်ထားတဲ့ သူမမျက်နှာကို အရှိအတိုင်း မောင့်ကို သိစေ၊ လက်ခံစေခဲ့တာလေ။ ဘာမှ တန်ဆာမဆင်ထားတဲ့ သူမစိတ်ရင်းကိုပါ အတွင်းအပြင် အရှိအတိုင်းသိစေခဲ့တာ။

ကိုယ်ပေါ်ကကော့ဆက်ကို ချွတ်ခဲ့လိုက်တော့မှပဲ အသက်ရှူချောင်သွားသလို သူမ ခံစားရတယ်။ နာရီသံကြားတယ်။ သူမတော့ နောက်ကျတော့မှာပဲလို့ တွေးမိရင်း အဝတ်အစားလဲခြင်းကို အပြီးသတ်လိုက်တယ်။ မောင်က နောက်ကျတာ မကြိုက်ဘူးလေ။

“မိုးမချုပ်နဲ့နော် မေမေ” ဆိုတဲ့ သမီးကို “အင်းပါ သမီးရယ်၊ မေမေ သိပ်မိုးမချုပ်ပါဘူး။ မေမေ့ကို စောင့်တော့မနေနဲ့နော် ကြားလားသမီး၊ အိပ်ချင်အိပ်နှင့် ဟုတ်ပြီလား” လို့ ပြန်ပြောရင်း ကားထဲ ခပ်မြန်မြန် ဝင်လို့ မောင်းထွက်ခဲ့တော့တယ်။

သူမ နောက်ကျရင် မောင် စိတ်ကောက်တော့မှာ။

(အလယ်)

ဆိုင်ထဲရောက်လို့ စားပွဲဝိုင်းတွေဆီ မျက်စိဝေ့အကြည့်မှာ စိတ်လက်အေးသွားရတယ်။ မောင် ရောက်မနေသေးဘူးပဲ။ မောင်နဲ့ ထိုင်နေကျ ထောင့်ခပ်ကျကျ စားပွဲမှာပဲ ရွေးထိုင်လိုက်တယ်။ အအေးတစ်ခွက် အရင်မှာသောက်ရင်း မောင့်ကိုစောင့်တယ်။ စားပွဲတိုင်းပေါ်မှာ အဖြူရောင်ဖဲကြိုးလေးနဲ့ လှလှပပစည်းနှောင်ထားတဲ့ နှင်းဆီအနီရဲရဲတစ်ပွင့်ရယ်၊ အသည်းပုံ ချောကလက်ဘူးကလေး တစ်ဘူးစီရယ်၊ ဝိုင်အနီတစ်ပုလင်းစီရယ် ရှိကြတယ်။

အရံညစာကတော့ အားလုံးအတွက်အတူတူပေမဲ့ အဓိကညစာကိုတော့ သူတို့ပေးတဲ့ မီနူးထဲက ရွေးချယ်မှာယူရမှာမို့ မောင် ရောက်မှပဲ အတူမှာတော့မယ်။ ချစ်သူများနေ့အတွက် အထူးညစာမို့ ကြိုတင်ပြီးမှာယူထားရတဲ့ ညစာ၊ မောင်နဲ့အတူ ပထမဦးဆုံး အတူတူရှိနေကြရမယ့် ချစ်သူများနေ့ညစာမို့ သူမရင်အခုန်အလှုပ်က ဘောင်ဘင်ခတ်မျှ အရိုင်းဆန်လွန်းလှတယ်။

ဘေးစားပွဲက ခပ်ငယ်ငယ်စုံတွဲကတော့ ကယုကယင်နဲ့ ချိုအီနေလိုက်ကြတာ။ သူမ ပြုံးလိုက်မိတယ်။ ငယ်ရွယ်သူတွေကိုး။ ချာတိတ်ကလေးက သူ့ကောင်မလေးကို ချော့ကလက်ခွံ့ကျွေးလိုက်၊ ကောင်မလေးက ချာတိတ်ကလေးကို သူ့ပန်းကန်ထဲက အီတလီခေါက်ဆွဲတွေ ခက်ရင်းနဲ့လိပ်ယူရင်း ပြန်ခွံ့ကျွေးလိုက်နဲ့။ တစ်ခါတစ်ခါ

ကောင်မလေးဆီက ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ ကြားရတတ်သေးတယ်။

ခဏနေတော့ ဒီဂျေဆီမှာ အချစ်သီချင်း ငြိမ့်ငြိမ့်လေးတွေ တောင်းဆိုနေသံကို ကြားလိုက်ရတယ်။ ဘယ်သူက ဘယ်သူ့အတွက် ဆိုတာတွေကိုလည်း ဒီဂျေက ကြော်ငြာပေးနေတာမို့ သူတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်စနိုး ခေါ်ဝေါ်ကြတဲ့ နာမည်ထူးထူးဆန်းဆန်းချစ်စရာလေးတွေကို ကြားတော့ သူမ ပြုံးမိရသေးရဲ့။ တစ်ယောက်ကများ သူ့ကောင်မလေးကို ခေါ်ပုံက ချစ်ပုတုလေးတဲ့။ ကြည့်လိုက်တော့ ကောင်မလေးက တကယ်ကို ပုပုသေးသေးလေး။ ချစ်စရာ၊ လူငယ်ကလေးတွေရဲ့ တက်ကြွလတ်ဆတ်တဲ့ အချစ်။ ဟင်း . . . သူမအချစ်ကရော မောင့်အတွက် လတ်ဆတ်နိုင်ပါဦးမလား နော်။

သူမရောက်နေတာ တစ်နာရီနီးပါးရှိခဲ့ပြီ။ မောင့်ဆီက နောက်ကျမယ့်အကြောင်း ဖုန်းလေးတောင်မှ မဆက်။ သူမ ဆိုင်ကဝိုင်ဖိုင်နဲ့ ချိတ်လိုက်ပြီး မောင့်ဆီကို ဗိုင်ဗာ မက်ဆေ့ချ်ပို့လိုက်တယ်။

Where r u mg?

မက်ဆေ့ချ်က send ဆိုတဲ့ နေရာမှာရပ်နေပြီး delivered ဖြစ်မသွားဘူး။ ခက်တော့တာပဲ ဒါဆို မောင်ဖတ်မိမှာ မဟုတ်ဘူးပေါ့။ မောင် အလုပ်များ များနေလို့လား။ မောင်က သူ အလုပ်များနေတုန်း ဖုန်းဆက်တာမကြိုက်ပေမဲ့ ခုက အတော်နောက်ကျနေတာမို့ မဖြစ်မနေ ဖုန်းဆက်ရတော့မှာ။ ဖုန်းက အတန်ကြာအောင် ခေါ်နေပေမဲ့လည်း တစ်ဖက်က ဖုန်းမဖြေ။ လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာနဲ့ပဲ တိုးနေတာမို့ သူမ စိတ်ပျက်သွားရတယ်။ မောင့်ဆီ သုံးကြိမ်မြောက် ဖုန်းအခေါ်မှာတော့ စက်ပိတ်ထားပါတယ်ရှင်ဆိုတဲ့ အဖြေကြောင့် သူမ စိတ်ထဲ ထင့်ခနဲ။

သူမ သောက်နေတဲ့အအေးလည်း ကုန်ပြီ။ ဗိုက်လည်းဆာလှပြီ။ မောင် မလာသေးဘူးဆိုတဲ့ အသိက ဗိုက်ဆာလိုက်တာဆိုတာကို မေ့လျော့စေပြန်တယ်။ သူမအာရုံတွေက မောင်ဘာများဖြစ်နေပါလိမ့် ဆိုတဲ့ အထဲမှာ စုံးစုံးနစ်လို့။ အဲ့ကွန်းခန်းထဲမှာ သူမတစ်ကိုယ်လုံး ချွေးတွေစို့လာသလိုလို။

တချို့စုံတွဲလေးတွေက ပန်းစည်းလေးတွေကိုင်လို့ ပြန်ကုန်ကြပြီ။ တချို့လည်း ဒီဂျေဖွင့်ပေးထားတဲ့ သီချင်းငြိမ့်ငြိမ့်လေးတွေနဲ့ သူတို့ စားပွဲဘေးနားတင်ရပ်ပြီး တွဲကလို့နေကြတယ်။ သူတို့ကိုကြည့်ရတာ ကြည်နူးလိုက်တာဆိုတာထက် ခုနေခါမှာ သူမကိုရင်မောစေခဲ့ပြီ။ မောင်



ဘယ်မှာများပါလိမ့်။

စားပွဲထိုးလေးတစ်ယောက်က အစီကညစာ မှာတော့မလား လာမေးတော့ သူမ ခေါင်းခါပြလိုက်မိတယ်။ ခဏလေး စောင့်ပါရစေဦးနော်၊ မောင် လာနေတာဖြစ်မှာပါ။ ကားလမ်းတွေများ ပိတ်နေသလား။ အို. . . တစ်ခုခုဆို မောင် ဖုန်းဆက်ရမှာပေါ့။ ခု စက်ပိတ်ထားတယ်တဲ့လေ။ မတွေးဝံ့ မတွေးသာ မောင်များ တစ်ခုခုဖြစ်နေလား၊ မောင့်ဖုန်းများ ကားကြိတ်ခံရသလား။ မောင် ဘေးမှ ကင်းရဲ့လား။ ဘုရား ဘုရား အဲ့ဒီအတွေးနဲ့တင် သူမစိတ်တွေ ဆောက်တည်ရာ မရနိုင်တော့။ မောင် ဘာမှမဖြစ်ပါစေနဲ့၊ မောင် ဘေးကင်းပါစေ။ မောင် ဘယ်မှာ များပါလိမ့်၊ ဘယ်မှာများပါလိမ့် ကွယ်။

ခုမှပဲ သူမဝတ်လာတဲ့ဂါဝန်က စည်းကျပ်နေသလိုလို၊ တစ်ကိုယ်လုံး တုပ်နှောင်ခံထားရသလို အသက်ရှူမဝနိုင်တော့။ တော်သေးတယ်၊ ကော့ဆက်ဝတ်မလာဖြစ်ခဲ့တာ။ ဝတ်သာဝတ်လာခဲ့ရင် ခုနေ သူမ အသက်ရှူကျပ်ပြီး မူးမေ့လဲကျသွားလောက်တယ်။ ဆာလွန်းရင် ဖြစ်နေကျအတိုင်း သူမလက်တွေ တုန်ယင်လာပြီ။ ခဏလေး ပလိစ်၊ စားပွဲထိုးလေးတစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။ နောက်ထပ် အအေးတစ်ခွက်ပေးပါဦး။ သူမရင်တွေ ပူလှုပြီ။ မောင်ရေ မောင် ဘယ်မှာလဲဟင်။

သူမ ထိုင်နေခဲ့တာ နှစ်နာရီနီးပါးရှိပြီ။ တစ်ကိုယ်လုံး တောင့်တင်းလို့။ ဘေးဘီဝဲယာက စုံတွဲတွေကို ကြည့်မိတိုင်း သူမရင်ညွန့်ထဲ အောင့်တက်လာတာမို့ မကြည့်မိအောင်ထိန်းရင်း မျက်လုံးတွေက စားပွဲရှေ့တည့်တည့်ကိုသာ စိုက်ချကြည့်နေမိတော့တာ။ ငိုချင်လာသလိုပဲ။ သူမမျက်လုံးတွေ ဝေဝါးလာနေပြီ။ စားပွဲပေါ်က ပန်းစည်းကလေးရယ်၊ ချောကလက်ဘူးရယ်၊ ဝိုင်ပုလင်းရယ်ကို ဖြတ်ရိုက်ချပစ်လိုက်ချင်စိတ်တွေနဲ့ သူမစိတ်တွေ သူ့ပုန်ထနေပြီ။ မောင်ရေ မြန်မြန်လာပါတော့။ သူမ အရှုံးတစ်ယောက်လို စိတ်ထဲက အော်ပြောနေမိတော့တာ။ သူမဂါဝန်ကလည်း ခုမှပဲ တစ်ကိုယ်လုံးကို ဖျစ်ညှစ်ထားသလို စည်းနှောင်ကျပ်ပိတ်နေတော့တယ်။ သူမ တကယ်ပဲ ထွက်ပေါက်မရှိတော့သလို။ မောင့်ကိုစောင့်ရင်း ဒီဆိုင်မှာပဲ မိုးလင်းရတော့မှာလား။ သူမ ငိုချလိုက်မိတော့မယ်။ သူမမျက်ရည်တွေ ဝဲနေတာကို ခေါင်းမော့ရင်း မျက်တောင်တွေ ပုတ်ခတ်လိုက်ပြန်တယ်။ မောင်ရေ၊ မောင် ဘယ်မှာလဲကွယ်။

"ဒီကအစ်မက မခက်မြဝေလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင့်"

"အစ်မအတွက် စာတစ်စောင် ပေးခိုင်းလိုက်လို့ပါ"

ပြောပြောဆိုဆို ကျောခိုင်းထွက်သွားတဲ့ သူငယ်လေးရဲ့ နောက်ကျောကိုငေးရင်း ကြက်သေသေနေမိတယ်။ နောက်မှ လက်ထဲကစာကို ဖတ်လိုက်ဖို့ သတိရတယ်။

မောင့်ဆီကစာ။ သူမ ဘယ်လိုမှ ထင်မှတ်မထားခဲ့တဲ့ မောင့်ရဲ့ စာ။

ဖတ်နေရင်းမှာ သူမမျက်ဝန်းတွေ သူမနှုတ်ခမ်းတွေ တဖျပ်ဖျပ် ခုန်လှုပ်လာတယ်။ မောင့်စာပေါ်ကို သူမမျက်ရည်တွေ တစ်ပေါက်ချင်း တစ်ပေါက်ချင်းကျတယ်။ စာကိုင်ထားတဲ့ သူမလက်တွေ တုန်ယင်လို့ မရတော့ဘူး၊ သူမ ဘယ်လိုထိန်း ထိန်းမရတော့ဘူး။ စာရွက်ပေါ်ကို မျက်နှာအပ်လို့ ရှိုက်ကြီးတငင် ငိုမိတော့တယ်။ အသံတိတ်ငိုကြွေးနေတဲ့ သူမပခုံးတွေက တဆတ်ဆတ်တုန်ခါလို့။

တစ်နေ့မှာ ထားခဲ့မယ်ဆိုတာ သိလျက်နဲ့ ချစ်ခဲ့ရသူပါမောင်။ ဒီလို နေ့မျိုးဖြစ်မယ်လို့ ဘယ်တုန်းကမှ တွေးမထားခဲ့တာရယ်၊ သူမဘက်က

လိုလားစွာ ပေးခဲ့ရတာတွေက တကယ့်နှလုံးသားနဲ့ တကယ့်အစစ်တွေ။ မောင့်အနားရောက်အောင် ဖြတ်သန်းလာခဲ့ရတဲ့ခရီးမှာ သူမ လွှတ်ချခဲ့ရတဲ့ တန်ဖိုးတွေကဖြင့် များလှချည့် မောင်ရယ်။ မကြာခင်နှစ်တွေမှာ သွေးဆုံးကောင်းဆုံးနိုင်တဲ့ မိန်းမအရွယ်ကို သူ့ထက်အများကြီးငယ်ရွယ်တဲ့ ကောင်ကလေးတစ်ယောက်က တကယ့်အချစ်စစ်နဲ့ ချစ်နိုင်လိမ့်မယ်လို့ သူမ ဘာကြောင့်များ ယုံကြည်မိခဲ့ပါလိမ့်ကွယ်။ ဒါဟာ ရူးသွပ်မှုတစ်ခုမျှသာပဲ။

မောင့်မျက်လုံးတွေ၊ မောင့်စကားတွေ ပြန်မြင်လိုက်မိတိုင်း၊ ပြန်ကြားယောင်မိတိုင်း သူမ ခေါင်းမာစွာ ငြင်းဆန်မိပြန်တယ်။ မောင် သူမကို တကယ်ချစ်ခဲ့တာ။ မောင် သူမအပေါ် တကယ်ကို နွေးထွေးကြင်နာခဲ့တာ။ သေလိုက်စမ်းပါ။ သူမဟာ တကယ့်ကို အရူးပဲ။ ဆိတ်သားရေကို မလုံမလဲခြုံရင်း သူမစိတ်ကို သူမ ညာမိပြန်တယ်။ ဟင့်အင်း . . . မောင်ဟာ သူမကို။ သွားစမ်းပါ။ ဟုတ်တယ် အရူးလုပ်ခဲ့တာ။ သူမ နာကျင်စွာ ငိုမိပြန်တယ်။

စားပွဲထိုးလေးကို ခေါ်ပြီး အီတလီခေါက်ဆွဲတစ်ပွဲ မှာတယ်။ မောင့်အတွက်ကတော့ ဝက်နံရိုးကင်ပဲ မှာလိုက်တယ်။ နှစ်ယောက်စာ အပြည့်မှာပြီးပြီနော်။ စားပွဲထိုးလေးက အူကြောင်ကြောင် မျက်နှာပေးလေးနဲ့။ အအေးကိုလည်း မောင်သောက်နေကျ သစ်သီးဖျော်ရည် လက်ဖျော်ပဲပေးနော်လို့ မှာလိုက်သေးတာ။ ရေခဲလျှော့ပေး။

မှာထားတာတွေ ရောက်လာတော့ ခေါက်ဆွဲကို ခက်ရင်းနဲ့ ထိုးလိတ်လို့ သူမပါးစပ်နားထိ သွင်းမလို့လုပ်တုန်း ဖျတ်ခနဲ။ မောင် ခွံ့ကျွေးခဲ့ဖူးတယ်နော်။ မောင့်ပါးစပ်က ဟားလို့ဆိုလိုက်ရင်း သူမကို ကလေးတစ်ယောက်လို ခွံ့ခဲ့ဖူးတာလေ။ သူမတစ်ကိုယ်လုံး အပိုင်းပိုင်းအစစ၊ တစ်စစီကြေသွားတယ်။ ဘယ်လိုမှ ပြန်လည်ကောက်ယူစုစည်းလို့ မရနိုင်တော့ဘူး။ သူမပါးစပ်ထဲ ခေါက်ဆွဲဖတ်တွေကို အသိမဲ့ ဝါးနေရင်းက မျက်ရည်တွေ စိမ့်ခနဲ ကျလာပြန်တယ်။ ဆို့နင့်နေတဲ့ရင်ကြောင့် ဘယ်လိုမှဆက် မစားနိုင်အောင် တင်းခံနေတယ်။ ပိရိပါပေရဲ့၊ ကျွမ်းကျင်လိမ္မာလှပါပေရဲ့။ ချစ်ခဲ့ကြတဲ့တစ်လျှောက်လုံး သူမ ဘယ်လိုမှ မထင်ရက်နိုင်အောင် ကြင်နာခဲ့ပါပေရဲ့။ သွားပြီ။ သူမဘဝမှာ အနက်ဆုံးဒဏ်ရာတွေ အချစ်တစ်ခုနဲ့ ရင်းပြီး သူမ ရလိုက်ပြီပဲ။

သူမမျက်လုံးက မျက်တောင်တုတွေကို ဆွဲဖြုတ်ပစ်လိုက်တယ်။ မျက်ရည်တွေကို တစ်ရှူးစနဲ့ တို့သုတ်လိုက်တော့ လိုင်နာအမည်းရောင်တွေ စွန်းထင်းလို့။ သူမ ဘာလုပ်နေသေးတာလဲ။ ခုချိန်မှာ တခြားမိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ရှိကောင်းရှိနေနိုင်မယ့် ယောကျ်ားတစ်ယောက်အတွက် သူမ ရူးသွပ်နေဖို့ တန်သလား။ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း တို့သုတ်ပြီး သူမ ပြုံးလိုက်မိတယ်။

တစ်နေ့ . . .

သူမ သိနေခဲ့တဲ့ တစ်နေ့ ရောက်လာပြီပဲလေ။ ဘာအတွက်များ ဝမ်းနည်းနေဦးမှာလဲ။ အစောဆုံး လမ်းခွဲခြင်းဟာ သူမအတွက် အတိမ်ဆုံးဒဏ်ချက်ကို ဖြစ်စေတာပဲ မဟုတ်လား။ ကြာလေလေ သူမဘက်က မရုန်းနိုင်၊ မဖြတ်နိုင်တဲ့ အချစ်တွေနဲ့ ဒီထက်ပိုရူးရတော့မှာ။ ဘာကြောင့်ပါလိမ့်၊ ဘာကြောင့်များ ဒီထက်ပိုပြီး သူမ ခံသာမယ့်စကားတွေနဲ့ မထားရစ်ခဲ့ရတာလဲ။ ချစ်ပြီးမှ အထားခံခဲ့ရတယ်ဆိုတာထက် မချစ်ဘဲအညာခံရတာဆိုတဲ့ အဖြစ်ဟာ နာကျင်ဖွယ် ခါးသည်းလွန်းလှပါရဲ့။

သူမဂါဝန် အောက်အနားကို ဆွဲအချမှာ ရုတ်တရက် စားပွဲပေါ်က ဝိုင်ပုလင်းဟာ လိမ့်ခနဲ။ ကြမ်းပြင်ပေါ် ခွမ်းခနဲကျကွဲသံနဲ့အတူ သူမ ဂါဝန်အောက်နားစကို ဝိုင်အနီတွေ စွန်းထင်းစေကုန်တော့တယ်။ စားပွဲထိုးကလေးတွေ ရောက်လာပြီး ပုလင်းကွဲစတွေကို သိမ်းဆည်း၊ သူမကိုလည်း ထိခိုက်သွားမိသေးလား မေးကြတယ်။ သူမ ခေါင်းခါပြလိုက်တယ်။ စားပွဲပေါ်က ပန်းစည်းနဲ့ ချောကလက်ဘူးကို သူမလက်က အလိုလိုလှမ်းမိရက်သား၊ ပြီးမှ ဆိုင်ထောင့်ကအမှိုက်ပုံးထဲ ပစ်ထည့်လိုက်တော့တယ်။ သူမမျက်ရည်တွေ တစ်ပေါက်ပြီး တစ်ပေါက် ပါးပေါ် လိမ့်ဆင်းကျလာပေမဲ့ သူမ အရေးတယူ သုတ်မနေချင်တော့ဘူး။

ဆိုင်ထဲကနေ လှမ်းထွက်လာတဲ့အခါ သူမ သိနေတယ်။ အားလုံးရဲ့ သနားကရုဏာမျက်ဝန်းတွေ သူမ ကျောပြင်မှာ ထိုးစိုက်ကွဲရှလို့။ သူမကတော့ ကမ္ဘာမြေကြီးရဲ့ အောက်ဆုံးအလွှာမှာ နိမ့်ကျပြားကပ်လို့။

(အဆုံး)

အိမ်ထဲဝင်လာတဲ့သူမကို သမီးက မေမေပြန်လာတာ စောလှချည်လားဆိုတဲ့အကြည့်နဲ့ နံရံကနာရီကို တစ်လှည့်၊ သူမမျက်နှာကို တစ်လှည့် ကြည့်နေတယ်။ မျက်ရည်တွေနဲ့ အငိုမျက်နှာကို သမီးသိသွားမှာ စိုးတာကြောင့် ခေါင်းငုံ့လျက်နဲ့ပဲ ဝွတ်နိုက်သမီးလို့နှုတ်ဆက်ရင်း အိပ်ခန်းထဲ ခပ်သွက်သွက်အဝင်မှာ သမီးရဲ့ ခပ်ဆွံ့ဆွံ့နှုတ်ဆက်သံကို သူမ ကြားဖြစ်အောင် ကြားလိုက်သေးတယ်။ "ဟက်ပီးဗယ်လင်တိုင်းနော် မေမေ" တဲ့။ "ဟက်ပီးဗယ်လင်တိုင်း ဟန်နီ" လို့ သူမ ပြန်မပြောဖြစ်ခဲ့ဘူး။

အခန်းထဲရောက်တော့ ခုတင်ပေါ်ပစ်လှဲရင်း လူးလိမ့်ငိုမိပြန်တယ်။ အားရအောင်ငိုပြီးမှ ဂါဝန်အဖြူကို လဲလိုက်တယ်။ ဂါဝန်အဖြူအောက်ခြေနားမှာ ဝိုင်အနီတွေ စွန်းထင်းလို့။ ဟင့်အင်း အဲဒါ ဝိုင်အနီတွေမှ မဟုတ်တာပဲ။ သူမနှလုံးသွေးတွေ။ သူမ သွေးပျက်မတတ်ငိုကြွေးခဲ့ရာက စိမ့်ကျလာတဲ့ နှလုံးသွေးတွေ။

သွားစမ်းပါ။ တန်လို့လား။ သူမစိတ်တွေ နာကျင်မှုနဲ့ ကြမ်းတမ်းလာပြန်တယ်။ မောင်နဲ့ပတ်သက်သမျှတွေ ဖုန်းထဲမှာ။ မောင့်ပုံတွေ၊ မောင့်ဆီက မက်ဆေ့ချ်တွေ။ တစ်ခုချင်း တစ်ခုချင်း ဖျက်ချပစ်။ တန်ဖိုးထား သိမ်းဆည်းဖို့ မလိုအပ်တော့။ သူမလက်က Deleteလို့ တစ်ချက်နှိပ်လိုက်တိုင်း စူးခနဲအောင့် အောင့်လာတဲ့ ရင်ဟာ သေမတတ်နာကျင်နှိပ်စက်လွန်းလှရဲ့။

အဲဒီညဟာ သူမတစ်သက်တာမှာ အရှည်ဆုံးည၊ အမှောင်ဆုံးည၊ နာကျင်ရဆုံးည၊ သူမရင်တစ်ခုလုံးကွဲအက်ခဲ့ရတဲ့ည ဖြစ်ခဲ့တယ်။ အချစ်နဲ့ပတ်သက်တဲ့သင်ခန်းစာကို သူမ ဘဝပျက်မတတ်ရင်းပြီး သင်ယူခဲ့ရဖူးပြီ။ သူမသင်ယူခဲ့ရတဲ့ သင်ခန်းစာက လှည့်စားတတ်တဲ့ အချစ်မျိုးဟာ ဘဝတစ်ခုလုံး ပုံနှစ်ချစ်ဖို့၊ တန်ဖိုးကြီးကြီးထားဖို့ မတန်မရာ။

သိပ်နက်ခဲ့တဲ့ ဒဏ်ရာအတွက် အချိန်တွေအကြာကြီး သူမ ယူခဲ့ရတယ်။ အချစ်နဲ့ပတ်သက်လာတဲ့အခါ ကြီးငယ်မရွေး ချစ်ရင်ချစ်သလောက် ချစ်မိသူသာခံစားရတယ်ဆိုတာကို သူမကိုယ်တွေ့မို့ ယုံခဲ့ရပြီ။ သူမဘဝဟာ တကယ့်ကို ကပြောင်းကပြန်ဆန်ခဲ့တာ။ အလူးလူး အလိမ့်လိမ့်တွေကြားက ပြန်ပြန်အားယူ ထူထခဲ့ရတဲ့ နေ့တွေညတွေပေါ့။ ရှင်လျက်နဲ့ ကျခဲ့ရတဲ့ ငရဲတွေဆိုပါတော့လေ။

(နိဂုံး)

သူမဆိုင်ထဲကိုဝင်လာတော့ မျက်နှာအဟောင်း စားပွဲထိုးကောင်လေးတချို့ကို တွေ့တယ်။ မင်္ဂလာပါလို့ သူမ နှုတ်ဆက်လိုက်တယ်။ သူတို့ကတော့ သူမကို မှတ်မိချင်မှ မှတ်မိမယ်။

စားပွဲလေးတွေပေါ်မှာ မနှစ်ကလိုပဲ ဖဲကြိုးအဖြူနဲ့ လှလှပပစည်းထားတဲ့ နှင်းဆီအနီရဲရဲတစ်ပွင့်၊ အသည်းပုံ ချောကလက်ဘူးတစ်ဘူးနဲ့ ဝိုင်အနီတစ်ပုလင်း။ မနှစ်ကလိုပဲ ဂါဝန်အဖြူရောင်အရှည်ကို သူမ ဝတ်ဆင်ထားတယ်။ မနှစ်ကလိုပဲ ထောင့်ခပ်ကျကျစားပွဲမှာထိုင်တယ်။ မနှစ်ကလိုပဲ မပြောင်းလဲတဲ့ မီနူးအတိုင်း သူမ မှာယူလိုက်တယ်။ နှစ်ယောက်စာ။

ဒီနေ့ သူမတစ်ယောက်တည်း ချစ်သူများနေ့ကို ဆင်နွှဲမှာ။ ဟင့်အင်း မဟုတ်သေးပါဘူး။ သူမ ဆင်နွှဲမယ့် အထိမ်းအမှတ်က တစ်နှစ်ပြည့်ညစာ။

ဟုတ်တယ်၊ အတိအကျပြောရရင် သူမဘဝထဲက မောင်သေဆုံးသွားခဲ့တဲ့ နှစ်ပတ်လည်ညစာပေါ့။


**ချစ်ကြည်အေး**



# ညည်းကျိုးနှရီ

ညီစု ဝတ္ထုတိုရသ

နွေဦးရဲ့ လေပြည်လေးများမှ အပ အခြားအနှောင့်အယှက်မရှိ လေသောအချိန် 'ဂိမှာန်အလှ' ဆိုတဲ့ ကန်လေးကလည်း ငြိမ်ငြိမ်သက်သက်ရှိနေသည်။ ၅ နှစ်ကြာမှ ခွဲခွာနေကြရတဲ့ ချစ်ဦးသူ ငယ်သူငယ်ချင်းမလေးကို စောင့်နေသော ကျွန်တော်ကလည်း ခုံတန်းလေးပေါ် ငြိမ်ငြိမ်သက်သက်။ ကန်ပေါင်ပေါ် ပေါက်နေသော အပင်အောက်မှာ ကျွန်တော်စောစောလာပြီး ထိုင်နေဖြစ်သည်။ ငယ်စဉ်က ဒီကန်ထဲ ရေကူးသည့်အခါ ငါးများတွတ်ခံရတတ်သည်။ အကိုက်ခံထားရသမျှ ငါးဒဏ်ရာများ



ကို ဒီအပင်ကအရွက်ကိုချိုး ထွက်လာသောအစေးများကို အနာပေါ်လိမ်းရင်း အနာကုနေကျ။ နွေလေပြည်များရဲ့ အချော့အမြှူမှာ ငယ်ဖြစ်တွေကိုတွေးရင်း ကျွန်တော် မှေးစင်းသွားပြီး အပင်အောက်မှာ ငြိမ်သက်လျက်ရှိသည်။

"အသစ်"

နွေလေပြည်ထက်ချိုမြိန်သော ငါးနှစ်တာမျှ တောင့်တမွတ်သိပ်ခံရသော သည်အသံကိုကြားမှ မျက်စိနှစ်ဖက်ကို ဖွင့်ဖြစ်သည်။ လေပြည်ပြင်းလေးတစ်ချက် ရုတ်တရက်ဝှေ့သည်။ ထိုလေပြည်က ကန်ပေါင်ပေါ်မှ သစ်ရွက်ခြောက်ကြွေတို့ကို ဆွဲယူဝှေ့ယမ်းလျက် ကန်ရေပြင်ပေါ် ဆွဲယူသွားခဲ့သည်။ မကြာခင်လေးကမှ ငြိမ်သက်နေသော ကန်ရေပြင်လည်း သစ်ရွက်ခြောက်ကြွေအကျတွင် ဝဲဂယက်များထကာ လှုပ်ရှားအသက်ဝင်လာသည်။

ချစ်လှစွာသော ချစ်ဦးသူကောင်မလေးက အမေပေးထားသော နာမည်'နွေသစ်' ကို အဖျားဆွတ်ကာ 'အသစ်' ဟု ခေါ်လေ့ရှိသည်။ ခေါ်သံမကြားဘူးအထင်နှင့် သူမက ထပ်ခေါ်သည်။

"အသစ်"

ကျွန်တော်ကန်ရေပြင်ပေါ်ကို လှည့်ထားသောမျက်နှာကို သူမရှိရာ လှည့်လျက်

"ငါကြားပါတယ်ဟ"

"ခိုင် လေဆိပ်ကို ဘာလို့ လာမကြိုတာလဲ"

သူမဘာမျှပြန်မဖြေ...။ ကျွန်တော် ပြုံးလိုက်ပြီး

"နင် အရမ်းလှလာတယ် ခိုင်၊ လွန်ခဲ့တဲ့ငါးနှစ်ကထက် အများကြီးလှလာတယ်"

အမှန်တကယ်တော့ သူမမျက်နှာက အနည်းငယ်ညှိုးနွမ်းလျက်ရှိသည်။ သို့သော် ခွဲခွာပြီးပြန်တွေ့ကြရသော ချစ်ရသူမိန်းကလေးတစ်ယောက်ကို စကားများများစားစားပြောနေဖို့ ကျွန်တော်က စကားမကြွယ်။ လှလာတယ်ဆိုတာလောက်ပဲ ပြောတတ်သည်။

သူမက ပြုံးသည်ဆိုရုံလောက် ပြန်ပြုံးပြရင်း ကျွန်တော်ရှိရာ လျှောက်လာပြီး ဘေးၶလာထိုင်သည်။ ကန်ရေပြင်ရှိရာကို သူမမျက်နှာမူလိုက်ပြီး သူမစကားစပြောသည်။

"နင်ငါ့အပေါ်ထားတဲ့ သဘောထားတွေ ပြောင်းလဲသွားပြီလား အသစ်"

သူမ ကျွန်တော့်မျက်နှာကို မကြည့်ဖြစ်သည့် အကြောင်းအရင်းကို မစဉ်းစားမိဘဲ

"နင့်ကို ချစ်တာကအစ မပြောင်းလဲသေးဘူးဟ"

ဟု ကျွန်တော် ရယ်ကျဲကျဲပြန်ဖြေမိသည်။ သူမအတန်ငယ်ငြိမ်သွားပြီး ယောင်ယမ်း၍မှ မမျှော်လင့်ခဲ့ဖူးသောစကားကို သူမက ကျွန်တော့်ကို ပြောပြသည်။

"ငါ့မှာ ကိုယ်ဝန် ၂ လရှိနေပြီ အသစ်။ ငါနဲ့ဖြစ်ခဲ့တဲ့ ငါ့ချစ်သူက မိသားစုနဲ့အတူ အမေရိကကို ထွက်သွားပြီ။ သူတာဝန်မယူနိုင်ဘူးတဲ့" အစရှိသဖြင့် သူမက မျက်ရည်များစွာဝဲလျက် မယုံ၍မရသော ပုံပြင်တစ်ပုဒ်ကို ဆက်လက်ပြောပြနေသည်။ ရင်ဘတ်တစ်ခုလုံး ခြောက်ကပ်လျက် သူမထံမှစကားများကို ဆက်နားထောင်ရန် အင်အားမရှိတော့။ သူမရဲ့အေးစက်နေသော လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် သူမကို ကျွန်တော်မေးသည်။

"ဒီကိစ္စကို ဦးနဲ့အန်တီရော သိပြီးပြီလား ...ခိုင်"

အသံမထွက်ဘဲ ခေါင်းခါသည်။ ပြီးမှ

"သူတို့သိရင် ရှက်ပြီး သေလိမ့်မယ် အသစ်။ ငါတကယ် ဘာလုပ်သင့်လဲ ငါ့မှာသတ်သေစရာ လမ်းပဲကျန်တော့တယ်နဲ့ တူပါတယ်ဟာ"

စကားဝိုင်းသည်အတန်ကြာ တိတ်ဆိတ်သွားခဲ့သည်။

အချစ်ဆိုသည်ကို စတင်ခံစားမိကတည်းက ချစ်လာခဲ့ရသောချစ်ရသူအတွက် နာရီဝက်အတွင်းမှာပင် ဆုံးဖြတ်ချက်ချလိုက်မိသည်။ သူမက အတန်တန်ငြင်းနေသည့် ကြားမှပင် တရားရုံးသွား၍ နှစ်ဦးသဘောတူ လက်ထပ်ဖြစ်ခဲ့သည်။

ယနေ့အချိန်အထိ ကျွန်တော့်ကို "ချစ်တယ်" ဟု တစ်ခါမျှ မပြောခဲ့ဖူးသော ခိုင်က တရားရုံးမှအထွက် ကျွန်တော့်အား စကားတစ်ခွန်းဆိုသည်။

"အရာအားလုံးအတွက် ငါ့ဘဝလက်ကျန်တစ်ခုလုံးနှင့်ကို ကျေးဇူးဆပ်ပါရစေ. . အသစ်" တဲ့။

ကျွန်တော်ပြုံးပြကာ သူမလက်ကို တင်းတင်းလေးဆုပ်ကိုင်ကာ လမ်းလျှောက်ထွက်လာခဲ့ကြသည်။

ထိုစဉ်က ကျွန်တော့်ရင်ဘတ်ထဲမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းသို့တည်းမဟုတ် တစ်စုံတစ်ရာသော ခံစားချက်တစ်ခုခု မရှိခဲ့သည်ကတော့ သေချာသည်။

မိဘများစီစဉ်ကျင်းပပေးသော မင်္ဂလာပွဲက အများအမြင်မှာ ပျော်ပျော်ရွှင်ရွှင် ပြီးသွားခဲ့သည်။ ကျွန်တော့်အမေနှင့် အစ်မများက ဝမ်းသာမဆုံးကြ။ ငယ်စဉ်ကတည်းက ကျွန်တော် ခိုင့်ကိုအသည်းအသန်ချစ်လာသမျှ အိမ်ကလူများက နားနှင့်မဆံ့အောင် ကြားနေခဲ့ရသဖြင့် အခုလက်ထပ်ဖြစ်သည်ကို ကျေနပ်ဝမ်းသာကြသည်။ ဩစတေးလျမှာ ကျောင်းသွားမတက်ခင် အဖြေတောင်းထားပြီးမှန်းလည်း သူတို့သိကြ၍ ယခု ပြန်လာလာချင်း လက်ထပ်ဖြစ်ခြင်းမှာ အိမ်မှ လူများမတားခင် မနေနိုင်၍ လက်ထပ်ခြင်းဖြစ်မည်ဟု အမေတို့ယူဆထားဟန်တူသည်။

နှစ်ဦးစလုံး အထူးမပျော်ရွှင်ကြသလို ဝမ်းနည်းခြင်းလည်း ကိုယ်စီ



မရှိခဲ့ကြ။ သို့သော် လူအများရှေ့တွင် ပြုံးပြရန် အားယူစရာလည်း မလိုအောင် ပြုံးနိုင်ရယ်နိုင်ခဲ့သည်။ မင်္ဂလာဦးညမှစ၍ တစ်ဦးနှင့်တစ်ဦး အထိအတွေ့မရှိ အပူအပင်ကင်းကင်း အိပ်စက်ခဲ့ကြသည်။ မယားဝတ္တရားကို သူမဘက်မှ ကျေပွန်ခဲ့သလောက် ကျွန်တော့်ဘက်မှလည်း လင်ယောကျ်ားတာဝန်ကျေအောင် အတတ်နိုင်ဆုံးနေထိုင်ဖြစ်ခဲ့သည်။ သို့သော်လည်း တကယ်တမ်း သူများသွေးသားအား မိမိသွေးသားဟု တာဝန်ယူရသည်မှာ အချစ်တစ်ခုတည်းနှင့် မလုံလောက်မှန်း တဖြည်းဖြည်းသိလာရသည်။ ခိုင့်ကို လက်ထပ်ရန်ဆုံးဖြတ်စဉ်က သည်လောက်ထိ မတွေးမိနိုင်ခဲ့။ တစ်နေ့တခြားပီပြင်လာသော သူများသွေးသားကို ချစ်နိုင်ရန် အင်အားမရှိခဲ့။ သည်ကိုယ်ဝန်ကိစ္စအတွက် ခိုင့်ကို ဘယ်တုန်းကမျှ စကားစရာအပြစ်မဆိုခဲ့သည့်တိုင် သူမ အားရှိစေရန်လည်း အားမပေးဖြစ်ခဲ့။

မိန်းမသားတစ်ဦးဖြစ်၍ တစ်ခါမှားဖူးသော အမှားအတွက် သူမပေးဆပ်ခဲ့ပြီး ကျွန်တော်ပြောစရာမရှိရလေအောင် ခိုင်က နေထိုင်ပေးခဲ့သည်။ ဆေးခန်းသွားချိန်များမှလွဲ၍ ခိုင့်ကိုယ်ဝန်ကိစ္စကို ကျွန်တော်နှင့် ခိုင်က စကားထဲထည့်မပြောဖြစ်ခဲ့ကြ။ အလွန်ကောင်းရှာကြသော သူမ၏မိဘများနှင့် ကျွန်တော့်မိဘဆွေမျိုးများကို သူမ တဖြည်းဖြည်းကြောက်လာကာ သူမအနေအစား ပျက်လာသည်။ အစားအသောက်အား တာဝန်ဝတ္တရားအရ သူမစားသောက်သည်ကလွဲ၍ အာဟာရအထူးတလည် တောင့်တခြင်းမရှိခဲ့။ ကျွန်တော်ဂရုမစိုက်ခဲ့မှုများအကြား မိခင်၏စိုးရိမ်စိတ် အားငယ်စိတ်များကြားတွင် ခိုင့်သမီးလေး လူ့လောကသို့ ရောက်ရှိလာခဲ့တော့သည်။

မိုးသားများ ကြည်လင်လျက်ရှိသော ထိုနေ့က အပြစ်မဲ့သောကလေးငယ်တစ်ဦး လူ့လောကသို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ မွေးခန်းပြင်ပမှ စိတ်လှုပ်ရှားလျက်ရှိကြသော နှစ်ဖက်မိဘများက ကလေးကို ပွေ့ချီလာသော ဆရာဝန်၏ ခွင့်ပြုချက်ကိုပင်မစောင့်ဘဲ အလုအယက် ဝိုင်းဝန်းထွေးပိုက်ကြသည်။ ထိုင်နေရာ ခုံပေါ်မှမထဘဲ စိတ်တည်ငြိမ်လွန်းလှသော ကျွန်တော့်ကြောင့်ပဲလားမသိ အသံဆူညံစွာရှိလျက်သော ဆွေမျိုးများစကားသံ တဖြည်းဖြည်း တိတ်သွားသည်။ မထူးဆန်းသလိုပင် စိတ်ထဲအားတင်းပြီး ကျွန်တော် ကလေးကိုထကြည့်မိသည်။

"ဘုရား ဘုရား"

ခိုင်မွေးသော ခိုင့်သမီးလေးသည် လူမဆန်စွာပစ်ထားခဲ့သော သူ့အဖေနှင့် ရုပ်ချင်းမှာ အတော်ပင်တူလွန်းလှသည်။ ပုခက်ထဲတွင် ထည့်ထားသော ခိုင့်သမီးလေးက စူးစူးရဲရဲကြည့်ကာ "ခစ်" ခနဲ မြည်နေအောင်ရယ်သည်။

"သမီးလေးက ချစ်စရာလေးရယ်တောင်နေပြီ သားရယ်" ဘေးမှ ရပ်ကြည့်နေသော အမေပြောတော့ ကလေးက ကျွန်တော့်ကို လှောင်များရယ်နေသလားဟု တွေးမိကာ ပုခက်နားမှ ကော်ရစ်တာရှိရာသို့ ထွက်လာပြီး လမ်းမပေါ် ကြည့်ငေးနေမိသည်။

ဘယ်လောက်အချိန်ကြာကြာ တွေးနေမိသည်မသိ၊ ပခုံးပေါ်သို့ လက်တစ်ဖက်က နွေးနွေးထွေးထွေး လာဖက်မှ အသိဝင်လာကာ လှည့်ကြည့်မိတော့ ကျွန်တော့်အမေ . . .

"လှည်းကျိုးထမ်းမယ်ဆို အသံမမြည်အောင် ထမ်းရတယ်သားရဲ့။ အသံတကျွီကျွီမြည်တဲ့ လှည်းကိုထမ်းတော့ ပတ်ဝန်းကျင်က ကြားတာပေါ့သားရယ်" တဲ့။

အမေက အပြစ်လည်းမဆိုခနဲ့တဲ့သဘောလည်း မဟုတ်ဘဲ ပြောမှန်း ကျွန်တော်သဘောပေါက်ကာ အမေ့ကို စကားတစ်ခွန်းမှ မဆိုဘဲ ပြုံးပြမိသည်။

ကျွန်တော်ပြုံးပြရင်း အမေ့ကို တောင်းပန်ကြည့် ကြည့်နေမိသည်။ သားတစ်ယောက်သာ မြစ်ဖြစ်ခဲ့မည်ဆိုလျှင် ထိုမြစ်၏ သဘောသဘာဝ၊ ဖြစ်တည်ရာ၊ ချိုးကွေ့စီးဆင်းရာ၊ နောက်ဆုံးပျော်ဝင်ပျောက်ကွယ်ရာ ပင်လယ်အထိ မြေပုံမကြည့်ဘဲ အလိုလိုသိနေမည်ဖြစ်သော မိခင်တို့၏သဘောကြောင့်ပဲလားမသိ။ အမေက ကျွန်တော့်အား နှစ်လိုအားတက်ဖွယ်ရာ ပြုံးပြပြီး

"သားမမှားပါဘူး သားရဲ့။ ဒါဝဋ်ကြွေးလည်းမဟုတ်ဘူး နောက်ဘဝတွေအတွက် ဒီဘဝမှာ ဖြည့်ပေးရမယ့် ပါရမီကုသိုလ်ပဲ ဖြစ်မှာပါကွယ်" တဲ့။

ကျွန်တော်မျက်ရည်များ ဝိုင်းကာ ကျေးဇူးတင်စကား အသံမထွက်အောင်ဆိုမိသည်။ အသံမထွက်သော်ငြားလည်း အမေကြားနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။

ကျွန်တော်နှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိမခံဖြစ်ခဲ့ကြသော အစ်မများအားလုံး နှုတ်ဆိတ်လျက်၊ ခိုင်နှင့်ပတ်သက်ခဲ့ဖူးသူ အကြောင်းကို သူတို့က ပိုသိနေကြသော်လည်း အရာရာကို ထောက်ချင့်ကာ နှုတ်ဆိတ်စွာဖြင့် အိမ်ပြန်သွားကြ

သည်။

သတိမေ့နေရာမှ ပြန်နိုးလာသော နိုင့်လက်ကလေးကို မင်္ဂလာပွဲ အပြီးနောက်ပိုင်း ဒုတိယအကြိမ် မြောက်ဆုပ်ကိုင်ကာ ကျွန်တော် အပီပြင်ဆုံး ပြုံးလျက် အားပေးဖြစ်သည်။

"အားလုံး အေးအေးဆေးဆေး ပါပဲ နိုင်"

သည်လောကထဲ မရောက်လာမီကတည်းက ကံဆိုးခဲ့ရှာသော နိုင့်သမီး သည်လောကထဲ ရောက်လာပြန်တော့လည်း ကံမကောင်းရှာဘဲ အကြားအာရုံချို့ယွင်းကာ



ဉာဏ်ရည်မမီ၊ နားမကြားသော ကလေးငယ်တစ်ဦးအဖြစ် ကြီးပြင်းခဲ့ရသည်။ ကလေးမမွေးမီ စိတ်ဓာတ်ကျကာ ကိုယ့်ကိုယ်ကိုယ်ရော ကလေးကိုပါ ဂရုမစိုက်မိဘဲ ပေနေခဲ့သောနိုင်တစ်ယောက် ကလေးမွေးပြီးမှ ပိုရင့်ကျက်လာပြီး တည်ငြိမ်လာသည်။ မမုန်းသော်လည်း မေတ္တာမပေးနိုင်ခဲ့သော ကျွန်တော့်ကိုလည်း အပြစ်မဆိုရှာဘဲ သူ့သမီးကို သူသာ လျှင် ပြုစုစောင့်ရှောက်ခဲ့ရရှာသည်။

နှစ်အချို့ အလိုလိုဟောင်းခဲ့သော်လည်း နိုင့်သမီးလေး မျက်နှာပေါက်သည် ပိုပို၍သာသစ်လာကာ သူ့အဖေရင်းနှင့် တူတူလာသည်။ ထို့ကြောင့်ဟု မဆိုစေကာမူ နိုင်နှင့် ကျွန်တော်သည် လင်မယားအဖြစ် အတူရှိနေကြသော်လည်း သွေးသားချင်းမရင်းနှီးကြသည်မှာ ယနေ့ထက်တိုင်။ လူပျိုဘဝကတည်းက မထိရက် မတို့ရက်ခဲ့သော နိုင်တစ်ယောက် သွေးသားဆန္ဒမလွန်ဆန်နိုင်၍ ကိုယ်ဝန်ရှိနေသည်ကို သိရပြီးကတည်းက နိုင့်အပေါ်တွင် ရင်းနှီးလိုစိတ်မရှိတော့။ မသတီဘူးဟူသောစကား သုံးရန်အထိလည်း မလို၊ သို့ရာတွင် စိတ်ထဲ၌ နိုင့်ချစ်သူမျက်နှာကို မေ့မရ။ အနေနီးသည့်အခါ အတိတ်ကို နောက်ပြန်ရစ်သလို ပြန်မြင်လာမိသည်။ အစွဲအလမ်းကြီးတတ်သော ကျွန်တော့်အပြစ်ပဲ ဆိုပါတော့။ အိမ်ထောင်ကျပြီးကတည်းက မိန်းမကောင်းဂုဏ်ရည်နှင့်အညီ နေထိုင်ခဲ့သော နိုင့်ကို ချစ်သော်လည်း အနေနီးစပ်၍ မရနိုင်။ အချိန်ကြာလာသည်နှင့်အမျှ မောင်နှမသားချင်းကဲ့သို့သာ ချစ်ခင်ရင်းနှီးလာကြသည်။

သည်လိုနှင့် နိုင့်သမီးမွေးပြီး နှစ်နှစ်ခန့်အကြာတွင် ကျွန်တော်က ပျင်းသည်ဟု အကြောင်းပြကာ မိဘမဲ့ဂေဟာမှ အမြွှာကလေး နှစ်ဦးကို မွေးစားခဲ့ကြသည်။ ယောက်ျားလေးနှင့် မိန်းကလေးဖြစ်၍ 'ရွှေမှုန်' နှင့် 'ရွှေသား' ဟု ကင်ပွန်းတပ်တော့ နိုင့်မျက်နှာ မကောင်း။ နိုင့်သမီးနှင့် တန်းတူပင် ရွှေမှုန်နှင့် ရွှေသားကို နိုင် ချစ်သော်လည်း နေရာမရရှာသည့် နိုင့်သမီးလေးအတွက်တော့ နိုင်စိတ်ကောင်းမည် မဟုတ်မှန်းတော့ ရိပ်မိသည်။

သည်နောက်ပိုင်းမှာတော့ ကျွန်တော့်အိမ်ထောင်ရေး စိုပြည်လာသည်ဟု ဆိုရမည်။ နိုင့်သမီးလေးကို ဂရုတစိုက်မရှိသော်လည်း ရွှေမှုန်နှင့်ရွှေသားကို အကြောင်းပြုကာ နိုင် နှင့်ကျွန်တော် တစ်စစ ပို၍ ရင်းနှီးလာသည်။ အလုပ်အားလပ်ရပ်များတွင် အမြွှာနှစ်ယောက်နှင့် ကစားကွင်းသွားကြသည်။ စားသောက်ဆိုင် သွားကြသည်။ သို့ရာတွင် နိုင်က သူ့သမီးပါလျှင်တော့ အဘိုး၊ အဘွားနှင့်သာ သွားတတ်သည်။ အလိုက် သိတတ်သည်ဟု ဆိုရမည်။ နိုင့်သမီး ကျန်းမာရေးကိစ္စမှလွဲ၍ အခြားကိစ္စတွင် ကျွန်တော့်ကို ခေါ်သည်မှာ အလွန်ရှားလှသည်။

ကျွန်တော်ကိုယ်တိုင်လည်း နိုင့်သမီးကိုချစ်နိုင်ရန် ကြိုးစားခဲ့ဖူးသည်။ သို့သော်လည်း ကျွန်တော့်မိဘ အသိုင်းအဝိုင်းတွင် နိုင့်သမီးကို လက်မခံနိုင်ကြ။ တစ်ခါတုန်းက ညနေခင်း အမြွှာနှစ်ယောက်နှင့် လမ်းလျှောက်ထွက်ရာ လမ်းထဲမှ မိတ်ဆွေတစ်ယောက်က လှမ်းပြောသည်။ ရိုးသားစွာပြောခြင်းလား။ ဆန်းပြားစွာပြောခြင်းလားတော့ သူကိုယ်တိုင်ပဲသိလိမ့်မည်။ ကလေးများနှင့် ကျွန်တော့်ကို တွေ့သောအခါ သူပြောသည့်

"ကိုနေ့သစ်က သူများကလေး ချစ်တတ်တယ်နော်" ဟူသည့်စကားက အရှိုက်ကိုမှ ခပ်ဆဆရိုက်ထည့်လိုက်သလို ပြန်တွေးမိတိုင်း ကျဉ်ခနဲနေအောင် ခံစားရသည်။

သည်လိုနှင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဟု ဆိုသည့်ကြားမှ ထိုဒဏ်ကို လျော့တိလျော့ရဲ ဟန်ဆောင်၍သာ ကျွန်တော်ခံနိုင်တော့သည်။ ပတ်ဝန်းကျင်လေပြည်ဝေ့ဝိုက်ကစားမှုမှာ ကျွန်တော်နှင့် နိုင့်သမီး ဝေးသထက်ဝေးလာသည်။ အတွေ့ကြီးစွာပင် လူမြင်ကွင်းမှာ ပြောစရာမဖြစ်အောင် နေထိုင်ခဲ့သလောက် အိမ်တွင်းတွင် နိုင့်သမီး လဲကျနေလျှင်တောင် လှည့်မကြည့်နိုင်လောက်အောင် စိမ်းလာခဲ့သည်။

ဒုက္ခိတ နိုင့်သမီးကို ကျွန်တော့်အမေကသနား၍ အိမ်ကိုလာပြီး ကျွန်တော့်အား မကြာခဏဆိုသလို ဖျောင်းဖျသည်။ နောက်ပိုင်းတွင် အမေကလည်း ကျွန်တော့်အဖြစ်ကို ကလေးတစ်ယောက်လို ဆေးခါးတစ်ခွက်ကို မျက်စိစုံမှိတ်သောက်နိုင်း၍မရသော ကိစ္စမျိုးဖြစ်မှန်း သဘောပေါက်၍လားမသိ လက်လျှော့လိုက်သည်။ ကျွန်တော်ကိုယ်တိုင်လည်း သည်ကိစ္စကို ဆေးခါးတစ်ခွက်လို မျိုသိပ်သောက်ချ၍ မရမှန်း ကျွန်တော့်ကိုယ်ကျွန်တော်သာ သိတော့သည်။

ဉာဏ်ရည်မမီရသည့်ကြားထဲ နားမကြားသော နိုင့်သမီးမှာ အသက် ၇ နှစ်ရောက်သည်အထိ

သည်နောက်ပိုင်းမှာတော့ ကျွန်တော့်အိမ်ထောင်ရေး စိုပြည်လာသည်ဟု ဆိုရမည်။ နိုင့်သမီးလေးကို ဂရုတစိုက်မရှိသော်လည်း ရွှေမှုန်နှင့်ရွှေသားကို အကြောင်းပြုကာ နိုင် နှင့်ကျွန်တော် တစ်စစ ပို၍ ရင်းနှီးလာသည်။ အလုပ်အားလပ်ရပ်များတွင် အမြွှာနှစ်ယောက်နှင့် ကစားကွင်းသွားကြသည်။ စားသောက်ဆိုင် သွားကြသည်။ သို့ရာတွင် နိုင်က သူ့သမီးပါလျှင်တော့ အဘိုး၊ အဘွားနှင့်သာ သွားတတ်သည်။ အလိုက် သိတတ်သည်ဟု ဆိုရမည်။

စကားမယ်မယ်ရရ တစ်လုံးမှမတတ် သေး။ ထိုအဖြစ်ကိုကြည့်ကာ သနား၍ မကြာခဏရောက်လာတတ်သော ကျွန်တော့်အမေက မှတ်မှတ်ရရ စကားဆိုသည်။

"အပြစ်မကင်းတဲ့ လူကြီးတွေကြောင့် အပြစ်ဖြစ်ခဲ့ရတဲ့ကလေး၊ သူ့ဝဋ်ကြွေးတွေ ပိသထက် ပိုပိမလာအောင် ကိုယ်သယ်ယူလို့ရရဲ့သားနဲ့ မျက်စိမှိတ်ကျောမခိုင်းပါနဲ့ သားရယ်"

ကလေးကို မကြင်နာမှုန်း ပတ်ဝန်းကျင်မှသိမည်စိုး၍ အိမ်ဖော်တောင် ပေးမငှားခဲ့သော ကျွန်တော်ကလည်း ခိုင့်သမီးကို မြင်လျှင် "အမာရွတ်မြင်လျှင် မင်းမဟော်သတိရ" ဆိုသလို ခိုင့်ချစ်သူကို မေ့မရနိုင်။ ပတ်ဝန်းကျင်အား ဂရုမစိုက်ဟု နှုတ်မှဆိုနိုင်ခဲ့သော်လည်း ပတ်ဝန်းကျင်မှရိုက်ခတ်လာသောဒဏ်ကို မသိစိတ်နှင့်သိစိတ် တစ်ဝက်တွင် ကြာရှည်မခံနိုင်။ "ဆရာ့အရိုက်ခံရသည်ကို တောင့်ခံနေရသော်လည်း ငါ့အရိုက်ခံရတာ သူ့ကြောင့်" ဟူသောအတွေးမျိုးဝင်ကာ မမုန်းသော်လည်း ချစ်ဖို့ရာ မဖြစ်နိုင်ခဲ့။

သည်နေ့ ရုံးမှ စောစောဆင်းဖြစ်သည်။ ဘာရယ်မဟုတ် လမ်းထိပ်တွင်တွေ့သော မိုးပျံပူဖောင်းသည် တွေ့၍ ရွှေမှုန်နှင့်ရွှေသားကို သတိရပြီး ဝယ်ယူမိသည်။ ကျွန်တော် ငယ်စဉ်ကတည်းက မိုးပျံပူဖောင်းကို အလွန်သဘောကျ၍ လူပျိုဖြစ်သည်အထိ ဝယ်ဆော့တုန်း။ ယခု အိမ်ထောင်ကျပြီဆိုတော့ သားသမီးအတွက်ပေါ့။

ခိုင် ဈေးသွားနေသည်ထင့်။ ရွှေမှုန်နှင့်ရွှေသားက သူ့အစ်မ ခိုင့်သမီးနှင့် ဆော့ကစားနေရင်း ပြေးလာပြီး ပူဖောင်းကို အပြိုင်အဆိုင် တီတီတာတာနှင့် လုတောင်းကြသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ရုံးမှအပြန် စိတ်အပန်းဖြေချင်သည်ဖြစ်ရာ သားနှင့်သမီးကို ချက်ချင်းမပေးဘဲ စကာ ပတ်ရှောင်နေမိသည်။

"ဖေဖေ သားကိုပေး ဖေဖေ"

"ဖေဖေ သမီးကိုပေး"

"ဖေဖေ . . . ဖေဖေ. . .

> ကျွန်တော် ရှောင်နေရင်း
> တန်းလန်းက ရုတ်တရက်
> တုံ့ဆိုင်းရပ်သွားသည်။
> ခိုင့်သမီးလေးက လက်ကလေး
> နှစ်ဖက်မြှောက်ကာ ရှေ့မှ
> ပိတ်ရပ်နေသည်။ ကျွန်တော့်
> အားကြည့်နေသော
> ထိုကလေး၏မျက်ဝန်းများကို
> ကျွန်တော်
> မျက်နှာလွှဲရန် ကြိုးစား၍မရ။

သားကို အရင်ပေး"

"ဖေဖေ သမီးကို အရင်ပေးနော်၊ ဖေဖေ"

ခါတိုင်းကဲ့သို့ပင် "ဖေဖေ . . . ဖေဖေ" ဟူသော အသံများ ဆူညံလျက် ပျော်စရာကောင်းလွန်းလှသည်။

ကျွန်တော်ရှောင်နေရင်း တန်းလန်းက ရုတ်တရက် တုံ့ဆိုင်းရပ်သွားသည်။ ခိုင့်သမီးလေးက လက်ကလေးနှစ်ဖက်မြှောက်ကာ ရှေ့မှ ပိတ်ရပ်နေသည်။ ကျွန်တော့်အားကြည့်နေသော ထိုကလေး၏ မျက်ဝန်းများကို ကျွန်တော် မျက်နှာလွှဲရန် ကြိုးစား၍မရ။ ကျွန်တော်ကိုယ်တိုင်သာမက အားလုံးပင် အံ့သြကြရမည့် အဖြစ်မျိုး။

"ဖေဖေ"

လက်ကလေးနှစ်ဖက်ကမြှောက်လျက်သား၊ မျက်လုံးလေးများမှ ဖော်ပြနေသော မျှော်လင့်ချက်လေးများက မြင်ရသူကျောခိုင်းသွား၍ မရလောက်အောင် ကရုဏာသက်စရာ ကောင်းလှသည်။ သူကလေး ဘယ်လောက်တောင် ဖခင်မေတ္တာ ငတ်နေရှာပါလိမ့်။ နားမကြား၍ စကားမပြောတတ်ခဲ့သော ခိုင့်သမီးက ရွှေမှုန်နှင့် ရွှေသား နေ့စဉ်ခေါ်နေသော ပါးစပ်လှုပ်ပုံကို ဘယ်အချိန်ကတည်းက ကြည့်ကာသင်ယူထားသည်မသိ။ ပီပီသသပင် "ဖေဖေ" ဟု သူခေါ်တတ်ခဲ့သည်။ ခိုင့် ကိုပင် "မေမေ" ဟု ပီသအောင် မခေါ်တတ်ခဲ့သည့် ခိုင့်သမီးလေးသည် စကားလုံးဝ မတတ်သည့်ကြားမှ "ဖေဖေ" ဟုခေါ်တတ်ခဲ့ပြီး ရွှေမှုန်နှင့် ရွှေသားကို အားကျကာ ဖခင်မေတ္တာ ငံ့လင့်ခံယူနေပြီ။

ကျွန်တော်ကိုယ်တိုင်လည်း ခိုင့်သမီးမျက်လုံးမှပြောသော စကားများကို နှလုံးသားနှင့် ဖတ်မိခဲ့ပြီ။ နားမကြား စကားမပြောတတ်သည့် ကလေးကို အသံထွက်အောင် စွမ်းနိုင်ခဲ့သော အားတစ်ခု ခိုင့်သမီးလေးအား အသံထွက်တတ်အောင် သင်ကြားခဲ့ခြင်းဖြစ်လိမ့်မည်။ ထို့အတူ ထိုအားသည် ကျွန်တော့်အား စစ်မှန်သောဖခင်စိတ် သွင်းပေးလိုက်လေသလား ကျွန်တော် မပြောတတ်။ ကျွန်တော် ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ပြီး ခိုင့်သမီးလေးကိုဖက်ကာ အားရကျေနပ်စွာ . . .

"အင်းပေါ့၊ သမီးအတွက် ဖေဖေ ဝယ်လာတာ ရော့"

ကျွန်တော်သည်အသက် အရွယ်အထိမမြင်ဖူးခဲ့သော ကလေးတစ်ယောက်၏ ပျော်ရွှင်ပီတိဖြစ်မှုများစွာနှင့် ခိုင့်သမီးလေးက ပူဖောင်းကိုချည်ထားသောကြိုးကို အားရဝမ်းသာစွာဆုပ်ပြီး အနားကပ်မခံခဲ့ဖူးသော ကျွန်တော့်အား အတင်းဖက်ထားတော့သည်။

"ဖေဖေ၊ သားသားရော"

"မီးမီးရော ဖေဖေ"

ရွှေမှုန်နှင့်ရွှေသားက ထပ်တောင်းမှ လက်ထဲက ပူဖောင်းကို ကြည့်မိတော့ နှစ်လုံးကျန်နေသေးသည်။ ဩော. . . ကျွန်တော် ဝယ်လာကတည်းက သတိမထားမိဘဲ ပူဖောင်းသုံးလုံး ဝယ်လာမိသည်ကိုး။ အမှန်တကယ်တော့လည်း ကျွန်တော့်မသိစိတ်က ခိုင့်သမီးလေးအား မေ့ထားနိုင်ခဲ့လိမ့်မည် မဟုတ်။

ပူဖောင်းလေးကိုယ်စီနှင့် ရွှေမှုန်နှင့်ရွှေသားက ပျော်လို့။ ပူဖောင်းလေးကို ကိုင်လျက် ကျွန်တော့်အား တင်းနေအောင် ဖက်ထားသော ခိုင့်သမီးလေးကလည်း ပျော်လို့။ ကျွန်တော်လည်း ခိုင့်သမီးကို နွေးနွေးထွေးထွေး ဖက်ကာ "ကျေးဇူးတင်ပါတယ် သမီးရယ်။ သမီးရဲ့ မျှော်လင့်ချက်အပြည့်နဲ့ မေတ္တာကို ဆာလောင်နေခဲ့တဲ့ မျက်ဝန်းလေးတွေနဲ့ ကမ်းလင့်နေတဲ့ လက်နှစ်ဖက်က ဖေဖေ့ကို လူတကယ်ဖြစ်အောင် သင်ပေးခဲ့ပြီ သမီးရဲ့။ ပတ်ဝန်းကျင်က ပြောခဲ့သလိုပဲ သမီးဟာ သူများသွေးဖြစ်ခဲ့ပေမဲ့ မိဘမဲ့ခဲ့တဲ့ရွှေမှုန်နဲ့ ရွှေသားလို အပြစ်မဲ့ပြီး မေတ္တာကိုငတ်နေရတဲ့ ကလေးပါကွယ်။ ဖေဖေ့ကို ခွင့်လွှတ်ပါသမီး။ ဒီနေ့ကစပြီး ဖေဖေဟာ သမီးဖေဖေပဲပေါ့ကွာ" ဟု တစ်ကိုယ်တည်း တွေးကာနေမိသည်။


ဈေးမှပြန်လာသော ခိုင်က အဖြစ်အပျက်များတွေ့ကာ အံ့သြလျက်။ အိမ်ထောင်ကျပြီးကတည်းက သူငယ်ချင်းလိုသာ နေလာခဲ့သော ခိုင့်ကို ပခုံးလေးသွားဖက်တော့ ခိုင်က ခေါင်းလေးငုံ့လျက်။ ဈေးခြင်းတောင်းချပြီးသည့် ခိုင့်ကို ပခုံးလေးဖက်ပြီး အိပ်ခန်းထဲသို့ လျှောက်လာစဉ် ခိုင့်ကို အကြောင်းအရာများ တရစပ်ရှင်းပြတော့ ခိုင်က မျက်ရည်စများနှင့် ပြုံးသည်။

ပန်းနုရောင်အိပ်ရာ ခင်းထားသော ခုတင်လေးပေါ် နှစ်ယောက်သားထိုင်ကာ ခိုင့်နားရွက်နားလေးကိုကပ်ပြီး ကိုက်မိမတတ်လေး ကျွန်တော်က တိုးတိုးလေးပြောသည်။

"အိမ်မှာရှိတဲ့ ဆည်းလည်းလေးတွေ နည်းနေလို့ နောက်ထပ် ဆည်းလည်းလေးတွေ ထပ်ရှာရအောင် ခိုင်"

ခိုင်က စကားပြန်မပြော ကျွန်တော့်ရင်ခွင်ထဲသို့ တိုးကပ်ကာ ဆိတ်ငြိမ်လျက်။ ဆုပ်ထားသော ကျွန်တော့်လက်ကိုသာ ပို၍အားတင်းအောင် ဆုပ်ကိုင်ထားလေတော့သည်။ အခုမှ တဖြည်းဖြည်း ချိုမြိန်လာသော လှည်းကျိုးနရီလေးသည် ခိုင်နှင့် ကျွန်တော့်ကို တစ်သားတည်းဖြစ်သွားအောင် ယနေ့မှစ၍ ညှို့ယူပျံ့လွင့်နေလေတော့မည်။

**ညီစု**




# yati HOROSCOPE

တက္ကသိုလ်စိုးမိုးနိုင်

တက္ကသိုလ်စိုးမိုးနိုင်

1

| ၁ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | အောင်မြင်ခြင်းကြယ် ထွန်းတောက်ချိန်၊ ကြိုးစားသလောက်ခရီးပေါက်မည်။ |
| တနင်္လာ | ခံစားချက်ကို ဦးစားပေးနေသောအချိန်၊ အသိတရားအတွက် စာဖတ်ပါ။ |
| အင်္ဂါ | စိတ်ကူးယဉ်အိပ်မက်များ လှပချိန်၊ သာယာချမ်းမြေ့စရာများနှင့် ကြုံမည်။ |
| ဗုဒ္ဓဟူး | ရွေးချယ်လုပ်ကိုင်မှု ပြတ်သားရန်လိုသည်။ လေးလေးနက်နက်တွေး ၊ တိတိကျကျလုပ်ပါ။ |
| ကြာသပတေး | နေ့စဉ်လှုပ်ရှားရသည့်ဘဝမှ ရုန်းထွက်ပြီး ဘာသာရေးအဓိဋ္ဌာန် တစ်ခုလုပ်ပါ။ |
| သောကြာ | ကံတရား အားနည်းမှေးမှိန်သည့်နေ့ဖြစ်၏။ သတိရှိစွာပြောဆိုပါ။ |
| စနေ | အတွေးတစ်ချက်လွဲလျှင် အခက်အခဲကြီးကြီးကြုံနိုင်သည်ကို သတိပြုရမည်နေ့။ |

2

| ၂ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | အခက်အခဲကြားမှ အောင်မြင်မှုများရမည့်နေ့ပါ။ ကြိုးစားရမှာသင့်တာဝန်။ |
| တနင်္လာ | ပတ်ဝန်းကျင်သစ်နှင့်တွေ့ကြုံရမည်။ သင်တန်းတက်ရကိန်းရှိသည်။ |
| အင်္ဂါ | တိမ်ဖုံးသည့်လပမာ မသာယာသော စိတ်ခံစားချက်ရှိမည်။ သတိရှိပါ။ |
| ဗုဒ္ဓဟူး | စိတ်ကူးစိတ်သန်းသစ်က ဆန်းကြယ်သော ကံတရားအသစ်ကိုဖန်တီးမည်။ |
| ကြာသပတေး | အတိုက်အခံစိန်ခေါ်မှုတွေ ရှိသောနေ့။ ပါးနပ်လိမ္မာမှုကို အဖော်ပြုပါ။ |
| သောကြာ | ထူးခြားဆန်းကြယ်သော ကံပွင့်ကံမြင့်မှုကြုံမည့်နေ့။ စိတ်ကူးယဉ်ထဲက ရုန်းထွက်ပြီး လက်တွေ့လုပ်ပါ။ |
| စနေ | ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်ရမည့်နေ့။ ဘုရား၊ တရား မမေ့ပါနှင့်။ |

3

| ၃ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | စာနာတရားလက်ကိုင်ထားရမည့်နေ့။ စိတ်ဆိုးစရာကို အပြုံးနဲ့ချေဖျက်ပါ။ |
| တနင်္လာ | ပြဿနာကတော့ရှိနေသည်။ ဉာဏ်ကိုသုံးပြီး ဖြေရှင်းလျှင် အောင်မည်။ |
| အင်္ဂါ | မိုးပေါ်ကကျလာတဲ့ စွမ်းအားသစ်ကို ရမည်။ ကိုယ်တိုင်လည်း ကြိုးစားအောင်မြင်မည်။ |
| ဗုဒ္ဓဟူး | အပျော်ကိုရှောင်၊ အပျက်ကိုမလုပ်နဲ့၊ ကိုယ့်အလုပ်ကို စူးစိုက်လုပ်ပါ။ |
| ကြာသပတေး | ဒီနေ့လုပ်ရမည့်အလုပ် ဒီနေ့ပြီးအောင်လုပ်ပါ။ ဂုဏ်တော်ပွားပါ။ |
| သောကြာ | ခြေလှမ်းကြဲ ခြေလှမ်းသွက်လျှောက်ရမည့်နေ့၊ ကြိုးစားလေ အောင်မြင်လေ။ |
| စနေ | ဇွဲ၊ ပညာကြောင့် သူတစ်ပါးထက် နှာတစ်ဖျားသာမည်။ ခရီးကိန်းရှိသည်။ |

4

| ၄ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ချီးမွမ်း (၇)ရက်၊ ကဲ့ရဲ့ (၇) ရက်ဆိုတာသတိပြုပါ။ လုပ်ရမည့်အလုပ်ကို တိတိကျကျလုပ်ပါ။ |
| တနင်္လာ | ကံတရားက သင့်ကို ကောင်းချီးပေးမည့်နေ့ပါ။ မူးယစ်သောက်စားမှုကို ရှောင်ပါ။ |
| အင်္ဂါ | သူ့ခံစားချက်ကို တစ်ချက်အချိန်ပေးနားထောင်ကြည့်ပါ။ မေတ္တာပွားပါ။ |
| ဗုဒ္ဓဟူး | တွက်ရေး စက်သူဌေးပါ။ တွက်ကြည့် စက်မရှိမို့ လုပ်ရေးကိုင်ရေး သတိပြုပါ။ |
| ကြာသပတေး | အတိုက်အခံကြုံရမည့်နေ့၊ စကားကို သတိနဲ့ဆို၊ တွေးခေါ်ရာမှာ လိမ္မာပါ။ |
| သောကြာ | ရုတ်တရက် ကျန်းမာရေးညံ့တတ်သည်။ အစာမကြေစာတွေ ရှောင်ပါ၊ အရက်ရှောင်။ |
| စနေ | ကြီးကဲသူတို့ မစမည့်နေ့၊ ဂါရဝတရား လက်ကိုင်ထားပါ။ |

5

| ၅ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | သည်းခံစိတ်ရှည်မှုက ဆုံးရှုံးမှုကို ကာကွယ်မှုပေးပါလိမ့်မည်။ ဂုဏ်တော်ပွားပါ။ |
| တနင်္လာ | အများအကျိုးဆောင်ရမည့်နေ့၊ မထင်မှတ်ထားသော ပညာများရမည်။ |
| အင်္ဂါ | လောကဓံကိန်း၊ ဘဝမှာ မမျှော်လင့်ထားသည်များနှင့် ရင်ဆိုင်ရမည်။ စိတ်ဓာတ်ကြံ့ခိုင်ပါ။ |
| ဗုဒ္ဓဟူး | ပညာမျက်စိကို ဖွင့်ထားသင့်ချိန်၊ မပျင်းနဲ့ ကြိုးစားအောင်မြင်မည်။ |
| ကြာသပတေး | အခက်အခဲ မဟာတံတိုင်းကြီးကို ဖြတ်ကျော်ရချိန် နည်းလမ်းကောင်းလျှင် အောင်မြင်မည်။ |
| သောကြာ | အကျည်းမတန်ပေမဲ့ အထီးကျန်နေချိန်၊ လောကဓံ (၈)ပါးကို သတိနဲ့ဆင်ခြင်ပါ။ |
| စနေ | ကြံ့သမျှ ဟန်ကျပြီး ပြိုင်ဘက်များထက် ခြေတစ်လှမ်းသာမည့်နေ့ပါ။ |

6

| ၆ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | အရာရာကို မျှမျှတတဆောင်ရွက်ခြင်းဖြင့် အောင်မြင်မည်။ အစွန်းရောက်ရင် စိတ်ဆင်းရဲရမည်။ |
| တနင်္လာ | မာန်မာနကြွ ၊ ပျော်ရွှင်မှုနဲ့ လောကကြီးကို ရင်ဆိုင်ချိန်ပါ။ သတိရှိဖို့တော့ လိုသည်။ |
| အင်္ဂါ | ကြိုးစားလုပ်ကိုင်ဆောင်ရွက်မှုကြောင့် လုပ်ငန်းအောင်မြင်ခြင်း၊ ငွေကြေးပြည့်စုံမှုရှိခြင်းကို ဖြစ်စေမည့်နေ့ပါ။ |
| ဗုဒ္ဓဟူး | ရဲရင့်ခြင်းကြောင့် ၊ စွန့်စားခြင်းကြောင့် ၊ ခရီးထွက်ခြင်းကြောင့် အောင်မြင်မှုရမည်။ |
| ကြာသပတေး | ပြဿနာကြားထဲမှာ စိတ်ပင်ပန်း ၊ လူပင်ပန်းမှုများစွာနှင့် ကြုံတွေ့ရမည်။ ငြိမ်းအေးမှု ခမ္မကို ရှာဖွေပါ။ |
| သောကြာ | သဘာဝတရား၏ အဆုံးအမကို လိုက်နာခြင်းဖြင့် အောင်မြင်မှုကို ရမည့်နေ့ပါ။ |
| စနေ | ကြယ်တာရာ လင်းလက်တောက်ပချိန်မို့ စန်းပွင့်ခြင်း ၊ လာဘ်ရမည့်နေ့ပါ။ |

7

| ၇ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ဘုန်းတန်ခိုးတက်မည်။ ခရီးထွက်ခြင်း ၊ စုပေါင်းအား ရယူ၍ အောင်ပွဲခံခြင်း။ |
| တနင်္လာ | ပတ်ဝန်းကျင်ရဲ့ နားမချမ်းသာစေမည့် စကားကြောင့်တော့ စိတ်အနှောင့်အယှက် မဖြစ်လေနှင့်။ |
| အင်္ဂါ | ဒုက္ခရောက်သူကို ကူညီရမည်။ ပရဟိတလုပ်ငန်းက စိတ်ချမ်းသာမှုကို ပေးမည်။ |
| ဗုဒ္ဓဟူး | ကံမျက်လှည့်ဆရာရဲ့ အံ့သြဖွယ်ရာ အပြောင်းအလဲများကို ပြသမည့်နေ့ဖြစ်သည်။ |
| ကြာသပတေး | အထူးခရီးကိန်းရှိသည်။ နိုင်ငံခြားရောက်ကိန်းရှိသည်။ အလျင်အမြန် ပြောင်းလဲမှုများမည်။ |
| သောကြာ | သင်ဘာကို ရွေးချယ်မလဲ၊ ရွှေလား ၊ ငွေလား ၊ ဂုဏ်လား ၊ ပြဿနာလား သင့်လုပ်ဆောင်ချက်ကြောင့်သာရမည်။ |
| စနေ | တရားသူကြီးကဲ့သို့ တရားမျှတစွာ ကျင့်သုံးရမည့်နေ့ပါ။ |

8

| ၈ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | စီမံအုပ်ချုပ်နိုင်စွမ်းအားကြောင့် အောင်မြင်မှုရမည့်နေ့။ ဘုရားဂုဏ်တော်ပွားလေ အောင်မြင်လေ။ |
| တနင်္လာ | ထက်မြက်သော မိခင်နှင့် မိခင်ကဲ့သို့သော ပုဂ္ဂိုလ်မယ်တော်၏ ကူညီမှုကြောင့် အောင်မြင်မည့်နေ့။ |
| အင်္ဂါ | မယ်တော် (၁)ပါးကို ဆီမီး အမွှေးတိုင် ပူဇော်ဆုတောင်းပါ။ ပြည့်မည်။ |
| ဗုဒ္ဓဟူး | အဓိက ကတော့ ပညာပါ။ အပြောင်းအလဲ မများဘဲ ရည်ရွယ်ချက် စူးစိုက် ကြိုးစားပါ။ |
| ကြာသပတေး | ငွေကံကောင်းသောနေ့ပါ။ မိဘ၊ ဆရာများကို ကန်တော့မှုနှင့်ပူဇော်ပါ။ |
| သောကြာ | တွေဝေနေ၍ အောင်မြင်မှုနှင့် ဝေးပေလိမ့်မည်။ ရဲရဲရင်ဆိုင်လုပ်ပါ။ |
| စနေ | ဘက်ပေါင်းစုံ သုံးသပ်ပြီး စစ်သူကြီးလို ရဲရဲသာတိုက် ၊ အောင်မည်။ |

9

| ၉ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | မိခင် ၊ အစ်မကြီးတို့၏ အကြံဉာဏ်ကို ရယူပြီး လုပ်ကိုင်ပါ။ အောင်မြင်မည်။ |
| တနင်္လာ | ကံညှိုးမှိန်ချိန်ပါ။ ဘာလုပ်လုပ် မကောင်းပါ။ ဘုရားသာ ရှိခိုးပါ။ ဆုတောင်းပါ။ |
| အင်္ဂါ | မွှမ်းမံခြယ်သမှု တစ်ခုပြုရမည် ။ လုပ်ငန်းသစ် လက်ခံရရှိမည်။ နေကံကြွယ်မည်။ |
| ဗုဒ္ဓဟူး | ပျော်ရွှင်ချမ်းမြေ့မှု နေ့ရက်လေးပါ။ အလှူဒါနပြုရမည်။ ဂုဏ်တော်ပွားပါ။ |
| ကြာသပတေး | အေးချမ်းသာယာမည်။ မျှမျှတတသုံးစွဲ၊ ခြိုးခြိုးခြံခြံကျင့်ကြံ ၊ ပန်းတိုင်ရောက်မည်။ |
| သောကြာ | နိုင်ငံတကာနှင့် ဆက်ဆံဆက်သွယ်ရကိန်း၊ ပညာရပ်များ ဆည်းပူးရကိန်း ၊ ကံကောင်းခြင်းနေ့ ဖြစ်၏။ |
| စနေ | လောကစံငြိမ်းငွေ့ ဖွယ်ရာများကို တွေ့ကြုံရမည်။ ရိပ်သာမှာ အဓိဋ္ဌာန် ဝင်ကိန်းမြင်၏။ |

10

| ၁၀ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ချစ်ခြင်း၏သင်္ကေတနေ့ မေတ္တာကြောင့် အရာရာပြည့်ဝအောင်မြင်မှုကို ဖော်ပြသည်။ |
| တနင်္လာ | ကြိုးကြိုးစားစား လုပ်ကိုင်မှုကြောင့် ၊ ရိုးရိုးသားသား ဆောင်ရွက်မှုကြောင့် ကံကောင်းမည်။ |
| အင်္ဂါ | ပြဿနာများစွာရှိ၏။ အသက်တစ်ရာမနေရ အမှုတစ်ရာ ပွေရကိန်းမျိုး။ |
| ဗုဒ္ဓဟူး | မိခင်၏ဆုံးမသြဝါဒအတိုင်း ကျင့်သုံးနေထိုင်ပါ။ မယ်တော်ကြီးကို အမွှေးနံ့သာလှူ ဆုတောင်းပါ။ |
| ကြာသပတေး | အလှည့်အပြောင်း အကွေ့အကောက်ရှိသော ကံတရားအချိန် ၊ အဓိဋ္ဌာန်လုပ်ပါ။ |
| သောကြာ | အရာရာကို ပြန်လှန်ဝေဖန်သုံးသပ်နေရချိန် ။ ဆီမီး (၃)တိုင်ထွန်းပြီး ဘုရားမှာ ဆုတောင်းပါ။ |
| စနေ | မိမိစိတ်ကို နိုင်အောင်ထိန်းရင် လောကဓမ္မကိုပါ အောင်နိုင်ချိန် ဖြစ်၏။ |

11

| ၁၁ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | လုပ်ချင်တဲ့ကိစ္စ ၊ လုပ်ဆောင်တဲ့ကိစ္စရပ်တိုင်းလိုလိုမှာ အတိုက်အခံ ကြုံရတတ်၏။ |
| တနင်္လာ | လုပ်ငန်းအပေါ် အာရုံစိုက် ၊ စူးစူးစိုက်စိုက် လုပ်ကိုင်ရန် အရေးကြီးသည့်နေ့။ |
| အင်္ဂါ | ဖြစ်ပျက်ပြောင်းလဲမှုများ မြန်ဆန်နေ၍ စိတ်ကူးအကြံအစည် မထွက်ဘဲနေမည်။ |
| ဗုဒ္ဓဟူး | အကောင်းချည်းလည်း မကြုံ ၊ အဆိုးချည်းလည်း မဟုတ် ၊ မျှတသော ကံတရားနေ့ပါ။ |
| ကြာသပတေး | စာချုပ်စာတမ်း ချုပ်ဆိုရာတွင် သတိရှိရမည့်နေ့ပါ။ နှုတ်ထွက်စကား မကျံ့ပါစေနှင့်။ |
| သောကြာ | လုပ်ငန်းပြောင်းဆောင်ရွက်မှုများ ကံကောင်းမည်။ လုပ်ချင်သည့် ကိစ္စအဆင်ပြေမည်။ |
| စနေ | ရင်ထဲမှာ အရှုပ်တစ်ပုံတစ်ပင်ကြီးနှင့် ဖြစ်မလာဘူး ထင်ထားသော ကိစ္စ ဖြစ်လာမည်။ |

12

| ၁၂ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | စိတ်ကူးယဉ်အိပ်မက်မှ နိုးထရမည့်နေ့ ဖြစ်သည်။ လက်တွေ့ဘဝထဲမှာ နေထိုင်ဖို့ ကြိုးစားပါ။ |
| တနင်္လာ | ကံကောင်းခြင်းက လာဘ်လာဘရခြင်း ၊ ရာထူး ၊နိုင်ငံခြားခရီးတို့အတွက် တံခါးပွင့်မည်။ |
| အင်္ဂါ | အခြေအနေများကတော့ ရှုပ်ထွေးနေသည်။ အရှုပ်ထဲမှ ရှင်းအောင်နေတတ်ဖို့လိုသည်။ |
| ဗုဒ္ဓဟူး | လူမှုရေး ကူညီရမည့်နေ့ပါ။ သင်၏ ပရဟိတလုပ်ငန်းများ အောင်မြင်မည်။ |
| ကြာသပတေး | သတိ ၊ ပညာ ၊ဇွဲ လုံ့လကို အမှီပြု စွဲကိုင်ရင်း သင့်ဆန္ဒအောင်မြင်မှု တံခါးပွင့်မည်။ |
| သောကြာ | ပြောင်းလဲခြင်းတွေနှင့်ကြုံမည်။ တိတိကျကျ အမြော်အမြင် ရှိဖို့လိုသည်။ |
| စနေ | ရင်းနှီးမြှုပ်နှံခြင်းရဲ့ နေ့ရက်တစ်ရက်။ ဒါန ၊သီလ ၊ ဘာဝနာ တစ်ခုခုလုပ်ရမည်။ |

13

| ၁၃ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ကံတရားညှိုး၍ အားနည်းသည့်နေ့၊ လုပ်ငန်းသစ် မစတင်ပါနှင့်။ |
| တနင်္လာ | ချစ်သူခင်သူနှင့် တစ်ဦးအပေါ် တစ်ဦး နားလည်ခွင့်လွှတ်သည်းခံပြီး ကြင်နာမှု ပိုမည့်နေ့။ |
| အင်္ဂါ | သင့်မျှော်လင့်ချက် ၊ဆန္ဒ ၊ရည်ရွယ်ချက်များ အောင်မြင်စေရန် မွေးနံထောင့်မှာ အောင်သပြေလှူပါ။ |
| ဗုဒ္ဓဟူး | သူတစ်ပါး စိတ်နဲ့ အလုပ်လုပ်ရတာငြီးငွေ့မည်။ အလုပ်တွင် ပြောမှား ဆိုမှား ရှိမည်။ သတိပြုပါ။ |
| ကြာသပတေး | လောကကြီးဝိုင်းပေါ်မှာ စိန်ခေါ် ထိုးသတ်ရမည့်နေ့။ ဘုရား၊ တရား မမေ့နှင့်။ |
| သောကြာ | ကံကောင်း ၊ ကံဆိုးက သင့်ရွေးချယ်မှုမှာ မူတည်ပါသည်။ လောဘကို ချိုးနှိမ်ပါ။ |
| စနေ | စကားအရှုပ်အရှင်းရှိသည်။ သတိပြုပြောဆိုပါ။ အကျိုးမဲ့က မပြောပါနဲ့။ |

14

| ၁၄ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | အကွက်ချ ထိုးနှက်လာသည့် ပြိုင်ဘက်တွေကို အလဲထိုးနိုင်မည်။ |
| တနင်္လာ | ဝီရိယရှေ့ဆောင်ချိန် ၊ ပညာစွက်ပြီး လုပ်ဆောင်မှုများ မှန်ကန်မှုကြောင့် အောင်မြင်မည်။ |
| အင်္ဂါ | ရဲရင့်တည်ကြည်ချိန် ၊ ကံ ၊ ဉာဏ် ဇာတာ ပွင့်လန်းနေမည်။ ဆန္ဒပြည့်မည်။ |
| ဗုဒ္ဓဟူး | ကံကြမ္မာနှင့် စီးချင်းထိုးရချိန် ၊ သစ္စာဖောက်ခံရမှုကြောင့် ဒေါသထွက်မည့်နေ့။ |
| ကြာသပတေး | အနာဂတ်ဝေဝါးနေချိန် ၊ ဘာကိုလုပ်လို့ ဘာကိုကိုင်မည်မသိ တွေဝေနေမည်။ |
| သောကြာ | အစကောင်းလို့ အနှောင်းသေချာချိန် ၊ ဖြည်းဖြည်းမှန်မှန် လုပ်ဆောင်မှုကြောင့် အောင်မြင်မည်။ |
| စနေ | မြင့်မြတ်တဲ့ ဂုဏ်သရေရှိချိန် ၊ ပရဟိတလုပ် ၊ မွေးနံထောင့်မှာ ဆီမီး (၅) တိုင်လှူပါ။ |

15

| ၁၅ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | သွေးဆူလွယ်ချိန် ၊ အပြောမှား အဆိုမှားက နှုတ်ကျံ့နုတ်မရဖြစ်မည်။ |
| တနင်္လာ | ပတ်ဝန်းကျင်နှင့်စည်းချက်ညီညီ နေထိုင်ချိန် ၊ သဟဇာတဖြစ်မှုကြောင့် အောင်မြင်မည်။ |
| အင်္ဂါ | ပေးဆပ်ခြင်းနဲ့ ရယူရမည် ။ အများအကျိုးဆောင်က ကိုယ့်အကျိုးအောင်မည်။ |
| ဗုဒ္ဓဟူး | ဘဝစာမေးပွဲကို ဖြေဆိုရမည့်အချိန် ၊ မှန်မှန်ကန်ကန် တွေးခေါ်တတ်ဖို့ လိုအပ်သည်။ |
| ကြာသပတေး | ကောင်းမှုတစ်ခုကို ရအောင်ရှာကြံပြုပါ။ မိခင်မယ်တော်ကို ပန်းနှင့်ကန်တော့ပါ။ |
| သောကြာ | နှောင့်နှေးမှုရှိ၍ စိတ်ရှည်သည်းခံတတ်အောင် ကြိုးစားပါ။ စံပယ်ပန်းလှူပါ။ |
| စနေ | ထိပ်တိုက်ရင်ဆိုင်သည့်နည်းကို လိမ္မာပါးနပ်စွာ ဖြေရှင်းခြင်းကြောင့် သင့်ဆန္ဒပြည့်မည်။ |

16

| ၁၆ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ထူးထူးကဲကဲ ရှုးရှုးမူးမူး ဆောင်ရွက်မှုကြောင့် အောင်မြင်မှုရမည်။ |
| တနင်္လာ | ဘာဆိုဘာမှ လုပ်မရ ကိုင်မရဖြစ်မည်။ ကျန်းမာရေးညံ့မည်။ |
| အင်္ဂါ | ခရီးကိန်းရှိသည်။ ပညာသစ်ရမည်။ သင်တန်းတက်ရကိန်း ရှိသည်။ |
| ဗုဒ္ဓဟူး | ငွေကြေးကံကောင်းသည်။ ပိုမို လာဘ်ရွှင်ရန် မွေးနံထောင့်မှာ ပန်း (၅) ပွင့်လှူပါ။ |
| ကြာသပတေး | မကောင်းသော ကျင့်ကြံပြုလုပ်မှုကြောင့် ပြဿနာပေါ်နိုင်သည့်အတွက် စိတ်ကို ဖြူစင်အောင်ထား။ |
| သောကြာ | အနာဂတ်ကို မျှော်တွေးနေရချိန် ဘဝအတွက်ဗျူဟာချ ပုံစံရေးဆွဲချိန်။ |
| စနေ | အရှုးကို မီးဝိုင်းလို့ စာဆိုရှိသည်။ ထိုနည်းတူ ပြဿနာများက သင့်နားမှာ ရှိသည်။ |

17

| ၁၇ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ဟိုအဝေးဆီသို့ သွားရမည့် ကိစ္စတွေ ရှိလာမည်။ ဖြည်းဖြည်းလုပ်မှုထက် မြန်မြန်လုပ်ပါ။ |
| တနင်္လာ | တည်ငြိမ်မှုကို အားပြုသည့်နေ့ ၊ ပညာကိုရှာ တရားကို မမေ့ပါနှင့်။ |
| အင်္ဂါ | စိတ်ပျက်စရာလောကလို့ ရှုမြင်မည့် အချိန် ၊ လောကီကောင်းစားရေးကို ခေတ္တမေ့နေမည်။ |
| ဗုဒ္ဓဟူး | သတိနှင့် သေချာစွာလုပ်ကိုင်မှုက သင့်ကို ထိပ်တန်းသို့ပို့မည်။ |
| ကြာသပတေး | စုပေါင်းညီညာအောင်ကြောင်းဖြာချိန် ၊ အခက်အခဲတို့ ကြေလွင့်မည့်နေ့။ |
| သောကြာ | ငွေကြေးဥစ္စာခန ဝင်ကိန်းရှိသည်။ ဂုဏ်တော် ၉ ပါး ၁၀၈ခေါက်ပွားပါ။ |
| စနေ | အထွတ်အထိပ်သို့ ရောက်မည့် အတွေးရမည့် ကူညီမည့်လူ တွေ့မည့်နေ့။ |

18

| ၁၈ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ကံကြမ္မာ ချားရဟတ်ရဲ့လည်ပတ်ချိန်။ ကောင်းတာကြံ ၊ ကောင်းတာလုပ်၊ ကောင်းတာပြောပါ။ |
| တနင်္လာ | မေတ္တာတရားကို များများထားပါ။ ရန်ကို ရန်ချင်း မတုံ့နှင်းပါနှင့်။ |
| အင်္ဂါ | ပညာက စွမ်းအားပါ။ ကြီးမားတဲ့ ပြဿနာတွေကို ပညာနဲ့သာ ကိုင်နိုင်မည်။ |
| ဗုဒ္ဓဟူး | ဘဝရဲ့ အောင်မြင်မှု အလင်းတန်းပေါ်ထွန်းလာချိန်ပါ။ ဘုရားမှာ အောင်သပြေလှူပါ။ |
| ကြာသပတေး | ရဲရင့်တဲ့အတွေးနဲ့ ပြတ်သားတဲ့ လုပ်ဆောင်မှုတွေ ထွက်ပေါ်လို့ အောင်မြင်မည်။ |
| သောကြာ | ပြည့်ဝချမ်းသာတဲ့ နေပေါ်ကြွယ်ချိန်ပါ။ ဆန္ဒနဲ့ ဘဝတစ်ထပ်တည်းကျမည့်နေ့။ |
| စနေ | ခိုင်မြဲတဲ့ သတိ ၊ တည်ကြည်တဲ့စိတ်ထားကြောင့် ရည်ရွယ်ချက် အောင်မြင်မည်။ |

19

| ၁၉ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ကျန်းမာရေးက ပြဿနာရှိသည်။ အဓိကကတော့ ဘယ်လောက်တော်နေပါစေ၊ ကျန်းမာရေးကြောင့် ဆန္ဒပျက်မည်။ |
| တနင်္လာ | အများနဲ့မတူတဲ့လမ်းခွဲက ထွက်ခွာလုပ်ဆောင်မှုက အောင်မြင်မှုကို ပေးမည်။ |
| အင်္ဂါ | ဘုရား၊ တရားကို မမေ့နဲ့။ အဆုံးအမများအတိုင်း ကျင့်ကြံက အောင်မြင်မည်။ |
| ဗုဒ္ဓဟူး | ရိုးသားကြိုးစားသူအတွက် အောင်မြင်မှုပန်းတိုင်က ရှိပါသည်။ |
| ကြာသပတေး | အမြန်အဆန်ပေါ်လာသော အလုပ်အကိုင်ကိစ္စရပ်များကို မနားမနေ ဆောင်ရွက်ချိန်။ |
| သောကြာ | ညှိနှိုင်းသစ္စာဆုံချိန်မို့ အုပ်စုအသင်းအဖွဲ့၏ အကူအညီကြောင့် အောင်မြင်မည်။ |
| စနေ | အချစ်ရေးက အဓိကပါ။ ချစ်သူနဲ့စိတ်တူကိုယ်တူဖြစ်မည်။ စိတ်ချမ်းသာမည်။ |

20

| ၂၀ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | လွန်ကဲမှုတွေ၊ အပျော်အပါးတွေကြောင့် ဒုက္ခကြုံမည်။ |
| တနင်္လာ | ကြီးမားတဲ့ဘဝရဲ့ အပြောင်းအလဲကြီးကို မုချတွေ့ရမည့်နေ့။ |
| အင်္ဂါ | မိခင်မယ်တော်ကို ကန်တော့ပါ။ ဆုတောင်းပါ။ မေတ္တာပွားရမည့်နေ့။ |
| ဗုဒ္ဓဟူး | နေထိုင်မကောင်းဖြစ်မည်။ အဓိဋ္ဌာန်ဝင်ပါ။ စံပယ်ပန်းလှူပါ။ |
| ကြာသပတေး | ရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းကို စဉ်းစားရွေးချယ်ရမည့်နေ့။ |
| သောကြာ | သာယာချမ်းမြေ့ ပျော်ရွှင်စရာ ကမ္ဘာလေးပါ။ သဟဇာတ ဖြစ်မှုကြောင့် အောင်မြင်မည်။ |
| စနေ | တောက်ပသော အသိဉာဏ် အလင်းရောင်တံခါးပွင့်မည်။ ထို့ကြောင့် အောင်မြင်မည်။ |

## 21

| ၂၁ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | မေတ္တာပွားက အောင်မြင်မည့်နေ့ပါ။ ထိပ်တိုက်ပြဿနာများကို ရှောင်ကြဉ်ပါ။ |
| တနင်္လာ | မိသားစုတွင်း လာဘ်ရွှင် အောင်မြင်မှုများရမည်။ သတင်းကောင်းကြားရမည်။ |
| အင်္ဂါ | ရာထူးတိုးတက်ကိန်း ၊ ဘုန်းတန်ခိုးကြီးကိန်း ရှိ၏။ အတိုက်အခံရှိသည် သတိပြုပါ။ |
| ဗုဒ္ဓဟူး | သောကမီး တောက်လောင်ရမည့်အချိန်၊ ဘုရား ၊ တရား ကသာ ကယ်နိုင်မည်။ |
| ကြာသပတေး | မိမိလိုသမျှဆန္ဒပြည့်မည်။ အကူအညီရမည်။ ထီပေါက်ကိန်းရှိ၏။ |
| သောကြာ | လာဘ်ရွှင်မည်။ သာယာချမ်းမြေ့မည်။ ချစ်စကား ကြားရမည်။ |
| စနေ | လုပ်ငန်းကို ကူညီမည့်သူပေါ်မည်။ ပိုမိုဝင်းလက်တောက်ပလာမည်။ |

## 22

| ၂၂ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | တည်ငြိမ်ရင့်ကျက်မှုကြောင့် အောင်မြင်မှု သရဖူ ဆောင်းရမည်။ |
| တနင်္လာ | ဆင်ခြင်စရာ သံဝေဂ တရားရမည်။ တရားစခန်းဝင်ကိန်းဖြစ်၏။ |
| အင်္ဂါ | သတိနှင့်ပညာပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်မှုကြောင့် အောင်မြင်မည်။ |
| ဗုဒ္ဓဟူး | အပေါင်းအစည်းရဲ့ သဘောကို နားလည်သဘောပေါက်မှုကြောင့် အောင်မြင်မည်။ |
| ကြာသပတေး | တည်ငြိမ်သောသမာဓိကို မွေးမြူမှုကြောင့် ဆန္ဒများ ပြည့်ဝမည်။ |
| သောကြာ | ထူးခြားဆန်းသစ်သော အတွေးများ ဝင်လာမည်။ ကူညီသူပေါ်မည်။ |
| စနေ | အသည်းကွဲ ဝေဒနာ ခံစားရချိန် ၊ ဝေဒနာကို အဖြေရှာ၍ မေတ္တာပွားက ဆန္ဒပြည့်မည်။ |

## 23

| ၂၃ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ဝမ်းသာကြည်နူးစရာပါ။ မိသားစုအတွင်း မွေးနေ့ပွဲ ပါတီပွဲအလှူလုပ်ရမည်။ |
| တနင်္လာ | ဒီနေ့မှာ လုပ်ရမည့်အလုပ်တွေကို မြန်မြန်သွက်သွက် လုပ်ပါ။ အကျိုးရှိ၏။ |
| အင်္ဂါ | ဝမ်းနည်းကြေကွဲစရာကိစ္စရှိမည်။ တရားတော်ကို နှလုံးသွင်းပါ။ |
| ဗုဒ္ဓဟူး | နတ်ကောင်းနတ်မြတ်မကိန်းမို့ သင့်ဆန္ဒများ မြန်မြန်အောင်မြင်မည်။ |
| ကြာသပတေး | ဝမ်းသာကြည်နူးစရာကာလပါ။ ရပ်ဝေးမှ သတင်းကောင်းကြားမည်။ |
| သောကြာ | ငွေကြေးစီးပွားကိစ္စအတွက် ကြီးကဲသူတို့က ကူညီမည်။ |
| စနေ | အပြောင်းအလဲကိစ္စများရှိသည်။ သတိထားဆောင်ရွက် လုပ်ကိုင်ရမည်။ |

## 24

| ၂၄ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ကြီးမားသောအပြောင်းအလဲ ကြုံကိန်းရှိ၏။ လောကဓံကြောင့် မျက်ရည်ကျမယ့်နေ့။ |
| တနင်္လာ | မေတ္တာရှေ့ဆောင်က အောင်မည်သာ။ စိတ်ကို နိုင်အောင်ထိန်းပါ။ |
| အင်္ဂါ | အေးမြသာယာသော အချိန်အခါပင်ဖြစ်၏။ ငွေကြေးပြေလည်မည့်နေ့။ |
| ဗုဒ္ဓဟူး | နတ်ကောင်းနတ်မြတ်တို့ မစ ကိန်းပင်ဖြစ်၏။ လိုတာရ ကြံတာအောင်မည်။ |
| ကြာသပတေး | ကြေကွဲစရာ နေ့တစ်နေ့ပါ။ ဘုရား ၊ တရားတော်ကို မမေ့ပါနှင့်။ |
| သောကြာ | လျင်မြန်သော စီမံအုပ်ချုပ်နိုင်စွမ်းကြောင့် ဆန္ဒပြည့်မည်။ |
| စနေ | လောကဓံခရီးကြမ်းကို လျှောက်လှမ်းရမည့်အချိန် ၊ စိတ်ဓာတ် ကြံ့ခိုင်ဖို့လို၏။ |

## 25

| ၂၅ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | တည်ငြိမ်ရင့်ကျက်မှု၊ သမာဓိတရား ရှိမှုကြောင့် အောင်မြင်မှုသရဖူဆောင်းရမည်။ |
| တနင်္လာ | မိမိဆန္ဒများ ပြည့်စုံဖို့ မေတ္တာစိတ်မွေးပြီး မယ်တော်ကြီးများဆီမှာ ဆုတောင်းပါ။ |
| အင်္ဂါ | ပိတ်ဆို့နေတဲ့ ကံတရားရဲ့ အလှည့်အပြောင်းက ငြိမ်ငြိမ်နေဖို့ သာညွှန်ကြား၏။ |
| ဗုဒ္ဓဟူး | ဥစ္စာဓနကို ဖြည်းဖြည်းမှန်မှန် ရှာဖွေခြင်းဖြင့် အမှားကင်းပါလိမ့်မည်။ |
| ကြာသပတေး | နတ်ကောင်းနတ်မြတ်များ မစမည့်ကိန်းပါ။ ကြိုးစားသလောက် အောင်မည်။ |
| သောကြာ | အယူအဆအမှားကြောင့် ခက်ခဲကြမ်းတမ်းသောလမ်းသို့ ရောက်နိုင်တယ်။ |
| စနေ | ကြီးမားစွာသော အပြောင်းအလဲကိန်းဖြစ်၏။ သတိထားနေထိုင်ရမည့် ကာလ။ |

## 26

| ၂၆ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ဘာသာတရား၏အဆုံးအမအတိုင်း စိတ်ကိုဖြူအောင်ထား၊ မျှမျှတတ လုပ်ပါ။ |
| တနင်္လာ | ဘဝအတွက် ပုံစံရေးဆွဲရမည့် ကာလဖြစ်၏။ အနာဂတ်အလားအလာကောင်း၏။ |
| အင်္ဂါ | အသိထူး၊ ပညာထူးရမည်။ နိုင်ငံရပ်ခြားသွားရောက်ရကိန်း ရှိတယ်။ |
| ဗုဒ္ဓဟူး | ပင်ပန်းမှုများရှိ၏။ တစ်ကိုယ်တော် ကြိုးစားမှု၏ သံစဉ်ကာလ။ |
| ကြာသပတေး | ကံတရားရဲ့ အကောင်းပြယုဂ် ။ ငွေတွေ ၊ ရွှေတွေ ၊ ရတနာတွေ အစုံရကိန်း။ |
| သောကြာ | ရှေ့ရေးတွေးမျှော်နေရသောကာလ။ မိမိထံသို့ ကူညီမည့်သူများလာမည်။ |
| စနေ | အယူအဆအမှားပြုမိခြင်း ၊ စောင့်စည်းရမည့် တရားများ ကျိုးပေါက်ခြင်းရှိနိုင်။ သတိပြုဆင်ခြင်။ |

## 27

| ၂၇ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ပြဿနာများကြား ရောက်နေမည်။ နေတတ်ထိုင်တတ်ဖို့ လို၏။ မလောပါနှင့်။ |
| တနင်္လာ | မိသားစုပျော်ရွှင်ကိန်း ၊ အလှူပွဲ သို့မဟုတ် မွေးနေ့ပါတီပွဲ လုပ်ရမည်။ |
| အင်္ဂါ | စိတ်တည်ငြိမ်စေသော သမာဓိ ထူထောင်ပါ။ နတ်ကောင်း မမည်။ အောင်မည်။ |
| ဗုဒ္ဓဟူး | မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ရမည်။ သင်တန်းတက်ခြင်း ၊ နိုင်ငံခြား ခရီးရှိ၏။ |
| ကြာသပတေး | ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုရစေမည်ဖြစ်သော ကာလပါ။ |
| သောကြာ | ဘုန်းတော်ကြီးတစ်ပါးကို တတ်နိုင်သမျှလှူပါ။ သင့်ဆန္ဒများ အောင်မြင်မည်။ |
| စနေ | လုပ်ငန်းသစ်ရမည်။ ယုံကြည်သူများပြီး လုပ်ငန်းအခြေအနေ တိုးတက်မည်။ |

## 28

| ၂၈ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ဆုံးရှုံးထားသည်များ ပြန်လည်အကျိုးခံစားခွင့် ရပေလိမ့်မည်။ |
| တနင်္လာ | ရိုးသားမှု ကြိုးစားမှုများဖြင့် ဘဝခရီးကို ဖြတ်သန်းချိန် ကံကောင်းမည်။ |
| အင်္ဂါ | အခက်အခဲများရဲ့ စိန်ခေါ်မှု ရှိနေချိန်ပါ။ အမှားမပြုမိပါစေနှင့်။ |
| ဗုဒ္ဓဟူး | ငွေကြေးအတွက် အဆင်ပြေမည်။ လွတ်လပ်ပျော်ရွှင်မှုများနှင့် စိတ်ချမ်းသာမည်။ |
| ကြာသပတေး | စီးပွားရေးအတွက် ခရီးကိန်းရှိ၏။ စွန့်စားမှုပါသော အလုပ်ဖြစ်နေ၏။ |
| သောကြာ | ဝေဖန်လာမှုများကို နားပိတ်ထားပါ။ မတုံ့ပြန်ပါနှင့်။ |
| စနေ | သစ္စာဆိုရမှု ၊ ညီညွတ်မှုပေါင်းစည်းမှုကြောင့် ကံကောင်းမည်။ |

## 29

| ၂၉ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | အလွန့်အလွန် အားထုတ်ကြိုးပမ်း ထားရမည့်အချိန်။ နိုင်သမျှ ဂုဏ်တော်ပွားပါ။ |
| တနင်္လာ | အသိအတွေးမှားက ပင်ပန်းဆင်းရဲမှုချောက်တွင်းသို့ ပို့နိုင်သည်ကို သတိပြုပါ။ |
| အင်္ဂါ | ပရဟိတ သူတစ်ပါးကို ကူညီရမည့်အချိန်ဖြစ်၏။ |
| ဗုဒ္ဓဟူး | ထက်မြက်ခြင်း၊ သွက်လက်ခြင်း ၊ နှံ့စပ်ခြင်းကြောင့် ကံကောင်းမှုကြုံမည်။ |
| ကြာသပတေး | အလုပ်များစွာ လုပ်ရမည်။ ပညာရရှိမည်။ ခရီးဝေးထွက်ကိန်းရှိ၏။ |
| သောကြာ | ကြည်နူးစရာဘဝကို ပိုင်ဆိုင်ပါလိမ့်မည်။ မေတ္တာစိတ်မွေးပါ။ |
| စနေ | ဆုံးရှုံးထားသည်များ ပြန်လည်အသက်ဝင်ပြီး အကျိုးရှိလာပါလိမ့်မည်။ |

## 30

| ၃၀ စက်တင်ဘာ | |
|---|---|
| တနင်္ဂနွေ | ထွက်ပေါက်များပိတ်ပြီး စိတ်အိုက်မှု ဝေဒနာကြီးစိုးသောနေ့ပါ။ |
| တနင်္လာ | လူအများ၏ ယုံကြည်ကိုးစားမှုကိုရ၍ ဘဝအဆင့်အတန်းတိုးတက်မည်။ |
| အင်္ဂါ | ပြတ်ပြတ်သားသား ဆုံးဖြတ်ရမည့်အရေး ပေါ်လာမည်။ ရဲရဲသာ ဆုံးဖြတ်လုပ်ကိုင်ပါ။ |
| ဗုဒ္ဓဟူး | အမှန်တရားကို သိမြင်လာမည်။ တည်ငြိမ်သော သမာဓိက အောင်မြင်မှုကို ပေးမည်။ |
| ကြာသပတေး | ကြီးမားသော အပြောင်းအလဲက အဆုံးအရှုံး ဖြစ်သွားနိုင်သည်ကို သတိပြုပါ။ |
| သောကြာ | အချစ်ရေးကို ပြသသောနေ့ပါ။ အချစ်အတွက် ရင်ခုန်ပျော်မြူးရပေလိမ့်မည်။ |
| စနေ | တရားဓမ္မအဆုံးအမကို လိုက်နာခြင်းကြောင့် အောင်မြင်အကျိုးဖြစ်ထွန်းသည့်နေ့ပါ။ |



# September

## စကားပြောသောနေ့စွဲများ

နွေနိဒါန်း

**စက်တင်ဘာလဟာ Jutlan နဲ့ Gregorian ပြက္ခဒိန်တွေမှာ ၉ ခုမြောက်လဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိပါတယ်။ ဘီစီ ၁၅၃ မတိုင်မီကသုံးခဲ့တဲ့ ရိုမန်ပြက္ခဒိန်တွေမှာဆိုရင် စက်တင်ဘာလဟာ ၇ လမြောက်ဖြစ်ခဲ့ပါတယ်။ လက်တင်ဘာသာအရ Septem ဟာ 'ခုနစ်' (Seven) လို့ အဓိပ္ပာယ်ရပါတယ်။ စက်တင်ဘာလနဲ့ ဒီဇင်ဘာလရဲ့ ထူးခြားချက်တစ်ခုကတော့ သူတို့ရဲ့အစဦးဆုံးရက်ဟာ တနင်္လာနေ့ (၁ ရက်နေ့)ဖြစ်တာပါ။**

**သင်္ကေတ**

ဆယ့်နှစ်ရာသီခွင်စက်ဝိုင်း (Zodiac) အရ ဩဂုတ်လ ၂၀/၂၃ ကနေ စက်တင်ဘာလ ၂၂ ရက်နေ့ရှိသူဟာ အပျိုစင်သင်္ကေတဖြစ်တဲ့ Virgo (ကန်ရာသီ) ဖွားဖြစ်ပြီး စက်တင်ဘာလ ၂၃ ရက်ကနေ အောက်တိုဘာလ ၂၂ ရက်ရှိသူတွေဟာ ချိန်ခွင်သင်္ကေတဖြစ်တဲ့ Libra (တူရာသီ) ဖွားမြင်သူတွေဖြစ်ကြပါတယ်။


စက်တင်ဘာလဖွားမြင်သူများအတွက် အဆောင်ကျောက်ကတော့ နီလာ (Sapphire) ဖြစ်ပါတယ်။

မွေးနေ့အဆောင်ပန်းများကတော့ Forget - me-not ၊ Morning Glory နှင့် မေမြို့ပန်း (Aster) တို့ပဲ ဖြစ်ပါတယ်။

| **နေ့စွဲများ** | **အဖြစ်အပျက်များ** |
|---|---|
| ၁ | လေဘာနေ့ (Labor Day) |
| ၃ | မိုးမျှော်တိုက်နေ့ (Skyscraper Day) |
| ၄ | အမျိုးသားချိစ်ပီဇာနေ့ |
| ၇ | ဘိုးဘွားများနေ့ |
| ၈ | နိုင်ငံတကာစာတတ်မြောက်ရေးနေ့ |
| ၉ | Teddy ဝက်ဝံနေ့ |
| ၁၂ | ချော့ကလက်မစ်ရှိတ်နေ့ |
| ၁၃ | အကောင်းမြင်တွေးခေါ်မှုနေ့ |
| ၁၇ | ဖွဲ့စည်းပုံအခြေခံဥပဒေနေ့ |
| ၂၁ | နိုင်ငံတကာငြိမ်းချမ်းရေးနေ့ |
| ၂၈ | အိမ်နီးချင်းကောင်းနေ့ |

စက်တင်ဘာလအတွင်းမှာ ထူးခြားတဲ့ အထိမ်းအမှတ်နေ့လေးတွေလည်း ရှိပါသေးတယ်။ Library Month Sign-up Card Month, National Chicken Month, Classical Music Month, Children's Safety Week စသည်တို့ ဖြစ်ကြပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ World Peace Day လို့လည်း ခေါ်ကြတဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ကို နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပကြပါတယ်။ ၁၉၈၂ ခုနှစ်က စတင်ကျင်း ပခဲ့ကြတာပါ။ ယင်းနေ့ဟာ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး များကြောင့် ဖြစ်ပွားနေရတဲ့ စစ်ပွဲတွေ အပစ်အခတ်ရပ်စဲကြတဲ့ နေ့တစ်နေ့ a day of ceasefire လည်း ဖြစ်ပါတယ်။



## International Literacy Day

ယူနက်စကို (UNESCO) အဖွဲ့ကြီးက ၁၉၆၅ ခုနှစ်မှာ စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ လူတိုင်းအတွက် ပညာရေး (Education For All) ပန်းတိုင်ကို ချမှတ်သလို နှစ်စဉ်နှစ်တိုင်း ကြွေးကြော်သံနဲ့အတူ စာတတ်မြောက်ရေးကို လုပ်ဆောင်လျက်ရှိပါတယ်။ စာတတ်ခြင်းဟာ အကောင်းဆုံး ဆေးဝါးဖြစ်တယ် (Literacy is the best remedy) လို့ ယူနက်စကိုက ဆိုပါတယ်။

ကမ္ဘာပေါ်မှာ အရွယ်ရောက်ပြီး စာမတတ်သူဦးရေ ၇၇၄ သန်းခန့်ရှိပါတယ်။ အရွယ်ရောက်ပြီး အမျိုးသားငါးပုံတစ်ပုံနဲ့ အမျိုးသမီးသုံးပုံနှစ်ပုံဟာ စာမတတ်ကြောင်း သိရပါတယ်။ ၇၅ သန်းသော ကလေးတွေဟာ ကျောင်းမတက်နိုင်ခြင်း၊ ကျောင်းထွက်ရခြင်းများ ကြုံတွေ့နေရပါတယ်လို့ UNESCO အဖွဲ့ကြီးက ဆိုပါတယ်။

## Constitution Day

ဖွဲ့စည်းပုံဥပဒေ (Constitution) ဆိုတာ နိုင်ငံတော်ကို မည်သို့ဖွဲ့စည်းမည်၊ မည်သည့် အဖွဲ့အစည်းအား အာဏာအပ်နှင်းထားမည်၊ မည်သည့်ဥပဒေစည်းကမ်းများဖြင့် မည်သို့ကျင့်သုံးမည်စသည်တို့ကို ပြဋ္ဌာန်းထားသည့်ဥပဒေကြီးလို့ ဆိုနိုင်ပါတယ်။ တစ်နည်း တရားဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံရေးအဖွဲ့အစည်း၏ စည်းကမ်းဘောင်ဖြစ်တယ်လို့လည်း ဆိုကြပါတယ်။

စက်တင်ဘာ ၁၇ ရက်နေ့ကို Constitution Day (သို့မဟုတ်) Citizenship Day လို့ သတ်မှတ်ကြပါတယ်။ ၁၇၈၇ ခုနှစ် အမေရိကန်နိုင်ငံ ဖီလာဒဲဖီးယားပြည်နယ်မှာ အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မှတ်ရေးထိုးခဲ့တဲ့နေ့ကို ဂုဏ်ပြုသတ်မှတ်ထားတာပါ။ ဖွဲ့စည်းပုံဥပဒေနေ့ကို စတင်အသိအမှတ်ပြု ကျင်းပခဲ့တာက အိုင်အိုဝါကျောင်းများဖြစ်ပြီး ၁၉၁၁ ခုနှစ်က ဖြစ်ပါတယ်။

## International Positive Thinking Day

အပြုသဘောတွေးခေါ်ခြင်းဆိုတာ ဤလောကကြီးထဲမှ အကောင်းဆုံးတို့ကိုသာ ရရှိလိမ့်မည်ဟု မျှော်လင့်ထားရန်နှင့် ဤလောကကြီးကလည်း သင့်ကို ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချထားခြင်းဖြစ်သည်ဟု ဆိုကြပါတယ်။ အပြုသဘော တွေးခေါ်သူများမှာ အတိတ်ကို နောင်တရမှုအစား စိတ်ကျေနပ်မှု အပြည့်အဝနှင့် သမင်လည်ပြန်ကြည့်လေ့ရှိကြသလို အနာဂတ်ကိုလည်း မျှော်လင့်ချက် ယုံကြည်ချက်အပြည့်အဝနဲ့ ကြည့်လေ့ရှိကြပါတယ်လို့လည်း ဆိုကြပါတယ်။

စက်တင်ဘာလ ၁၃ ရက်နေ့ကို Positive Thinking Day အဖြစ် သတ်မှတ်ကြပါတယ်။ ၂၀၀၃ ခုနှစ်လောက်ကစပြီး အမေရိကန်စွန့်ဦးလုပ်ငန်းရှင်များက စတင်ကျင်းပခဲ့ကြတာပါ။ အပြုသဘောတွေးခေါ်သူတစ်ယောက်ဖြစ်ဖို့ အကောင်းမြင်ခြင်း၊ အနာဂတ်ကို အာရုံစိုက်ခြင်း၊ အပြုသဘောဆောင်သော သတင်းအချက်အလက်များကို နားထောင်ဖတ်ရှုခြင်း အပြုစိတ်ရှိသူများနဲ့ မိတ်ဖွဲ့ခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းစသည်တို့ကို လုပ်ဆောင်သင့်ကြောင်း စိတ်ပညာရှင်များက ဆိုကြပါတယ်။

## International Day of Peace

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ World Peace Day လို့လည်း ခေါ်ကြတဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ကို နှစ်စဉ်စက်တင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပကြပါတယ်။ ၁၉၈၂ ခုနှစ်က စတင်ကျင်းပခဲ့ကြတာပါ။ ယင်းနေ့ဟာ နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးများကြောင့် ဖြစ်ပွားနေရတဲ့ စစ်ပွဲတွေ အပစ်အခတ်ရပ်စဲကြတဲ့ နေ့တစ်နေ့ a day of ceasefire လည်း ဖြစ်ပါတယ်။ သံလွင်ခက်ကို ကိုက်ချီပျံသန်းနေတဲ့ ချိုးငှက်ပုံဟာ ငြိမ်းချမ်းရေးနေ့ရဲ့ သင်္ကေတတစ်ခုလည်း ဖြစ်ပါတယ်။

'ငြိမ်းချမ်းရေးကို အင်အားသုံးပြီး မတည်ဆောက်နိုင်၊ အပြန်အလှန်နားလည်ခွင့်လွှတ်ခြင်းဖြင့်သာ တည်ဆောက်နိုင်မည်' ဆိုတဲ့ သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း Albert Einstein ရဲ့ စကားဟာ မှတ်သားလိုက်နာထိုက်ပါတယ်။

## National Good Neighbor Day

'ဘုရားသခင်ဟာ ဘဝရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျော့နည်းသက်သာစေဖို့ မိတ်ဆွေကောင်းတွေကို ဖန်တီးပေးထားတယ်'ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိပါတယ်။ လောကီလောကုတ္တရာမှာ အောင်မြင်ဖို့ မိတ်ကောင်းဆွေကောင်းဟာ ရာခိုင်နှုန်းပြည့်နီးပါး အရေးပါတယ်လို့ ဗုဒ္ဓဒေသနာတော်များမှာ တွေ့ရပါတယ်။ အမေရိကန်သမ္မတရော်နယ်ရေဂင် (Ronald Reagan) ကဆိုရင် 'အိမ်နီးချင်းတစ်ယောက်အလုပ်မရှိတာဟာ စီးပွားကျဆင်းမှု recession ဖြစ်ပြီး မိမိအလုပ်မရှိတာဟာ စိတ်ဓာတ်ကျဆင်းမှု depression ဖြစ်တယ်' လို့တောင် ဆိုခဲ့ပါတယ်။

စက်တင်ဘာလ ၂၈ ရက်နေ့ဟာ Good Neighbor Day ဖြစ်ပြီး ၁၉၇၀ ခုနှစ်နှောင်းပိုင်းကာလတွေဟာ Mrs. Becky Mattson ဆိုသူက စတင်ခဲ့တာဖြစ်ပြီး ၂၀၀၃ ခုနှစ်မှာ အမေရိကန်အထက်လွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။


**နွေနီဒါန်း**

# ဖူးနုသစ်လွင် ကဗျာဥယျာဉ်



## ပန်းတမာ

တိုးတိုးတိတ်တိတ်လေးပါပဲ
ဘယ်အချိန်ကတည်းက
ရောက်နေမှန်းမသိလိုက်ခဲ့။
ပန်ဆင်မယ့်သူ မရှိဘဲနဲ့တောင်
သူ့ကိုယ်သူ အစွမ်းကုန်ခြယ်သ
နွေနဲ့မှ ပဏာရသတဲ့လေ။
တကယ်ဆို
အဆင်းမရှိတာလည်း မဟုတ်
အချင်းမရှိတာလည်း မဟုတ်
နေခြည်ဖြာတဲ့အောက်
ရဲရဲဝံ့ဝံ့ရောက်ခဲ့ပေမဲ့
ဘာသာမျိုသိပ်
လူတွေအိပ်တဲ့အချိန် လရောင်ဆမ်း
ကြယ်ရောင်နမ်းရုံမျှနဲ့ ရနံ့တွေအန်ထုတ်
အဟုတ်တကယ် ဒီအချိန်ကျလေမှ
သြော် . . . တမာတွေတောင် ပွင့်ပါရော့လားတဲ့လေ
တကယ်ဆို သူက
အစောကတည်းက တိုးတိုးတိတ်တိတ် ရောက်နှင့်ပြီးသားပါကွယ်။
**စည်သူ(ရေနံချောင်း)**



## တစ်ချိန်တည်းမှာ

စံပယ်ပန်းလေးတွေ ပွင့်ဖို့ အားယူနေတယ်
မြစ်ထဲမှာ ငါးတန်ကြီး မျိုးပွားနေတယ်
ကြယ်လေးတွေ အနက်ရှိုင်းဆုံး သမုဒ္ဒရာထဲထိ ကြွေကျသွားတယ်
သံဃာတော်များ ပဋ္ဌာန်းရွတ်ဖတ်နေကြတယ်
တချို့ ညဉ့်ငှက်လေးတွေနဲ့ ပျော်ပါးနေကြတယ်
ဆေးရုံပေါ်မှာ နောက်ဆုံးထွက်သက်နဲ့ လူနာတစ်ယောက်
မြောနေတယ်
အရူးတစ်ယောက်ဆေးလိပ်ဖွာနေတယ်
ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို ခုပ်မိလိုက်တယ်
တောင်သူတစ်ယောက် ရေတင်နေတယ်
ခရိုနီတစ်ဦး အဂတိစာချုပ်နှစ်ခု ချုပ်ဆိုနေတယ်
ဘောလုံးသမားတစ်ယောက် ဂိုးသွင်းလိုက်တယ်
အလင်းဆိုင်လေးမှာ လူရှင်းနေတယ်
အများသုံးရေကန်မှာ ရေတွေလျှံကျနေတယ်
လူငယ်နှစ်ယောက် ဆိုင်ကယ်မှောက်လို့ ပွဲချင်းပြီးသွားတယ်
ဘုရားဖူးယာဉ်ပေါ် လူတွေအိပ်ငိုက်ပြီး စီးလာကြတယ်
သူတောင်းစားလေး ဗိုက်ဆာနေတယ်
ပင်လယ်မှာ လှိုင်းထန်နေတယ်။
အဲဒါတွေ တစ်ခုမှ သူမသိပါဘူး
အဲဒီအချိန်မှာ သူဟာ
ဒီကဗျာကိုရေးနေပါတယ်။
**ဘိုဘိုကျော်**





## တစ်ကိုယ်ရေလောင်ကျွမ်းခြင်း

စာတိုက်ပုံးထဲမှာ ရင်ခုန်သံစာအိတ်အပြာလေး ရှာမတွေ့
ဖုန်းကြိုးတွေ ပြတ်စဲနေတဲ့ ဘဝတစ်ခုမှာ
နွေဦးရွက်ကြွေတွေ သနပ်ခါးပါးကွက်ကလေးကို မျှော်ရှာ. . . ။
ပုစဉ်းရင်ကွဲသံတွေ ကြီးစိုးနေတာကလွဲရင်
အပ်ကျသံက လမ်းကလေးကို တုန်ခါစေမယ့် "ည"ပါ။
ငါ. . . . . . .
ကြယ်တွေရေတွက် နေမိသလား။
ညမွှေးပန်းရနံ့တွေက စိတ်ကို မျက်ရည်တူးဆွနေသလိုပဲပေါ့။
နာရီမကြည့်မိပါဘူးလေ
အဝေးက လရောင်လေးဆီ
သန်းခေါင်ယံတို့ လောင်ကျွမ်းခြင်း မဆုံးတော့. . . . ။

**သဲဖြူဆောင်း**

## သဘာဝကလူတွေထက်ချစ်ဖို့ကောင်းတယ်

ဟိုး. . .
လူသူမရှိတဲ့ တောတောင်တွေမှာ
ကျူးကျော်နှောင့်ယှက်မှုကင်းတဲ့ အသိုက်အမြုံရှိတယ်
ပင်လယ်လှိုင်းလေးတွေရဲ့ အော်သံမှာ
ဂီတသံစဉ်တွေရှိတယ်
ကောင်းကင်ပြင်ကြီးမှာ ရွေ့လျားနေတဲ့
တိမ်တိုက်ကလေးတွေ
ငါ့စိတ်ကူးနဲ့ဆောက်ထားတဲ့ အိပ်မက်ကမ္ဘာ
လှပတဲ့နေရာများ
လေနှင်ရာငါ့စိတ်တို့
စီးမျောနေဆဲ. . . ။

**သူသ**

# ဖူ း နု သ စ် လွ င် က ဗျာ ဥ ယျာ ဉ်





## ကစားပွဲ

သံသရာအဆက်ဆက် စီးဆင်းလာလိုက်ပုံများ
မြင်သမျှတွေက သခ်ီရထက်ပိုကြောက်စရာကောင်းလို့
ထုတ်ကုန်ထက်သွင်းကုန်ထက်ပိုအနံ့သက်ဆိုးလို့
လိုအပ်လို့အရှင်လတ်လတ်သေပေးလိုက်ရတာပဲ
ဘာကိုဝမ်းနည်းပြနေရဦးမှာလဲ
အနေအထားက အာဏာဆန်လွန်းတယ်ပြောရမလား
ဝန်ကြီးတစ်ယောက်ပြောသလို
တစ်ယောက်ပြီးတစ်ယောက်တစ်မြို့ပြီးတစ်မြို့
ပါးလှည့်ရိုက် စိန်ခေါ်လိုက်ရင်ကောင်းမလား
ရယ်စရာကောင်းတဲ့ ပြဇာတ်တစ်ပုဒ်လုံး
အဲဒီမှာ ရွံရှာသွားစရာကြီးကိုဖြစ်လို့
ဒီလိုဘာမှန်းမသိတဲ့ ခေတ်ကြီးထဲ
ကိုယ့်လူစိန်ခေါ်တတ်ရမယ်
စိန်မခေါ်တတ်ရင်တော့
ဒီတောအုပ်ထဲကနေ ဖြတ်လျှောက်မသွားနဲ့. . . ။

**မင်းသက်တန့်**

## ငှက်တစ်ကောင်ရဲ့ မလှတဲ့ သမိုင်း

မနက်ဖြန်ဆိုတဲ့
နေ့စွဲတွေကို ဖြုတ်ချလိုက်ရင်
ဘဝရဲ့ တစီစီအသံတွေက
ငါ့ကို ခပ်သဲ့သဲ့ ငိုရှိုက်စေရဲ့။
တက်ကျမ်းတွေခြစားသွားတဲ့ခေတ်မှာ
အမှားများတဲ့ ကိုယ့်ကိုယ်ကိုယ်
ရွှေပေါ်တင်ပြရင်း
ပျံသန်းပ့ါမယ်
ဟိုး. . . အမြင့်ဆုံးထိ
နှလုံးသားတွေကို ကိုက်ချီလို့
ငါ့ကိုယ်ငါမမြင်ရတဲ့ စိတ်မှာ
ပြောချင်တယ်
တစ်ခါတုန်းကတော့
မျှော်ကြည့်ဖူးပါရဲ့
အို. . .
ကောင်းကင်ကြယ်။ ။

**နေထွန်းနိုင်**

# ဖူးနုသစ်လွင်ကဗျာဥယျာဉ်





## သုညတစ်လုံးရဲ့ အတ္ထုပ္ပတ္တိ

အနေအထိုင်မတတ်တဲ့ သုညက
ဂဏန်းတွေရဲ့ ရှေ့မှာနေမိလို့များ
တန်ဖိုးမဲ့သွားခဲ့ရတာလား
နှစ်ချို့တေးသွားတစ်ပုဒ်ကို
အခါခါလည်း ဆိုပြဖူးတယ်
ဘယ်သူမှလည်း နားမလည်ခဲ့
ချိန်ခွင်တစ်ခုရဲ့ မြောက်တဲ့ဘက်မှာ
နေနေခဲ့ရသူ
တွယ်တာရာမဲ့ နေ့စွဲတွေအကြောင်း
အညတရတစ်ယောက်ရဲ့
ဆုတောင်းခန်းမှာ
ကြယ်တွေ ကြွေပြမသွားခဲ့
ရော်ရွက်ဝါတွေ မြေခသွားတယ်
သုညတစ်လုံး အိုမင်းခဲ့ရ. . . . ။
**ခွန်းသစ်**

## သေဆုံးသွားခဲ့လေသောအခါ

သစ်ရွက်ခြောက်တွေပေါ်
ဖွဖွလေးလှမ်းသွားတဲ့
မင်းခြေလှမ်း ကြွကြွလေးတွေ
မရပ်တန့်ခင်
လှလှပပ နင်းခြေခံလိုက်ရတာ ငါပါ. . . ။
ရှေ့တည့်တည့် စူးစိုက်နေတဲ့
မင်းမျက်ဝန်း နက်နက်လေးတွေ
ရွှဲ့ရွှဲ့လေးစောင်းငဲ့မကြည့်ခင်
ကောင်းကောင်းစိုက်နေတဲ့ မြားချက်က
ငါ့နှလုံးသားမှာပါ. . . . ။
ပန်းနုရောင် ရေးရေးလေးစွန်းထင်းနေတဲ့
မင်းနှုတ်ခမ်း ကွေးကွေးလေးတွေ
စကားအေးအေးလေးတွေ မဆိုခင်
ဖြည်းဖြည်းချင်းကွဲသွားခဲ့တာ
ငါ့အသည်းတစ်စုံပါ. . . ။
မင်းခြေလှမ်းတွေ ရပ်တန့်လာချိန်
မင်းမျက်ဝန်းတွေ စောင်းငဲ့လာချိန်
မင်းစကားတွေ လေပြေသွေးလာချိန်
ငါ့နှလုံးသား တစ်စုံလုံးဟာ
ဒဏ်ရာတွေကြားမှာ သေဆုံးသွားခဲ့ရှာလေပြီ. . . . ။
**မိုးသစ်ထွန်း(ပုလဲမြေ)**




"အဲဒီတော့လေ မဖြစ်သင့် မဖြစ်ထိုက်တာကို မဖြစ်လာရအောင် သွားပြောပေးပါ မမချိုရယ်"

"နေပါဦးဟယ် ကိုယ့်ဘက်က လက်ဆုပ်လက်ကိုင်နဲ့ သက်သေသာဓကဘာမှမရှိဘဲ သူများကို ရမ်းသန်းပြောလို့မရဘူး ညိုမာရဲ့။ ဟိုဘက်က ရိုးပုံရိုးအနဲ့ အဖြူထည် မိသားစုဆိုတော့လည်း မမတို့က သတိထားရတယ်"

ညိုမာ့ကိုကြည့်ပြီး မမချို စိတ်မချမ်းသာဖြစ်မိရသည်။ ခုပဲ မနက်ဝေလီဝေလင်းအချိန်တွင် မရောက်စဖူးအရောက်ထူးပြီး ထိုစကားတွေ ပြောလာပါသော ညိုမာ၏ ရင်တွင်းကို မိန်းမသားမို့ ကိုယ်ချင်းစာမိရပါသည်။ ညိုမာက သူမသားအတွက် အကျီလာဝယ်ရင်း လမ်းကြုံလို့ ဝင်လာခဲ့သည်ပဲပြောပြော မမချို အိမ်ကိုလာရင်း ရည်ရွယ်ချက်ကိုက သူမရင်ထဲ ထိုစကားတွေ ပြည့်နေ၍မှန်း မမချို သိလိုက်ပါ၏။

ခါတိုင်းလို လှတပတာမပြင်နိုင်အားသည်က တစ်ကြောင်း၊ ရင်တွင်း



အပူကို မည်မျှပင် ဟန်ဆောင်ပြုံးထားသော်လည်း အပူရှပ်သည် အပူရှပ်မှန်းသိလောက်အောင် မျက်နှာပျက်ယွင်းနေသည်က တစ်ကြောင်းကြောင့် ညိုမာ အတွင်းရေးပြဿနာသည် မမချိုနှင့်များ တိုက်ရိုက်ဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်မှုတစ်စုံတစ်ရာ ရှိရမည်ကိုလည်း ရိပ်မိရပါသည်။

ခုပင်လျှင် ရောက်မဆိုက် တတွတ်တွတ်ပြောနေသော စကားလုံးများသည် အလောတကြီးနိုင်လှသည်။ မျက်တောင်လေး ပုတ်ခါပုတ်ခါနှင့် မျက်ရည်မကျအောင် ထိန်းသိမ်းပြီး လှိုက်တုန်နေသော အသံများကိုလည်း သတိထားပြောဆိုနေပုံရသည်။ ခုမှ မမချို သတိထားမိသည်။

ညိုမာဆိုသည့် နာမည်နှင့် လိုက်သော အသားခပ်ညိုညိုတွင် တစ်စုံတစ်ခုထက်မက ပိုနေသော အရာများနှင့် လိုနေသောမျက်နှာထားကို ဖြစ်သည်။

မည်သည့်အရာတွေ ပိုနေမှန်းမသိသော်လည်း လိုနေသည်ကတော့ သနပ်ခါးမပါသည့်မျက်နှာ၊ နားပေါက်ဟောင်းလောင်း နားတစ်စုံဖြစ်သည်။ စိတ်ဓာတ်မာကျောလှပါသောညိုမာ၏ ရင်တွင်းအပူသည် ဆယ်နွေသာသည်ထက်ကဲ၍ ပူနေရော့သလား။

♦

"ညည်းမောင်ကို ညည်းသတိပေးဦးအေ"

ရော်. . . ခက်ချေပြီ။ ပြဿနာ

ပြဿနာဖြစ်ခါစက
အိမ်ကို ရောက်လာသော
ညိုမြာမှာ မျက်နှာပြောင်နှင့်
မဟုတ်ဘဲ မိတ်ကပ်ကို
ခပ်ပါးပါးလေးလူးခဲ့ပါလိမ့်မည်။
ထို့ကြောင့်
ညိုတိုတိုအသားတော်
ထက်တွင် ပြာတာတာဟောက်
တောက်တောက်ဖြစ်နေခဲ့ခြင်း။



တစ်ခုကမပြီးသေး နောက်ထပ်ပြဿနာကို မေမေတို့များ မီးခွက်ထွန်းပြီး ရှာခိုင်းနေပါရောလား။ မမချိုမှာ အိမ်တွင်းနေပါလျက်နှင့် အိမ်ပြင်က မီးစတွေကို အိမ်ထဲကနေ လိုက်လိုက်ငြိမ်းနေရသည်မှာ သဘာဝတော့သိပ်မကျ။ ထို့ကြောင့် . . ။

"ဘာတွေများ သတိပေးရဦးမှာလဲ မေမေ။ ဒီအရွယ် ဒီသား ဒီသမီးတွေ လူပျိုအပျိုဖြစ်မှ မေမေ့သားကို သမီးသွားပြောတော့ မိကျောင်းမင်းရေခင်းပြ ဖြစ်နေတော့မှာပေါ့။ ပြီးတော့ သမီးက ဓားခုတ်ရာလက်ဝင်လျှိုသလို ဖြစ်နေပါဦးမယ်။ မေမေတောင် ပြောမရဆိုမရလို့ မျက်ရည်စက်လက်နဲ့ ပြန်လာရသေးတာ။ သမီးတော့ နေသေးသပ ချုံထဲက လုပ်နေရမှာပဲ"

"ညည်း အဲလိုပြောလို့မရဘူးလေ။ ညိုမြာ့ဘက်ကိုလည်း ကိုယ်ချင်းစာပေးဦးမှပေါ့"

"အို . . . ကိုယ်ချင်းစာလို့လည်း မေမေတို့ရော လွင်လွင်တို့၊ ခင်ခင်တို့၊ ရင်ရင်တို့ရော တစ်လုံးတစ်ထွေးကြီး ပြဿနာတွေတက်ခဲ့ရ ရှင်းခဲ့ရတာပဲမဟုတ်လား။ ပြီးတော့ ညိုမြာက ခေါင်းရှောင်ထွက်နေတာလေ။ ဒါနဲ့များ သမီးကို ကိုယ်ချင်းစာပေးဖို့ မေမေကပြောနေသေးတယ်"

"ညည်းနဲ့တော့ ခက်ပါတယ်အေ"

"မခက်ပါဘူး မေမေ။ မေမေလည်း ကိုယ့်ဘာသာကိုယ် နေသာသလိုနေ။ နေရာတကာ ဗိုးဗိုးဇက်ဇက်နဲ့ အကြောင်းအရင်းကိုဂဃနဏ မသိဘဲ ဘာမှဝင်မပါနဲ့။ ခုဖြစ်နေတာက ညိုမြာက မီးဆိုရင် မေမေတို့က လောင်စာပဲ"

ခုလိုပြောမိတော့လည်း မမချိုပဲ ငရဲရသွားသလားတော့မသိပါ။ ဘာမှမပြောတော့ပဲ တိတ်ဆိတ်စွာပြန်ထွက်သွားပါသော မေမေ့ကိုလည်း သနားမိရပါသည်။ သားသမီးတွေ ဘာပဲဖြစ်လိုက်ဖြစ်လိုက် ထိပ်ဆုံးက ပါလိုက်ရမှကျေနပ်ပါသော မေမေ့၏ မေတ္တာတရားများကိုလည်း အတိုင်းအဆမသိသည် မဟုတ်။

ညိုမြာမွေးသောမီးတွင် လောင်စာဖြစ်ခဲ့သော မေမေက ခုပင်အမှတ်သညာမရှိသေးဘဲ မမချိုကို မောင်လေးနှင့်ပတ်သက်ပြီး ပြန်ကြားရေးတွေ လာလုပ်ခိုင်းနေသည်။ တစ်ဖက်က ညိုမြာ့ကိုလည်း အပြစ်မဆိုချင်ရက်သော်လည်း ကိုယ်ပြောသည့်စကား ဘယ်နှလုံးရှိသည်နှင့် စကားတစ်လုံး၏ အဓိပ္ပာယ်သက်ရောက်မှုအတိုင်းအတာကိုလည်း သိစေချင်သေးသည်။ ပြောရရင်တော့ ညိုမြာ ပြန်လည်ချေပနိုင်သော စကားမှာ "ညိုမြာ့မှာလည်း ညိုမြာ့အပူနဲ့မို့ ဘာတွေပြောလိုက်မိမှန်း မသိပါဘူး မမချိုရယ်" ဆိုတဲ့ စကားတွေပဲ ပြန်လာမှာဖြစ်သည်။

တကယ့်တကယ် တရားစွဲမည်၊ ဘာလုပ်မည်၊ ညာလုပ်မည်ဟု တစ်ဖက်အသိုင်းအဝိုင်းက စကားသံတွေကိုကြားတော့ ညိုမြာက တိတ်ဆိတ်စွာ နောက်ဆုတ်နေခဲ့သည်ပဲ။

သက်သေခိုင်လုံခြင်းမရှိသော စကားများကြောင့် မေမေအပါအဝင် အသရေဖျက်မှုနှင့် တရားရင်ဆိုင်ရကိန်း ရောက်လုနီးနီးအချိန်တွင် မှ မမချိုက ဝင်မပါလျှင် မဖြစ်တော့သည့် အခြေအနေဖြစ်တော့သည်မို့ စကားလုံးလှလှလေးများနှင့် ယောက်ပြဝေဖန်ရတော့သည်။

ထိုတစ်ဖက်အသိုင်းအဝိုင်းကလည်း မမချိုတို့မိသားစုနှင့် မကင်းရာမကင်းကြောင်းတွေ အပြင်ရပ်ဆွေရပ်မျိုးတွေဆိုတော့ စကားကို သာသာနှင့်နာနာနှုပ်ရမည်။ ညိုမြာ့စကားတွေကြောင့် အသားတဆတ်ဆတ်တုန် ဒေါသချောင်းချောင်းထွက်ပြီး မျက်နှာထိ မျက်နှာထားခပ်မာမာနှင့် မေမေ တစ်ဖက်သားကို စကားလုံးတွေကို မှိုချိုးချိုး၊ မျှစ်ချိုးချိုး ပြောခဲ့ပါလိမ့်မည်။

မျက်ရည်လေးစမ်းစမ်းနှင့် အမေကြည်၊ နောက် မကြီးခင်စန်းတင့်၊ အားနာနာနှင့်ပင် လောင်မည့်မီးကို မမချို ငြိမ်းရပါလိမ့်မည်။

♦

ထိုမိန်းမငယ်လေး၏ မျက်နှာကိုကြည့်ပြီး ရင်ထဲက စကားတွေကို ရုတ်တရက် ပြောမထွက်ဖြစ်နေရသည်။ တစ်ဖက်က ညိုမြာကိုကြည့်တော့ မလှုပ်မယှက်နှင့် ကျောက်ရုပ်ပမာ တုတ်တုတ်မျှမလှုပ်။ မလှုပ်ဟုဆိုသော်လည်း ညိုမြာ့ မျက်ဝန်းတွေကတော့ အမိုးတလှုပ်လှုပ်နှင့် တစိမ့်စိမ့် ထိုမိန်းမငယ်လေးကို စိုက်ကြည့်နေပါ၏။ မမချိုက ထိုမိန်းမသားနှစ်ဦး ဘယ်သူက ဒိန်းတလိန်းနတ်ဝင်ပူးခံရသနည်းဟု စဉ်းစားနေရသည်။

သည်ကနေ့မှ ညိုမြာ့တွင် ပိုနေသောအရာများကို သတိထားမိရ၏။ ဆံပင်ကို အနီရောင်ဆိုးလျက် မျက်လုံးကို ကာလာတွေခြယ်ထားပါသော ညိုမြာ။ ထိုထိုပုံကို ကြည့်ခြင်း အားဖြင့် ညိုမြာရင်ထဲက ခံစားမှုကို မမချိုက ရိပ်မိရသည်။

ပြဿနာဖြစ်ခါစက အိမ်ကို ရောက်လာသော ညိုမြာမှာ မျက်နှာပြောင်နှင့်မဟုတ်ဘဲ မိတ်ကပ်ကို ခပ်ပါးပါးလေးလူးခဲ့ပါလိမ့်မည်။ ထို့ကြောင့် ညိုတိုတိုအသားတော်ထက်တွင် ပြာတာတာဟောက်တောက်တောက်ဖြစ်နေခဲ့ခြင်း။

"အမေကြည်က သမီးတို့မတော်မတရားပြောတယ်၊ သက်သေမခိုင်လုံဘဲပြောတယ်ဆိုပြီး ခု အသရေဖျက်မှုနဲ့ တရားစွဲမယ်လို့ သမီးသိရတယ်။ ဒီတော့ တရားစွဲနိုင်ပါတယ်"

ထိုစကားကိုကြားတော့ ညိုမြာက မမချိုကို မျက်လုံးပြူးကြီးတွေနှင့် ကြည့်သည်။ မေမေကဆို မျက်စောင်းကို ဒိုင်းခနဲနေအောင် ပစ်ထိုးလာပါ၏။

"ဒါပေမဲ့ အမေကြည်ကို သမီးပြောစရာရှိပါတယ်။ အမေကြည်နဲ့ မကြီးခင်စန်းတင့်ဆိုတာ သမီးတို့နဲ့ ရပ်ဆွေရပ်မျိုးတွေ။ အရင်က နှစ်အိမ်တစ်အိမ် နေလာခဲ့တဲ့သူတွေ။ ပြောရရင် ဆွေမျိုးရင်းချာတွေထက်တောင် ပတ်သက်ဆက်နွှယ်ခဲ့ကြသူတွေပါ။ ခုဖြစ်တဲ့ပြဿနာက အမေကြည်တို့ဘက်ကို အရှက်ရစေတဲ့ကိစ္စဖြစ်နေခဲ့သလိုပဲ သမီးတို့ဘက်ကလည်း ရှေ့တောင်ကြီးပြိုမယ့်ကိစ္စဖြစ်နေခဲ့တယ်"

မေမေက မမချို လေရှည်နေသည်ဟု ထင်ကောင်းထင်နေသလားမသိ။ မျက်လုံးမျက်ရိပ်တွေနှင့် ပြောစရာရှိ မြန်မြန်ပြောဟု ပြောနေရှာသည်။ ညီမတွေကတော့ မမချို

ပြောသမျှ ဘာမှဝင်ပါမည့်ဟန်မရှိ။

''ညည်းစကားတတ်တိုင်း မပြောနဲ့ မချို။ ညည်းတို့ ရွှေတောင်ကြီးပြိုတာနဲ့ပဲ ငါတို့ဘက်က သမီးပျိုလေးကို သွားပုပ်လေလွင့်ပြောရသလား။ စွပ်စွဲရသလား။ ဘယ်မှာလဲသက်သေ။ ငါ့မြေးလေး ပတ်ဝန်းကျင်မှာအရှက်ရစေခဲ့တာ ငါကမကျေဘူးအေ။ ညည်းက ခုမှ ရွှေပြည်အေးတရားလာဟောနေပါ။ ညည်းအမေ မရင်ရွှေက ငါ့များပြောသွားလိုက်တာ စကားလုံးတွေကို ဘယ်နှလုံးရှိမှန်း မရေတွက်နိုင်ပါဘူးအေ။ သူ့ထဘီကိုယ်ဝတ် ကိုယ့်ထဘီ သူဝတ်ပြီး လင်လင်ချင်းမဖလှယ်ရုံတမယ် ပေါင်းခဲ့တဲ့ မိန်းမက ခုအသားထိတော့ ဆတ်ဆတ်ခါ နာဆိုသလိုမျိုး ပုံဖမ်းလိုက်တာအေ့''

''ဟုတ်တယ် ချို။ မိန်းကလေးဆိုတာအရှက်နဲ့လူလုပ်တာ။ အရှက်တစ်ခါကွဲပြီဆို ပြန်အဖတ်ဆယ်လို့ မရတော့ဘူး။ ညည်းတို့က ချောင်းပေါက်လို့ ဆည်ရေလာတယ်ပဲ တသွင်သွင်ပြောခဲ့ကြတာ။ ဆည်ရေတိုးလို့ ချောင်းပေါက်သွားတာရော မဖြစ်နိုင်ဘူးလား။ ခုတော့ အသရေဖျက်မှုနဲ့ တရားစွဲမယ်ဆိုတော့မှ တုန်တုန်လှုပ်လှုပ်နဲ့ ရမ်းမိရမ်းရာ ပရမ်းပတာဆိုတာမျိုးတော့ မလုပ်နဲ့အေ''

မမချိုက မေမေတို့ ညိုမာတို့ဘက်ကိုကြည့်ပြီး ''ကဲ. . . ခုတော့ ဘယ့်နှယ်ရှိစ'' ဆိုသည့်ဟန်ဖြင့် မျက်နှာကို မော့ပြလိုက်သည်။ သည်လောက် စကားနာထိုးသည်ကပဲ တော်ကာကျဦးတော့မည်။ အမှန်စင်စစ် ထိုထက်မျှမက ပြောဆို တုံ့ပြန်ချင် တုံ့ပြန်နိုင်သည်ပါပဲ။

အမေကြည်က ဖက်ကြမ်းဆေးလိပ်ကြီးကို စိတ်နာနာနှင့်များ ဆက်တိုက်ဖွာနေသလားမသိ။ မီးခိုးတွေကိုအူလိုင်ထနေသည်။ မကြီးခင်စန်းတင့်ကတော့ မျက်ရည်လေးက ဝဲတဲတဲအနေအထားမှာ။ သည်အတိုင်းပြောနေလျှင် သူ့တို့ဘက်က ပိုမိုတင်းမာလာမည့်အနေအထားရှိသည်မို့ မမချို ခန္ဓာကိုယ်ကို ဆန့်ထုတ်လိုက်သည်။

ခုပြောမည့်စကားများသည် မမချိုတို့ဘက်ကို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းခိုင်းသလိုမျိုး ဖြစ်နေမည်ဆိုတာလည်း သိပါ၏။ ပြီးတော့ တစ်ဖက်သား၏ စာမျက်နှာတွေကို လှန်လောလိုက်သလိုမျိုးလည်း ဖြစ်နေနိုင်ပါ၏။

သို့သော် မတတ်နိုင်ပါ။

မေမေတို့က ရင်တထိတ်ထိတ်နှင့် နေမည်လားမသိ။ မမချိုကိုယ်တိုင်ကတော့ ရင်တထိတ်ထိတ်ဖြစ်နေပါသည်။ မမချိုပြောလိုက်သော စကားများကြောင့် ဖြစ်တည်လာမည့် အခြေအနေသည် အကောင်းအဆိုး ဒွန်တွဲနေနိုင်သည်။

မမချိုက အကောင်းဘက်ကိုတော့ ထည့်မတွက်ထားပေ။ အဆိုးသည် ကိုးဆယ်ရာခိုင်နှုန်းရှိပြီး အကောင်းသည် ဆယ်ရာခိုင်နှုန်းမျှပင်ရှိသည်ဟု ကြိုတင်ခန့်မှန်းမိလိုက်ပါ၏။

◆

ညိုမာ ငိုနေပါသည်။ မျက်နှာထက်တွင်လည်း အညိုအမည်းနှင့် ဖူးရောင်နေသည်မှာ မမြင်ရက်စရာ။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်တော့မည့် ကိန်းကိုဆိုက်နေပါရောလား။ ညိုမာ့အပူလုံးကြွလာလေလေ မမချိုတို့မှာလည်း နေမထိထိုင်မသာနှင့် မီးခဲဖင်ခုထိုင်ရသလို ခုန်ဆွခုန်ဆွဖြစ်ကုန်ရသည်။ ဖေဖေက တုတ်တပြက်ဓားတပြက်၊ တောက်တွေ အကြိမ်ကြိမ်အလီလီခေါက်ကာ သူ့သားကိုသတ်မယ်ချည်း တကဲကဲဖြစ်နေသည်။ အစ်ကိုကြီး ကိုကျီးဥက မူးလာတိုင်း အိမ်ကိုဝင်ကာ သူ့ညီအသုံးမကျကြောင်း အော်ဟစ်ဆဲဆိုနေသည်။ မေမေက ညီအစ်ကိုချင်း သွေးထွက်သံယိုတွေဖြစ်လာမည်ကို အပူကြီးပူကာ တငိုငိုတရီရီ။ မမချိုမှာ ပဲကြီးလှော်ကြား ဆားညပ်နေရသည်ဟုပင် ထင်မိရသည်။

ဖေဖေ တုတ်ကိုင် ဓားကိုင်တိုင်းဆွဲရလွဲရ။ အစ်ကိုကြီးမူးလာတိုင်း အသံဆာဆာနှင့် ခုနစ်အိမ်ကြားရှစ်အိမ်ကြားအော်ဟစ်နေတာကို တားရဆီးရ။ ညိုမာ လာရောက်ငိုနေသည့်အခါတိုင်း နှစ်သိမ့်ပေးရနှင့် ခုတလော မမချိုပင် သောကတွေ တစ်လှေကြီးကို နင့်နေအောင် ခံစားနေသည်နှယ်ရှိချေသည်။ ခုလည်း မနက်စောစောတွင်ပင် ညိုမာလာရောက် မျက်ရည်ခြွေနေလေပြီ။

''ညိုမာတော့ သေသာသေလိုက်ချင်တယ် မမချိုရယ်။ ခုဆို သူပြန်မအိပ်တာ သုံးရက်ရှိပြီလေ။ အမေတို့ကတော့ မေးတယ် ညိုမာ့ကို သူနဲ့ ကွဲနိုင်ပြတ်နိုင်လားတဲ့''

''ဟဲ့. . . အို. . . ဘယ်ဖြစ်မလဲ ညိုမာ့သားနဲ့သမီးတွေ မျက်နှာကိုထောက်ဦးမှပေါ့။ ညည်းကိုကလောတာ။ ဒီလိုကိစ္စမျိုးဆိုတာ စိတ်ထင်တိုင်း ဖြေရှင်းလို့ရတာမှ မဟုတ်တာ။ ငါ့မောင်အကြောင်း ငါသိတယ်။ သူက စိတ်ဆတ်တယ်။ ဒေါသလည်း ဖြစ်လွယ်သလားမမေးနဲ့။ သူက ခု ကိစ္စဟိုကောင်မလေးနဲ့ တကယ်ဖြစ်တယ်ပဲထားပါဦး။ ညိုမာက အပျော့ဆွဲလေးနဲ့ ပြန်ကိုင်ဆွဲယူရမှာလား။ ညိုမာ တင်းနေလို့ မရဘူး။ ယောကျ်ားဆိုတာ သူတို့လုပ်ခဲ့တာတွေကို ဟောဟောဒိုင်းဒိုင်းသာ ကြဲချလိုက်လို့ကတော့ အနာပေါ် တုတ်ကျတာကမှ ခံသာဦးမယ်''

''ခုလည်း ဟုတ်လို့ကျော်နေပြီပဲ မမချိုရယ်။ ညိုမာက သူ့မိန်းမအနေနဲ့ ပြောသင့်ပြောထိုက်တာ၊ စိုးရိမ်သင့် စိုးရိမ်ထိုက်တာတွေ ပြုမူခဲ့မိတာတွေမလုပ်ရတော့ဘူးလား''

ပြောပြန်ရင်လည်း တစ်ခုလပ်တစ်လင်ကွာဖြစ်သော မမချိုကို ဆရာမကြီးဟု ထင်မိသွားမှာကိုလည်းစိုးသည်။ မမချိုကတော့ ရှင်းပါသည်။ စိတ်သဘောထားချင်း မတိုက်ဆိုင်ဘူးဆိုသည်နှင့် ဘယ်လိုမှ ညှိနှိုင်းယူ၍မရနိုင်မှန်းလည်း သိသည်နှင့် မမချို၏ အိမ်ထောင်ရေးကို ဤဇာတ်လမ်း ဤတွင်ပြီးပါပြီဟု စာတန်းထိုး ပြည်ဖုံးကားချပစ်လိုက်သည်။ သို့သော် ညိုမာ့ကိစ္စက မမချိုလို လုပ်၍မရ။ ကြည့်ရှုရမည့် မျက်နှာတွေ၊ ထောက်ထားရမည့် မျက်နှာတွေနှင့် သံယောဇဉ်ကြိုးတွေ အထပ်ထပ်ရစ်ပတ်ချည်နှောင်ခဲ့ပြီးသား အိမ်ထောင်တစ်ခု။

မမချိုတို့မိန်းမသားတွေက အများအားဖြင့် ထစ်ခနဲဆို စိတ်ဓာတ်ကျလွယ်လွန်းလှသည်ဟု

ညည်းတို့
ရွှေတောင်ကြီးပြိုတာနဲ့ပဲ
ငါတို့ဘက်က
သမီးပျိုလေးကို
သွားပုပ်လေလွင့်ပြောရ
သလား။ စွပ်စွဲရသလား။
ဘယ်မှာလဲသက်သေ။
ငါ့မြေးလေး ပတ်ဝန်းကျင်မှာ
အရှက်ရစေခဲ့တာ
ငါကမကျေဘူးအေ။



ညိုမာ့ကိုကြည့်ပြီး ယုံကြည်ရတော့ မလိုလို။

မမချို သက်ပြင်းကိုခပ်မှုန်းမှုန်း လေးချလိုက်ရင်း

"ငါ့ညီမ မှားတယ်လို့ မမချို မပြောပါဘူး။ မမချိုမောင်ကိုကြည့်ရတာ အိမ်က ကြက်သားဟင်းချည်း စားရတာများတော့ အီသွားတယ် ထင်ပါရဲ့။ ချဉ်ပေါင်ရွက်၊ ငါးပိကြော်ကို တစ်ခါလေးစားမိပြီး သိပ်ကြိုက်သွားတယ်နဲ့တူတယ်။ ညိုမာ သတိထားရမှာ တစ်ခုတော့ရှိတယ်"

ညိုမာက မမချိုကို မျက်ရည်သုတ်ရင်း ကြည့်သည်။

"ဟိုကောင်မလေးနဲ့ပြိုင်ပြီး ကိုယ်ထင်တာတွေကို ဇွတ်မလုပ်ဖို့ပဲ"

"ဒါဆို သူက ငြိမ်သွားမှာတဲ့လား။ ညိုမာ့ကိုလည်း ကြည့်ဦး မမချို။ ဘယ်နေ့ သူ ကွာရှင်းစာချုပ်ကြီး ယူလာပြီးလက်မှတ်ထိုးခိုင်းမလဲလို့ ပူရပန်ရတာ အိပ်ရေးတွေကပျက်။ ကောင်းကောင်းမစားနိုင် ကောင်းကောင်းမသွားနိုင်နဲ့ သူ့စိတ်နဲ့ ဖုတ်ပူမီးတိုက်ဖြစ်နေတာ။ ပြီးတော့ ဟိုပြဿနာက ပြီးသွားပြီမို့လို့လား မမချို"

မမချို မျက်ခုံးတော့ တစ်ချက်ပင့်သွားရသည်။ အဲဒီနေ့က ကိစ္စပြတ်သွားသလား မပြတ်သွားသလားဆိုတာ လူကိုယ်တိုင်တစ်ယောက်လုံးရှိနေသားနှင့် ညိုမာ ခုထက်ထိတွေးပူနေတုန်းဆိုသည်ကိုလည်း အံ့သြပါသည်။

♦

"ချို ပရမ်းပတာမပြောပါဘူး မကြီး။ ခုကိစ္စက သက်သေပြနိုင်မှပဲ ပြောရဆိုရမယ့် ကိစ္စမှမဟုတ်တာပဲ။ စွပ်စွဲတယ်လို့ပြောရအောင်လည်း ချိုတို့ဘက်က အိမ်တွင်းရေးကို ဆွေမျိုးအသိုင်းအဝိုင်းချင်း အသိပေး လက်တို့တိုင်ပင်တဲ့သဘောပဲလေ။ နောက် မကြီးတို့ဘက်က မဖြစ်သင့်တာမဖြစ်ရအောင် ကြိုတင်ထိန်းသိမ်းလို့ရအောင်ပြောတဲ့နေရာမှာ မေမေ လေသံမာသွားခဲ့တာလေးပဲ မှားခဲ့တာလေ။ အသရေဖျက်မှုနဲ့ တိုင်ပြီပဲထားပါတော့ စောစောက မကြီးပဲ ပြောတယ် အရှက်နဲ့ လူလုပ်တာဆို။ ပိုပြီးတောင် အုတ်အော်သောင်းတင်းနဲ့ ဟိုးလေးတကျော်ကျော် ပေါ်လေးတကျိုးကျိုးဖြစ်သွားမှာ။ ကဲ ဒီလိုဆိုရင် ချိုတို့ဘက်က ထိခိုက်နိုင်တဲ့အတိုင်းအတာနဲ့ မကြီးတို့မိန်းကလေးရှင်ဘက်က ထိခိုက်မယ့်အတိုင်းအတာကို တွက်ဆကြပါဦး။ ချို့စကားကို သေသေချာချာ စဉ်းစားကြည့်စေချင်တယ်"

မကြီးခင်စန်းတင့်က မမချို ပြောသည့်စကားတွေကို နားစိုက်ထောင်နေသည်။ ပြီးတော့ "ဘာကို စဉ်းစားရမှာတုံး မချိုရဲ့။ ငါ့သမီး ပတ်ဝန်းကျင်မှာ အရှက်ရတဲ့ကိစ္စကို နှစ်ခါပြန်စဉ်းစားပြီး အချိန်ဆွဲနေစေချင်တာလား။ ဆက်ပြောရင် အကျယ်အကျယ်တွေ ဖြစ်ကုန်မှာမို့လို စိတ်ထိန်းနေရတာ။ တကယ်ဆို ဒေါ်ဒေါ်ပြောတဲ့ စကားတွေက ခုထက်ထိ ငါ့ရင်ထဲ လှုံးလှုံးလိမ့်လိမ့်ရှိတုန်းအေ့"

ပြောရင်းက အသားတွေဆတ်ဆတ်တုန်လာသော မကြီးခင်စန်းတင့်ကိုကြည့်ရင်း မမချိုက ကိုယ် ဆက်ပြောရမည့် စကားတွေကိုသာ တရစပ်ပြောချရတော့သည်။

"အဲဒီအတွက်လည်း ချိုက ကြားထဲကတောင်းပန်နေတာပဲ မကြီးရယ်။ ကဲ ခုပဲတိုင်ကြ တောကြပြီဆိုပါတော့။ သက်သေမခိုင်လုံလို့ချည်း မကြီးတို့ကပြောတယ်။ ချိုတို့ဘက်ကလည်း ဖြစ်နိုင်ခြေရှိတဲ့မြင်သူ၊ ကြားသူသက်သေတွေကို ထုတ်လာရင် နှစ်ဦးနှစ်ဖက်ရန်မီးပွား အရှက်ကွဲရုံပဲရှိတယ်။ မကြီး စဉ်းစားကြည့်လေ။ ခုကိစ္စမျိုးဆိုတာ ဖုံးဖုံးဖိဖိ ကြိုးချင်းငြိခဲ့ကြတာလေ။ ဘယ်သူကရော သက်သေသာခကေတွေနဲ့ ပေါ်ပေါ်ထင်ထင် တွဲကြလွဲခဲ့ကြလို့လဲ။ တစ်ဖက်က ကလေးနှစ်ယောက်အဖေ၊ တစ်ဖက်က အပျိုစင်။ ဘယ်မှာဖြစ်သင့်လို့လဲ"

"မဖြစ်သင့်ဘူးလို့ပြောရအောင် ငါ့သမီးက ဘာဖြစ်နေလို့လဲ။ မချိုတို့မောင်က မြူဆွယ်ဖြားယောင်းလို့ ပါရတာလည်း ဖြစ်နိုင်တာပဲ"

"အို . . . အဲလိုပြောတာ မဟုတ်ဘူးလေ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာပါ မကြီးရယ်။ မကြီးသမီးမှာလည်း ကိုယ်ပိုင်စဉ်းစားဉာဏ်ရှိတာပဲလေ။ သင့်တော်၏ မတော်၏ ဆိုတာကိုလည်းသိရမှာ။ အရင်တစ်လလောက်က သူတို့အတူသွားခဲ့ လာခဲ့တာတွေကို တောင်ခေါ်ယူသတိပေးခဲ့တုန်းကတောင် ခေါင်းညိတ်လက်ခံခဲ့ပြီးမှ ခု လူမြင်သူမြင် တွဲသွားတွဲလာလုပ်လာတာတွေကတော့ ပြောခဲ့တဲ့စကား ပြီးပြီးပျောက်ပျောက် လုပ်ပစ်လိုက်ရာ မကျဘူးလား"



"ခုလည်းဟုတ်လို့ကျော်နေပြီပဲ မမချိုရယ်။ ညိုမာက သူ့မိန်းမအနေနဲ့ ပြောသင့်ပြောထိုက်တာ၊ စိုးရိမ်သင့် စိုးရိမ်ထိုက်တာတွေ ပြုမူခဲ့မိတာတွေ မလုပ်ရတော့ဘူးလား"

"ချို့မောင်ကို တိုလွှန်းလို့ပြောနေရတာမဟုတ်ပါဘူး။ ချို့မောင်ဆိုးတယ်။ လွန်တယ်ဆိုတာ ချို့ပါးစပ်နဲ့ပြောနေရတာနဲ့တောင်ရှက်လှပါပြီ။

ခု ချိုပြောချင်တာက တစ်ဖက်မှာ သားနဲ့သမီးနဲ့၊ မကြီးရဲ့သမီးနဲ့ ရွယ်တူတွေ။ ညိုမာ ခုလို ရှုးရှူးရှားရှား နတ်ပူးစုန်းပူးသလိုဖြစ်လို့ ပြောမိပြောရာ လုပ်မိလုပ်ရာတွေ လုပ်တယ်ဆိုတာလည်း မိန်းမတစ်ယောက်အတွက် ဖြစ်သင့်တာတွေပဲလေ။

ချိုက တောင်းပန်တယ်။ မကြီးတို့ သေချာစဉ်းစားကြည့်ပါ။ ခုချိန်သမီးဇောနဲ့ တစ်ဖက်သားကိုတုံ့ပြန်မှာလား။ ဒါမှမဟုတ် အဖြစ်သင့်ဆုံးတစ်ခုခုကိုတော့ မကြီးတို့စဉ်းစားကြည့်စေချင်တယ်။ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ သူများ အိမ်ထောင်ဖြိုခွဲသူအဖြစ် မကြီးသမီးကို မကြီး မြင်စေချင်တယ်ဆိုရင်တော့လည်းမတားလိုပါဘူး။ ချိုတို့ဘက်ကလည်း တရားရင်ဆိုင်ဖို့အတွက် ဖြစ်သင့်တဲ့လမ်းကြောင်းပေါ်ကနေရင်ဆိုင်ပါမယ်။ ဆုံးရှုံးမှုတွေကတော့ တစ်စုံတစ်ရာမက ပိုလာနိုင်ပါတယ်။ နှစ်ဦးနှစ်ဖက် အလူးလူးအလဲလဲခံစားရနိုင်တယ်။ ပြီးတော့ အရှက်၊ သိက္ခာတွေကို မြောင်းထဲလွှင့်ပစ်လိုက်ကြတာထက်ကိုပိုနိုင်ပါတယ် မကြီး"

♦

မမချို ကိုယ့်ကိုယ်ကိုယ်လည်း တရားတယ်လို့ မထင်ပါ။ ကြောက်ကန်ကန်ပြီးပြောခဲ့သော စကားတွေလည်းမဟုတ်ပါ။ ခုတော့လည်း ပတ်သက်ဆက်နွှယ်မှုတွေက တစ်ခန်းရပ်ခဲ့ပြီ။

တစ်လောတုန်းကတောင် မောင်ဖြစ်သူကိုယ်တိုင်က မင်္ဂလာနှစ်ပတ်လည် ဖိတ်စာလာပေးသွားသည်။ လာဖြစ်အောင်လာနော်ဟုလည်း တဖွဖွမှာသွားသည်။

ညိုမာကလည်း ခုတော့ အပူတွေကင်းစင်ပြီး ပြုံးပြုံးရွှင်နေသည့်မျက်နှာနှင့် သွားရင်းလာရင်း တွေ့ရသည်။ ပြဿနာပြီးကတည်းက မမချိုတို့အိမ်ဘက်ကိုခြေဦးတောင် မလှည့်တော့။ မမချိုမှာသာ ကြားထဲက လူမှုရေးအချို့ ပျက်ယွင်းသွားခဲ့ရတာပဲ အဖတ်တင်သည်။


မေမေ ကလည်း ခုတော့ ပြောချင်ရာဇွတ်မပြောတော့။ သူ့ချွေးမ သင်ခန်းစာပေးလိုက်၍ထင်သည်။ ငြိမ်ကျသွားသည်။ ညိုမာက အစဖော်တုန်းကဖော်ခဲ့ပြီး တကယ်တမ်းကျတော့ လက်တွေ့ဖြေရှင်းလိုက်ရသည်က မမချိုတို့သားအမိသာ။

ဖေဖေမတော့ ရင်ရွှေတို့ သားအမိတစ်တွေက ရှုပ်ကိုရှုပ်လွန်းတယ်ဆိုသောစကားကိုသာ ခဏခဏပြောတတ်သွားခဲ့သည်။

မမချိုကတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချလိုက်ပါတော့၏။ နောက်ဆို ပဲကြီးလှော်ကြားထဲက ဆားတော့ မဖြစ်စေရဟု။

**သော်ဇင်(လှိုင်ကော်)**

# ရတီ
## စာအုပ်စင်










### ထီလာစစ်သူ
စီးဆင်းရစ်လေဦး..ရောဝတီ

ဆရာကြီး ဒေါက်တာထီလာစစ်သူ၏ 'စီးဆင်းရစ်လေဦး. . . ဧရာဝတီ' စာအုပ်သည် ကျန်ရစ်သူဇနီးနှင့် အထွေးဆုံးသားဖြစ်သူ ရဲရင့်စစ်သူတို့၏စွမ်းဆောင်ချက်ဖြင့် ဒုတိယအကြိမ်အဖြစ် ပြန်လည်ထွက်ရှိလာပြီဖြစ်သည်။ ဆရာကြီး ထီလာစစ်သူသည် မြန်မာ့မြေပေါ်၌ သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းစဉ် အသက်သွေးချွေးများဖြင့် အရင်းအနှီးပြုကာ ဤဝတ္ထုကို မွေးထုတ်ခဲ့သည်ဟုပင်ဆိုရမည်။ ၁၉၄၉မှ ၁၉၅၄အထိ ကာလကို ပထမပိုင်း၊ ၁၉၅၄မှ ၁၉၅၉ အထိကာလကို ဒုတိယပိုင်း၊ ၁၉၅၉မှ ၁၉၆၂အထိ တတိယပိုင်းအဖြစ် တင်ဆက်ထားသည်။ ဆရာကြီးသိန်းဖေမြင့်၊ ဟံသာဝတီဦးဝင်းတင်၊ မောင်သိန်းဆိုင်၊ မောင်နေဝင်းတို့က အမှာစာများရေးသားထားကြသည်။ 'စီးဆင်းရစ်လေဦး ဧရာဝတီ' သည် 'ဘုံဘဝမှာဖြင့်' 'အရှေ့ကနေဝန်းထွက်သည့်ပမာ' တို့၏ သမိုင်းအဆက်ဖြစ်သည်ဟု ဆရာကြီး သိန်းဖေမြင့်က သုံးသပ်ထားသည့်အတိုင်း ဤဝတ္ထုသည် သမိုင်းခေတ်ကို လေ့လာလိုသူတို့အတွက် ဖတ်ရှုရမည့် စာတစ်အုပ်ဖြစ်သည်။ တန်ဖိုး ၅၀၀၀ ကျပ်ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

### ကြေးမုံဦးသောင်း
ဗမာ့ခေတ်မှကြေးမုံသို့

မြန်မာ့စာနယ်ဇင်းလောကတွင် ဂျာနယ်၊ သတင်းစာများ စတင်ပေါ်ပေါက်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကို ထောက်ပံ့နိုင်သည့်ကာလတစ်ခု ရှိခဲ့သကဲ့သို့ပင် သတင်းစာအတတ်ပညာကို မြေတောင်မြှောက်ခဲ့ကြသူများ၊ သတင်းစာခေတ်ကို ထူထောင်ကြသူများလည်း ပေါ်ပေါက်ခဲ့ပါသည်။ ထိုအထဲတွင် ကြေးမုံဦးသောင်းခေါ် အောင်ဗလသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ သတင်းထောက်ဘဝ၏ တစ်ပိုင်းတစ်စကိုသာမက သတင်းစာတစ်စောင်ခေတ်ကိုပါ ထူထောင်နိုင်ခဲ့သည့် လှုပ်ရှားမှုဖြစ်ရပ်များကို ဤစာအုပ်တွင် ရေးသားဖော်ပြထားသည်။ ထို့ကြောင့် ဤစာအုပ်ကို ကြေးမုံဦးသောင်းခေါ်ဆရာကြီးအောင်ဗလ၏ သတင်းစာဆရာသမားဘဝ အတ္ထုပ္ပတ္တိဟုသာမက ထိုခေတ်ကာလကို ထင်ဟပ်ပြနိုင်သော ကြေးမုံပြင်တစ်ချပ်ဟုလည်း သတ်မှတ်နိုင်ပေလိမ့်မည်။ ဤစာအုပ်ကို အဖြူရောင်စာပေမှ ထုတ်ဝေဖြန့်ချိ ပြီး တန်ဖိုး ၃၅၀၀ ကျပ် ဖြစ်သည်။

### တိမ်တိုက်ထွန်း (ကစ္ဆပနဒီ)
လွန်လေပြီးသောချစ်သူ

ဆယ်စုနှစ်တစ်ခုအကွာအဝေးဟုသော ခေတ်ကာလတစ်ခုစီတွင် ဖြတ်သန်းနေကြသော လူသားနှစ်ဦး၏ ဖြစ်တည်ရှင်သန်မှုအသွင်ဖြင့် ဇာတ်အိမ်ဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ သဘာဝလွန်ဖြစ်ရပ်တစ်ခုကို အခြေပြုနေဟန် အခြေအနေကို သံသယတစ်ဝက်၊ သိလိုစိတ်တစ်ဝက်ဖြင့် ရင်ဆိုင်နေရသော ဇာတ်ဆောင်တစ်ဦးနှင့်အတူ ဖတ်သူကိုပါ ဆက်လက်ဖတ်လို စိတ်ဖြစ်ပေါ်လာအောင် ဆွဲဆောင်ခေါ်ယူသွားနိုင်သော အရေးအသားဖြစ်သည်။ ကွာဟနေသော အချိန်နှစ်ခုတွင် ဖြစ်ရပ်များ၊ အဖြစ်အပျက်များကို ရက်စွဲများနှင့်တကွ ဖော်ပြထားသောကြောင့် ဤစာအုပ်သည် ဖြစ်ရပ်မှန်သဘာဝလွန်ဇာတ်လမ်းတစ်ခုကို ဖတ်ရှုနေရသည့်နှယ် ခံစားရစေမည်ဖြစ်သည်။ တိမ်တိုက်ထွန်းစာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၂၀၀၀ ကျပ် ဖြစ်သည်။



# Every Secret Thing နဲ့ငွေကြယ်ပွင့်သစ်မင်းသမီးချော ဒါကိုတာဖန်နင်း

ရဲသစ်

မီဂါစတားတွမ်ခရုဇ်ရဲ့ သိပ္ပံဆန်းကြယ် ဇာတ်ကား War of the Worlds ဇာတ်ကားကို ကြည့်ဖူးသူတိုင်း တွမ်ရဲ့သမီးငယ်လေး ရေချယ်ရဲ့ သရုပ်ဆောင် ပီပြင်မှုကို မှတ်မိကြမှာပါ။ တွမ်ခရုဇ်နဲ့အတူ ကင်မရာရှေ့မှာ အနုပညာစွမ်းပြနိုင်ခဲ့သူ ချာတိတ်မလေးရေချယ်တစ်ဖြစ်လဲ မချောလေး ဒါကိုတာဖန်နင်းဟာ အခု၂၀၁၄မှာတော့ ငွေကြယ်ပွင့်သစ် သရုပ်ဆောင်တစ်ယောက်အဖြစ်နဲ့ ပါပရာဇီတွေကြားမှာ ထင်ရှားနေပြီပဲ ဖြစ်ပါတယ်။ အလားအလာအကောင်းဆုံး Teen Star တစ်ယောက်အဖြစ်နဲ့ နာမည်ကြီးမဂ္ဂဇင်းကြီးတွေ ဖြစ်တဲ့ Vanity Fair, Total, People, Hello တို့မှာ အင်တာဗျူးခန်းတွေနဲ့ ကောင်းချီးပေးခံရသူ အမေရိကန် လူပျိုဖြူချောလေး ဒါကိုတာရဲ့ အနုပညာဘဝ ဒိုင်ယာရီကို ပြန်ပြောင်းခံစား စေ့ငုကြည့်မယ်ဆိုရင်တော့ . . .



Tribeca Film Festival ကို မိသားစုဝင်တွေနဲ့ အတူတက်ရောက်လာခဲ့သူ မင်းသမီးချောဒါကိုတာဟာ ဂျော်ဂျီယာပြည်နယ် ဂုဏ်ဆောင်အလှမယ်တစ်ဦးဖြစ်ပြီး အမည်ရင်းက Hannah Dakota Fanning ပါ။ မိဘနှစ်ပါးက အားကစား နယ်ပယ်မှာ ထူးချွန်သူတွေဖြစ်ပေမယ့် မွေးလာတဲ့သမီးနှစ်ယောက်စလုံးကတော့ အနုပညာလိုင်းမှာထူးချွန်ခဲ့တာ အံ့အားသင့်စရာလို့ဆိုရမှာပါပဲ။ ဘိုးဘွားတွေက ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်နဲ့ အိုင်ယာလန်အမျိုးအနွယ်တွေဖြစ်တာကြောင့် ချာတိတ်မလေးဒါကိုတာရဲ့ ကပြားဆန်တဲ့အလှက စူပါမင်းသမီး တစ်လက်ဘဝကို ရောက်ရှိစေခဲ့တာပါလို့ ဟယ်လိုက ဖွလာပါတယ်။ Campbell Hall School မှာ ဒါကိုတာနဲ့အယ်လီတို့ ညီအစ်မနှစ်ဦးစလုံး အထက်တန်း ပညာပြီးဆုံးခဲ့ပြီး ပညာရေးမှာလည်း မညံ့ခဲ့တဲ့ ဒါကိုတာဟာ လက်ရှိ






နယူးယောက်တက္ကသိုလ်မှာ ပညာဆည်းပူးဆဲ Teen Star တစ်ဦးပဲဖြစ်ပါတယ်။

I Am Sam ဇာတ်ကားဟာ ချာတိတ်မလေး ဒါကိုတာရဲ့ ဘ၀ကို တစ်ဆစ်ချိုးစေခဲ့တဲ့ ပွဲဦးထွက် ဇာတ်ကားလို့ ဆိုရမှာပါပဲ။ အသက် ၈ နှစ်သမီးလေး ဒါကိုတာရဲ့ ပီပြင်ချက်က Screen Actors Guild Award မှာ ဆန်ခါတင်စာရင်းဝင်ခဲ့သလို အသက်အငယ်ဆုံး ဆန်ခါတင်ဆုရှင်အဖြစ် အနုပညာမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့တာ ဘာမှ မကြာလှသေးတဲ့ကာလတစ်ခုက ပုံရိပ်တွေပါလို့ ဟယ်လိုက ကောင်းသတင်းပေးထားပါတယ်။ အောင်မြင်တဲ့ ထိပ်တန်းမင်းသမီး အများစုလိုပါပဲ။ ဒါကိုတာဟာ မူလတန်းအရွယ်ကျောင်းသူဘ၀လေးကတည်းက ရုပ်သံကြော်ငြာတွေမှာ ပါဝင်ခွင့်ရခဲ့ပြီး ကင်မရာနဲ့ရင်းနှီးခွင့်ရခဲ့သလို အပတ်စဉ် Sunday School ပွဲတွေကလည်း သူမကို အနုပညာဝမ်းစာ ဖြည့်ဆည်းပေးခဲ့တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။ Gone with the wind ဇာတ်ကားဟာ ချာတိတ်မလေးဒါကိုတာရဲ့ အသည်းစွဲဇာတ်ကားဖြစ်ပြီး မင်းသမီးကြီး ဗီဗီယန်လေးနဲ့ မင်းသားကြီး ကလက်ဂေဘယ်တို့ရဲ့ သရုပ်ဆောင်မှုတွေကို အလွတ်ရနေခဲ့ခြင်းကလည်း သူမကို ကင်မရာရှေ့မှာ ရဲရဲဝံ့ဝံ့သရုပ်ဆောင်ဖို့ တွန်းအားပေးနိုင်ခဲ့တဲ့ အချက်တစ်ချက်ပါပဲလို့ ဟယ်လိုရဲ့တွေ့ဆုံခန်းမှာ မချောလေးက အသိပေးခဲ့ပါတယ်။ Girls Scouts USA မှာ ဒါကိုတာထူးချွန်တဲ့ ကင်းထောက်တစ်ယောက်ဖြစ်ခဲ့သလို ညီမဖြစ်သူ အယ်လီကတော့ Brownie Scout မှာ ထင်ရှားခဲ့တာတွေ့ရပါတယ်။ ပြင်သစ်စကားနဲ့ စပိန်စကား ၃ ဘာသာပြောတတ်သူ ဒါကိုတာရဲ့အသက် ၁၁ နှစ်ပြည့်မွေးနေ့ပွဲမှာ စူပါတွမ်ခရုဇ်က Cellphone တစ်လုံးလက်ဆောင်ပေးခဲ့တာကို ရေချယ်က အမှတ်တရသိမ်းထားဆဲပါပဲလို့ ဟယ်လိုက ရှေးဟောင်းနှောင်းဖြစ်တွေကို တင်ပြလာပါတယ်။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဝင်ငွေကောင်းခဲ့သူ ဒါကိုတာဟာ နာမည်ကြီးဖော့ခန်က ဂုဏ်ပြုခဲ့တဲ့ 2007 The Celebrity 100 စာရင်းမှာ နံပါတ် ၉၄ ချိတ်ခဲ့တာကိုကြည့်ရင် ရေချယ်ရဲ့အောင်မြင်မှု ကို မှန်းဆမိနိုင်ကြမှာပါ။

လူငယ်ထုကြားမှာ ရေပန်းစားခဲ့တဲ့ Twilight ဇာတ်ကား ၂ ကားဖြစ်တဲ့ Eclipe နဲ့ Breaking Dawn 2 တို့မှာ စူပါစတားစုံတွဲဖြစ်တဲ့ ခရစ္စတင်စတီးဝပ်၊ ရော်ဘတ်ပါတ်တီဆင်တို့နဲ့ လက်တွဲခွင့်ရခဲ့သူ ငွေကြယ်ပွင့်သစ်မင်းသမီးချော ဒါကိုတာဟာ အခု ၂၀၁၄ မှာ သူမရဲ့ပရိသတ်တွေအတွက် လျှို့ဝှက်သည်းဖိုဇာတ်လမ်းသစ် Every Secret Thing တင်ဆက်တော့မယ်ဆိုတာဟာ Twilight ပရိသတ်တွေအတွက်လည်း သဘောတွေ့စရာပါပဲ။ ဝါရင့်ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေမီဂျေဘာ့ခ်ပုံဖော်ခြယ်မှုန်းပြီး ထိပ်တန်းဇာတ်ညွှန်းဆရာ နီးကိုးလ်ဟော့ဖ်နာရဲ့လက်ရာ Every Secret Thing ဟာ ၂၀၀၄ မှာပေါက်ခဲ့တဲ့ မှုခင်းဝတ္ထုတစ်ပုဒ်ကို အမည်မပြောင်းဘဲ ပိတ်ကားထက် အသက်သွင်းထားခြင်းပဲ ဖြစ်ပါတယ်။ ထရီဆက်ကာရုပ်ရှင်ပွဲတော်မှာ အစမ်းပွဲပြသခဲ့ရာမှာ ဝေဖန်ရေးဆရာတွေ သဘောတွေ့ခဲ့တဲ့ Secret မှာ ဒါကိုတာဟာ မမျှော်လင့်တဲ့ ကံကြမ္မာဆိုးတစ်ရပ်နဲ့ ကြုံတွေ့ခဲ့ရပေမဲ့ သက်စွန့်ဆံဖျားရုန်းထွက်နိုင်ခဲ့သူ တက္ကသိုလ်ကျောင်းသူချောလေး ရွှန်နီဖောင်ကာအသွင်နဲ့ ပီပီပြင်ပြင် အနုပညာစွမ်းပြထားပါကြောင်း သတင်းကောင်းပါးရင်း လှသွေးကြွယ်တဲ့ မင်းသမီးချောနံ့ဘေးကို ဘယ်ကိုယ်ရံတော်တပ်မှူးတွေ ရောက်ရှိလာမလဲ ဆိုတာကို ရင်ခုန်စောင့်စားရင်း . . .

# FACTS

| | |
|---|---|
| ဇာတ်ကား | Every Secret Thing |
| အမျိုးအစား | Thriller |
| အဆင့် | PG 13 |
| ပြသချိန် | 1: 45 မိနစ် |
| ဒါရိုက်တာ | အေမီဂျေဘာ့ဂ် |
| သရုပ်ဆောင် | ဒီယန်လိန်း |
| | အဲလီဇဘက်ဘင့် |
| | ဒါကိုတာဖန်နင်း |
| ကုမ္ပဏီ | Hyde Part Euter |
| ရိုက်ကွင်း | USA, Italy |
| ကုန်ကျစရိတ် | ၁၁၀ သန်း |

**ရဲသစ်**

PHOTO . AFP

ခမ်းနားသော ဖက်ရှင်ဝတ်စုံများကို တင်ဆက်ပြသတဲ့ ပြင်သစ်ဆောင်းရာသီပွင့်လင်းကာလအတွက် ဖက်ရှင်ရှိုး ၂၀၁၄-၂၀၁၅ ကို ပဲရစ်မြို့မှာ ဇူလိုင်လ ၁၀ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အဆိုပါဝတ်စုံအမျိုးအစားများမှာ စက်ဖြင့်ချုပ်လုပ်ခြင်းမဟုတ်ဘဲ လက်နဲ့ကိုယ်တိုင်ဖန်တီးချုပ်လုပ်ရတဲ့ ဒီဇိုင်းတွေဖြစ်ပြီး နာမည်ကြီး ဒီဇိုင်နာအကျော်အမော်များရဲ့ ဝတ်စုံများပါဝင်ပြသခဲ့ကြပါတယ်။ ဒီလ ရတီပရိသတ်များအတွက် ဖက်ရှင်အချို့ ကောက်နုတ်တင်ဆက်လိုက်ပါတယ်။

# INT'L FASHION WEEK



PHOTO . AFP



PHOTO . AFP




bollywood

# NEWS

A.K.M

## လူကြမ်းသရုပ် ပီပြင်တဲ့ ဘောလီးဝုဒ် မင်းသားများ

ရုပ်ရှင်ဆိုသည်မှာ သဏ္ဌာန်လုပ်၊ သရုပ်တူ ရသည်ဟုဆိုကြသလို ရုပ်ရှင်သရုပ်ဆောင်ကောင်းများသည် မိမိတို့ကျရာ ဇာတ်ရုပ်ကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ကြသည်ကို တွေ့ရသည်။ ဘောလီးဝုဒ် (Bollywood) ဇာတ်ကားများစွာထဲမှ ရက်စက်ကြမ်းကြုတ်သော ဇာတ်ရုပ် (Savage Looks) အပီပြင်ဆုံးမင်းသား ၁၀ ဦးကို ဖော်ပြ လိုက်ပါသည်။




### 1/ Shahid Kapoor (Haider)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ထွက်ရှိလာမည့် ဒရမ်မာကားဖြစ်သည်။ ယင်းဇာတ်ကားသည် ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ဝိလျံရှိတ်စပီးယား၏ ဟမ္ဗလက် (Hamlet) ပြဇာတ်ကို မှီငြမ်းရိုက်ကူးထားခြင်းဖြစ်သည်။ Haider ဇာတ်ကားကို ဒါရိုက်တာ Vishal Bhardwaj က ရိုက်ကူးထားခြင်းဖြစ်ပြီး နာမည်ကြီးသရုပ်ဆောင်များဖြစ်သော Tabu၊ Shahid Kapoor၊ Shraddha Kapoor နှင့် Kay Kay Mehon တို့ ပါဝင်ထားသည်။



### 2/ Abhishek Bachchan (Raavan)

Mani Ratnam ရေးသားရိုက်ကူးထုတ်လုပ်ထားသော သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်သည်။ Raavan ဇာတ်ကားကို ၂၀၁၀ ခုနှစ်တွင် ရုံတင်ခဲ့ပြီး Abhishek Bachchan၊ Aishwarya Rai နှင့် Vikram တို့က ဦးဆောင်ပါဝင်ထားသည်။ ဓားပြအဖြစ် သရုပ်ဆောင်ထားသော မင်းသား Bachchan ၏ သရုပ်ကို လူကြိုက်များခဲ့သည်။ မင်းသား Bachchan သည် ယင်း 'Raavan' ဇာတ်ကားဖြင့် ၂၀၁၁ Zee Cine Awards ဆုပွဲတွင် Best Actor in a Negative Role စာရင်းတွင် ပါဝင်ခဲ့သည်။



### 3/ Amitabh Bacchan (Aag)

Aag ဇာတ်ကား၏ နာမည်အပြည့်အစုံမှာ Ram Gopal Varma Ki Aag ဖြစ်ပြီး အက်ရှင်ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင်ရုံတင်ခဲ့ပြီး ဝေဖန်မှုများစွာ ခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် ဘောလီးဝုဒ်၏ အခြေဆိုး (Bollywood Flop) အဖြစ်ရှိခဲ့ပြီး ကမ္ဘာ့အဆိုးဆုံး ရုပ်ရှင်ဇာတ်ကား (The Worst Film) စာရင်းလည်း ဝင်ခဲ့ရသည်။

### 4 / Sanjay Dutt (Kartoos)

လူကြမ်းမင်းသားကြီး Sanjay Dutt ဦးဆောင်သရုပ်ဆောင်ထားသော အက်ရှင်ဇာတ် ကားဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ရုံတင်ခဲ့သော Kartoos ဇာတ်ကားသည် ပြင်သစ်ဇာတ်ကား 'Point of No Return' ဇာတ်ကားကို မှီငြမ်းထား ခြင်းဖြစ်သည်။ ယင်းဇာတ်ကားတွင် Jackie Shroff နှင့် Manisha Koirala တို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။



**5/ Sanjay Dutt (Agneepath)**

မင်းသား Hrithik Roshan က အဓိက ဦးဆောင်ပါဝင်သော်လည်း လူကြမ်းအဖြစ် ပါဝင်သော Sanjay Dutt ကို ပိုမိုလူကြိုက်များခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရုံတင်ခဲ့ပြီး အက်ရှင်ဇာတ်ကား ဖြစ်သည်။ ယင်းဇာတ်ကားကို Diu နှင့် Mumbai မြို့များတွင် ရိုက်ကူးခဲ့ပြီး ရိုက်ကွင်းတွင် မတော်တဆမှုများစွာ ကြုံခဲ့ရသည်။ အမေရိကန်ဒေါ်လာ သန်း ၁.၉၃ အကုန်ကျခံရိုက်ကူးခဲ့ပြီး ၃၂ သန်း ကျော် ရရှိခဲ့သည်။ ယင်းဇာတ်ကားသည် IIFA ဆုတစ်ဆုနှင့်Zee Cineဆုလေးဆုရရှိခဲ့သည်။



**6 / Kamal Haasan (Aaiavandhan)**




Kamal Haasan ကိုယ်တိုင်ရေးသားထားသော Dayam (1984) ဝတ္ထုကို အခြေပြုရိုက်ကူးထားခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ရုံတင်ခဲ့ပြီး တမီလ်အက်ရှင်ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် Haasan က စရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်ထားသည်။ 'Abbay' အမည်ဖြင့် ဟိန္ဒူဘာသာဇာတ်ကားကိုလည်း တစ်ပြိုင်နက် ရိုက်ကူးခဲ့သည်။




**7 / Saniel Shetty (Rudraksh)**

'အာဏာ' ဟု အဓိပ္ပာယ်ရသော 'Rudraksh' ဇာတ်ကားသည် စိတ်ကူးယဉ်သိပ္ပံ (Science-fiction) ဇာတ်ကားဖြစ်သည်။ မင်းသားကြီးSanjay Dutt ဦးဆောင်ပါဝင်သော်လည်း Suniel Shetty ၏ သရုပ်ဆောင်မှုကို ပိုမိုလူကြိုက်များကြသည်။ ယင်းဇာတ်ကားသည် အိန္ဒိယ၏ ကမ္ဘာကျော် 'ရာမယဏ' (Yamayana) ဇာတ် ဝတ္ထုကို အခြေခံထားခြင်းဖြစ်သည်။

**8 / Amrish Pari (Nishaan)**

Nishaan ဇာတ်ကားကို ၁၉၈၃ ခုနှစ်တွင် ဒါရိုက်တာSurendra Mohan က ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ဟိန္ဒူရုပ်ရှင်ဇာတ်ကားဖြစ်သည်။ Rajesh Khanna နှင့် Jeetendra တို့က ဦးဆောင်ပါဝင်ထားသော်လည်း Puri ၏ဇာတ်ရုပ်ကို ပရိသတ်က အားပေးနှစ်ခြိုက်ခဲ့ကြသည်။






**9 / Akshay Kumar (Jaanwar)**

ဘောလီးဝုဒ် လမ်းသရဲဇာတ်ကားတစ်ကားဖြစ်ပြီး ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ရုံတင်ခဲ့သည်။ Akshay Kumar ၊ Karisma Kapoor နှင့် Shilpa Shetty တို့က အဓိက ပါဝင်သရုပ်ဆောင်ထားသော ယင်း Jaanwar ဇာတ်ကားသည် ၁၉၉၉ ခုနှစ်တွင် အအောင်မြင်ဆုံးကားတစ်ကား ဖြစ်ခဲ့သည်။



**10 / Shah Rukh Khan (Don 2)**

ကမ္ဘာကျော် လူကြိုက်များသော Don 2: The King is Black ဇာတ်ကားကို ဒါရိုက်တာ Farhan Akhtar က ရေးသားရိုက်ကူးခဲ့ခြင်းဖြစ်သည်။ မင်းသားချော ရှာရွတ်ခန်၏ သွက်လက်ဖျတ်လတ်သောဟန်များကို ယင်း Don 2 ဇာတ်ကားတွင် တွေ့ရသည်။ မူးယစ်ရာဇာအဖြစ် မင်းသားခန်က သရုပ်ဆောင်ထားခြင်းဖြစ်သည်။ Don 2 ဇာတ်ကားသည် ဘောလီးဝုဒ်ဆု ၁၄ ဆုအပြင် အခြားနိုင်ငံတကာဆု ၁၉ ခုတွင်လည်း အမည်စာရင်းဝင်ခဲ့သည်။




## အဝတ်မပါဘဲနဲ့ပိုစတာကြောင့် တရားစွဲခံရတဲ့ အမ်မာရ်ခန်

ဘောလီးဝုဒ်မင်းသား Aamir Khan ကို ညစ်ညမ်းပိုစတာပုံတင်မှုဖြင့် ကန်ပူမြို့တရားရုံးတွင် ဩဂုတ်လ ၃ ရက်နေ့ တနင်္ဂနွေနေ့က တရားစွဲဆိုခဲ့သည်။ မင်းသားအမ်မာရ်ခန်သည် သူ၏ ဇာတ်ကားသစ်ဖြစ်သော PK ဇာတ်ကား ပိုစတာတွင် ကိုယ်လုံးတီးပုံ ဖော်ပြခဲ့သောကြောင့် ယခုလို တရားစွဲဆိုခံရခြင်းဖြစ်သည်။ တရားလို ရှေ့နေဖြစ်သော Manoj Dixit က PK ဇာတ်ကား ၏ မင်းသားကိုသာမက ဒါရိုက်တာ Rajkumar Hirani ထုတ်လုပ်သူ Vidhu Chopra တို့ကိုပါ ညစ်ညမ်းမှုကို အားပေးသူများအဖြစ် စွပ်စွဲခဲ့သည်။ ကြားနာမှုကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

အမ်မာရ်ခန်ဟာ ယနေ့ခေတ်လူငယ်အများစုကို အတော်အတန် လွှမ်းမိုးမှုရှိကြောင်းနှင့် ယင်းလုပ် ရပ်သည် လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်သလို ဖြစ်နေကြောင်းတရားလိုတစ်ဦးကပြောဆိုခဲ့သည်။

ယင်း PK ဇာတ်ကားသည် ဟာသရွှင်မြူးကားဖြစ်ပြီး ၂၀၁၄ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရုံတင်ပြသမည်ဖြစ်သည်။ ဒါရိုက်တာ Hirani က ယင်းဇာတ်ကားသည် ဘုရားသခင်နှင့်ဘုရားသခင် ဆိုသောသူများကို သရော်ထားသော ဇာတ်ကား ဖြစ်ကြောင်း ကြေညာထားသည်။

Aamir Khan သည် 3 Idiots, Taare Zameen Par, Doom 3 စသည့်ဇာတ်ကားများ ဖြင့် ကမ္ဘာကျော်သူဖြစ်သည်။

## Ranveer Singh နှင့် Deepika တို့ လက်ထပ်တော့မည်လော



ဟိန္ဒူမင်းသား Ranveer Singh နှင့် ဘောလီးဝုဒ်မင်းသမီး ဒီပီကာပဒူကွန်တို့ မကြာခင်လက်ထပ်တော့မည်လား သတင်းသည် ကမ္ဘာ့ အနုပညာသတင်းလောကတွင် ဟိုးလေးတကျော်ကျော် ဖြစ်နေသည်။

မင်းသားဆင်း (အသက် ၂၉) နှင့် မင်းသမီး ဒီပီကာ (အသက် ၂၈) တို့သည် သူတို့၏အချစ်ဇာတ်လမ်းကို တရားဝင် ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့သော်လည်း ပြည်ပခရီးနှင့် မွန်ဘိုင်းတို့တွင်မှ သူတို့နှစ်ဦးကို တပူးပူးတတွဲတွဲနှင့် အကြိမ်များစွာ တွေ့နေရကြောင်းသတင်းများကဆိုသည်။

“သူ (Ranveer Singh) ဟာ ကျွန်မဘဝ အတွက်တော့တကယ့်ကို အရေးပါတဲ့ သူ တစ်ယောက်ပါ။ ကျွန်မတွေ့ဖူးသမျှ လူတွေထဲမှာ လိုက်လျောညီထွေအဖြစ်ဆုံး တစ်ယောက်ပါ။ ကျွန်မတို့တစ်တွေမှာ မတူညီတဲ့ စွမ်းအင်တွေရှိကြတယ်လေ။ ကျွန်မဟာ အေးအေးဆေးဆေးနဲ့ အလယ်အလတ်ကျသူ ဖြစ်ပါတယ်။ သူကတော့ စွမ်းအင်အပြည့်စိတ်ဓါတ်ဉာဉ် ပိုင်ဆိုင်ထားသူပါ။ တကယ်တော့ လူတွေက သူ့ကို အပေါ်ယံပဲ မြင်နိုင်တာပါ။ တကယ်တော့ သူဟာအရမ်းကို နားလည်ခံစားပေးတတ်သူပါ။ သူ့လိုလူကိုတွေ့ဖို့ ခက်ပါတယ်။ (It's rare to see that in a guy)” ဟု မင်းသမီးပဒူကွန်က Film Fare မဂ္ဂဇင်းကြီးသို့ ပြောကြားခဲ့သည်။

သို့သော် မင်းသမီးပဒူကွန်က သူမနှင့် ဆင်းတို့သည်မိတ်ဆွေများသာဖြစ်ကြောင်းနှင့်အလုပ်သဘောအရသာ အကြိမ်များစွာဆုံတွေ့နေရကြောင်း ပြောဆိုခဲ့သည်။ မင်းသားဆင်းသည် အလွန်ရိုးသားသူဖြစ်ပြီး စကားပြောရာတွင် တဲ့တိုးပြောတတ်တာကြောင့် သူမသဘောကျကြောင်းကိုလည်း ထည့်သွင်းပြောဆိုခဲ့သည်။

သူမ၏ အိမ်ထောင်ပြုမည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းရာတွင် သူမဘဝအတွက် အမှန်ကန်ဆုံးလူကိုရှာတွေ့ဖို့ လိုအပ်ကြောင်းနှင့် “ကျွန်မ လက်ထပ်မယ်၊ မိသားစုဘဝကို စတင်ချင်တယ်၊ ပြီးတော့ ကလေးတွေ အများကြီးမွေးမယ်၊ ဒါပေမဲ့ ကျွန်မအလုပ်တွေ လုပ်ဦးမှာပါ” ဟုလည်း ပြော ဆိုခဲ့သည်။

The Hello ဆုပေးပွဲအခမ်းအနားတွင် မင်းသားဆင်းက ပဒူကွန်၏ပါးပြင်ကို အနမ်းပေးခဲ့သလို ဆင်း ဆေးရုံတက်စဉ်ကာလမှာလည်း ပဒူကွန်သည် တစ်ပတ်လျှင် နှစ်ကြိမ်ခန့်လာကြည့်ကြောင်း သတင်းများက ဆိုသည်။

ဒီပီကာပဒူကွန်သည် Race - 2, Ram-Leela Chennai Gxpress စသည့် ဇာတ်ကား များဖြင့် နာမည်ကျော်ခဲ့သလို FHM မဂ္ဂဇင်းကြီးက ၂၀၁၄ ခုနှစ် ကမ္ဘာ့အဆွဲဆောင်နိုင်ဆုံး အမျိုးသမီး (Sexiest Woman In The World 2014) ဆုကို ရရှိခဲ့သူဖြစ်သည်။

သတင်းတစ်ခုကတော့ လက်ထပ်ပွဲကတော့ သေချာသလောက်ရှိကြောင်းနှင့် ၂၀၁၅ ခုနှစ်မှာ ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

A.K.M

Korea

# FILM FEELING


# ကိုရီးယား ရုပ်ရှင်အညွှန်း

နှင်းမိုးဖြူ။

၂၀၁၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံမှ ပြသခဲ့တဲ့ ရုပ်ရှင်ကားတွေထဲက ကောင်းနိုးရာရာ စိတ်ဝင်စားနိုင်စရာတချို့ကို အွန်လိုင်းပေါ်က ရှာဖွေတင်ဆက်လိုက်ပါတယ်

## The Fatal Encounter

တောင်ကိုရီးယားနိုင်ငံကနာမည်ကြီး မင်းသားဟွန်ဘင်း အဓိကဇာတ်ကောင်ဘုရင်ကြီး ဂျိုကျောင်ကျော့အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာလီဂျယ်ကျိုးရိုက်ကူးထားတဲ့ သမိုင်းနောက်ခံဒရာမာဇာတ်လမ်းဖြစ်ပါတယ်။ မင်းသားဟွန်ဘင်းဟာ တောင်ကိုရီးယားနိုင်ငံရဲ့ စစ်မှုထမ်းဥပဒေအရစစ်တပ်ထဲမှာ တာဝန်ထမ်းဆောင်ပြီး နှစ်စေ့လို့ထွက်ခွင့်ရပြီးနောက် ပထမဆုံးပြန်ရိုက်တဲ့ကား ဖြစ်ပါတယ်။ ဒီကားကို မရိုက်ခင် ဓားသိုင်း၊ မြားပစ်၊ မြင်းစီးစတာတွေက ကြိုတင်လေ့ကျင့်ခဲ့ရပါတယ်။ ဇာတ်လမ်းအကျဉ်းကို ပြောရမယ်ဆိုရင် ၁၇၇၇ ခုနှစ်၊ ဇူလိုင် ၂၈ ရက်ညက ဘုရင်ကြီးဂျိုဂျောင်ဂျော့ကို လုပ်ကြံဖို့ကြိုးစားတဲ့တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါတယ်။ သူ့ရဲ့ ဒုတိယနန်းသက်တမ်းမှာ ရန်သူတွေရဲ့ ခြိမ်းခြောက်တာတွေ ခံနေရတာကြောင့် သတ္တိရှိပြီး သစ္စာရှိတဲ့ လူယုံတော်ဆန်ချဲးကိုသက်တော်စောင့် တာဝန်ပေးခဲ့ပါတယ်။ တစ်ညအိပ်မပျော်လို့ စာဖတ်နေတဲ့အခါ အသံကြားတာကြောင့် အပေါ်ကို ကြည့်လိုက်တော့ ခေါင်မိုးကိုဖောက်ပြီး သူ့ကို လုပ်ကြံဖို့ ကြိုးစားသူဟာ ဆန်ချဲးဖြစ်နေတဲ့အခါ မင်းသားဟွန်ဘင်းနဲ့အတူ ဂျိုဂျောင်ဆော့၊ ဟန်ဂျီမင်း၊ ပတ်ဆောင်ဝူး၊ ဂျောင်ဂျို။ လီဂျယ်ဝူးတို့က အားဖြည့်ပါဝင်ထားကြတဲ့ သမိုင်းဖြစ်ရပ်မှန်ပါ။










*Korea* FILM FEELING


## Mourning Grave

ဒါကတော့ ကြည့်ရှုသူတို့ သည်းထိတ်ရင်ဖို ဖြစ်စေမယ့် သရဲကားလေးပါပဲ။ ရုပ်ရှင်နာမည်က Mourning Grave ဖြစ်ပြီး တောင်ကိုရီးယားမှာ ဇူလိုင်လ ၃ ရက်ကမှ ထွက်ရှိလာတာပါ။ ဒါရိုက်တာ အိုအင်ချောင်က ရိုက်ကူးထားပြီး ဂန်ဟာနူး၊ ကင်မ်ဆိုအွန်း၊ ကင်မ်ဂျောင်တေး၊ ဟန်ဟေရင်း၊ ပတ်ခ်ဒူရှစ်ခ်နဲ့ ဂျိုမင်းဟာတို့မှ သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းလေးရဲ့အစမှာ ကျောင်းသား အင်စူး(ဂန်ဟာနူး)က သူ့နေရပ်ကို ပြန်လာရာမှ သရဲတွေစတွေ့တဲ့ ပုံစံမျိုး လေးစထားပါတယ်။ အင်စူးဟာသရဲမြင်ရတဲ့အခါမှာ ကြောက်လန့်တကြား ထွက်ပြေးခဲ့ပေမဲ့တစ်နေ့တခြား သူ့အနားမှာ သရဲတွေပိုပြီးရောက်လာပါတော့တယ်။ အထက်တန်းကျောင်းတက်တဲ့အခါမှာ အင်စူးဟာ သရဲမလေးတစ်ယောက်နဲ့ စပြီးသိကျွမ်းသွားပါတော့တယ်။ တစ်နေ့မှာတော့ အင်စူးရဲ့အတန်းဖော်တွေ တစ်ယောက်ပြီး တစ်ယောက်မျက်နှာဖုံးစွပ်နဲ့ ကြောက်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ တိုက်ခိုက်မှုကိုခံခဲ့ရပါတယ်။ အင်စူးကလည်းမကောင်းတဲ့အငွေ့အသက်ကို ရိပ်မိလာတဲ့အတွက် ဒါကို စုံစမ်းဖော်ထုတ်မယ့် ပုံစံမျိုးလေး ဇာတ်လမ်းဆင်ထားတာကြောင့် ပရိသတ်တွေအတွက် စိတ်ဝင်စားစရာ ဇာတ်ကားလေးတစ်ပုဒ်ပါပဲ။

## The Divine Move

ဒီရုပ်ရှင်လေးကတော့ အလှည့်အပြောင်းတို့ကို ကြိုက်နှစ်သက်သူတွေအတွက် ကြည့်လို့ကောင်းမယ့် ရုပ်ရှင်လေးပါပဲ။ ရုပ်ရှင်ကားနာမည်က The Divine Move ဖြစ်ပြီး ၁၁၈ မိနစ်ကြာချိန် ရှိပါတယ်။ ဇူလိုင်လ ၃ ရက်ကမှ ထွက်ရှိထားတဲ့ အဆိုပါ ရုပ်ရှင်ကားကို ဒါရိုက်တာ ရိုဆော့ဟာ့က ရိုက်ကူးထားပြီး ဂျန်ဝူးဆော၊ လီဘုန်ဆူး၊ အန်ဆောင်ဂီ၊ ကင်မ်အင်ကွမ်၊ လီစီယောင်းနဲ့ အန်ကီဂန်တို့က သရုပ်ဆောင်ထားပါတယ်။ သမ္ဘာရင့် လောင်းကစားသမားဖြစ်တဲ့ ထယ်ဆော့(ဂျန်ဝူးဆော) က သမ္ဘာတောင် မရင့်သေးတဲ့ မြေအောက်လောင်းကစားသမားဖြစ်တဲ့ ဆယ်ဆူး (လီဘုန်ဆူး)ထံမှာ သူ့ညီရဲ့အသက်ကို ပေးဆပ်လိုက်ရတဲ့အပြင် ညီကို သတ်တယ်ဆိုပြီး အမှုဆင်ခံခဲ့ရပါတယ်။ ထယ်ဆော့က ထောင်ကျနေစဉ်အတွင်းမှာ သူ့ညီအတွက် ကလဲ့စားပြန်ချေဖို့အတွက် ကစားပွဲကို အသေအချာ ပြင်ဆင်ပါတော့တယ်။ လောင်းကစားသမား နှစ်ယောက်ဖြစ်တဲ့ ထယ်ဆော့နဲ့ ဆယ်ဆူးတို့ရဲ့ အကြိတ်အနယ်ဖြစ်နေမယ့် တိုက်ပွဲကတော့ ကြည့်ရှုသူတို့အတွက် လက်မလွှတ်သင့်တဲ့ ရုပ်ရှင်ကားပါပဲ။




Korea FILM FEELING

## Navigation

ဒါကတော့ ပရိသတ်တို့ရဲ့ စိတ်ဝင်စားမှုကို တစ်စချင်းစီဆွဲထုတ်သွားနိုင်မယ့် သည်းထိတ်ရင်ဖို ရုပ်ရှင်ကားလေးပါပဲ။ ရုပ်ရှင်နာမည်က Navigation ဖြစ်ပြီး ရုပ်ရှင်ပြသချိန် ၈၂ မိနစ် ကြာမြင့်မှာ ဖြစ်ပါတယ်။ ဒါရိုက်တာ ဂျန်ဂွမ်ဟိုက ရိုက်ကူးထားပြီး ဟွမ်ဘိုရာ၊ ထက်ဂူ၊ ကင်မ်ဂျွန်ဟို၊ ကင်မ်ချုံအီ၊ စောအွန်ဆောနဲ့ လီမြောင်ဂျာတို့မှ သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းလေးကတော့ နွေဦးရက်မှာ ရုပ်ရှင်အဖွဲ့သားသုံးယောက်က နဲ့ဂျန်းတောင်ပေါ်က ရွာလေးတစ်ရွာကို ခရီးထွက်ကြရာကနေ ဇာတ်လမ်းစထားပါတယ်။ အဲဒီကိုပထမဆုံးအကြိမ် သွားတာဖြစ်တဲ့အတွက် လမ်းပျောက်သွားခဲ့ပါတယ်။ ကံကောင်းချင်တော့ လမ်းပေါ်မှာ လမ်းပြကိရိယာလေးတစ်ခု မတော်တဆ ကောက်ရခဲ့ပါတယ်။ လမ်းပြကိရိယာကနေ ထွက်ပေါ်လာတဲ့ လမ်းညွှန်ပြနေတဲ့အသံလေးကြောင့် သူတို့တစ်ခါမှ မထင်မှတ်ထားတဲ့နေရာကို ရောက်ရှိသွားရာမှ . . .။

## Confession

ဒါကတော့ ရာဇဝတ်မှုကို ဖော်ပြတဲ့ ရုပ်ရှင် ကားလေးပါပဲ။ ရုပ်ရှင်နာမည်က Confession ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံမှာ ဇူလိုင်လကုန်ကမှ ထွက်ရှိလာတဲ့ ဇာတ်ကားပါ။ ဒါရိုက်တာ လီဒိုယွန်းက ရိုက်ကူးထားပြီး ဂျီဆောင်း၊ ဂျွန်ဂျီဟွန်း (Princess Hours ထဲမှ ခေါင်းဆောင်မင်းသား)၊ လီကွမ်စူး (Running Man မှ အဖွဲ့ဝင်)၊ လီစီဟျောင်း၊ ကီကွတ်ဆောနဲ့ ချိုင်ဂျင်ဟို တို့က သရုပ်ဆောင်ထားပါတယ်။ ကျောင်းနေဖက် သူငယ်ချင်းသုံးယောက်တို့ရဲ့ တစ်ယောက်အပေါ် တစ်ယောက် သစ္စာရှိမှုတွေက ရာဇဝတ်မှုတစ်ခုဆီသို့ ဦးတည်သွားတဲ့ ဇာတ်လမ်းမျိုးလေးဖြစ်တာကြောင့် ပရိသတ်တွေ အကြိုက်တွေ့စေမယ့် ရုပ်ရှင်ကားလေးပါပဲ။

**နှင်းမိုးဖြူ**

FILM FEELING

ဖြိုးဖြိုးစုစည်းတင်ပြသည်







# The Giver

Drama / Sci-Fi
The Weinstein Company
ဒါရိုက်တာ - Phillip Noyce
ထုတ်လုပ်သူ - Jeff Bridges, Neil Koenigsberg, Nikki Silver
ဇာတ်ညွှန်း - Michael Mitnick
ဝတ္ထု - Based on the Giver by Lois Lowry
သရုပ်ဆောင်များ - Jeff Bridges, Meryl Streep, Brenton Thwaites, Ale_ander Skarsgård, Odeya Rush, Katie Holmes, Taylor Swift, Cameron Monaghan

အမေရိကန်စာရေးဆရာမ Lois Lowry ရဲ့ ၁၉၉၃ ခုနှစ်က ရေးသားဖြန့်ချိခဲ့တဲ့ ကလေးများစာအုပ် The Giver ကို ရိုက်ကူးထားတာပါ။ The Giver ဝတ္ထုဟာ ၁၉၉၄ ခုနှစ်မှာ Amecrican Library Association(ALA) ရဲ့ အဖွဲ့အစည်းတစ်ခု Association for Library Service to Children ကနေ ပေးအပ်ခဲ့တဲ့ Newbery Medal ရရှိခဲ့ပါတယ်။ ကော်ပီပေါင်း ၁၀ သန်းခန့် ရောင်းချခဲ့ရတဲ့ စာအုပ်လည်းဖြစ်ပါတယ်။ တွေးခေါ်စရာနက်နက်နဲနဲတွေ ပါဝင်သလို ဗဟုသုတဖွယ်ဖွယ်ရာရာပါဝင်တဲ့စာအုပ်ဖြစ်တာကြောင့် ဩစတြေးလျ၊ ကနေဒါနဲ့ ယူနိုက်တက်စတိတ် အလယ်တန်းကျောင်းတွေမှာ ဖတ်ရှုစရာစာပေ ဗဟုသုတစာအုပ်စာရင်း ထည့်သွင်းထားခဲ့တယ်။ ALA ရဲ့ ၁၉၉၀ ခုနှစ်တွေထဲက စိန်ခေါ်မှု အရှိဆုံးစာအုပ်စာရင်းမှာလည်း တည်ရှိနေခဲ့တာပါ။ အဲဒီစာအုပ်ကို ရုပ်ရှင်အဖြစ် အသက်သွင်းကြတော့ Jeff Bridges က The Giver အဖြစ် သရုပ်ဆောင်ပါတယ်။ the Chief Elder အဖြစ် Meryl Streep ၊ အဓိကသရုပ်ဆောင် ဂျိုနာစ် အဖြစ် Breton Thwaites က သရုပ်ဆောင်ထားပြီး ဂျိုနာစ့်ရဲ့ ဖခင်အဖြစ် Ale_ander Skarsgård ရယ်၊ မိခင်အဖြစ် Katie Holmes နဲ့ The Giver ကြီးရဲ့ သမီးလေး၊ ဖြူရော်ဖျော့တော့ မျက်လုံးလေးတွေနဲ့ ရို့စ်မာရီအဖြစ် Taylor Swift တို့က သရုပ်ဆောင်ထားကြပါတယ်။ ပြည့်စုံကောင်းမွန်လှတဲ့ ကမ္ဘာကြီးမှာ ပဋိပက္ခဆိုတာ မရှိဘူး။ လူမျိုးရေးခွဲခြားမှုမရှိ၊ ဖျားနာတယ်မရှိ ။ အဲဒီလို လူ့အဖွဲ့အစည်းထဲက အဖွဲ့သားတိုင်းမှာတော့ ဦးဆောင်သူသတ်သတ်မှတ်မှတ်ရှိနေတယ်တဲ့။ ရို့စ်မာရီလေးက ၁၀ နှစ် အရွယ်မတိုင်ခင် လေ့ကျင့်ကွင်းမှာ တချို့အဆင့်တွေ ရှုံးနိမ့်ခဲ့တယ်။ ဝမ်းနည်းနာကျင်မှုမှတ်ဉာဏ်တွေရယ်၊ အထီးကျန်မှုမှတ်ဉာဏ်တွေကင်းစင်သွားစေဖို့ လေ့ကျင့်တာမအောင်မြင်ခဲ့ဘူးလို့ဆိုတယ်။ ဂျိုနာစ်ကတော့ မှတ်ဉာဏ်တွေကို ခံယူသူ Receiver ဖြစ်သွားတော့ ဂျိုနာစ့်က ရို့စ်မာရီအတွက် ဘယ်လိုများကူနိုင်မလဲ။ ထူးခြားတဲ့ သိပ္ပံဆန်းကြယ် ရုပ်ရှင်ကားဖြစ်ပြီး OneRepublic ရဲ့ ရုပ်ရှင်နောက်ခံသီချင်း Ordinary Human ရဲ့ ဆွဲဆောင်အားကလည်း ခပ်ပြင်းပြင်းမို့ စိတ်ဝင်စားစရာ The Giver ပါပဲ။

# FILM FEELING








# The Skeleton Twins

Drama / Comedy

Furnace Films

ဒါရိုက်တာ - Craig Johnson

ထုတ်လုပ်သူ - Stephanie Langhoff, Jennifer Lee, Jacob Pechenik

ဇာတ်ညွှန်း - Craig Johnson, Mark Heyman

သရုပ်ဆောင်များ - Kristen Wiig, Luke Wilson, Bill Haderç Ty Burrell

မက်ဂီ (Kristen Wiig) နဲ့ မိုင်လို (Bill Hader) ဟာ အမြွှာမောင်နှမပါ။ ကြိုးတစ်ချောင်းရဲ့ အစွန်းတစ်ဖက်စီမှာ ရပ်နေကြသူတွေလိုပဲ။ တစ်ရက်တည်းမှာ မွေးလာကြတဲ့ အဲဒီအမြွှာ နှစ်ဦးဟာ ဘယ်တော့မှ အဆင်ပြေပြေမရှိကြဘူး။ တစ်ဦးဟာ တစ်ဦးရဲ့အမြင်ထဲမှာ အမြဲဘုကန့်လန့် ဖြစ်နေတယ်။ မက်ဂီနဲ့ မိုင်လိုတို့ ၁၀ နှစ်တာ ဝေးကွာနေခဲ့ကြပြီး ပြန်ပေါင်းမိကြတဲ့အခါ သူတို့ရဲ့ ဘဝတွေ ဘယ်လိုအမှားမှားအယွင်းယွင်း ဖြစ်နေလဲဆိုတာ ရင်ဆိုင်တွေ့ကြတော့တယ်။ ၂၀၁၄ ခုနှစ် Sundance ရုပ်ရှင်ပွဲတော်မှာ အစမ်းပွဲပြခဲ့ပါတယ်။ ယူအက်စ်ဒရာမာကားတွေ ဇာတ်ညွှန်းဆု ရရှိခဲ့တယ်။ The Skeleton Twins ကို Rotten Tomatoes ရုပ်ရှင်ဝေဖန်ရေး site မှာ ၁၀၀ ရာနှုန်းပြည့် မဲပေးထားကြပါတယ်။ "တကယ်ကို ရယ်မောရတယ်။ အံ့ဩဖွယ်ကောင်းလှတဲ့ ခံစားချက်မျိုးလည်းရသေးတယ်" "အူနှိပ်ရတော့မလောက် မြူးထူးပျော်ရွှင်စရာကောင်းတယ်" "မက်ဂီနဲ့ မိုင်လိုတို့ရဲ့ ဟန်ပန်တွေဟာ နှလုံးသားကို တည့်တည့်ရိုက်တဲ့ အစစ်အမှန် သရုပ်ဆောင်မှုမျိုး" "စိတ်ကျေနပ်စရာ ဒရာမာဇာတ်မြူးရုပ်ရှင်ပါ" စတဲ့ ဝေဖန်ချက်တွေ တသီတတန်းကြီးပေးထားကြပါတယ်။ အမေရိကန် ရော့ခ်အဖွဲ့ Starship ရဲ့ သီချင်းတေးသွားအတိုင်း မက်ဂီနဲ့ မိုင်လိုတို့ သီဆိုနေကြတာက "Nothing's Gonna stop us Now" တဲ့။








# Dolphin Tale 2

Drama / Family

Warner Bros.

ဒါရိုက်တာ - Charles Martin Smith


ထုတ်လုပ်သူ - Robert Engelman, Broderick Johnson, Andrew A. Kosove

ဇာတ်ညွှန်း - Charles Martin Smith

သရုပ်ဆောင်များ - Harry Connick Jr., Ashley Judd, Nathan Gamble, Cozi Zuehlsdorff, Kris Kristofferson, Morgan Freeman, Juliana Harkavy, Austin Stowell, Bethany Hamilton, Cameron Boyce

အမေရိကန်ဒါရိုက်တာ Charles Martin Smith ရဲ့ ၂၀၁၁ က ရုပ်ရှင် Dolphin Tale နောက်ဆက်တွဲရုပ်ရှင်ပါ။ ဖလော်ရီဒါပြည်နယ် Clearwater Marine Aquarium မှာ ရိုက်ကူးခဲ့ကြပါတယ်။ Dolphin Tale 2 မှာ ပထမပိုင်းက လင်းပိုင်မေမေ Winter အပါအဝင် ဘေဘီ လင်းပိုင်လေးဖြစ်တဲ့ Hope ကိုပါ သရုပ်ဆောင်စေမှာပါ။ ပြီးခဲ့တဲ့နှစ်များစွာက အဖွဲ့ခေါင်းဆောင် ဒေါက်တာကလေးဟာ စကက်ထ် (Harry Connick Jr.) ဦးဆောင်တဲ့ စောယာနဲ့လ်ဆင် (Nathan Gamble) နဲ့ အဖွဲ့ဟာ Clearwater Marine ဆေးရုံမှာ Winter ကို ကယ်ဆယ်ခဲ့ရဖူးတယ်။ ဒေါက်တာ ကင်မရွန်း မက်ကာသီ (Morgan Freeman) က ဒဏ်ရာရနေတဲ့ လင်းပိုင်မလေးကို အမြီးတုတစ်ခု ဖန်တီးပေးခဲ့တယ်။ အားလုံးက ဝိုင်းဝန်းကယ်တင်နိုင်ခဲ့ကြပါတယ်။ Winter ကို ကယ်ဆယ်နိုင်ခဲ့ပေမဲ့ သူတို့ရဲ့တိုက်ပွဲက မပြီးနိုင်သေးဘူး။ Winter ရဲ့ အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ မိခင် Panama က သေဆုံးသွားခဲ့တယ်။ Panama သေဆုံးသွားတာဟာ Winter အတွက် အကြီးမားဆုံး ဂယက်ရိုက်ခတ်မှုကြီးပါပဲ။ USDA ရဲ့ ဥပဒေအတိုင်းဆိုရင် လင်းပိုင်တွေဟာ တစ်ကောင်တည်းထားလို့မရပါဘူး။ လင်းပိုင်တွေရဲ့ သဘာဝအရ တခြားလင်းပိုင်တွေနဲ့ အတူတူနေထိုင်မှ ဖြစ်မှာဆိုတော့ Winter အတွက် အဖော်ရှာကြတယ်။ အဖော်ရှာမတွေ့နိုင်ကြဘဲနဲ့ အချိန်ကကုန်လွယ်လွန်းလိုက်တာ။ အဲဒီလိုနဲ့ပဲ Winter ဟာ လင်းပိုင်အဖော်တွေရှိရာ တခြား ငါးပြတိုက် တစ်ခုကို ပြောင်းရွှေ့ရတော့မလိုဖြစ်နေခဲ့ပြီ။ Cleanwater အဖွဲ့ဟာ Winter ကို သံယောဇဉ်ရှိနေကြသလို Winter ကလည်း အားလုံးနဲ့ မခွဲမခွာရက်နိုင် ဖြစ်နေကြပါပြီ။

FILM FEELING








# The Maze Runner

Action / Mystery / Sci-Fi

20th Century Fox

ဒါရိုက်တာ - Wes Ball

ထုတ်လုပ်သူ - Ilen Goldsmith-Vein, Marty Bowen, Wyck Godfrey, Lee Stollman

ဇာတ်ညွှန်း - Noah Oppenheim

ဝတ္ထု - The Maze Runner by James Dashner

သရုပ်ဆောင်များ - Dylan O'Brien, Kaya Scodelario, Thomas Brodie-Sangster, Will Poulter, Patricia Clarkson

သောမတ်စ် (Dylan O'Brien) ခေတ်လှေကားထဲမှာ နိုးထလာတော့ သူ့နာမည်ကလွဲလို့ ဘာဆိုဘာမှ သတိမရနိုင်တော့ဘူး။ လူငယ်လေး ၆၀ ဦးနဲ့အတူ၊ အပြင်လောကနဲ့ အဆက်အဆံကင်းမဲ့နေတဲ့ဝန်းကျင်ထဲမှာ သောမတ်စ်ရောက်ရှိနေခဲ့ပြီ။ ဒီလူငယ်လေးတွေဟာ လွတ်လွတ်လပ်လပ် ရှင်သန်နိုင်မယ့် အခြေအနေကို အမြဲ စူးစမ်းသင်ယူနေကြတယ်။ သူတို့ရဲ့ ဝမ်းစာအတွက်တော့ ကိုယ်တိုင်စိုက်ပျိုးဖြည့်ဆည်းနိုင်ကြပါတယ်။ ရက် ၃၀ ကြာတိုင်း လူငယ်အသစ်တစ်ဦးရောက်ရောက်လာတာကိုလည်း ဘယ်ကရောက်လာသလဲ။ ဘယ်သူက ပို့လွှတ်နေသလဲ သူတို့ မသိနိုင်ကြဘူး။ သူတို့ရှင်သန်နေတဲ့ နေရာကွက်လပ်ဝန်းကျင်မှာ ဝင်္ကပါကြီးက စီးမိုးကာရံနေတယ်။ ပြီးခဲ့တဲ့ ၂ နှစ်လောက် ကတည်းက ရောက်နှင့်နေကြတဲ့ အဦးဆုံးအဖွဲ့က The Glade တဲ့။ သူတို့လည်း ဝင်္ကပါက လွတ်မြောက်ရာလမ်းကို ရှာဖွေနေတာပါပဲ။ ဒါပေမဲ့ သူတို့ အားလျော့လုနီးပါး ဖြစ်လာပြီ။ လက်လျှော့လိုက်ရမလိုပဲ။ ဒါပေမဲ့ နောက်ထပ်မေ့မြောနေတဲ့ မိန်းကလေး တစ်ယောက်ရောက်လာပြီးတဲ့အခါ ပိတ်ဆို့ထားဆီးခံထားရတဲ့ သူတို့ရဲ့ကမ္ဘာဟာ ပြောင်းလဲခြင်း စတင်လာခဲ့တယ်။ မြန်မြန်ဆန်ဆန် လျှောက်လှမ်းလာတဲ့ ဖြစ်ရပ်အသစ်တွေမှာ လူငယ်လေးတွေကို အထိတ်တလန့်ဖြစ်စေခဲ့တဲ့ သူတွေပါဝင်လာကြတယ်။ The Maze Runner ရဲ့ ရုပ်ရှင် ဇာတ်ဝင်ခန်းတွေကို ယူနိုက်တက်စတိတ်၊ လူဝီစီယားနားပြည် နယ်မြို့တော် Bâton-Rougeမှာ ရိုက်ကူးခဲ့ကြပါတယ်။

ဖြိုးဖြိုး

## ကတ်သီးကတ်သတ်ပြောတဲ့

# တောက်တီးတောက်တဲ့

ဘာလဲမြောင်းသွားအနော်



ဂျာနယ်တစ်စောင်မှာပါတဲ့ အမျိုးသား ပြည့်တန်ဆာတွေ အကြောင်းဖတ်ပြီး မောင်တောက်တီးတစ်ယောက် အတော်အံ့ဩ သွားသဗျ။ မောင်တောက်တီးတို့ ဦးလေးတွေကတော့ သူတို့ လူပျို ဘဝလောက်ကတည်းက ဒါမျိုးတွေ ဗိုလ်ချုပ်ဈေးတစ်ဝိုက်မှာ ကျက် စားခဲ့ကြတယ်လို့ ပြောတာပဲ။ ဗိုလ်ချုပ်ဈေးနဲ့ လန်ကက်စတာလမ်းကို ဆက်ထားတဲ့မီးရထားလမ်းကျော်တံတားနားက လက်ဖက်ရည် ဆိုင်လေးမှာ အဲသည်အမျိုးသား ပြည့်တန်ဆာတွေ ရှိခဲ့ကြတယ် လို့ပြောသဗျ။ အဲဒီမှာ လေ့ကျင့်ရင်းကျင့်သားရတဲ့ သူတချို့ဟာ ပြည်ပ နိုင်ငံတွေမှာတောင် ဒီအလုပ်သွားလုပ်ကြ တယ်လို့ သူက ဆိုတယ်။

သို့သော် မောင်တောက်တီးတို့ကတော့ ခုမှပဲသေသေချာချာ သိရလေတော့ကာ စာရေးသူကိုလည်း အံ့ဩချီးကျူးမိပါရဲ့ဗျာ။ ဒီလို စစ်စစ်ပေါက်ပေါက်ရေးနိုင်တာကြောင့်ပါ။ အမျိုးသား ပြည့်တန်ဆာ တစ်ယောက်ဖြစ်ဖို့ကလည်း လွယ်တာမှတ်လို့။ လုပ်ချင်တိုင်းလုပ် လို့မရဘူး။ ဘော်ဒီကောင်း ရုပ်ချောပြီးဘာသာကွဲကွဲတွေ ကျွမ်းကျင် ပိုင်နိုင်ရမယ်ဆိုသကိုးဗျ။ ဟီးဟီး။ ကြားပွဲစား မာမီတွေလည်း ရှိသေးဆိုသကိုး။ ထူးဆန်းတာကတော့ အမျိုးသားပြည့်တန်ဆာ တွေကို အမျိုးသမီးတွေကသာ လာခေါ်ကြတာမဟုတ်ဘဲ အမျိုးသား အချင်းချင်းလည်း ခေါ်ကြသေးသတဲ့။ အင်း ထူးပေသည် ဆန်းပေ သည်လို့သာ ထပ်ရေရွတ်ရုံမှတစ်ပါး အခြားမရှိပေါ့ဗျာ။

ဒီထက်ထူးဆန်းပြီးကြောက်စရာကောင်းတဲ့အချက်ကတော့ ဒီလုပ်ငန်းကိုလုပ်နေရင်း လုပ်နေ ရင်းနဲ့ ယောကျ်ားတစ်ယောက်အဖြစ် ဘဝတည်မြဲမှုကိုပါ ခြိမ်းခြောက်လာတဲ့အထိ တောင်းဆိုလာကြ တယ်ဆိုတော့ကာ အမျိုးသမီးပြည့်တန်ဆာလုပ် စားရတာထက် တောင် အန္တရာယ်ပိုများတယ်လို့ ပြောရမှာပေါ့နော်။ တွေးကြည့်လေ ကျောချမ်းစရာ ကောင်းလေလေပါပဲဗျာ. . . ။ အင်း. . . မိန်းမ တွေထက် ပိုပြီးအန္တရာယ်များတဲ့ ယောက်ကျားကြီး တွေပေါ့နော . . . ။ တော်ကြာ . . . ဟဲ့. . . . ယောက်. . . ကျား. . . ပါ. . . . ဆို. . . ဖြစ်သွားမှဖြင့်. . . ။ အဟင့်. . . ဟင့်. . . ဟင့်။

### တကယ်မပြည့်တဲ့အိုးများ

အူရီဒူးဖုန်းကတ်တွေရောင်းတော့မယ်ဆိုကတည်းက တောက်တဲ့မတို့အိမ်သားတွေ ရှုပိုးထိုးနေခဲ့ကြသပေါ့။ စမ်းသုံးခွင့်ပေးတဲ့သူတွေဆီက သတင်းတွေရွှာဆော်ကြီးဖွဘုတ်မှာ တက်လာတော့လည်း စောင့်ဖတ်ရတာအမော။


မန္တလေးမှာစရောင်းပြီဆိုတဲ့ သတင်းကြားရ တော့ ရန်ကုန်က ဆိုင်တွေမှာ ဘာကြောင့်မရောင်း ကြသေးပါလိမ့်လို့ စိတ်တိုရတာအမော။ ရန်ကုန်ကဆိုင်တွေမှာ စရောင်းပြီဆိုတော့လည်း အဲဒီနေ့က တစ်နေကုန်မိုးရွာလို့ အပြင်မထွက်နိုင်တာကြောင့် မဝယ်ဖြစ်ပြန်တော့ မိုးကိုဒေါသဖြစ်ရပြန်ရော။ ဝယ်ဖြစ်ပြန်တော့လည်း လိုင်းတွေမဖွင့်သေးတာကြောင့် ထီပေါက်ပြီး လက်မှတ်ပျောက်သလို ဖြစ်ရပြန်လို့ စိတ်မောရပြန်ရော။ သို့သော် ဒါမျိုး ကို ခုမှကြုံဖူးကြတာဆိုတော့ ပျော်တာတော့ အမှန်ပဲ။

ရွှာဆော်ကြီးဖွဘုတ်မှာကလည်း ဆရာကြီး လုပ်ချင်သူတွေက များလေသတော့အားပေးတဲ့သူကအားပေး၊ အပြစ်ပြောတဲ့သူကပြောနဲ့ ဖြစ်လာကြပြန်ရော။

တောက်တဲ့မတို့ခမျာ နည်းပညာဆိုင်ရာတွေ ကို နားမလည်လေတော့ကာ ဟိုလူပြောလည်း ယုံရမလိုလို ဒီလူပြောလည်း ယုံရမလိုလို မျက်စိသူငယ်နားသူငယ်နဲ့ပေါ့။ ပြည်သူတွေ အင်တိုက် အားတိုက်ဝယ်ကြတာကိုပဲအပြစ်ပြောချင်သလိုလို၊ ဈေးကွက်စီးပွားရေးအရပဲအပြစ်ရှိသလိုလို။ တောက်တဲ့မတို့မှာ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူး။ ရွှာဆော်ကြီးဖွဘုတ်ပေါ်က ဆရာ့ဆရာကြီးတွေ ပြောသမျှ အကြောင်းအရာတွေ အဖေ့ကို ပြန်ပြောပြတော့ အဖေက ဘာပြောတယ်မှတ်သတုံး။

"အူရီဒူး ဖုန်းသုံးလို့ရလာတော့ မြန်မာတွေ တိုးဝှေ့အားပေးကြတယ်။ ဒါအဆန်းမဟုတ်ပါဘူး။ လှောင်စရာပြောင်စရာလည်း မဟုတ်ဘူး။ အပြစ် ပြောစရာလည်း မရှိပါဘူး။ သုံးချင်ကြရှာမှာပေါ့။ ဒါမျိုး ဘယ်တုန်းကမှ မကြုံခဲ့ကြရတာလေ။ ပုဂ္ဂလိကပိုင် ဆက်သွယ်ရေးကုမ္ပဏီတွေကို တစ်သက်နဲ့တစ်ကိုယ် ခုမှကြုံဖူးကြရ ရှာတာလေ။ ငါတို့လည်း မကြုံဖူးဘူး။ ညည်းတို့လည်း မကြုံဖူးဘူး။ ဘယ်သူမှ မကြုံဖူးသေးဘူး။ ဒီတော့ကာ မကြုံဖူးကြသူချင်းအတူတူ အပြစ်ပြောနေကြတာဟာ ကျပ်မပြည့်တဲ့သဘောပဲသမီးရဲ့။ တို့မြန်မာ အများစုခမျာမှာ နိုင်ငံတကာအတွေ့အကြုံမရှိ ကြသူကများပါတယ်။ ပျော်ကြပါစေကွယ်။ သူတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်လာကြမှာပါ"တဲ့။ ကဲ. . . ။









## ကျော်ကြောတောင်ဆွဲပေးလိုက်ဦးမယ်

အူရီဒူး ဖုန်းကတ်တွေကို ကြိတ်ကြိတ်တိုးဝယ်လို့မှ အားမရသေးဘူး။ 2NE1 ဆိုတဲ့ကိုရီးယားအဆိုတော်လေးတွေက မောင်တောက်တီးတို့ဆီရောက်လာပြန်ပါရောလား။ အဆိုတော် မလေးတွေက ငယ်လည်းငယ် လှလည်းလှ အဆိုလည်းကောင်းဆိုတော့ကာ ကြည့်ချင်သူတွေ ကြိတ်ကြိတ်တိုး။ မိုးရွာရွာ နေပူပူ ကြည့်မယ်ဆိုတာချည်းပဲဗျ။ လခထုတ်ရက်ကလေးကလည်း ဖြစ်နေ ပြန်တော့ ငွေစကလေးတွေ ရွှင်နေကြတာကလည်း ပါမပေါ့လေ။ ကြုံနေကြရတဲ့ တိုင်းပြည်အခြေအနေ အဝဝကြောင့် မွန်းကျပ်နေကြတာကို ထွက်ပေါက်ပေးချင်ကြတာလည်း ပါပေမပေါ့။ သို့ပေမဲ့ မောင်တောက်တီးတို့ သူငယ်ချင်းတစ်စုကတော့ အဲဒီလို ပြုပြင်ခွဲစိတ်ဖြတ်တောက်ထားတဲ့ အလှတွေကို အားမပေးဘူးလို့ဆုံးဖြတ်ပြီး၊ မပြုမပြင် နဂိုယဉ်လေးတွေရှိရာ ကေတီဗီကိုပဲ ချီတက်ခဲ့ကြသပေါ့ဗျာ။ ဒါပေမဲ့ ကေတီဗီရောက်တော့လည်း အဲဒီကိုရီးယား 2NE1 အကြောင်းကိုပဲ စကားစမပြတ်ဖြစ်နေကြတယ်ဗျ။ မစားရဝခမန်းတွေ ပြောနေကြတာပေါ့လေ။ မောင်တောက်တီးတို့ တစ်တွေ အဲသည်အကြောင်းကိုပဲ အညော်ခံပြီး ပြောနေကြတာတွေကို ကေတီဗီမယ်လေးတွေက ကြာလာတော့ နားကြားပြင်းကပ်လာကြပုံရသဗျ။ သည်းမခံနိုင်တော့တဲ့ ကေတီဗီမယ်လေး တစ်ယောက်ကတော့ "သူတို့ပွဲကို ၉ သိန်းပေးပြီး သွား ကြည့်မယ့်အစား ကျွန်မတို့ကို ၉ သိန်းလာပေးစမ်း ပါရှင်။ တစ်လလုံးသီချင်းဆိုပြမယ့်အပြင်ဇက် ကြောတောင်ဆွဲပေးလိုက်ဦးမယ်။ ဟွန့်" ပြောလေတော့ကာ၊ အင်း. . . သူပြောတာလည်း ဟုတ်သလိုလိုပဲပေါ့နော. . .။



## နောက်ကွယ်တများ ကြိုးကိုင်သူရှိနေလေရော့ သလား

အာဇာနည်နေ့မတိုင်မီကတည်းကရန်ကုန်မှာရွာလိုက်တဲ့မိုးကတော့ ပြတ်တယ်လို့ မရှိလေတော့ကာ တောက်တဲ့မတို့ရုံးသမားတွေ အတော် ပြဿနာတက်ကြရတယ်။ ရုံးတက်ချိန်မှာမိုးရွာလို့ လမ်းတွေရေလျှံ၊ ကားတွေပိတ်၊ လူတွေလည်း မိုးရွှဲတာကတော့ နေ့စဉ်လိုပါပဲ။ ရုံးတက်ချိန်တွေ နောက်ကျတာကို ရုံးကတာဝန်ရှိသူတွေက နားလည်ခွင့်လွှတ်ပေးလို့သာ တော်ပေတော့တယ်။ နို့မို့ဆိုရင် ဒဏ်ကြေးဖြတ်တာနဲ့ လကုန်ရင် ကိုယ်ကတောင် ပြန်စိုက်ရကိန်းရှိသပေါ့။ နေ့လယ် ထမင်းစားချိန်ဆိုလည်း ရွာ၊ ညနေရုံးဆင်းချိန်ကျရင်လည်းရွာဆိုတော့တမင်တကာတောင် လုပ်နေသလားလို့တောင် ထင်စရာရှိလာတယ်လေ။ ရုံးသမားတွေတင်လားဆိုတော့ အိမ်မှာ နေကြသူတွလည်းမသက်သာပါ။ ဈေးသွားရ ခက်၊ ဈေးဝယ်ရခက်၊ အဝတ်တွေလျှော်ပြီး လှန်းလို့မရ။ အဝတ်တွေကိုပန်ကာတွေမှုတ်မီးပူတွေဖိနဲ့ အတင်းခြောက်အောင် လုပ်ရတော့ အနံ့အသက်တွေမကောင်း။ လူတွေလည်း နှာမွှန် ချောင်းဆိုးတွေဖြစ်ပြီး မကြာမကြာဖျားကြ။ တောက်တဲ့မဘွားအေကြီးတစ်ယောက်ဆို အသက်က ၈၀ ကျော်လေတော့ကာ အအေးပတ် ပြီး အဆုတ်တစ်ခြမ်းပွလို့ ဆေးရုံတင်ထားရပါရောလား။ ရန်ကုန်မှာသာ ဒီမိုးကအညှိုးတကြီးနဲ့နေ့စဉ်ရက်ဆက်ရွာနေပေမဲ့ တကယ်ရေလိုအပ်တဲ့ အထက်အညာဒေသတွေမှာတော့ တဖြောက်ဖြောက်လောက်ပဲ ရွာပြန်ဆိုသကိုး။ ဘယ့်နှယ်ဖြစ်တာလဲမသိ။ ဆိုတော့ကာ ဒီမိုးကိုအကြောင်းပြုပြီး တောက်တဲ့မမှာ နေ့တိုင်းညည်းချင်းထုတ်နေရတယ်။ တောက်တီးခမျာလည်း ဘာထူးလို့လဲ သူလည်း ရုံးတက်နေရသူဆိုတော့ တဗျစ်တောက်တောက်နဲ့ပေါ့။ တောက်တဲ့မတို့ အမေခမျာလည်းလျှော်ဟယ်ဖွပ်ဟယ်၊ လှမ်းဟယ်၊ ရုပ်ဟယ်နဲ့ ဒီမိုးနဲ့ပဲ နေ့တိုင်းရန်ဖြစ်နေရလေတော့ကာ သူလည်း ပါးစပ်ကတဖွဖွ။ အိမ်သားတွေကိုယ်တိုင်လည်း ညည်းသံမစဲ အိမ်နီးနားချင်းတွေဆီကလည်း ညည်းသံတွေ နေ့စဉ်ကြားလာရလေတော့ကာတောက်တဲ့မတို့အဖေက ခုလိုပြောလာတော့တယ်။ "ဟုတ်လည်း ဟုတ်သဟဲ့။ ဒီမိုးရွာနေပုံက နည်းလမ်းမကျတော့ဘူး။ သာမန် မိုးတွင်းမိုးရွာတယ်ဆိုတာလောက် မကတော့ဘူး။ တမင်တကာ လူတွေကို ဒုက္ခပေးနေတယ်ထင်လာရပြီ။ ဒီတော့ကာ အခု ခေတ်စားနေတဲ့ စကားအရဆိုရင် နောက်ကွယ်က ကြိုးကိုင်သူများရှိနေလေရော့ သလားဟေ့။ စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းဖော် ထုတ်သင့်တယ်" တဲ့။

# Facebook FUNNY PHOTO












# Facebook FUNNY PAGE




















red SQUARE
premixed vodka flavoured drink
red SQUARE
PURPLE
ICE
purple ice
red
SQUARE
red ice
red
SQUARE
pink ice
What
colour's
your
Red Square?
ABC
Asia Beverages Co.,Ltd.
@RedSquareMyanmar